စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# မြန်မာဝတ္ထုတို

## ( ၂၀၀၈ )

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်။

mgyoe.com

mgyoe.com



၂၀၀၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်
မြန်မာမဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုတိုများမှ
ကောင်းနိုးရာရာ ရွေးချယ်စုစည်းတင်ဆက်မှု
စိတ်ကူးချိုချိုစာအုပ်တိုက်၏ အစီအစဉ်။

kls0016

3000.00 Ks

mgyoe.com

mgyoe.com

ဂဝဂ ・ ဂ၃

စိတ်ကူးချိုချိုစာအုပ်တိုက်

မြန်မာဝတ္ထုတို (၂၀၀၈) / စိတ်ကူးချိုချိုစာအုပ်တိုက်။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။

စာမျက်နှာ ၂၈၀ မျက်နှာ၊ ၁၈・၇ စင်တီ× ၂၅・၄ စင်တီ

(၁) မြန်မာဝတ္ထုတို (၂၀၀၈)

မြန်မာဝတ္ထုတို ( ၂၀၀၈ )

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၃၉၀၅၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၈၇၀၅၀၉ ဖြင့်

မျက်နှာဖုံးပုံကို Aung Kyaw ရေးဆွဲပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန် တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဇူလိုင်လတွင် တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ အေးမြလွင်သီတာ | မောင်ညိုပြာ | ၃ |
| ၂။ ရွှေပြန်ဖြစ်သွားတဲ့ သံခဲပုံပြင် | မောင်လွင်မွန် (ကသာ) | ၈ |
| ၃။ ကြာသပတေးနှစ်ယောက် | မြတ်သင်း | ၁၄ |
| ၄။ ကမ္ဘာ့သကော | နီမိုး | ၁၈ |
| ၅။ ဘယာနကပုဏ္ဏာ | ဦးဆွေ (ဒဿနိက) | ၂၂ |
| ၆။ ရွှေဘုံပေါ်မှာ | မြမြ | ၂၈ |
| ၇။ ငိုရသူ | ညိုထွန်းလူ | ၃၅ |
| ၈။ ထွက်ပေါက် | မနှင်းဖွေး | ၄၁ |
| ၉။ အိုဇာတာ | သက်ထွန်း (ဆေးသိပ္ပံ) | ၄၆ |
| ၁၀။ ကြွက် | နိုင်ဝင်းသီ | ၅၄ |
| ၁၁။ မုဆိုးလေလား သားကောင်လား | ကျောင်းကုန်းစည့်မှူး | ၅၉ |
| ၁၂။ ဈေးကွက်မြင့်တင်ရေးမြို့ | နိုင်စွမ်း | ၆၆ |
| ၁၃။ ဘီလ်ဂိတ်ကျောင်းပြေးတဲ့နေ့ | မဝင့် (မြစ်ငယ်) | ၆၉ |
| ၁၄။ ဝတ္ထုထဲက ဇာတ်ညွှန်း၊ ဇာတ်ညွှန်းထဲက ဝတ္ထု | မောင်တင်ဆင့် | ၇၄ |
| ၁၅။ ကြေကွဲတစ်ညတာ | ချောအိမာန် (မန္တလေး) | ၇၇ |
| ၁၇။ အသီးတစ်ရာ အနာတစ်လုံး | ဖူးသစ်မော် | ၈၃ |
| ၁၈။ ဝက်ဆီဖတ်ရောင်းတဲ့ကောင်မလေး | သင်းသင်းသာ | ၈၉ |
| ၁၉။ ခေါင်းကလေးတစ်ညိတ် | မောင်အောင်ဝင်း | ၉၄ |
| ၂၀။ မျက်မှန် | နတ်မှူး | ၉၈ |
| ၂၁။ ဘဝအနာ | ထက်နိုင် (တလုပ်မြို့) | ၁၀၁ |
| ၂၂။ ဦးဘအုပ်ရဲ့ဝက်ဘ်ဆိုက် | ဒေါင်းနေမင်း | ၁၀၅ |
| ၂၃။ ငါးမိအေး | စိုးဘားဒိုင် | ၁၁၁ |
| ၂၄။ အမိုက်အိုနဲ့ ကြောင်ပျိုမ | ကြူးနှစ် | ၁၁၆ |
| ၂၅။ ရွာဆော် | မောင်စံဝင်း(ဗန်းမော်) | ၁၂၄ |
| ၂၆။ သည်အပူ ဖြေမယ့်သူ | သင်းစုစုငြိမ်း | ၁၂၈ |
| ၂၇။ ခန္ဓာပျက်ကိန်း | ညီညီအောင်(မြိုင်မြို့) | ၁၃၇ |
| ၂၈။ လေဘယ်အတုကပ်ထားတဲ့ ကောင်းကင် | လင်းထင် | ၁၄၀ |
| ၂၉။ မိုးတွေကရွာ | နှင်းဆီအောင် | ၁၄၅ |
| ၃၀။ လေယူရာတိမ်းလို့ ယိမ်းနွဲ့ကာပင် | ညိုနှင်းအိမ် | ၁၄၈ |
| ၃၁။ အင်တာနက်နှင့် သူ၏ကိစ္စ | အောင်ထိပ် | ၁၅၄ |
| ၃၂။ ညီအစ်ကို မသိတသိ ဂေါ်ဝိန် | ယဉ်ယဉ်နု (မန္တလေး) | ၁၅၉ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၃၃။ အမေ့ဖြတ်ထုံး | ကံထွန်းသစ် | ၁၆၂ |
| ၃၄။ ပြောက်ကျားအတ္တ | နိုင်မြင့် | ၁၆၆ |
| ၃၅။ အဖြူရောင်ဂျူတီကုတ် | ထက်ငြိမ်းဝေ | ၁၇၁ |
| ၃၆။ ဗိုက်ထရွန် | တိုးလူ | ၁၇၆ |
| ၃၇။ အိမ်ရှည်ကြီးရဲ့ ဇာတ်သိမ်းခန်း | အဖြူရောင်(ရွှေ) | ၁၈၁ |
| ၃၈။ အမိုက်တကာ့ထိပ်ခေါင်တင် | မောင်ဝဏ္ဏ | ၁၈၆ |
| ၃၉။ ငါးမူးတန်လူ | မင်းတင်ထွဏ်း | ၁၈၉ |
| ၄၀။ အပြုံး၏ မှန်ကူကွက်များ | နန္ဒာစိုး(ဆင်ဖြူကျွန်း) | ၁၉၃ |
| ၄၁။ ဝင်းပြက်လျှပ်ပန်း | သင်းမြစန္ဒီ | ၁၉၉ |
| ၄၂။ နက္ခတ်နဲ့ခြေတဲ့ ယတြာ | နီဟိန်းမော် | ၂၀၅ |
| ၄၃။ ည | လေးကိုတင် | ၂၀၉ |
| ၄၄။ ပိယာနီ | ကိုငြိမ်း(မန္တလေး) | ၂၁၄ |
| ၄၅။ သက်မဲ့ကျေးလူရှင် | သင်းရီ | ၂၁၉ |
| ၄၆။ မှုဆိုးဖြို | နေဝင်းမြင့် | ၂၂၇ |
| ၄၇။ အဝါရောင် မိုးကာအကျီ | ဆောင်းဝင်းလတ် | ၂၃၁ |
| ၄၈။ ဒီဟာသည် သင်ဖတ်ချင်သော ဝတ္ထုမျိုးမဟုတ် | မင်းခိုက်စိုးစန် | ၂၃၇ |
| ၄၉။ အရောင် အနံ့ အသံ အရိပ် | မအိ | ၂၄၁ |
| ၅၀။ လင်စံကိုက်၏ မကိုက်၏ | မာန်(တောင်လုံးပြန်) | ၂၄၆ |
| ၅၁။ ချိုပြင်းရှတ ဘဝများ | မိချမ်းဝေ | ၂၅၆ |
| ၅၂။ စည်းရိုး | ခင်ခင်ထူး | ၂၆၂ |
| ၅၃။ မြေနီလမ်းကလေး | မုသား(ဆင်ဖြူကျွန်း) | ၂၇၀ |
| ၅၄။ စိတ် | လင်းညို့သွေး | ၂၇၄ |


❑

mgyoe.com

mgyoe.com

# အေးမြလွင်သီတာ

**မောင်ညိုပြာ**

သူနှင့် သူမတို့နှစ်ယောက် တွေ့ဆုံပုံမှာ ပြဇာတ်တော့ နည်းနည်းဆန်နေသည်။ သူတို့နှစ်ယောက်သည် နယ်ဆေးရုံ တစ်ရုံမှာ စတင်တွေ့ရှိခဲ့ကြခြင်းဖြစ်၏။ ထိုနယ်မြို့သည် ရန်ကုန်မြို့တော်ကြီး၏ အဆင့်အတန်းကို နံပါတ် (၁)ထား၍ ရေတွက်လျှင် နံပါတ် (၁၅)လောက်တော့ ရှိလိမ့်မယ်ထင်သည်။

ထိုမြို့နယ်ဆေးရုံတွင် သူတို့နှစ်ယောက်သည် မိမိသဘောအလျောက် သွေးလာလှူခြင်းမှ စတင်တွေ့ရှိခဲ့ပါသည်။ သို့သော် သူတို့နှစ်ယောက်သည် တစ်ယောက်ကမြို့၏တောင်ဘက်မှလာရသည်ဖြစ်၍ နောက်တစ်ယောက်က မြို့၏မြောက်ဘက်အစွန်မှ လာခဲ့ခြင်းဖြစ်သည်။

ထိုနေ့က ဆေးရုံတွင် B အမျိုးအစားသွေးနှစ်လုံး အရေးတကြီးလိုနေ၏။ ဓာတ်ခွဲခန်းပညာရှင်သည် လူနာအဆောင်တစ်ခုသို့ ကိစ္စတစ်ခုနှင့်သွားနေ၍ ဓာတ်ခွဲခန်းရှေ့ရှိ ခုံတန်းလျားတွင် ထိုင်စောင့်နေကြသည်။ အမျိုးသားနာမည်က ဦးစောလွင်၊ အမျိုးသမီးနာမည်မှာ မရီရီဝင်း။ ကိုစောလွင်က အသက် ၄၅ နှစ်လောက်ရှိပြီ။ မရီရီဝင်းက အသက် ၄၀ ကျော်ကျော်လောက်ရှိပါပြီ။

အပျိုကြီး၊ လူပျိုကြီးများ၏ နေမှုထိုင်မှုပုံစံအတိုင်းပင်၊ ခပ်အုံ့အုံ့၊ ခပ်ဆိုင်းဆိုင်းဖြစ်နေရာမှ မရီရီဝင်းက စတင်မေးလိုက်ပါသည်။

'သွေးလာလှူတာလား'

'ဟုတ်ပါတယ်၊ ညီမကရော သွေးလာလှူတာလား'

'ဟုတ်ပါတယ်ရှင်'

'သွေးအမျိုးအစားက သိပြီးသားလား'

'မသိသေးပါဘူးရှင်၊ ဒါနဲ့ ရှင်ကော သိထားပြီးသားလား'

'ဟိုတစ်ခါတုန်းကတော့ စစ်ဖူးတယ်။ အေလား၊ ဘီလား၊ အိုလား၊ အေဘီလား မသိဘူး'

'အို ဖြစ်မှဖြစ်ရလေ။ သွေးအမျိုးအစားက ဒီလေးမျိုးပဲရှိတာ။ ရှင်ပြောတဲ့အထဲမှာ စီမပါတာပဲ ကံကောင်းတယ်'

သူတို့နှစ်ယောက် ရယ်လိုက်ကြသည်။ အတူတကွရယ်မောမိခြင်းမှာ ခင်မင်မှုကို အလွယ်တကူဖြစ်ပေါ်စေသည်။ ပြီးတော့ သူတို့သည် ရုပ်ရှင်လာကြည့်ရင်း ဆုံစည်းခဲ့ကြခြင်းမဟုတ်။ အလှူတစ်ခုကို မည်သူ့မျှမတိုက်တွန်းဘဲ လာရောက်လှူဒါန်းနေကြခြင်းဖြစ်သည်။ အလှူမှာလည်း ရိုးရိုးအလှူမဟုတ်။ အလွန်မြင့်မြတ်သောအလှူအမျိုးအစား။

နောက်တော့ သူတို့နှစ်ယောက်သည် အပျိုကြီး၊ လူပျိုကြီးဖြစ်ရခြင်းအခြေခံကို ပြန်ပြီးသစ္စာစောင့်သိသွားကြသည်ထင်သည်။ စကားကြောပြတ်သွားပြီးလျှင် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်သွားကြပြီး ဓာတ်ခွဲပညာရှင်ကို မျှော်နေကြ၏။

'လာခါနီးပါပြီ'

သူနာပြုဆရာမတစ်ယောက်က လာပြီးပြောသည်။ မျှားမကြာမီ ဓာတ်ခွဲပညာရှင်ရောက်လာသည်။

'စောင့်နေရတာ ကြာပြီလားဗျ။ အားတော့ နာတယ်ဗျာ။ လူနာကို သွေးအမျိုးအစားသွားစစ်တာ။ အိမ်မှာတော့ အစောင့်ရှိတယ်မဟုတ်လား။ လူနာကလည်းဗျာ။ သွေးတွေအရမ်းသွန်နေတယ်။ ဘီသွေးဗျ။ နှစ်လုံးလောက်သွင်းရမယ်။ ခင်ဗျားတို့ဆီမှာ သွေးအမျိုးအစားတူတာမရရင်လည်း သွေးလှူချင်လို့ လိပ်စာပေးထားတဲ့အိမ်တွေကို ကားတစ်စီးနဲ့ လျှောက်ပတ်ရမှာပဲ'

'လာ လာ အစ်ကိုတို့ အစ်မတို့ကို သွေးအမျိုးအစားဓာတ်ခွဲစစ်ဆေးရမယ်။ လူနာက ကိုယ်ဝန်ဆောင်သည်ပါ။

mgyoe.com

 mgyoe.com 

အသက်အစိတ်ပဲရှိသေးတယ်'

သူတို့နှစ်ယောက် ရင်တွေခုန်နေသလို ဓာတ်ခွဲပညာရှင်ကလည်း ရင်တွေခုန်နေသည်။ သည်မှာပြီးလျှင်ပြီး၊ မပြီးလျှင်မြို့ကိုမွှေနှောက်ရဦးမည်။ မေးပန်းသည်ကအကြောင်းမဟုတ်။ လူနာဖိတ်စင်သွားမှာကြောက်ရသည်။ လူနာသွေးပေါင်ချိန်ဇီးရိုးဖြစ်သွားမည်ကို ကြောက်ရသည်။ လောလောဆယ်နှစ်လုံးလောက်သွင်းထားမည်။ နောက်နှစ်လုံးကိုတော့ မှာထားမည်။ ရီဇတ်လုပ်ထားမည်၊ရှာထားရမည်။ ဓာတ်ခွဲပညာရှင်က မရီရီဝင်းကို အရင်ဓာတ်ခွဲကြည့်သည်။

'ဟာ ဝမ်းသာလိုက်တာ၊ သွေးအမျိုးအစားက ဘီပဲဗျာ'

ကိုစောလွင်၊ မရီရီဝင်းနှင့် ဓာတ်ခွဲပညာရှင်တို့သုံးယောက် ဝမ်းသာရယ်မောလိုက်ကြသည်။ အော်ဟစ်ပေါက်ကွဲကြသည်။

ကိုစောလွင်၏ လက်ထိပ်ကို အပ်ကလေးနှင့်ဖောက်ပြီး စမ်းကြည့်လိုက်တော့။

'ဟေး ဟေး ဘီပဲဗျ'

'ဟား ... ဟား ဝမ်းသာလိုက်တာ။ ဘယ်လိုပြောရမှန်းမသိဘူး။ မြန်မြန်သွေးထုတ်ပါဆရာ။ လူနာမိန်းကလေး တစ်ခုခုဖြစ်သွားပါဦးမယ်။ ကျွန်တော့်ကိုအရင်ထုတ်ပြီး လူနာကို သွင်းထားနှင့်ပေါ့။ လူနာမိန်းကလေးနဲ့ကျွန်တော်တို့ တော်တော်ကံစပ်တာပဲ'

'ဒါပေါ့'

ဓာတ်ခွဲပညာရှင်သည် လိုအပ်သော စမ်းသပ်မှုများကိုဆက်လက်လုပ်ဆောင်ပြီးနောက် ချက်ချင်းသွေးထုတ်သည်။ လိုအပ်သော သွေးပေါင်ချိန်ခြင်း၊ သွေးအရောင်တိုင်းခြင်း၊ HIV နှင့် Virus B တို့ကို စမ်းသပ်စစ်ဆေးခြင်းတို့ဖြစ်၏။ HIV နှင့် Virus B တို့ မရှိနှင့်ဦး။ သွေးအရောင်ဖျော့နေလျှင် သို့မဟုတ် သွေးပေါင်ချိန်ကျနေလျှင် သွေးလှူလို့မရ။ သွေးတစ်ကြိမ်လှူပြီးလျှင် လေးလတိတိကြာသောအခါကျမှ နောက်တစ်ကြိမ်လှူ၍ရသည်ဟု နိုင်ငံတကာသွေးဗေဒပညာရှင်များက သတ်မှတ်ထားကြသည်။ သွေးအမျိုးအစားလေးမျိုး A, B, O, AB ကို ၁၇ ရာစုနှစ်တွင် ဒေါက်တာ လင်စတိန်နား (Dr. Latn Steiner)က တွေ့ရှိသည်။ ဓာတ်ခွဲပညာရှင်သည် အလုပ်လုပ်ရင်း ထိုအကြောင်းများကို အဖွဖွရှင်းပြနေသည်။

ထို့နောက် ဓာတ်ခွဲပညာရှင်သည် သူ့အခန်းဘေးနားတွင်ရှိသော သူနာပြုဆရာမကို သွေးပုလင်းပေးလိုက်သည်။

'နောက်တစ်ပုလင်း လာယူဦးနော်'

'ဟုတ်ကဲ့ပါ'

မရီရီဝင်းကိုသွေးထုတ်ပြီးနောက် လူနာနှင့်မိတ်ဆက်ပေးရန် ကိုစောလွင်ကို လိပ်စာတောင်းသည်။ ဓာတ်ခွဲပညာရှင်သည် လူနာနှင့် သွေးအလှူရှင်တို့၏လိပ်စာကို အပြန်ပြန်အလှန်လှန်ဖလှယ်နေကျ။ ထိုဟာသည် ဓာတ်ခွဲပညာရှင်၏ ကိုယ်ပိုင်မူပဲဖြစ်သည်။ ကိုစောလွင်၏လိပ်စာကိုတောင်းပြီးနောက် ဓာတ်ခွဲပညာရှင်က 'သြော် ... ရန်ကုန်ကကိုး' ဟု တစ်ခွန်းတည်းပြောပြီးနောက် 'လာ ... သွားကြမယ်၊ လူနာဆီကို' ဟု ပြောလိုက်သည်။

ထိုအခါ မရီရီဝင်းက 'ဟင် ကျွန်မလိပ်စာ မရေးတော့ဘူးလား'

'အို ... ဆောရီး ကျွန်တော်က ခင်ဗျားတို့နှစ်ယောက် အတူတူမှတ်လို့'

'ကျွန်မက ဒီမြို့ကပါ'

မရီရီဝင်းက သူ့အိမ်နားက ထင်ရှားသည့်အမှတ်အသားတွေ၊ လူပုဂ္ဂိုလ်တွေနှင့် ဆွေမျိုးစပ်လိုက်သောအခါ နယ်မြို့၏ထုံးစံအတိုင်း မြင်ဖူးတွေ့ဖူးသောလူများဖြစ်သွားတော့သည်။ တစ်ပတ်လောက်ကြာသောအခါ ကိုစောလွင်ထံမှ စာတစ်စောင်ရောက်လာသည်။

'ကျွန်တော်တို့သွေးလှူတဲ့နေ့က ကျွန်တော်တို့အတူတူပြန်ထွက်လာပြီးနောက် ဓာတ်ခွဲခန်းကို ကျွန်တော် ပြန်သွားတယ်။ မရီရီဝင်းအကြောင်း တခြားကျွန်တော် ဘာမှမသိချင်ဘူး။ လွတ်လွတ်လပ်လပ်ရှိသေးသလားဆိုတာတစ်ခုပဲ မေးခဲ့တယ်။ အိမ်ထောင်မကျသေးဘူးဆိုတာ သိရလို့ ဒီစာကို ရေးဖြစ်တာပါ။ ကျွန်တော် မရီရီဝင်းတို့မြို့မှာ မြုပ်နှံရင်းနှီးမှုတစ်ခုလာလုပ်တာပါ။ ဆီစက်ကိစ္စလည်း ပါတာပေါ့။ အထည်အလိပ်လုပ်ငန်းကလည်း စတင်လည်ပတ်နေပါပြီ။ ကျွန်တော့်လုပ်ငန်းစုက မြို့ပြခရေပင်ရပ်ကွက်မှာပါ။ မရီရီဝင်းရဲ့ ကြင်နာတတ်တဲ့စိတ်ကို သွေးလာလှူကတည်းက ရိပ်မိသိရှိခဲ့ပါပြီ။ မျက်ဝန်းကအကြည့်၊ ပြောတဲ့စကားသံ၊ မြန်မာဆန်တဲ့ရုပ်ရည်မျိုး ကျွန်တော်ရှာနေတာ ကြာပါပြီ။ ပျောက်နေတဲ့ပစ္စည်း ပြန်တွေ့သလိုလည်း ထင်မိသေးတယ်။ ဒီထက်တိကျတဲ့စကားတစ်ခွန်းကို ကျွန်တော်ပြောဖို့လိုသေးတယ်။ အဲဒီလိုပြောလိုက်ရင် ရိုင်းများရိုင်းသွားမလားလို့။ မရီရီဝင်းတို့မြို့ကို အလုပ်လုပ်တဲ့နေရာတင်မဟုတ်ဘဲ မွေးရပ်မြေလို သဘောထားလိုက်ပါပြီ။ ဒါက ကျွန်တော့်ဆန္ဒသက်သက်ပါ။ ဒီလိုမဟုတ်ဘဲ မိန်းကလေးတစ်ယောက် အိမ်ထောင်မပြုရသေးပေမယ့် သူ့မှာ တခြားအသေအချာရည်မှန်းထားတာမျိုးရှိချင်ရှိထားတတ်တာမျိုးပါ။

mgyoe.com

mgyee.com

တကယ်လို့ အဲဒါမျိုးဖြစ်နေခဲ့ရင် ခွင့်လွှတ်ပါ၊ မေ့ပစ်ပါ။ ဗီလိန်လို့ မသတ်မှတ်ပါနဲ့လို့ အနူးအညွတ်တောင်းပန်ပါတယ်'

* * *

သူတို့နှစ်ယောက် လက်ထပ်ကြပြီးနောက် သူတို့တစ်တွေ မိဘဘဝကို ရယူရန် အိပ်မက်မက်နေသော်လည်း အလှမ်းက ဝေးနေသည်။

'ရီက သာတောင်လိုချင်သေးတယ်။ အမေကလည်း မြေးချီချင်လှပြီတဲ့။ ရီ့အသက်က ၄၀ကျော်နေပြီဆိုတော့ သွေးဆုံးနေပြီလား ဘာလားမသိဘူး။ မောင်နဲ့ရီတို့မှာ ငွေတွေ အမြောက်အမြားရှိပေမယ့် ရင်သွေးဆိုတာ ငွေနဲ့ဝယ်လို့ မရပါလားနော်'

ကိုစောလွင်၏ ပွဲရုံနှစ်ရုံ ဘုရင့်နောင်ဈေးထဲမှာရှိသည်။ တစ်ခုက ဆန်ပွဲရုံ၊ နောက်တစ်ခုက အထွေထွေပွဲရုံ။ နယ်မြို့နှင့် ရန်ကုန်ရှိလုပ်ငန်းများတွင် အလုပ်သမား ၂၀ ခန့်ရှိသည်။ ယုံကြည်စိတ်ချရသော မန်နေဂျာ၊ စာရင်းစစ်၊ အတွင်းလူများဖြင့် စနစ်တကျဖွဲ့စည်းထားသည်။

ကိုစောလွင်မှာ နိစ္စဓူဝတာဝန်များ မရှိအောင် အုပ်ချုပ်စီမံထားသည်။ ကား ၅ စီးရှိသည်။ ကုန်တင်ကား ၂ စီး၊ ပါဂျဲရိုးတစ်စီး၊ နှစ်ဆန်း ဆန်နီပစ်ကပ် တစ်စီး၊ ရှရှားဂျစ်ကား တစ်စီးတို့ ရှိသည်။

'ဒီလောက် ချမ်းသာလျက်သားနဲ့ မိန်းမမယူဘဲ ဘာလုပ်နေလဲမသိဘူး။ ဒီလောက်အသက်အရွယ်ထိရောက်အောင်' ရီက ကိုစောလွင်ကို မေးနေသည်။

'အစက မိန်းမ မယူတော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ ရီနဲ့တွေ့မှ မူလရည်ရွယ်ချက်တွေ ပျက်ကုန်တယ်'

သူတို့နှစ်ယောက်သည် ရန်ကုန်နှင့် နယ်မြို့တို့တွင် တစ်လှည့်စီ သွားနေကြသည်။

'လာ ... ရောက်တုန်းရောက်ခိုက် ဟိုခွဲစိတ်မှုးဆီမှာ ကိုယ်ဝန်ရှိမရှိ သွားစစ်ကြမယ်'

'မောင်ကလည်း အဓိပ္ပာယ်မရှိတာ၊ ဓမ္မတာ မလာတော့ဘူး မောင်ရဲ့၊ သွေးဆုံးသွားပြီ'

'လာပါကွာ။ ဘာပဲဖြစ်ဖြစ်။ မဟုတ်တော့လည်း အပျင်းပြေပေါ့'

ခွဲစိတ်ပညာရှင်ထံ ရောက်ခဲ့သည်။

'ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်က ကျွန်တော်ခင်ဗျားတို့နှစ်ယောက်ကို အထင်လွဲမိတာ အားနာမိတယ်။ အခု အထင်လွဲမိရင် အားနာစရာမလိုတော့ဘူးနော်'

ခွဲစိတ်ပညာရှင်က မရီရီဝင်းကို ဆီးသွားခိုင်းသည်။ ဆီးကို သေသေချာချာ ခွဲစိတ်နေသည်။

'ကိုယ်ဝန်ရှိနေပြီဗျ'

'ဟာ ဝမ်းသာလိုက်တာ ဆရာရယ်။ မျှော်လင့်ချက်ကုန်ဆုံးနေပြီလို့ ထင်နေတာ။ ရှုးမတတ်ဝမ်းသာလိုက်တာ ဆရာရယ်။ ထကချင်စိတ်တောင် ပေါက်လာတယ်'

ကိုစောလွင်သည် ချွေးတွေပြန်လာသည်။ လက်တွေ တုန်ခါလာသည်။

'ကျေးဇူးပဲနော်ဆရာ။ ကျွန်မလည်း အရမ်းဝမ်းသာမိပါတယ်။ မောင်ကတော့ စိတ်လှုပ်ရှားလာရင် ဒီလိုပဲ ချွေးတွေပြန်လာတတ်တယ်။ ကျွန်မတို့ ပြန်လာခဲ့ပါမယ်'

သူတို့နှစ်ယောက် သူတို့ကားဖြင့် ဒံပေါက်ဆိုင်ကို သွားပြီး ဒံပေါက် ၅ ထုပ်သွားဝယ်ကာ ခွဲစိတ်ခန်းနှင့် သူနာပြုဆရာမများကို ဝေပေးလိုက်သည်။

'ကျွန်တော် ကျွန်မတို့ရင်သွေးလေးရဲ့ အနာဂတ်အတွက် ဆုတောင်းပေးပါနော်'

* * *

ရင်သွေးလေးက မိန်းကလေးလေ။

ကိုစောလွင်က အားအားရှိလျှင် ဘောလ်ပင်ဖြင့် ကလေးနာမည်ကို အမျိုးမျိုး လျှောက်ရေးချထားသည်။ နာမည်တိုင်းတွင် လွင်၊ စော၊ တစ်လုံးလုံးပါနေသည်။ အမှန်အတိုင်းပြောရလျှင် ဖခင်ကိုစောလွင်က ပို၍ အဖြစ်သည်းသည်။ သူ အဖြစ်သည်းလွန်းနေသည်နှင့် သူမမှာ အဖြစ်သည်းရန် အခွင့်မသာခဲ့။ စောင့်ဆိုင်းနေရသောသဘောမျိုး။ ဥပမာအားဖြင့် သူက တစ်ချိန်လုံးနမ်းနေ၍ ကိုယ်ကနမ်းရန် စောင့်ဆိုင်းနေရသော သဘောမျိုး။ နို့တိုက်ချိန်များမှသာ နမ်းရသည်။ ဒါတောင် သူက လာလာပြီး လုနမ်းသေးသည်။

ဗလာစာအုပ်တစ်အုပ်ကုန်ခါနီးကျမှ သူ့စိတ်ကြိုက်နာမည်တစ်လုံးကို တွေ့ပြီဟု ကိုစောလွင်ထအော်သည်။

'အေးမြလွင်သီတာ'

ကလေး၏ ကင်ပွန်းတပ်ပွဲကို ဆယ်သိန်းနီးပါးကုန်အောင် ခမ်းခမ်းနားနားလုပ်ပေးသည်။ ထို့နောက် တစ်နှစ်မြောက်မွေးနေ့ကိုလည်း အလားတူပြုလုပ်ပေးပြန်သည်။ တစ်နှစ်မွေးနေ့အတွက် ဆယ်လပြည့်ကတည်းက စီစဉ်ခဲ့သည်။ ကလေး၏ အီအီအာအာအော်သံ၊ ဝူးဝူးဝါးဝါးမြည်သံ၊ ခြေထောက်နှစ်ဖက်၊ လက်နှစ်ဖက် ယက်ကန်ယက်ကန်လုပ်နေပုံတို့ကို ကျမ်းပြုသုတေသနလုပ်နေသကဲ့သို့ ကိုစောလွင်က ထိုင်ကြည့်လိုက်၊ ပေါင်ပေါ်တင်လိုက်လုပ်နေသည်။

'ကလေးက မောင်နဲ့တော်တော်တူတယ်'

mgyee.com

'မောင် ဘယ်လိုချစ်မှန်းမသိဘူး။ အသည်းယားစရာလေး။ အာခေါင်တို့ လျှာတို့ နီရဲနေတာပဲနော်။ သဘာဝက မွေးမွေးပြီးချင်း ဆာလာရင် ငိုအောင်၊ နို့တိုက်လိုက်ရင် အငိုတိတ်သွားအောင်၊ နို့စို့တတ်အောင် အလိုအလျောက် သင်ပေးထားတာပဲနော်'

တစ်နေ့ သတင်းစာနာရေးကို ဖတ်ပြီး ကိုစောလွင် မရီရီဝင်းကို အော်ပြောနေသည်။

'ရီရေ အံ့ဩစရာပဲ။ ငါတို့ထက်ကံတဲ့မိဘကိုတွေ့ပြီ။ နာရေးကြော်ငြာမှာ ကွယ်လွန်သွားတဲ့ကလေးကို လေးနက်တန်ဖိုးထားလိုက်ကြတာ။ ချီးကျူးဖို့ကောင်းတယ်။ ဆွေမျိုးတွေနာမည်လည်း တသီကြီးပါတယ်။ ကလေးရဲ့အသက်က ၁၀ ရက်တဲ့။ ချစ်လှစွာသော သား၊ ချစ်လှစွာသော မြေး၊ ချစ်လှစွာသော မောင်၊ ချစ်လှစွာသော တူတဲ့'

နယ်မြို့မှ အဘိုးအဘွားတွေက သူတို့မြေးကို ချီချင်သေးသည်ဆို၍ အဝေးပြေးကားဖြင့် သွားခဲ့သည်။ မြို့သို့ရောက်ရန် ၃ မိုင်အကွာလောက်တွင် ကားအက်စီးဒင့်ဖြစ်သည်။ တစ်ဖက်ကလာသောကားက ဘီးကျွတ်ထွက်သွားပြီး ကိုစောလွင်တို့စီးလာသောကားကို အရှိန်ဖြင့် ဝင်တိုက်သည်။ ထိုကား တွင် ဓာတ်ဆီပုံးတွေပါသည်ထင်သည်။ ပေါက်ကွဲသံများ နားကွဲမတတ်မြည်ဟီးနေ၏။ ကားပေါ်မှ ဆင်းပြေးခဲ့ရသည်။ အော်သံ၊ ဟစ်သံ ဆူညံနေသည်။ ကလေးလက်မှ လွတ်ကျသွားသေးသည်။ ပြန်ကောက်သည်။ ကလေးထိခိုက်မှုတော့ မဖြစ်။ သို့သော် ကိုစောလွင်၏ ဘယ်ဘက်ခြေထောက်ကျိုးသွားသည်။ ခြေထောက်ကို ကျောက်ပတ်တီးကိုင်ထားရသည်။ ကျောက်ပတ်တီးကြီးနှင့်ပင် ဓာတ်မှန်ရိုက်ကြည့်တော့ ပေါင်နှင့်ခြေသလုံးမှာ အရိုးတွေ ကျိုးပေါင်းမတက်နိုင်အောင် ဟနေ၍ ခွဲစိတ်ခန်းပြန်ဝင်ကာ အလူမီနီယံချောင်းတွေ ပေါင်တွင်ထည့်ရ၏။ အိပ်ရာထက်မှာ ပက်လက်။ ပလတ်စတစ်အိုးများဖြင့်သာ ဆီးသွားရသည်။ ဝမ်းသွားရသည်။ တဖြည်းဖြည်း သက်သာလာသော်လည်း အလွန်နှေးကွေး၏။ ရန်ကုန်မြို့က နာမည်ကြီးဆေးခန်းများတွင်ထိုင်သော အရိုးအထူးကုသမားတော်ကြီးများဖြင့် ဆက်လက်ကုသသော်လည်း အရိုးကိစ္စက လက်ဝင်ပုံရသည်။

တစ်နေ့တွင် မရီရီဝင်းက သူတို့ကလေး၏ ကံကြမ္မာနှင့်ပတ်သက်ပြီး ထိတ်လန့်တကြားပြောပြနေသည်။

'ကလေးအသံမထွက်တော့ဘူး'

'ဘာ'

'ကျွန်မတို့ရင်သွေး အာရုံကြောတွေ ထိခိုက်သွားပြီ။ အ သွားပြီ။ အသံမထွက်တော့ဘူးရှင့်'

လင်မယားနှစ်ယောက် မျက်ရည်တွေ အပြိုင်အဆိုင်ပြိုင်တူကျနေရှာသည်။

သူတို့သည် သူတို့ရင်သွေးကို နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ၊ ကလေးဆေးရုံ၊ မေရီချက်ပ်မင်းကျောင်း စသည်ဖြင့် လျှောက်ပြသည်။ သို့သော် အသံက ထွက်မလာသေးပါ။ ထွက်လာချင်မှ ထွက်လာတော့မည်လားဟု အဆိုးမြင်အတွေးဖြင့် သူတို့ငိုကြပြန်သည်။

နောက်တော့လည်း အသားကျသွားချိန်တွင် တရားလည်း ရသွားသည်။ အဆင်မပြေမှုများနှင့် ရင်းနှီးသွားခဲ့ပြီ။ ကလေး၏ ၃ နှစ်မြောက်မွေးနေ့တွင် မြဝတီရုပ်မြင်သံကြားမှ သံစဉ်မဲ့ချစ်သူဇာတ်လမ်းတွဲလာနေချိန်ဖြစ်သည်။ ဇာတ်လိုက်မင်းသမီးက ဆွံ့အနေသည့်အပြင် နားကလည်း မကြားပြန်။ ရုပ်ရည်က ချောသည်။ ရဲအရာရှိတစ်ယောက်နှင့် ချစ်ကြိုက်ကြသည်။ အဆင့်မြင့်ကွန်ပျူတာများဖြင့် ရင်တွင်းစကားများကို အပြန်ပြန်အလှန်လှန် ဆက်သွယ်နိုင်ကြသည်။ တစ်နေရာစီ ဝေးကွာနေသော်လည်း ပြောချင်တာကို ဆွံ့အနားမကြားသော ကောင်မလေးက ပြောနိုင်ရန် ချစ်သူ ရဲအရာရှိက စက်တွေ ဝယ်ပေးထားသည်။

ဆွံ့အ နားမကြား မျက်စိမမြင်သော ဒေါက်တာ ဟယ်လင်ကယ်လာအကြောင်းဖတ်ရတော့ သမီးအတွက် ကိုစောလွင်အားတက်ရ၏။ ထိုအခြေအနေမှာပင် ဒေါက်တာဟယ်လင်ကယ်လာက စာအုပ်တွေ ရေးသားထုတ်ဝေသွားသေးသည်။

အေးမြလွင်သီတာလေးကတော့ အသက် ၃ နှစ်သာသာရှိခဲ့ပြီ။ သူသည် အရာရာကို စူးစမ်းလေ့လာနေသည်။ သူများတွေပြောသည့် ဝေါဟာရများကို မျက်ဝန်းလေး ကလယ်ကလယ်ဖြင့် မှတ်နေပုံရသည်။ သူသည် အိမ်သားများ၏ လှုပ်ရှားပုံကို လေ့လာနေသည်။ အမေက ဘုရင့်နောင်ဘက် ထွက်သွားလျှင် ကြာတတ်သည်။ ပြန်လာလျှင် မုန့်တွေ စားစရာတွေ အများကြီးဝယ်လာသည်။ ကိုစောလွင်က ဝယ်လာသောမုန့်တွေကို အားရပါးရစားနေသည်ကို ကလေးက ကြည့်နေ၏။ အိမ်မှာ အမေ့အမေ၊ အမေ့မောင်တို့လည်း ရောက်နေသည်။ ထမင်းချက်၊ အဝတ်လျှော်မိန်းမက နှစ်ယောက်။ လူဝင်လူထွက်လည်း များသည်။ အလုပ်သမားတွေက ကလေးနေမကောင်း၍ ငွေကြိုထုတ်သည့်လူလည်း ရှိသေးသည်။ ပြီးလျှင် ခပ်သုတ်သုတ်ပြန်ထွက်သွားကြ၏။ ကလေး၏အမြင်တွင် ကိုစောလွင်တစ်ဦးတည်းသာ အလုပ်မလုပ်ဘဲ ထိုင်စားနေပုံပေါက်နေ၏။

'ခက်တာက ဒီအိမ်မှာ ဘယ်သူဟာ အကြီးအကဲလဲ ဆိုတာကိုတောင် ကလေးက နားမလည်ဘူးဖြစ်နေတယ် မောင်။ မောင့်ပေါင်ပေါ်မှာထိုင်၊ မောင့်ကို သေသေချာချာအကဲ ခတ်နေပုံက သနားစရာလေးပါ။ ကလေးရဲ့အမြင်မှာ မောင်ဟာ ဘာမှမလုပ်ဘဲ အစားအသောက်တွေပဲ ခဏခဏစားနေတယ် လို့ ထင်နေပြီလို့ယူဆရတယ်'

'ဒါတွေက အရေးမကြီးဘူး။ စကားပြောနိုင်ဖို့ထက် ကလေးအတွက် ဘာမှအရေးမကြီးဘူး။ နောက်နှစ်လသာ သာလောက်ဆိုရင် မောင် လမ်းလျှောက်လို့ရပါပြီ။ အဲဒီတော့ သူ့အတွက် ဘန်ကောက်ဆေးရုံမှာ သွားစုံစမ်းမယ်။ မောင့် ဘဝမှာတော့ ဒီကလေးကို အချစ်ဆုံးပါပဲ။ အားဆေးတွေရော မှန်မှန်တိုက်ရဲ့လား။ ထမင်းစားမယ်ဟေ့။ ပြင်ထားတော့'

ဘီးတပ်ကုလားထိုင်ဖြင့် ထမင်းဝိုင်းသို့ ကိုစောလွင် ရောက်သွားသည်။

သမီးလေးကို ပန်းကန်သေးသေးလေးဖြင့် ကြက်သား ကြော်၊ ငါးကြော်တွေနှင့် ထမင်းနည်းနည်းထည့်ပေးထား၏။ ကိုစောလွင်က 'သမီး အဖေကြီးကို နည်းနည်းလောက် ကျွေး ပါလား' လို့ ပြောလိုက်လျှင် 'ကျွေးဘူး'ဆိုသောစကားကို အသံဖြင့်မဟုတ်ဘဲ အမူအရာဖြင့် ပန်းကန်ကို ရှောင်သွား၏။ စားပွဲဝိုင်းအလယ်မှ ကြက်ကြော်အကြီးဆုံးအတုံးနှင့် ပုစွန်ထုပ်ကြီးတစ်ကောင်ကို မရီရီဝင်းက ကိုစောလွင်ပန်းကန်ထဲသို့ ထည့် လိုက်သောအခါ ကလေးလေးက မျက်လုံးပြူးသွား၏။ ပုစွန် ထုပ်က တစ်ကောင်တည်းရှိ၏။ ခပ်ဒွေဒွေကြည့်နေ၏။ အားလုံး က ကလေးကို အကဲခတ်နေ၏။ ကလေးသည် တစ်စုံတစ်ရာ ပြောရန် ပင်ပင်ပန်းပန်းကြိုးစားနေပုံရ၏။ နှုတ်ခမ်းကို ပြင်နေ ၏။ ထို့နောက် ပီပီသသကြီး အသံတစ်သံထွက်လာ၏။

'ကပ်စားနေတာပဲ'

ကိုစောလွင်သည် သမီးကို ရင်ခွင်ထဲအတင်းဆွဲသွင်း လိုက်ပြီး ရှိုက်ကြီးတငင်ငိုလိုက်သည်။ သူ့သမီးအနာဂတ်အ တွက် သူဝမ်းသာလွန်းသောကြောင့် ဝမ်းသာခြင်းမျက်ရည်တွေ တသွင်သွင်စီးကျနေခြင်းပဲဖြစ်တော့သည်။ ပုစွန်ထုပ်ကို သူ့ သမီးပန်းကန်ထဲ ပြောင်းထည့်လိုက်သည်။

●

ရှုတ်နုဝေ၊ ဇန်နဝါရီ၊ ၂၀၀၈

mgyoe.com

mgyoe.com

# ရွှေပြန်ဖြစ်သွားတဲ့ သံခဲပုံပြင်

မောင်လွင်မွန် (ကသာ)

ကျွန်တော် တစ်ခါက နေထိုင်ခဲ့ဖူးသော ရပ်ကွက်က လေးထဲမှာ ထူးခြားသော ဆေးခန်းကလေးတစ်ခန်းရှိသည်။ ဆေးခန်းအမည်က အပေါင်းလက္ခဏာ တဲ့။ ဒါပေမဲ့ ရပ်ကွက်သူ ရပ်ကွက်သားတို့ကတော့ ဆရာသံခဲဆေးခန်းဟုသာ ရည် ညွှန်းလေ့ရှိကြသည်။

တကယ်တော့လည်း အပေါင်းလက္ခဏာဆိုတာက ဆေးခန်းတစ်ခုအတွက် လိုက်ဖက်သော နာမည်တော့ မဟုတ် ပါ။ စေတနာတို့၊ ဇီဝကတို့၊ အာရောဂျတို့လို နာမည်မျိုးနှင့်သာ ပိုသင့်တော်မှာဖြစ်ပါသည်။ သို့ပေမဲ့ သည်ဆေးခန်း နာမည်မှာ က သမိုင်းရှိသည်။

ဆေးခန်းစဖွင့်ပြီး ခြောက်လလောက်အထိ ဆိုင်းဘုတ် မရှိခဲ့ရာက တစ်နေ့ ဆေးခန်းရှင် ဒေါက်တာမြင့်နိုင်ကို ရင်းနှီးသူ တစ်ဦးက ဆိုင်းဘုတ်ရေးတတ်စ လူငယ်တစ်ဦးကိုခေါ်လာပြီး အတင်းဆိုင်းဘုတ်ကို အနီရောင်အပေါင်းလက္ခဏာ(ကြက် ခြေနီ)အောက်မှာ ဆေးခန်းဟုသာရေးပေးရန်ပြောရာ ခပ်ပျော် ပျော်ညည့်သည်တစ်ဦးက 'ဒါဆိုဆရာ့ဆေးခန်းကို လူတွေက အပေါင်းလက္ခဏာဆေးခန်းလို့ခေါ်မှာပေါ့ ဆရာရဲ့'ဟု နောက် လိုက်ရာ ဆရာက ...'

'ခေါ်ပါစေကွာ၊ အပေါင်းလက္ခဏာဆိုတာ ကောင်းတဲ့ နာမည်ပဲဟာ။ ဘာဖြစ်လဲ။ အဲဒီအတိုင်းပဲလုပ်'ဟု ပြန်ပြော သည်တဲ့။ ထို 'အဲဒီအတိုင်းလုပ်' ကို ဆိုင်းဘုတ်ရေးတတ်စ ကောင်လေးက နားလည်မှုလွဲပြီး အပေါင်းလက္ခဏာ ဆေးခန်း လို့ပဲ ရေးပေးလိုက်ရာက ဆရာကလည်း မငြင်းမဆန်လက်ခံ လိုက်၍ အပေါင်းလက္ခဏာဆေးခန်းဖြစ်သွားသည်ဟု ဆိုသည်။

ရပ်ကွက်ရောက်စက သမီးငယ်များတော့ အိမ်ရှင်က 'ဆရာသံခဲ ဆေးခန်းသွားပြ။ ဈေးလည်းသက်သာ၊ သဘော လည်း ကောင်းတယ်'ဟုဆိုရာ မေးကြည့်မှ အပေါင်းလက္ခဏာ ကို ညွှန်းမှန်းသိရပြီး ပြဖြစ်ရာက ဒေါက်တာမြင့်နိုင်ကို စဆက်ဆံဖူးသည်။ ဈေးလည်းသက်သာတယ်ဆိုသည်ကို ထူး သက်သာ လှမည်မထင်ပေမယ့် ထိုနေ့က သမီးဖို့ သောက်ဆေး အချို့ရပြီးနောက် ကျသင့်ငွေ မေးသည့်အခါ ဆရာက ...

'သုံးကျပ်ပဲ ပေးပါဗျာ' ဆို၍ အတော်အံ့သြသွားရ သည်။ လက်ဖက်ရည် တစ်ခွက်တစ်ကျပ်ခေတ်မို့ ဆေးခန်းက အနည်းဆုံးငါးကျပ်မှ တစ်ဆယ်၊ ဆယ့်ငါးကျပ်၊ အထူးကု ဆရာဝန်ကြီးမျိုး၏ အထူးဆေးခန်းမျိုးဆို တစ်ခါပြခုနစ်ဆယ် လောက် ဈေးပေါက်သော ကာလမှာ သုံးကျပ်ပဲဆိုသည်က အားနာစရာဈေးဖြစ်နေပါသည်။

ကျွန်တော်အိမ်ပြန်ရောက်၍ အိမ်ရှင်ကို ဈေးသက်သာ လှပုံကို ပြောပြတော့...

'ဆရာသံခဲက ဒီလိုပဲ။ ဆေးဖိုးပဲယူတာ၊ ဝါးခက မဖြစ် စလောက်ပဲ။ သူ့မှာလည်း ဝါးစရာလူမှမရှိတာ။ သူနဲ့မိန်းမနဲ့ နှစ်ယောက်တည်း' ဟု ဆိုသည်။

'သူတို့မြေကွက်က အတော်ကျယ်တယ်နော်။ အိမ်ရှေ့ မှာ ဆေးခန်းဆောက်ထားပြီး နောက်ကွက်လပ်မှာ ဘာမှ မဆောက်ဘူးလား'ဟု ကျွန်တော်က စပ်စုမိတော့ ...

'အဲဒါ သူ့ယောက္ခမတွေရဲ့မြေနေရာလေ။ အဘိုးကြီး အဘွားကြီးက ဆုံးကုန်ကြပါပြီ။ ခု သူ့မိန်းမပဲကျန်တယ်။ အစက အိမ်အတော်ကြီးကြီးရှိတယ်။ မိဘတွေ မဆုံးခင်လေးမှာ သူတို့တိုက်ဆောက်မယ်ဆိုပြီး အိမ်ကိုဖျက်လိုက်တာ။ မဖျက် ခင် အိမ်ရှေ့မှာ အခုဆေးခန်းလေးရှိတယ်။ အိမ်ဖျက်ပြီး ယာယီ နေဖို့ဆေးခန်းမှာ အဆောင်ထပ်တွဲတယ်။ အဲဒီမှာနေတုန်း သူ့

mgyoe.com

မရီးပါ ဆုံးသွားပြီး သူတို့လင်မယားပဲ ကျန်တယ်။ အဲဒါ ဆရာက လင်မယားချည်းပဲဆို ဒီအဆောင်နေလို့ဖြစ်တယ်ဆိုပြီး တိုက်ကို ဆက်မဆောက်တော့ဘူး။ အုတ်မြစ်တောင်ချပြီးသားနမြောစရာ'

ဒါက ဆရာနှင့်ပတ်သက်ပြီး စကြားရသည့် ထူးခြားမှုဖြစ်သည်။ နောင် ဆရာနှင့် ရင်းနှီးလာတော့ ဆရာ့ကို တိုက်ဘာလို့ဆက်မဆောက်သလဲတောင် မေးဖြစ်သည်။ ဆရာက...

'တိုက် ဆက်ဆောက်မယ်ဆို တိုက်ဆောက်လောက်အောင် ငွေရှာနေရမှာပေါ့ဗျာ။ လောဘက အလိုလိုတက်နေတာပေါ့။ အခုတော့ စားဖို့၊ သောက်ဖို့ပဲ ရှာရတော့ လောဘလည်း သိပ်မရှိတော့ဘူးပေါ့ဗျာ' ဟု ဆိုသည်။ ဆရာ့စကားကို ရပ်ကွက်သူ၊ ရပ်ကွက်သားတွေကြားရင် ယုံချင်မှယုံမည်။ သူတို့အများစုက ဆရာ့ကို စိတ်နာနာဖြင့် ဘဝကို ဖြစ်သလို ရေစုန်မျှောနေသူဟု ယူဆကြသည်။ ဒီလိုယူဆစရာအကြောင်းများရှိပုံကိုလည်း နောင် ရင်းနှီးလာတော့ သူတို့က ကျွန်တော့်ကို ပြောပြခဲ့ကြသည်။

ကိုသံခဲ ခေါ် ကိုမြင့်နိုင်မှာ သည်ရပ်ကွက်သားစစ်စစ်ဖြစ်ပြီး ငယ်စဉ်က မိဘမဲ့ဘဝဖြင့် ဦးလေးအိမ်မှာ ကြီးပြင်းရသည်ဟု ဆိုသည်။ ဒါပေမဲ့ ပညာတ်သွားရာဓာတ်သက်ပါဆိုသည့်အတိုင်း ဘဝကို 'မြင့်နိုင်'ဖို့ ကြိုးစားခဲ့ရာ ဆယ်တန်းအောင်တော့ ဆေးကျောင်းကိုဝင်သည်။ သို့သော် ကျောင်းဆက်မတက်နိုင်။ ဒီအချိန်မှာ သူ့ဆယ်တန်းအတန်းပိုင်ဆရာမက ကျောင်းထားပေးဖို့ တာဝန်ယူခဲ့သည်တဲ့။ ဆရာမ မိသားစုများက ငွေကြေးအတော်ချမ်းသာပြီး ယခုရပ်ကွက်ထဲမှာပင် နေကြသူများဖြစ်သည်။

ဆေးကျောင်းတက်ခရီးတစ်ဝက်မှာ ကိုမြင့်နိုင်က ငယ်သူငယ်ချင်း ဆရာမလေးတစ်ဦးနှင့် ချစ်ကျွမ်းဝင်သည်။ ဆရာမလေးက အတော်ချောပေမယ့် ဆင်းရဲပြီး ဆယ်တန်းကို ဘီဖြင့်သာ အောင်ခဲ့သူဖြစ်သည်။ နေတော့ ယခုရပ်ကွက်နှင့် လမ်းမကြီးခြားထားသော ရပ်ကွက်မှဖြစ်သည်။ သို့သော် ကိုမြင့်နိုင်ခမျာ ဘဝကိုမြင့်နိုင်ခဲ့ပေမယ့် ချစ်သူနှင့် မတင့်နိုင်။ ဆရာဝန်ဖြစ်ပြီးမကြာမီ ယခုဇနီးကို လက်ထပ်ခဲ့ရသည်။ ဇနီးဖြစ်သူက ကျေးဇူးရှင်ဆရာမ၏ ညီမဖြစ်ပြီး သူ့ထက် ခုနစ်နှစ်၊ ရှစ်နှစ်လောက်ကြီးသည်။

ငယ်စဉ်ကတည်းက ဦးလေးနှင့်ကြီးခဲ့ရသူ ကိုမြင့်နိုင်က ဆရာဝန်ဖြစ်ပြီး ယောက္ခမများကိုခွင့်တောင်းကာ ဦးလေးတို့ကို အိမ်ပြင်ဆောက်ပေးခဲ့သည်။ ထို့နောက် ယောက္ခမများအလိုကျ ငွေရှာစက်တစ်ခုအဖြစ် ဘဝကို အလိုက်သင့်နေဖို့ စိတ်ကူးကောင်း ကူးခဲ့မည်ဟုဆိုသည်။ သို့သော် ချစ်သူကို သစ္စာဖောက်သလိုဖြစ်ရသူ ကိုမြင့်နိုင်၏နှလုံးသားကို စိတ်မချနိုင်သည့်ယောက္ခမများက အမှားတစ်ခု ထပ်ကျူးလွန်မိကြသည်။ အဲဒါကတော့ ဆရာမလေးအလယ်တန်းဆရာဖြစ်သင်တန်းမှ သင်တန်းဆင်းလာပြီးနောက် လက်ရှိကျောင်းတွင် နေရာရှိ၍ ပြန်ရနိုင်ပါလျက် အဝေးရောက်အောင် သူတို့နည်း သူတို့ဟန်ဖြင့် ကြိုးပမ်းခဲ့ခြင်းဟု အများက ဆိုကြသည်။

ဆရာမလေးလည်း အဝေးနယ်ကို ရောက်သွားခဲ့ရာ ယင်းမှာ အများယုံကြည်သည့်အတိုင်း ကိုမြင့်နိုင်ယောက္ခမများပယောဂ ပါမပါ မသိရသော်လည်း ကိုမြင့်နိုင်ကတော့ သူတို့ကြောင့်ဟု စွဲစွဲမြဲမြဲယုံကြည်ခဲ့ပြီး အတော်စိတ်ဆိုးသွားပုံရသည်ဟု ဆိုသည်။ ထိုအချိန်မှစ၍ ကိုမြင့်နိုင်သည် သူ့ငယ်နာမည်အတိုင်း ကိုသံခဲဘဝရောက်သွားပြီး ဘဝကို မြင့်နိုင်ဖို့ စိတ်လုံးဝမဝင်စားတော့ဘဲ မိသားစုအပေါ် ဆက်ဆံမှုကလည်း သံခဲလိုဖြစ်သွားပုံရသည်ဟု ဆိုကြသည်။

'ကျွန်တော့်ကို မယုံတဲ့သူတွေကို ကျွန်တော်ကလည်း ယုံယုံကြည်ကြည်ဆက်ဆံလို့မဖြစ်ဘူးဗျ'ဟု သူက ဆိုခဲ့သည်တဲ့။

ဆေးခန်းမှန်မှန်ထိုင်သော်လည်း ဆေးဖိုးနှင့် စားစရိတ်လောက်ရုံသာ ငွေရှာပြီး ချမ်းသာဖို့ကိစ္စမျိုးကို လုံးဝစိတ်မဝင်စားတော့။ သည်တော့ ရွှေခဲငွေခဲအဖြစ် သားမက်တော်ခဲ့သူတို့မှာ သံခဲအသွင်ပြောင်းသွားခြင်းကို စိတ်ဆင်းရဲခဲ့ကြရသည်။ သို့သော် ဆရာသံခဲက သူတို့ကို ရန်မရှာ ပြဿနာမလုပ်ဘဲ ပြန်မပြော နားမထောင်ဖြင့် ခေါင်းမာသော သံခဲအဖြစ် နေထိုင်သွားခဲ့သည်။

အိမ်ကိုဖျက်ပြီး တိုက်ဆောက်မည်ဆိုတော့ ဘာမျှမပြောသော်လည်း အုတ်မြစ်ချစဉ်မှာ တိုက်ပြီးသွားလျှင် သူ ဆေးခန်းမှာပင်နေမည်ဟု ဆိုခဲ့သည်။ သည့်နောက် သူ့ယောက္ခမများ ကွယ်လွန်သွားကာ သူ့ဆရာမနှင့် သူတို့လင်မယား အဆောင်ကလေးထဲအတူနေရင်း မကြာမီ သူ့မရီးဆရာမလည်း ကွယ်လွန်သွားခဲ့သည်။

ညီမအပျိုကြီးကို လိမ္မာသောတပည့်လက်ထဲထည့်ဖို့ လူငယ်နှစ်ဦး၏ နှလုံးသားကို စတေးမှားခဲ့သော ဆရာမမှာ မိဘတွေနှင့် ဆရာသံခဲတို့ကြား ပြဿနာစပေါ်ချိန်မှာပင် သူ့အမှားသူ သိသွားခဲ့ပြီး ဆရာသံခဲကို အတိုက်အခံ ဘာမျှ မပြောတော့ကြောင်း သိရသည်။ ဘာပဲဖြစ်ဖြစ် သူတို့မိသားစုရောကိုမြင့်နိုင်ပါ နိုင်သူမရှိသော နှစ်ဖက်ရှုံးဇာတ်ကို ဆက်ကခဲ့ကြရသည်။

mgyoe.com

ဆရာသံခဲဟု အများခေါ်ကြသော ဒေါက်တာမြင့်နိုင်သည် မိသားစုတို့၊ ဇနီးတို့ဖြင့်ဆို မေးတစ်ခွန်း၊ ပြောတစ်ခွန်းဖြစ်သော်လည်း ပတ်ဝန်းကျင်နှင့် အဆင်ပြေသည်။ ပျော်ပျော်နေသည်။ သူ့ဆေးခန်းမှာ ကျားဝိုင်း၊ ချက်စ်ဝိုင်းတို့ဖြင့် လူငယ်များတရုန်းရုန်းရှိတတ်သည်။

ခပ်ပေါ့ပေါ့ ခပ်ပျော်ပျော်ဘဝကို ဖြတ်သန်းနေဟန်ရှိသော်လည်း လူနာများကို ကုသရာတွင် လေးနက်ပြီး ဂရုစိုက်တတ်သဖြင့် ဆင်းရဲချမ်းသာမရွေး လူနာတို့က အားကိုးကြသည်။ အထူးသဖြင့် ဆင်းရဲသားတို့ထံမှ ဆေးဖိုးကို လျှော့ပေါ့ယူ၊ သို့မဟုတ် သိပ်ဆင်းရဲက လုံးလုံးမယူတတ်၍ မောင်ကာက မယ်ကာကတို့၏ ဆရာဇီဝက ဖြစ်ခဲ့သည်။ ကျွန်တော်ကြားဖူးရသမျှ ဆရာသံခဲပုံပြင်တွေကလည်း အများသား။

ပုံပြင်တစ်ခုတွင် တစ်နေ့ကျ ဆရာသွားကြည့်နေကျ အဝေးလူနာတစ်အိမ်မှာ ဆိုက်ကားလွှတ်အခေါ်ခိုင်းလိုက်သည်။ လမ်းရောက်တော့ ညမှောင်မှောင်မှာ ဆိုက်ကားဆရာကို ဆရာက ...

'ဟေ့လူ ... ဆိုက်ကားဆရာ၊ အတော်မောလားဗျ' ဆို၍ 'မောတာပေါ့ ဆရာရယ်' ဟု ပြန်ဖြေမိရာတွင် ...

'ကဲ ... မောရင် ကျွန်တော်တစ်လှည့်နင်းမယ်။ ခင်ဗျားက ကျွန်တော့်နေရာထိုင်' ဟု ဆိုက်ကားပေါ်မှခုန်ဆင်းပြီး ဖွတ်နေရာလဲသည်။ ပထမတော့ သူ့ကိုနောက်နေတာဟု ဆိုက်ကားဆရာက ထင်ပေမယ့် ဆရာက အတည်ပေါက်ပြောနေတာ ဖြစ်သည်။

'နောက်တာမဟုတ်ဘူးဗျ။ ကျွန်တော် ဆိုက်ကားနင်းကြည့်ချင်လို့ပါ။ လုပ်ပါဗျာ။ ညကြီး ဘယ်သူမှလည်း မမြင်ပါဘူး'

ဒီလောက်ပြောရုံနဲ့တော့ ဆိုက်ကားဆရာက မလဲရဲ။

'လုပ်ပါဟေ့လူ၊ ကျွန်တော် ငယ်ငယ်လေးကတည်းက ဆိုက်ကားသိပ်နင်းချင်တာ။ ဆရာဝန်ဖြစ်ချင်တာက နည်းနည်းကြီးမှဗျ။ ဆိုက်ကားနင်းချင်တာက အရင်။ ခုကြုံတုန်း နင်းကြည့်ချင်လို့ပါ။ လုပ်ပါဗျာ။ ဆိုက်ကားခကို ကျွန်တော်ကပါ ထပ်ပေးဦးမယ်။ အိမ်နားရောက်မှ လူချင်းပြန်လဲတာပေါ့'

တိုတိုပြောရရင် ဆိုက်ကားခနှစ်ဆကိုမက်လို့လား၊ ဆရာသံခဲကိုပဲ နိုင်အောင်မပြောနိုင်လို့လားမသိ။ ဆိုက်ကားဆရာနှင့် ဆရာဝန်လူလဲပြီး နင်းလာရာ လူနာအိမ်က စိတ်မချ၍ လိုက်လာသောစက်ဘီးနှင့် လမ်းမှာဆုံတော့မှ အံ့သြတကြီးရင်ဘတ်စည်တီးဖြစ်ကြရသည်။

'ကျွန်တော် ဖွတ်လုပ်တဲ့ကိစ္စနော်။ ခင်ဗျားတို့ သူ့ကိုအပြစ်မတင်နဲ့' လို့ ဆရာသံခဲက ဟောဟဲခတ်နေသည့်ကြားကပြောသေးသည်ဟု ဆိုသည်။ ဆရာသံခဲက ဆိုက်ကားဆရာကိုသနားပြီး လူလဲနင်းလာတာလား၊ သူပဲ ဆိုက်ကားနင်းကြည့်ချင်တာလား၊ ဒါမှမဟုတ် လောကကြီးကို အရွဲ့တိုက်တာလားသူမှပဲ သိပါလိမ့်မည်။

တစ်ခါကတော့ သူ့ဆေးခန်းမှာ စွပ်ကျယ်လေးဖြင့် ချက်စ်ထိုးနေရာ ကရင်အဘွားကြီးတစ်ဦး ရောက်လာပြီး ...

'ဟဲ့ ကောင်လေး၊ သံခဲဆိုတဲ့ဆရာရှိလား' ဟု သူ့ကို မေးတဲ့အခါ ဆရာက ချက်ချင်းဆိုသလို ...

'မရှိဘူးအမိုး၊ လက်ဖက်ရည်ဆိုင် ခဏသွားတယ်၊ ပြန်လာမှာပါ။ အမိုးဘာဖြစ်လို့လဲ'

နောက်လိုက်ပြန်တော့ 'နေမကောင်းလို့ပေါ့။ ဆရာသံခဲက ဈေးပေါတယ်ဆိုလို့လာတာ၊ ငါကလည်း ပိုက်ဆံမရှိဘူး။ အဲဒါကြောင့်' ဟု ပြောသည်ဟု ဆိုသည်။

ဆရာက 'ဟာ ... ဈေးကတော့ ပေါသလားမမေးနဲ့ အမိုးရဲ့။ ဒါပေမဲ့ ဆေးဖိုးတော့ ယူမှာပေါ့။ ဒီလိုလုပ်ပါလား။ ဆေးဖိုးပါသက်သာအောင် ကျွန်တော်ကုပေးလိုက်မယ်။ ပိုက်ဆံတစ်ပြားမှပေးစရာမလိုဘူး' ဟုဆိုသည့်အခါ ...

အဘွားကြီးက 'အာ ... မင်းနဲ့တော့ ဘယ်ဖြစ်မလဲ။ မလုပ်ပါနဲ့ကွယ်။ ဆေးဖိုးကုန်ချင် ကုန်ပါစေတော့' ဆို၍ အနားက လူတွေက ဝိုင်းရယ်ကြသည်တဲ့။ နောက်တော့ သူဆရာဝန်ဆိုတာ အဘွားကြီးယုံအောင် မနည်းဝိုင်းပြောကြရသည်ဟု ဆိုသည်။

နောက်ပုံပြင်တစ်ပုဒ်မှာတော့ အဝေးက လာပင့်သည့် လူနာအိမ်လိုက်သွားပြီး ဟိုရောက်တော့ မိသားစုကလည်း အတော်ဆင်းရဲ၊ လူနာကိုစမ်းကြည့်တော့လည်း လုံးဝမရနိုင်တော့မှန်းသိ၍ လူနာကို ဝေဒနာသက်သာစေမည့် ဆေးအချို့ပေးပြီး ...

'ဘကြီး ... ဘာမှမပူနဲ့။ နေကောင်းသွားမှာ။ ဘာရောဂါမှလည်း မရှိဘူး။ ကြိုက်တာစား။ စားချင်တာစားဖို့ သူတို့ကို ဝယ်ခိုင်း။ ပိုက်ဆံ ကျွန်တော်လှူထားခဲ့မယ်' ဟုဆိုကာ လူနာရှင်များကို တိုးတိုးတိတ်တိတ်ခေါ်လျက် 'လူနာက မရနိုင်တော့ကြောင်း၊ ဆေးတိုက်ပြီး ကြိုက်တာကျွေးတော့။ စိတ်ချမ်းသာအောင်ထား။ ဆေးဖိုးလည်း မပေးနဲ့' ဆိုကာ လူနာအတွက်သုံးဖို့ငွေ တစ်ထောင်ပေးပြီး ပြန်လာသည်ဟု ဆိုသည်။ ထိုအချိန်က ဆန်သုံးအိတ်ခန့်ဝယ်လောက်သည့် ငွေ။

ဒီလိုပုံပြင်တွေအပြင် တခြား ထူးထူးဆန်းဆန်းတွေလည်း အများကြီးကြားရတတ်သည်။ သွားရင်းလာရင်း ဖျား

mgyoe.com

တာတွေ့လို့ ဆေးဖိုးစိုက်ကုပေးခဲ့သည်ဆိုတာမျိုး၊ သူဌေးလူနာကို ကုပေးရင်း ရောဂါတူသော အခြားဆင်းရဲသားအတွက်ပါ ဆေးဝယ်ပေးဖို့ အလှူခံသည်ဆိုတာမျိုး စသည်တို့ကိုလည်း ကြားရဖူးသည်။

သူနဲ့ပတ်သက်သောပုံပြင်တွေထဲမှာ သူ့ချစ်သူမိန်းကလေးပုံပြင်လည်းပါ၏။ ထိုမိန်းကလေးသည် ရပ်ဝေးမှာ ကျောင်းဆရာမလုပ်ရင်း သူ့ရပ်ကွက်ထဲမှ သူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျကာ အလုပ်ထွက်ပြီး ထိုရပ်ကွက်မှာပဲ ပြန်နေသည်ဟု ဆိုသည်။

ထိုမိန်းကလေးနှင့် သူ့ယောက်ျားတို့ သူတို့ရပ်ကွက်မှထွက်အလာ အတူပါမိတ်ဆွေကပြောပြ၍ ကျွန်တော်မြင်ခဲ့ဖူးရာ ဆရာသံခဲအသည်းကွဲလောက်သည်မှ တွေးမိရဖူးသည်။ ကောင်မလေးနာမည်က သိပ်အဆန်းအပြားမဟုတ်။ ဥမ္မာဟု သိရသည်။ ဒါပေမဲ့ ဥမ္မာဆိုသည်မှာ ရှုးလောက်အောင်လှသူ (ဥမ္မာဒန္တီ)မှ လာတာမို့ ဝင်းဦးက သူ့ဝတ္ထုတစ်ပုဒ်မှ မခင်ရှုးဟု မြန်မာမှုပြထားတာကို ပြန်သတိရမိသည်။

'ခင်ဗျားမြင်တဲ့အတိုင်းပဲ ကောင်မလေးက ချောသလောက်၊ ကောင်လေးက အရုပ်ဆိုးဆိုး၊ မိန်းမကလည်း ခပ်ရှုပ်ရှုပ်။ ကောင်မလေးကို လိုချင်လှချည့်ရဲ့ဆိုလို့ ကောင်လေးမိဘတွေက သိပ်သဘောမတူဘဲ ပေးစားလိုက်ရတာ၊ ကောင်မလေးကလည်း သူ့အဖေအမေတွေ ငွေရေးကြေးရေးအဆင်ပြေအောင် ယူလိုက်ရပုံပေါ်ပါတယ်။ သူတို့အဖြစ်က စိတ်မကောင်းစရာဗျာ'

ထိုမိတ်ဆွေက ပုံပြင်ကို အလွမ်းနဲ့အဆုံးသတ်ထားသည်။ ကျွန်တော်ကတော့ ထိုမိန်းကလေးထက် ရပ်အဆင်းရော၊ နပျိုမှုပါ အားနည်းရှာသော ဆရာ့ဇနီးကို သတိရလိုက်ပြီး သူတို့၏အဓိပ္ပာယ်မဲ့အိမ်ထောင်ရေးကို စိတ်မောခဲ့မိသည်။

ဒါက လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က ကျွန်တော်နေခဲ့ဖူးသော ရပ်ကွက်ကလေးမှ ဆရာဝန်တစ်ဦး၏ ဇာတ်လမ်းဖြစ်ပြီး ထိုနေရာကလေးမှ နောက်ထပ် နေရာလေးငါးနေရာထက်မနည်းပြောင်းလဲနေထိုင်ခဲ့ဖူးပြီးဖြစ်ကာ ဆရာသံခဲကို မေ့လျော့စပင် ပြုခဲ့ပါသည်။

တစ်နေ့တော့ လောကနတ်ခန်းမက ပန်းချီပြပွဲတစ်ခုတွင် ဆရာသံခဲတို့ရပ်ကွက်မှာနေသူ၊ တစ်ခါက ကျွန်တော်စာအုပ်ဝယ်နေကျ စာအုပ်ဟောင်းရောင်းသမားတစ်ဦးနှင့် မမျှော်လင့်ဘဲ ပြန်တွေ့သည်။ နှစ်နှစ်ဆယ်ကျော် ကွဲနေသော မိတ်ဆွေများ ဝမ်းသာအားရနှုတ်ဆက်ကြရင်း လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကာ ရှေးဟောင်းနှောင်းဖြစ် ပြောဖြစ်ကြသည်။ ကျွန်တော်က သတိတရ ဆရာသံခဲအကြောင်း မေးဖြစ်သည်။

'ဟာ ... ဆရာသံခဲအကြောင်း ဝတ္ထုရေးတတ်တဲ့သူဆို ဇာတ်လမ်းကောင်းတစ်ပုဒ်ပဲ ဖြစ်မှာပဲဗျ' ဟု ထိုသူက အစချီသည်။ တကယ်တော့ သူက ကျွန်တော့်ကို စာအုပ်စုသူအဖြစ်သာ သိထားပြီး စာရေးသူအဖြစ် လုံးဝသိမထားတာမို့ ဇာတ်လမ်းပေးတာတော့ မဟုတ်ပါ။

'လွန်ခဲ့တဲ့ဆယ်နှစ်လောက်က သူ့မိန်းမဆုံးသွားတယ်လေ။ အိမ်ထောင်ရေးကလည်း မသာယာတော့ နှစ်ယောက်စလုံး ဝဠ်ကျွတ်သလိုပါပဲဗျာ။ သူ့မိန်းမက အသည်းကင်ဆာဖြစ်တယ်ပြောတာပဲ။ သူ့မိန်းမနေမကောင်းတဲ့အခါတော့ ဆရာသံခဲက အတော်ဂရုစိုက်ပါတယ်။ ဆေးခန်းတောင်မထိုင်ဘဲ ပိတ်ထားတာ။ နောက် သူ့မိန်းမဆုံးပြီးတော့ သူ့ဘဝက ပို အထီးကျန်ဖြစ်သွားသလိုပါပဲ'

'သူ့ဦးလေးမိသားစုရှိတယ်မဟုတ်လား'

ဟု ကျွန်တော်က မေးမိတော့ သူ့ဦးလေးရော ဦးလေးမိန်းမပါ ဆုံးပြီး သူတို့အိမ်ကို ဆရာသံခဲက အမွေရ၍ အိမ်ငှားတင်ထားခဲ့ပုံ၊ နောက်တော့ သူ့မိန်းမဆုံးသွားသည့်အခါ သူက ဦးလေးတို့အိမ်ပြောင်းနေပြီး သူ့မိန်းမမိသားစုပိုင် မြေကွက်ကို ရောင်းပစ်ကာ အနှံ့လှျောက်လှူပစ်ခဲ့ပုံတို့ကို ထိုဆရာက ပြောပြသည်။

'ဒါပေမဲ့ တစ်ခုတော်တာက ဘယ်လိုပဲအထီးကျန်ကျန် ဆရာသံခဲဟာ အရက်မသောက်ဘူး။ လောင်းကစားမလုပ်ဘူး။ ပြီးတော့ မိန်းမကိစ္စလည်း လုံးဝကင်းရှင်းတယ်။ အရင်လိုပဲ ချက်စ်ထိုးတယ်၊ ကျားထိုးတယ်။ ကြွေလည်း ပစ်ချင်ပစ်တယ်။ ဒါပေမဲ့ လောင်းကြေးနဲ့ ဘယ်တော့မှ မကစားဘူး။ ဆေးကုတဲ့ကိစ္စကိုတော့ အရင်လိုပဲ လေးလေးနက်နက်လုပ်တယ်။ အဲဒီမှာ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကတော့ ဥမ္မာယောက်ျားဆုံးသွားတယ်၊ ဥမ္မာကလည်း ကလေးတစ်ယောက်နဲ့ ကျန်ရစ်တယ်'

'ဪ ... ဒါဆို သူတို့ချစ်သူနှစ်ယောက် ပြန်ပေါင်းဖြစ်တာပေါ့' ကျွန်တော်က ဝမ်းသာအားရ ဝင်ပြောဖြစ်သည်။ သို့သော် စာအုပ်ဆရာက ခေါင်းရမ်းလိုက်ပြီး ...

'အဲဒီလိုဖြစ်ရင်တော့ ကောင်းတာပေါ့ဗျာ။ ဒါပေမဲ့ ဒီလိုမဖြစ်ဘူးဗျ။ မဖြစ်ရုံမက ဆိုးလိုက်ပုံက ဥမ္မာ့ယောက်ျားက အအိုင်ဒီအက်စ်နဲ့ သေသွားတာ။ ဒါတင်မကဘူး။ သူသေပြီး ဥမ္မာ့မှာလည်း ရောဂါကူးလျက်ကျန်ခဲ့တာ။ ယောက်ျားသေတော့ အခြေအနေက အတော်ဆိုးနေပြီ။ ဒါကို ဆရာသံခဲက သွားသွားကြည့်ပေးပါတယ်။ ကြည့်ပေးရုံတင်မကဘူး၊ ဥမ္မာနဲ့ သူနဲ့ ပေါင်းဖို့မဖြစ်နိုင်တော့ပေမယ့် ညီမလေးတစ်ယောက်လို

mgyoe.com

mgyoe.com


အနီးကပ်စောင့်ရှောက်ပေးဖို့ လက်ထပ်ပြီး အတူနေပါရစေလို့ ပြောတာတဲ့။ ဒါကို ဥမ္မာက လက်မခံဘူးလို့ပြောတယ်။ နောက် တစ်နှစ်မကြာခင် ဥမ္မာလည်း ဆုံးတာပါပဲ။ တစ်ခုထူးတာက ဥမ္မာမသေခင်မှာ သူ့သားကို ဆရာသံခဲလက်ထဲ အပ်ခဲ့တယ်လို့ ဆိုတယ်။ ကလေးကလည်း မွေးကတည်းက ရောဂါပါလာရှာ တာပေါ့ဗျာ'

'ဟာ ... စိတ်မကောင်းစရာပဲနော်။ ဒါပေမဲ့ ကလေးမှာ နှစ်ဖက်အဘိုးအဘွားရှိနေတာမဟုတ်လား'

'ရှိတော့ ရှိတယ်လေ။ ဒါပေမဲ့ ဥမ္မာ့မိဘတွေက ငွေကြေး မှ သိပ်မပြည့်စုံတာ။ ကလေးမှာလည်း ဒီရောဂါကြီးနဲ့ဆိုတော့ သူ့ကို ဘယ်မွေးနိုင်မလဲ'

'သြော် ... ဒါဆို အဖေဘက်ကကော'

'သူတို့ကတော့ ငွေကြေးပြည့်စုံပါတယ်။ ဒါပေမဲ့ ဒီ ကလေးကို မွေးထားသမျှ သူ့သားဘယ်လိုသေခဲ့တယ်ဆိုတာ သက်သေလိုဖြစ်နေတော့ ရှက်တယ်ထင်ပါရဲ့။ ပြီးတော့ ဒီရော ဂါကို ကလေးဆီကနေ ကူးမှာလည်း ကြောက်လို့ဖြစ်မှာပေါ့ ဗျာ။ ဥမ္မာမသေခင်မှာက သူတို့က ငွေကြေးမဖြစ်စလောက် ပေးတာကလွဲရင် သိပ်မှဂရုတစိုက် မစောင့်ရှောက်ကြတာ။

'ဒါဆို အခု ကလေးက ဆရာသံခဲဆီမှာလား'

'ဟုတ်တယ်။ သူကတော့ ကလေးကို အရမ်းဂရုစိုက် ပြီး ယုယရှာပါတယ်။ ကလေးက သက်ဆိုးရှည်မှာမဟုတ်ဘူး လို့ အများက ယုံကြည်ကြပေမယ့် ဆရာသံခဲကတော့ ဒီကလေး အသက်ရှင်သန်ပြီး လူအများစု ကောင်းကျိုးလုပ်နိုင်တဲ့အထိ သူ ပြုစုပျိုးထောင်ပြမယ်လို့ ကြိမ်းဝါးနေတာပဲ။ အခုတော့ သူ့ မိန်းမမြေကွက်ကို ရောင်းပြီး လျှောက်လှူမိတာတောင် မှားတယ် ပြောနေပြန်ပြီ။ ဆေးခန်းကိုလည်း ဂရုတစိုက်ဖွင့်ပြီး ငွေလည်း အာရုံစိုက် ရှာတတ်လာပြီ။ အရင်လို အလကားမတ်တင်း ကု ပေးတာမျိုး နည်းသွားပေမယ့် လူတွေက ဆရာသံခဲကို နား လည်ကျေနပ်ကြပါတယ်။ အင်း ... သူ့အမျိုးအချို့ကလွဲရင် ပေါ့လေ'

'သူ့အမျိုးတွေ ရှိသေးလို့လား'

'ရှိတယ်။ သွေးတော့ ဝေးပါတယ်။ ဒါပေမဲ့ အမျိုးတော့ အမျိုးပေါ့။ သူတို့က သွေးမတော် သားမစပ် ဒီရောဂါသည် ကလေးလေးကို တစ်သက်လုံး ပြုစုနေရမှာမျိုး မလုပ်စေချင်ကြ ဘူးပေါ့။ အဖေဘက်က ချမ်းသာတဲ့အမျိုးတွေလည်း ရှိရက်နဲ့ ဆရာသံခဲက နွားကျသလိုဖြစ်တယ်လို့ သူတို့က ထင်တာ။ ဒါပေမဲ့ ဆရာသံခဲက ဘာပြောလဲဆိုတော့ ဒီကလေး အခုလို ဘဝရောက်ရတာဟာ ကလေးအမေအပေါ် သူ သစ္စာမစောင့် နိုင်ခဲ့လို့ဖြစ်တာ။ သူ့မှာ တာဝန်ရှိတယ်တဲ့။ ပြီးတော့ သူ့အမျိုး တွေကိုပြောသေးတာက ခင်ဗျားတို့သာ အမြော်အမြင်ရှိရှိနဲ့ အတော်ခံပြီး ကျွန်တော့်ကို ကျောင်းစုထားပေးခဲ့ကြရင် အခုလို အဖြစ်ဆိုးမျိုးတွေ ဘယ်ဖြစ်မလဲ။ ခင်ဗျားတို့မှာလည်း တာဝန် ရှိတယ်။ ဒါပေမဲ့ ခင်ဗျားတို့က ကိုယ့်တာဝန်ကိုယ် မသိချင်နေ၊ ကျွန်တော် လုပ်သင့်တာ လုပ်နေတာကိုတော့ ဘယ်တော့မှ ဖျက်ဖို့ မစဉ်းစားနဲ့လို့ ပြောသတဲ့'

ပျော်စရာဇာတ်သိမ်းဟု မဆိုနိုင်သော်လည်း ကျွန်တော် ကျေနပ်ကြည်နူးမိပါသည်။

'ဆရာသံခဲက သူ့သူငယ်ချင်းတွေကို ဘာပြောသလဲဆို တော့ ဥမ္မာ့အပေါ် သူတင်ခဲ့တဲ့ အချစ်ကြွေးကို ဒီကလေးဆီမှာ အတိုးနဲ့ပြန်ဆပ်ရမှာလို့ အမြဲပြောပြောနေတာတဲ့။ ပြီးတော့ ကလေးကို ဘယ်လောက်ဂရုစိုက်စိုက် အသက်ရှင်ပါ့မလားလို့ မေးကြသူတွေကို ဆရာသံခဲက သူ့မှာ ဘာအပြစ်မှမှ မရှိတဲ့ ဟာ၊ ရှင်ရမှာပေါ့လို့ ပြောတယ်တဲ့။ ပြီးတော့ နိုင်ငံတကာမှာ အခုလို ကလေးမျိုးတွေကို ဘယ်လိုစောင့်ရှောက်ကြတာ၊ ဒီ နိုင်ငံမှာလည်း စေတနာရှင်တွေ စုပေါင်းပြီး သန်လျင်ဘက်မှာ ကလေးသုံးဆယ်ကျော် စောင့်ရှောက်ထားကြတာ ဆိုတာမျိုး တွေကို ပြောပြတယ်တဲ့။ သူက ကလေးတစ်ယောက်တည်း။ ပြီးတော့ သူ့ပယောဂမကင်းဘဲ ဒုက္ခခံစားနေရတဲ့ ကလေးတစ် ယောက်ကို သူအသက်ရှင်နေသရွေ့ နည်းပေါင်းစုံနဲ့ ပြုစု စောင့် ရှောက်သွားမယ်။ သူဟာ ကလေးအတွက် အသက်ရှင်နေမှာ ဖြစ်သလို ကလေးကလည်း သူ့အတွက် အသက်ရှင်ပေးမှာ သေချာတယ်လို့တောင် ပြောသေးတယ်တဲ့ဗျာ'

'အေးဗျာ ... ကြားရတာ ကလေးအတွက်ကော၊ သူ့ အတွက်ကော ကောင်းပါတယ်ဗျာ။ ဒါထက် ကလေးက ဘယ် အရွယ်ရှိပြီလဲဗျ'

'ကျောင်းတောင် ထားရခါနီးပြီဗျ။ ဆရာသံခဲကတော့ သားချင်း မိုးမွှန်အောင် ခေါ်ပြီး ကျေနပ်ပြီး ပျော်နေပုံပါပဲဗျာ'

'ကောင်းပါရဲ့ဗျာ။ ကျောင်းထားဖို့ကော အဆင်ပြေပါ့ မလား'

'ပြေမယ်ထင်ပါရဲ့။ မပြေလည်း သူ့သားကို ဆရာမ ငှားပြီးသင်မယ်။ သူကိုယ်တိုင်လည်း သင်ပေးလို့ရတယ်လို့ ဆရာသံခဲကတော့ ကြွေးကြော်နေတာပါပဲဗျာ'

'ကောင်းပါတယ်ဗျာ။ ဒါထက် ဆရာသံခဲ အခုနေတဲ့ သူ့ဦးလေးအိမ်လိပ်စာ ကျွန်တော့်ကို ပေးပါဦးဗျာ'

'ဘာလဲ ... ခင်ဗျား စိတ်ဝင်စားသွားပြီး ဆရာသံခဲကို ပြန်တွေ့ချင်သွားပြီပေါ့။ ပေးရမှာပေါ့ဗျာ' ဟုဆိုကာ သူက ချက်

mgyoe.com

mgyoe.com

ချင်းပဲ လိပ်စာပေးပါသည်။

မှန်ပါသည်။ တကယ်တော့ ဆရာသံခဲ ခေါ် ဒေါက်တာမြင့်နိုင်ကို ပြန်တွေ့ချင်ရုံသက်သက်တော့ မဟုတ်ပါ။ ဆရာဆီသွားပြီး ဆရာ့မျက်မှောက်မှာပင် ဆရာ့သားလေးဖြစ်နေရှာသော ဥမ္မာ့သားလေးကို ကျွန်တော်ကိုယ်တိုင် လိုက်လံရှာ ပိုက်ထွေးယုယကြင်နာပြချင်ပါသည်။ ပြီးတော့ ကလေးအနာဂတ်အတွက် ဆရာနဲ့ဆွေးနွေးပြီး ဝိုင်းအဖြေရှာပေးရမည်။

သည်လိုနည်းဖြင့် ဆရာ့ရဲ့ချစ်ကြွေးဆပ်နှလုံးသားကို ကျွန်တော်လည်း တတ်အားသရွေ့ အားဖြည့်ဖေးကူသင့်သည် မဟုတ်ပါလား။

●

ရွှေအမြုတေ – မတ် – ၂၀၀၈

mgyoe.com

mgyoe.com

# ကြာသပတေးနှစ်ယောက်

မြတ်သင်း

ဟော ... အမေမြိုင် မေမြို့ပန်းတွေဝယ်လာပြီ။ မယုံရင်ကြည့်လိုက်၊ အဖြူရောင်တွေချည်း ဖြစ်စေ့မယ်။ ကြာသပတေးသမီးကြီးက ကြာသပတေးသမီးလေးအတွက် ဝယ်လာတာလေ။ ခဏနေရင် 'အယ်ဘင်္ဂွေ၊ မို့မို့ကုမ္ပာရီ' ဆိုတဲ့ သမီးလိမ္မာဆုတောင်းဂါထာရွတ်သံကြားရမှာ သေချာတယ်။ အုံ့လည်း အုံ့စရာကောင်းတဲ့ သားအမိ၊ နီးတစ်ကျက်ကျက်၊ ဝေးတစ်သက်သက်ဆိုတဲ့ စကားများတယ် မှန်တာပဲ။

ကျုပ်ဖြင့်လေ အမေမြိုင်တို့သားအမိကို မြင်တိုင်း ဆရာရွှေတိုင်ညွန့်ရဲ့ မိဘမေတ္တာသီချင်းကို ပြေးပြေးသတိရမိတယ်။ အထူးသဖြင့် ...

'မယ်တော်ဘုရား ... စကားတစ်ခွန်းလောက် မေးပါရစေ ... အကျွန်ုပ်၏ မွေးသဖခင်သည် မေတ္တာသဘော ... ချစ်ပါသလော ... ပြောပြပါ အခါခါမေးလေသည် ... ဝေဒေဟီ ဖြေမဆည်နိုင်ပြီ ... သြော် ... ချစ်တာတွေ အမေပြောပြပါမည် ခမည်းတော်ဘုရားရဲ့အပေါ် အထင်တော် မမှားသင့်သည်'

ဆိုတဲ့ အပိုဒ်လေးကို သိပ်သတိရတာပဲ။ သူတို့သားအမိအဖြစ်နဲ့ ဟပ်မိလွန်းလို့။

အတူတူနေကြတုန်းကတော့ ဒီသားအမိ တည့်တယ်မရှိပါဘူး။ အမြဲတမ်း ပူညံပူညံပါပဲ။ သစ်နှစ်ပင်ကြား ဝါးပေါက်ဆိုတာလို ကြားထဲက ကျုပ်သိပ်စိတ်ညစ်တယ်။

'အမေက ငါ့ကိုချစ်တာမဟုတ်ဘူး'

ဒါက မမို့အမြဲပြောလေ့ရှိတဲ့စကား။ ဒီစကားက ဘယ်သွားလဲ။ ကိုယ့်သားသမီးကိုယ် မချစ်တဲ့မိခင်ရယ်လို့ ရှိရိုးလား။ အမေမြိုင်ဆိုတာက မမို့လို သမီးရင်းအပေါ်မပြောနဲ့ ကျုပ်တို့လို တူမကိုတောင် အိမ်ပေါ်ခေါ်ကျွေးထားတဲ့ အမျိုးသမီးကြီး။ ဒါပေမဲ့ မမို့ကတော့ သူ့အပေါ် သူ့အမေက တကယ့်ကိုပဲ မချစ်ဘူးလို့ ထင်ဟန်ရှိပါရဲ့။ မကြာမကြာပဲ ဒီစကားကို ပြောတတ်တယ်။

'အမေက ငါ့ကိုချစ်တာ မဟုတ်ဘူးဟဲ့'

သူ့သမီးက သူ့အပေါ် ဒီသဘောကိန်းနေတယ်ဆိုတာ အမေမြိုင်ကလည်း သိပါတယ်။ ဒီလိုဘာကြောင့်ဖြစ်ရသလဲဆိုတာ ကျုပ်ကို အေးအေးဆေးဆေး ပြောပြတယ်။

မမို့ကို မွေးပြီးတော့ အိမ်ရှေ၊ စပါးကျီပါ မီးလောင်ခံရတာကြောင့် ဦးကြီးစိန်တို့၊ အမေမြိုင်တို့ မြို့ပေါ်မှာ မနေနိုင်တော့ဘဲ ရွာပြန်ပြီး တောင်သူလုပ်ကြရသတဲ့။ အမေမြိုင်တို့ ကျုပ်တို့က ရွှေဘိုတောင်လက်က အောင်ချမ်းသာရွာသူတွေပါ။ အဲဒီအချိန်က ရွာမှာ ညရေးညတာ စိတ်မချရသေးတာကြောင့် မမို့ပေါက်စလေးကို မြို့ပေါ်မှာနေတဲ့ ဦးကြီးစိန်ဘက်က အဘိုးအဘွားများဆီ ပို့ထားကြရသတဲ့။

လင်ဘက်ကလည်း အမျိုးတွေမဟုတ်လား။ အမေမြိုင့်အပေါ် ဘယ်မှာအကောင်းမြင်ပါ့မလဲ။ ဦးကြီးစိန်ရဲ့အမေက ပါးစပ်နဲ့ ချွေးမကို နားရင်းအုပ်လိုက်၊ ဦးကြီးစိန်ရဲ့အစ်မက ယောက်မကို အတင်းတုတ်လိုက်။ ဘူးသွင်းသလို သွင်းနေကြမှတော့ ဘယ်ခံနိုင်ပါတော့မလဲ။ မမို့ရဲ့ ဦးနှောက်နုနုလေးမှာ အညီအမည်းစွဲပြီပေါ့။ အမေအရင်းကို သဘက်သရဲမထင်တာဘဲ ကံကောင်း။

အမေမြိုင်တို့ အတော်အသင့် ပိုလျှံလာလို့ မြို့မှာပြန်ပြီး အခြေချတော့ မမို့ကို ပြန်ခေါ်ထားပါတယ်။ အမေမြိုင်က ဘယ်လိုပင် ယုယပေမယ့် ဘွားအေနဲ့အရီးရဲ့စကားတွေကို နားစွဲနေတဲ့ မမို့ဟာ မိခင်အပေါ်မှာ ပကတိအတိုင်းချစ်ဖို့ အတော်ခက်နေတော့တာပေါ့။

နောက်ထပ်အကြောင်းတစ်ရပ်ရှိသေးတယ်။ အဲဒါက

mgyoe.com

မမို့အပြစ်။

အမေမြိုင်က သူကိုယ်တိုင်ငါးတန်းနဲ့ ကျောင်းထွက်ခဲ့ ရလေတော့ သူ့သမီးကို ပညာတတ်ဘွဲ့ရ သိပ်ဖြစ်စေချင်တယ်။ မမို့ဆယ်တန်းအောင်တော့ မန္တလေးတက္ကသိုလ်ကိုပို့ပြီး ပညာဆည်းပူးနိုင်းတယ်။

သမီးအပေါ်မှာ မျှော်လင့်ချက်တအားကြီးတာကိုး။ မမို့ တက္ကသိုလ်ကျောင်းသူဘဝမှာ လုံးဝမညှိုးငယ်စေရဘူး။ အဝတ် ဆိုလည်း ပေါ်သမျှ မမို့ခါးပေါ်ရောက်ရတယ်။ အစားဆိုလည်း တစ်ပတ်တစ်ခါ ကြော်လှော်ပြီး ပို့ပေးတယ်။ တညင်းသီးအုန်း နို့ဆမ်းကအစ စိတ်ရှည်လက်ရှည် ပို့ပေးလို့ အဆောင်သူတွေ သြချယူရတယ်။

ဒါပေမဲ့ မမို့က မလိမ္မာပါဘူး။ ဒုတိယနှစ်ရောက်တာ နဲ့ စာမေးပွဲကျတော့တာပဲ။ သစ္စာဆောင်မှာ နေခွင့်မရတော့တဲ့ အတွက် ဗောဓိကုန်းထဲက အမျိုးသမီးဆောင်မှာ ငှားနေရတယ်။

'အဲဒီတုန်းကများ သင်းသင်းရယ် တို့အဖြစ်က ရယ် စရာလည်းကောင်းပါရဲ့။ တို့အဆောင်နဲ့ကပ်လျက် လမ်းဟို ဘက်မှာ ချစ်တီးထမင်းဆိုင်ရှိတယ်'

ချစ်တီးထမင်းဆိုင်က သင်ပုန်းပေါ်မှာ 'ကျပါတီ၊ ပူရီ၊ ထတ္တရာ' လို့ ရေးထားသတဲ့။ သူ့ဆိုင်မှာရနိုင်တဲ့ မုန့်အမျိုး အမည်တွေ ရေးထားတာဖြစ်မှာပေါ့။ နေ့စဉ်ကျောင်းသွားတိုင်း သင်ပုန်းပေါ်က ဒီစာကို ဖတ်နေရပေမယ့် အမှတ်မဲ့ပဲတဲ့။ မမို့ ပြောပြတာလေး ပြန်ပြောရဦးမယ်။

တစ်နေ့မှာတော့ အဆောင်သူတစ်ယောက်က ကျောင်း ကပြန်လာပြီး စာအုပ်တွေ စားပွဲပေါ်ပစ်တင်လိုက်ရင်း 'သူငယ် ချင်းတို့ရေ အခြေအနေမကောင်းဘူး' လို့ ပြောသတဲ့။ အရင်း မရှိ အဖျားမရှိ ပြောလိုက်တာဆိုတော့ အားလုံးအံ့အားသင့်သွား ကြပြီး 'ဟဲ့ ... ဘာများလဲ ... ဘာများလဲ' ပေါ့လေ။ အားလုံး ဝိုင်းမေးကြသတဲ့။ ဒီတော့ စောစောက အဆောင်သူက 'ချစ်တီး ဆိုင်က သင်ပုန်းကြီးပေါ်မှာ ရေးထားတဲ့ စာတွေ တွေ့တယ် မဟုတ်လား။ အဲဒါ အခြေအနေ မကောင်းပေါ့'လို့ ပြန်ဖြေသတဲ့။ 'ဟဲ့ ... ဘာဆိုင်လို့လဲ။ အဲဒါ မုန့်နာမည်တွေပဲ'လို့ပြောတော့ အဲဒီအဆောင်သူက 'ဆိုင်တာပေါ့၊ ကျပါတီတဲ့။ တို့တစ်ဆောင် လုံးကလည်း စာမေးပွဲကျလာတဲ့ သူတွေချည်းပဲ။ ဒီတော့ ကျပါတီပေ့ါ။ ဟော ... ပူရီတဲ့။ တို့တွေက စာမေးပွဲကျတဲ့ အပူ သည်တွေပေမယ့် တောင်သမန်သွားလိုက်၊ ပြင်ဦးလွင်တက် လိုက်၊ ပျော်ပျော်ပါးပါး ရယ်မောနေကြတာချည်းပဲ။ ဒီတော့ ပူရီပေါ့။ ဟော ... ထတ္တရာတဲ့။ ဒီနှစ်လည်း ထပ်ကျဦးမှာပဲ သူငယ်ချင်းတို့ရယ်' လို့ ရှင်းပြသတဲ့။ အဲဒီအမျိုးသမီးကို ခေါင်း အုံးနဲ့ဝိုင်းထုကြတော့တာပေ့ါ။

အဲဒီနှစ်က မမို့တကယ်ပဲ စာမေးပွဲထပ်ကျခဲ့တယ်။ ဒီ သတင်းကိုကြားလိုက်ရတဲ့အခါမှာတော့ အမေမြိုင်ပြိုလဲတော့ တာပဲ။ ခုတင်ပေါ်မှာ လူးလိမ့်နေတော့တာပဲ။ မမို့ကိုလည်း မရပ်မနား အပြစ်တင်တယ်။ နေ့စဉ်ရက်ဆက် ကြိမ်းမောင်း တယ်။ ဒီလိုအပြစ်တင်ကြိမ်းမောင်းမှုတွေဟာ မမို့ရဲ့စိတ်ထဲမှာ ရှိတဲ့ 'အမေက ငါ့ကိုမချစ်ပါဘူး' ဆိုတဲ့အတွေးကို ပိုပြီးခိုင်မြဲ သွားစေပြန်သတဲ့။ ဒါက ဒုတိယအကြောင်းတစ်ရပ်။

အမေမြိုင်ကတော့ ဒီအကြောင်းတွေကို ကျုပ်နဲ့စကား စပ်မိတိုင်း 'ဒီကောင်မ သူ သားသမီးရလာမှ သိလိမ့်မယ်'ဆို တဲ့ အပြောလေးနဲ့ပဲ နိဂုံးချုပ်တတ်တယ်။

မမို့တစ်ယောက် စာမေးပွဲ ဆက်မဖြေဖြစ်တော့ပါဘူး။ ပညာတစ်ပိုင်းတစ်နဲ့ပဲ ကိုနိုင်နဲ့ အိမ်ထောင်ကျပြီး ယောက္ခမ အိမ်လိုက်သွားရတယ်။ ကိုနိုင်ကဲ့ အထက်တန်းပြဆရာပါ။ မမို့အပေါ်လည်း ကြင်နာပါတယ်။

အမေမြိုင်ကတော့လေ တကွဲစီနေရမှ ပိုပြီးသည်းလာ တယ်။ မမို့ ကံပွင့်ကံမြင့်စေဖို့အတွက် မေမြို့ပန်းအဖြူတွေ ဘုရားမှာ အမြဲကပ်တယ်။ အယံဘန္ဒေါဂါထာကို အမြဲရွတ် တယ်။

သူ့သမီးက သူ့အပေါ် နားလည်လာမယ့် အချိန် သမယကို အမေမြိုင်ကတော့ တစ်နေ့ပြီးတစ်နေ့ မျှော်လင့်နေ တော့တာပါပဲ။

* * *

ဟော ... ခုတော့ အမေမြိုင်မျှော်လင့်နေတဲ့ အချိန်သမယ ကို ဆိုက်ရောက်ခဲ့ပါပြီ။ မမို့မှာ သမီးလေးတစ်ယောက် ဖွား မြင်ခဲ့ပြီလေ။ ကိုနိုင်က သင်တန်းသွားတက်ရလို့တဲ့။ မမို့ရော သမီးလေးပါ အမေမြိုင့်အိမ်ပေါ်ကို ရောက်လာတယ်။

သုံးလသမီးလေး မင်းမူလိုက်ပုံများ မပြောပါနဲ့တော့။ တစ်အိမ်လုံး သူ့ဗာဟီရကိစ္စတွေချည်းပဲ။

မမို့က သူ့သမီးကို စောင်ပုခက်နဲ့သိပ်ရင် လက်ပြင်ကုန်း မှာစိုးလို့တဲ့။ ယိုးဒယားပုခက် ယူလာတယ်။ ကျုပ်က ဝက်အူ လှဲ့တစ်ချောင်းနဲ့ အဲဒီပုခက်ကို ဆင်ရတယ်။ အုပ်ဆေး၊ လူး ဆေး၊ အားဆေး၊ ရေမွှေး၊ မျက်စဉ်း၊ လိုးရှင်း၊ ပေါင်ဒါ၊ ငွမ်း လိပ်၊ ရှုပ်ယှက်ခတ်နေတာပဲ။ ရွှေဘိုမြို့ရဲ့နွေရာသီမှာ မမို့က သူ့သမီးကို ရေနွေးနဲ့မှ ချိုးပေးချင်ပါတယ်ဆိုလို့ ရေနွေးအိုး တည်သူကတည်၊ ကြိုးတန်းမှန်သမျှမှာလည်း ပိတ်နီးတွေ တလူလူဝေလို့။

ကလေးရေချိုးပြီးစ အနှီးလေးနဲ့ ထွေးထားတဲ့အချိန်

mgyo.com

မှာပေါ့။

မမို့က ပေါင်ဒါထည့်ပေးရင်း ကလေးရဲ့နဖူးကို မွှေးလိုက်၊ ပါးကိုမွှေးလိုက်၊ ရင်ဘတ်ကိုမွှေးလိုက်၊ ဗိုက်ကိုမွှေးလိုက်၊ တစွတ်စွတ်မွှေးနေလိုက်တာ မွှေးလို့ကို ဘယ်မဝနိုင်တော့တယ်ပဲ။ 'မီးမီးလေး ... စံပယ်ငုံလေး' နဲ့လည်း မပို့တပီ ချွဲနေသေးတာ။ အကွက်ဆိုက်ပြီလေ။ အမေမြို့င်ချောင်းနေတဲ့ အကွက်ဆိုက်ပြီပေါ့။ ဒီ့ထက်ကောင်းတဲ့အချိန် ရှိရိုးလား။

သမီးရဲ့လှုပ်ရှားမှုမှန်သမျှကို ဘေးကနေမျက်တောင်မခတ်ကြည့်နေရင်းက အမေမြို့င်စကားဟလိုက်တယ်။

'ကဲ ... မိမို့မို့ ကိုယ့်မှာ သမီးလေးရလာပြီဆိုတော့ ကိုယ်ချင်းစာတတ်ပြီမဟုတ်လား။ အမေက ညည်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ခုတော့ သိပြီလား'

အမေမြို့င်ပြောလိုက်ပုံကတော့ အပိုင်ပဲ။ ပြောပြီးတာနဲ့ 'ကဲ ... ဘယ့်နှယ်ရှိစ' ဆိုတဲ့ မျက်နှာပေးမျိုးနဲ့ ကျုပ်ကို တစ်ချက်လှမ်းကြည့်လိုက်သေးတယ်။

အမေမြို့င်စကားဆုံးတယ်ဆိုရင်ပဲ မမို့ကလည်း ဒက်ခနဲပဲတော်။ တကတဲ ကလေးကို နမ်းနေရာကနေလှည့်ပြီး ပြောချလိုက်ပုံများ။

'ဒါကတော့ ဘယ်ပြောနိုင်ပ့ါမလဲ။ ကျုပ်က ကျုပ်သမီးကိုချစ်သလောက် အမေက ကျုပ်ကိုချစ်ချင်မှ ချစ်မယ့်ဥစ္စာ'

အမေမြို့င်ကတော့ ငိုင်ကျသွားတာပဲ။

နဖူးကိုလက်နဲ့ဖိရင်းက သဲ့သဲ့လေးပဲ ညည်းနိုင်ရှာတော့တယ်။ သူညည်းပုံကလည်း ရယ်စရာကြီး။

'ဩော် ... အဇာတသတ်ကမှ သိသွားရှာသေးတယ်ဟဲ့' တဲ့။

* * *

ကြုံရတဲ့အဖြစ်လေးတစ်ခုပြောရဦးမယ်။

စံပယ်ငုံလေး နှစ်ခါလည်သမီးလောက်မှာပေါ့။

မမို့တို့သားအမိ အမေမြို့င့်အိမ် ရောက်လာကြတယ်။ ဒီမှာ ညအိပ်ကြမယ်တဲ့။ မမို့ကြိုက်တတ်တဲ့ ဂျူးမြစ်ချဉ်ရည်ဟင်းလေး ချက်ကျွေးလို့ပေါ့လေ။ ညပိုင်းမှာတော့ ဖရုံစေ့လှော်ဝါးရင်း တီဗွီထိုင်ကြည့်နေကြတယ်။

တီဗီမှာ သီချင်းကဏ္ဍပြီးတော့ လူတွေ့မေးမြန်းခန်းတစ်ခုလာတယ်။ နိုင်ငံခြားတက္ကသိုလ်တစ်ခုမှာ ထူးထူးချွန်ချွန် ပါရဂူဘွဲ့ဆွတ်ခူးလာတဲ့ မြန်မာအမျိုးသမီးတစ်ဦးကို တွေ့ဆုံမေးမြန်းတာပါ။ ပါရဂူအမျိုးသမီးက ငယ်ငယ်ပဲရှိသေးတယ်။ ဥပမိရုပ်လည်းကောင်းတယ်။ သူက ဆင်းရဲသောမိဘရဲ့ ဉာဏ်ကောင်းသော သမီးပေကိုး။ သူ့ဘဝကို သူဘယ်လိုကြိုးစားတည်ဆောက်ခဲ့တဲ့အကြောင်း ပြောပြနေလိုက်တာ အားကျစရာပါပဲ။ အတုယူစရာလည်း ကောင်းလှပါတယ်။

ဖန်သားပြင်ပေါ်က ပညာလှိုင်းတွေ ရိုက်ခတ်သွားလို့ထင်တယ်။

'သမီးလေးကြီးလာရင် ပါရဂူကြီးဖြစ်အောင် ကြိုးစားနော်။ ပါရဂူကြီးလားဟေ့ ... ဒေါက်တာ မစံပယ်ငုံလားဟေ့'

မမို့က ကလေးကို ချိုင်းကနေမြှောက်ရင်း ပြောနေတယ်။ အနားမှာထိုင်နေတဲ့အမေမြို့င်ကတော့ နားကြားပြင်းကပ်လာဟန်တူပါရဲ့။ နှုတ်ခမ်းကို စုလိုက်တယ်။

'ဟဲ့ ... ဒီဘာမှမသိတတ်သေးတဲ့ကလေးပေါက်စလေးကို ပြောနေလို့ ဘာအကျိုးထူးမှာလဲ၊ နင့်ကိုယ်နင်လုပ်ပေါ့။ နင်အခု ကျောင်းပြန်တက်ပြီး ဘွဲ့ရအောင်လုပ်ပါလား'

မမို့ကတော့ အေးအေးဆေးဆေးပါပဲ။

အမေမြို့င်စကားစဲသွားမှ ကျုပ်ဘက်ကိုလှည့်ပြီးပြောတယ်။

ကျုပ်တော့ ရယ်ရပြန်ပြီ။

'အဲဒါပဲကြည့်အေ ... အမေက သူ့သမီးသာ ကောင်းစားစေချင်တာ၊ ငါ့သမီးကျတော့ ကောင်းစားစေချင်တာမဟုတ်ဘူး' တဲ့။

* * *

မနေ့က ရယ်စရာကိစ္စဟာ ဒီနေ့မျက်ရည်ကျစရာကိစ္စဖြစ်ချင်ဖြစ်မယ်ဆိုတဲ့စကားများ တယ်လည်းမှန်ပါလားနော်။

တစ်မနက်မှာပေါ့။ ဝေလီဝေလင်းပဲရှိသေးတယ်။ အမေမြို့င်နဲ့ကျုပ်နဲ့ ဆွမ်းအိုးတည်နေတုန်း။

မမို့ရယ် ဆိုက်ကားနဲ့ အူယားဖားယားရောက်လာတာ။ အိမ်ထဲကို အမောတကောဝင်လာပြီး အမေမြို့င့်ခြေရင်းမှာ ဗုန်းခနဲလှဲချလိုက်တယ်။

'ကယ်ပါဦး အမေရဲ့၊ ကယ်ပါဦး'

ကျုပ်တို့လည်း ဘာမသိညာမသိဆိုတော့ အထိတ်တလန့်ဖြစ်ကြရတာပေါ့။ မမို့မှာ ဒုတိယကိုယ်ဝန်ရှိနေပြီဆိုတော့ ဒီအတွက်စိုးရိမ်တာလည်း ပါတယ်လေ။

'ဟဲ့ ... ဘာဖြစ်လာတာတုန်း မို့မို့ရဲ့ အမေ့ကိုလည်း ပြောပြစမ်းပါဦး။ မောင်နိုင်နဲ့များ ရန်ဖြစ်လာလို့လား'

ရှိုက်ကြီးတငင်ငိုနေတဲ့ မမို့ကို အမေမြို့င်က ပွေ့ထူရင်း မေးတယ်။ မမို့က ခေါင်းရမ်းပြတယ်။

'စံပယ်ငုံရော၊ စံပယ်ငုံလေးများ နေမကောင်းလို့လား'

မမို့က ခေါင်းယမ်းပြတယ်။ နည်းနည်းတော့ စိတ်အေးရပြီ။

mgyoe.com

mgyoe.com

'ဒါဖြင့် ဘယ်သူ ဘာဖြစ်လို့လဲ'

အမေမြိုင်က မမို့ပခုံးကို လှုပ်ပြီးမေးတယ်။ မမို့ကတော့ ရှိုက်ကြီးတငင်ငိုနေတုန်းပဲ။

'ကျုပ်ဖြစ်တာတော့၊ ကျုပ်ဖြစ်တာ'

'ဟဲ့ ... နင်က ဘာဖြစ်တာတုန်း'

စိတ်ပူရပြန်ပြီ။ သန္ဓေလွယ်ထားရတဲ့သူမဟုတ်လား။ အတိမ်းအစောင်းမခံတဲ့ အချိန်ပေကိုး။

မမို့က မျက်ရည်တွေကို လက်ဖဝါးနဲ့သုတ်လို့။ အမေမြိုင့်ကို မော့ကြည့်ရင်းပြောတယ်။

'ကျုပ် အိပ်မက်မက်လို့တော့' တဲ့။

အမေမြိုင်က ကျုပ်ကို မေးထိုးပြတယ်။

'ဟဲ့ ... အရူးမ၊ အိပ်မက်မက်တာနဲ့များ ဖြစ်နေလိုက်တာ'

ကျုပ်က မမို့ဘေးမှာထိုင်ပြီး ပြေကျနေတဲ့ဆံပင်တွေကို သိမ်းပေးလိုက်တယ်။ မျက်ရည်သုတ်ဖို့ ဖျင်တဘက်လေးလည်း ပေးလိုက်တယ်။

'ညက အိပ်မက်ထဲမှာလေ ... ကျုပ်က သားလေးမွေးတယ်တဲ့။ အဲဒီသားလေးကလေ၊ အဲဒီသားလေးက'

မမို့က ပြောရင်း ရှိုက်ရှိုက်ပြီး ငိုနေပြန်တယ်။

လမ်းပေါ်က ဟင်းရွက်သည်တွေရဲ့ ဈေးခေါ်သံကို ကြားရတယ်။ စပါးလှည်းတချို့ မောင်းသွားတာကိုလည်း မြင်ရတယ်။

'အဲဒီသားလေးကလေ နှုတ်ခမ်းကွဲလေးနဲ့ အမေရဲ့။ နှုတ်ခမ်းကွဲတာမှ အာခေါင်အထိကွဲတာ။ ကြည့်ရက်စရာမရှိဘူးအမေရယ်'

မမို့ပါးပေါ်ကို မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းလာပြန်တယ်။ အမေမြိုင်တို့၊ မမို့တို့မပြောနဲ့ ကျုပ်တောင် စိတ်မကောင်းဖြစ်လိုက်တာ။ အိပ်မက်ထဲမှာပဲဆိုဦးတော့ ကိုယ့်ရင်သွေးလေး ရုပ်ဆင်းအင်္ဂါပျက်ယွင်းနေတာကို မြင်တွေ့လိုက်ရရင် ဘယ်မိခင်မဆို ရင်ကျိုးမှာပဲ။ ဘယ်မှာ ခံနိုင်ရည်ရှိပါ့မတုန်း။

မမို့ကပြောတယ်။ အိပ်မက်က တကယ်လိုပဲတဲ့။ လန့်နိုးလာပြီး တစ်ညဥ့်လုံး ငိုနေရသတဲ့။ မိုးလင်းလင်းချင်း အမေမြိုင့်ဆီကို လာခဲ့တာတဲ့။

'အဲဒါလေ၊ အမေ့ကို ကျုပ် ပြန်ပြန်ပြောလွန်းလို့ ဖြစ်တာအမေရဲ့။ ကျုပ်သိတယ်။ အမေခွင့်လွှတ်မှ ကျုပ်ရင်သွေးလေး ဝဋ်ကြွေးပြေမှာ၊ ခွင့်လွှတ်ပါနော်။ အမေ သမီးပြစ်မှားမိသမျှကို ခွင့်လွှတ်ပါ'

မမို့က အမေမြိုင့်ကို အကြိမ်ကြိမ်ဦးချနေတယ်။ အောက်ပြည်အောက်ရွာ ဒီချောင်းအရပ်မှာ ဆန်ရေဆိုတာလည်း ရှိသတဲ့။ ကျုပ်တို့အညာရပ်မှာ စုန်ရေပဲရှိတယ်ဆိုတာတောင် စည်းတိမ်နဲ့တွေ့တဲ့အခါ ရေကြောင်းပြောင်းဖို့အတွက် နည်းနည်းဖြစ်ဖြစ်တော့ ပြန်ပြီး ဆန်ရသေးတယ်လေ။

သားအမိနှစ်ယောက် ရင်ချင်းကပ်လို့ တစ်ယောက်ကို တစ်ယောက် ဖက်ထားကြတယ်။

စုန်ရေပဲပြောပြော၊ ဆန်ရေပဲဆိုဆို ရေကိုသားလို့အခြားမထင်ဘူးဆိုတာကိုတော့ လက်တွေ့မြင်နေရပြီ။

'ခွင့်လွှတ်ပါတယ်သမီးရယ် ... သမီးအပေါ် အမေဘာမှ အမှတ်အတေးမထားပါဘူး။ သမီးတို့တစ်မိသားစုလုံး ကျန်းမာချမ်းသာကြပါစေတော်။ စိတ်သွားတိုင်းကိုယ်ပါလို့ လိုရာပြည့်နိုင်ကြပါစေ။ မွေးလာမယ့် အမေ့မြေးလေးလည်း ခြောက်ပြစ်ကင်းတဲ့ လူချောလူလှလေး ဖြစ်ပါစေ'

တစ်ယောက်ပုခုံးပေါ်တစ်ယောက်မေးတင်လို့ မြစ်နှစ်စင်းပေါင်းဆုံနေကြတာကိုကြည့်ရင်း ကျုပ်ဖြင့် စိတ်ထဲမှာကြည်နူးလိုက်တာ မျက်ရည်များတောင် စို့မိပါရဲ့။

●

ရွှေအမြုတေ–မတ်– ၂၀၀၈

mgyoe.com

mgyoe.com

# ကမ္ဘသကာ

နိုမိုး

ရွှေအထူးကုဆေးခန်းမှ ဒေါ်ခင်သက်ထွက်လာတော့ ညခုနစ်နာရီခွဲနေပြီ။

တကယ်ဆို သားဖွားဆရာမ ဒေါ်ခင်သက်၏ တာဝန်ပြီးဆုံးချိန်သည် ညခုနစ်နာရီ။ ညတာဝန်ထမ်းဆောင်ရမည့် သားဖွားဆရာမက ဒေါ်သန်းသန်းဆွေကလည်း မရောက်သေးသည်ကတစ်ကြောင်း၊ ခုနစ်နာရီထိုးခါနီး ငါးမိနစ်အလိုလောက်မှာ အရေးပေါ်သားဖွားလူနာတစ်ယောက် ရောက်လာသည်ကတစ်ကြောင်းကြောင့် ဂျူတီထွက်ချိန် နောက်ကျပြီးမှ ထွက်ခဲ့ရခြင်းဖြစ်သည်။

ဂျူတီထွက်ခါနီးမှ ရောက်လာသည့် မွေးလူနာက အပျိုဗိုက်။ သားဦးလွယ်ရသူ။ အိမ်မှာကတည်းက ရေမွှာပေါက်ပြီးမရှိသေ့စကား၊ ကလေးဦးခေါင်းက အပြင်ရောက်နေသည်။ အပျိုသားမွေးဆိုတော့ အိမ်သာတက်ချင်လို့ ဗိုက်နာတာလား၊ ကလေးမွေးချင်လို့ ဗိုက်နာတာလား ဘယ်မှာကွဲကွဲပြားပြား ခွဲခြားတတ်လေမလဲ။ ကလေးခေါင်းထွက်လာမှသာ ကလေးမွေးချင်လို့ဗိုက်နာကြောင်း နောက်ကျမှ သိလိုက်ရသည်။

ကလေးက ယောကျ်ားလေး။ ချောမှချော၊ ရှစ်ပေါင်ကျော်ကျော်လောက် ရှိမည်။ သို့သော် ကံဆိုးရှာသည်။ ကလေးက လူ့လောကသို့ အသက်ရှင်လျက်ရောက်မလာ။ ဆေးရုံသို့နောက်ကျပြီးရောက်လာသည်။ ဆေးပညာရှင်များ အားချင်းကြိုးစားကြသော်လည်း ဘာမျှမတတ်နိုင်။ ကလေးရဲ့အသက်ကို မကယ်တင်နိုင်ရှာ။

ကလေးရဲ့ဖခင်က သင်္ဘောသား။ အရာရှိ။ ယခုလောလောဆယ်၌ ကုန်းပေါ်မှာမရှိ။ နှစ်ဖက်မိဘတွေက ကျိုကျိုတက်ချမ်းသာသူတွေ၊ ကြေးရတတ်တွေ၊ ငွေ၊ ပညာ၊ ရာထူး အဘက်ဘက်မှ ပြည့်စုံကြွယ်ဝကြသည်။ ငွေကို ရေလိုလေလို သုံးနိုင်သူတွေ။

ကလေးကိုယ်ဝန်ရှိကတည်းက ရွှေအထူးကု ဆေးခန်းမှ မီးယပ်သားဖွားအထူးကုဆရာဝန်ကြီးထံ အပ်နှံပြသသည်။ ခွဲစိတ်မွေးဖို့လည်း စီစဉ်ပြီးသား။ နာမည်ကြီးဗေဒင်ဆရာများနှင့် တွက်ချက်ပြီး ခွဲစိတ်မည့်နေ့ကိုပင် ဆရာဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ပြီးသား။ ကလေးမွေးဖွားမည့်အခန်းကိုပင် တစ်ပတ်ကြိုတင်ပြီး ယူထား၏။ နေ့ညစောင့်ရှောက်ကြမည့် စပယ်ရှယ်နပ်စ်နှစ်ယောက်ကိုလည်း ပြောဆိုငှားရမ်းပြီးသား။

မွေးမည့်ကလေးကလည်း အာထရာဆောင်းရိုက်ထား၍ ယောကျ်ားကလေးမှန်း သိထားပြီး ကလေးဝတ်စုံတွေ၊ အနှီးတွေ၊ အားဆေးတွေ၊ ကစားစရာတွေကလည်း အခန်းနှင့်အပြည့်၊ မွေးနေ့နှင့်လိုက်ဖက်စွာ နာမည်လှလှကိုလည်း ငွေကုန်ခံတွက်ချက်ပြီး နှစ်ခုသုံးခုရွေးချယ်ပြီးသား။ ကံဇာတာဖြိုးမောက်၍ တန်ခိုးတောက်မည့်ကလေး။

ခုတော့ သတ်မှတ်ရက်နှင့် သုံးရက်စော၍ ကလေးကအတင်းတိုးထွက်လာသည်။ ဘာဆိုဘာမျှ လိုလေသေးမရှိသူများရပ်ဝန်းတွင် ပဋိသန္ဓေနေရပါလျက် ကလေးက ရှင်ကံမပါ။ ချမ်းချမ်းသာသာမွေးရ၊ ကြီးပြင်းရမည်ဖြစ်ပါလျက် ကံကမျက်နှာသာမပေး။ ကလေးအသက်ရှင်ဖို့ ငွေပုံပေးလည်း မဖြစ်နိုင်တော့ပြီ။

သဗ္ဗေသတ္တာ ကမ္မသကာ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ၊ ကံသာလျှင် အမွေခံပစ္စည်း၊ ကိုယ်ပြုသောကံ ကိုယ့်ထံလာမည်။ ကိုယ့်နောက်ကိုယ့်အရိပ်လိုက်သလို၊ လှည်းနောက် လှည်းဘီးလိုက်သလို ကိုယ်ပြုတဲ့ကံ ကိုယ်စံကိုယ်ခံ။

ဒေါ်ခင်သက်သည် မေတ္တာပို့ကို ရွတ်ဆိုရင်း ဘတ်စ်

mgyoe.com

mgyoe.com

ကားမှတ်တိုင်သို့ လျှောက်လာခဲ့သည်။

'သဗ္ဗေသတ္တာ အဝေရာ ဟောန္တု
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
အဗျာပဇ္ဇာ ဟောန္တု
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
အနီဃာ ဟောန္တု
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
သုခီအတ္တာနံ ပရိဟရန္တု
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။
ဒုက္ခာ မုစ္စန္တု
ယခုရောက်ရှိနေသော ဒုက္ခမှ လွတ်မြောက်ကြပါစေ။
ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု
ရရှိပြီးသော စည်းစိမ်မှ လက်မလွတ်ပါစေနှင့်။
သဗ္ဗေသတ္တာ ကမ္မသကာ

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ။ ကံသာလျှင် အမွေခံပစ္စည်း၊ ကိုယ်ပြုသောကံ ကိုယ့်ထံလာမည်။ ကိုယ်ပြု ကိုယ်ခံ ကိုယ်စံ။

* * *

ဘတ်စ်ကားမှတ်တိုင်သည် ခရီးသည်များဖြင့် ပြည့်လျှံနေသည်။

ခါတိုင်း ဒေါ်ခင်သက် အိမ်ပြန်လျှင် အိပ်တန်းပြန်ငှက်များ အုပ်ဖွဲ့ပျံသန်းကြသည်ကို မြင်ရသေးသည်။ ယခုတော့ အိပ်တန်းငှက်များကို မမြင်ရတော့။

ခုလောက်ဆို အသက်ရှစ်ဆယ်နီးပါးရှိသော အမေအို၊ ခင်ပွန်းသည်နှင့် သားသမီးသုံးယောက်တို့က ဒေါ်ခင်သက် အိမ်အပြန်ကို စောင့်နေကြသည်မှာ ကုလားအုတ်လည်ပင်းရှည်သလို ရှည်နေကြပေရော့မည်။

ဒေါ်ခင်သက် အိမ်ပြန်ရောက်မှ မိသားစု ညစာထမင်းဝိုင်းပြုလုပ်မြဲ။ ရှိသမျှဟင်းကို မိသားစု မျှတစားသောက်ရပေမယ့် မိသားစုဝိုင်းဖွဲ့စားသောက်ရသည်မှာ ပျော်စရာကောင်းလှ၏။ တစ်ခါတရံ ဖယောင်းတိုင်သုံးတိုင်ထွန်းထားသောထမင်းဝိုင်းသည် ဂန္ထဝင်ထမင်းဝိုင်းလေးနှင့်ပင် တူနေသေးတော့၏။ မိသားစုခြောက်ယောက်ထမင်းဝိုင်းသည် ပျော်ပွဲစားထွက်ကာ စားသောက်ရသကဲ့သို့ ပျော်ရွှင်စရာကောင်းပြီး မိသားစုစုံညီအစည်းအဝေးတစ်ခုလည်း ဖြစ်နေပြန်သေးသည်။

ပြောစရာဆိုစရာရှိတာကို ထမင်းဝိုင်းမှာ ဖြည်းဆေးသိမ်မွေ့စွာ ပြောကြဆိုကြဖြင့် ကြီးသောအမှုကို ငယ်စေ၊ ငယ်သောအမှုကို ပပျောက်စေပြန်သည်။

ယနေ့ညမှာတော့ မိသားစုငါးယောက်က ဒေါ်ခင်သက်တစ်ယောက်ကို စိတ်ပူပန်ခြင်းသောကဖြစ်လျက် လာလမ်းကို တူရှုကြည့်မျှော်နေကြပေရော့မည်။ စောင့်မျှော်သူအားလုံး ထမင်းဆာနေကြပေရော့မည်။ ဒေါ်ခင်သက်ကိုယ်တိုင်လည်း ဝမ်းထဲမှာ ဆာလောင်နေပြီ။ အိမ်ပြန်ရောက်မှ နောက်ကျရခြင်းအကြောင်းရင်းကို ရှင်းပြရပေဦးမည်။

ဘတ်စ်ကားမှတ်တိုင်တွင် ခရီးသည်များမှာ ဒေဝူးကားသုံးစီးစာလောက်ရှိနေသည်။ ဆေးကုခန်းအနီးရှိ ကားမှတ်တိုင်တွင် ဘတ်စ်ကားလိုင်းများက စုံသည်။ မရှိဘူးဆိုလျှင်တောင် လိုင်းခွဲဆယ်ခုအောက်မလျှို၊ ဒီတော့ ခရီးသည်များတာလည်း မဆန်းလှ။

မကြာမီ ဒေါ်ခင်သက်စီးရမည့် ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာ၏။ ကားစီးမည့် ခရီးသည်တချို့ ပုရွက်ဆိတ်အုံတုတ်နှင့်ဆွလိုက်သလို လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ဘတ်စ်ကားရပ်မည့်နေရာကို မှန်းဆပြီး ရှေ့တိုးနောက်ဆုတ်နေရာယူကြသည်။

'အဆင်းခရီးသည်ကုန်မှ တက်ကြပါနော်'

ကားစပယ်ယာ၏ တံခါးဖွင့်ခြင်းနှင့်အတူ သတိပေးသံက ပေါ်ထွက်လာသည်။ စီးမည့်ခရီးသည်များကလည်း အစွမ်းကုန်တိုးတက်ဖို့ အားယူထားကြသည်။ ဒေါ်ခင်သက်ကတော့ အေးအေးသက်သာပင် ရပ်နေသည်။ သုံးမှတ်တိုင်လောက်သာ စီးရမည်မို့ ထိုင်ခုံရဖို့လည်း မလို။ ကားပေါ်ရောက်ရှိပြီး ခြေနှစ်ချောင်းရပ်စရာနေရာလေးတစ်ထွာပတ်လည်လောက်သာလိုသည်။

ဒေါ်ခင်သက်သည် လက်ထဲမှာ ဘတ်စ်ကားခ ငွေငါးဆယ်ကို အသင့်ဆုပ်ကိုင်ထားသည်။ ပလတ်စတစ်ခြင်းထဲမှ ပိုက်ဆံအိတ်ကို လက်ထဲပြောင်းကိုင်ထားလိုက်သည်။ ထမင်းချိုင့်ကိုတော့ ခါးပိုက်မနိူက်တန်ရာချေ။ ဒေါ်ခင်သက်မျှော်မှန်းထားသလိုပင် ခြေနှစ်ချောင်းချသာရုံ။ ရပ်သာရုံနေရာရလေသည်။

'အစ်မကြီး ဒီနားမှာ တိုင်ပတ်မနေပါနဲ့'ဟု စပယ်ယာက ထုံးစံအတိုင်း ပြောသေး၏။ ဒေါ်ခင်သက်က

'ရှေ့ကတစ်မှတ်တိုင်နှစ်မှတ်တိုင်မှာ ဆင်းမှာပါ'ဟု ချိုသာယဉ်ကျေးစွာ ပြောလိုက်သဖြင့် ဘာမျှမပြောဘဲ ဘတ်စ်ကားခကို ယူသွားလေသည်။

ပထမမှတ်တိုင်တွင် အဆင်းခရီးသည်က နည်းနည်း၊ အတက်ခရီးသည်က များများ။ ဒေါ်ခင်သက်က အတက်ခရီး

mgyoe.com

 mgyoe.com 

သည်များကို ရှောင်ပေးပြီး တံခါးပေါက်နားမှာ အဆင်ပြေရုံ ရပ်နေလိုက်သည်။

ဒုတိယမှတ်တိုင်တွင်လည်း အဆင်းခရီးသည်က နည်းနည်း၊ အတက်ခရီးသည်က များများ။

'ထဘီအပြာနဲ့အစ်မကြီး အထဲဝင်စီးပါ'

ကားစပယ်ယာ၏ အသံက မနက်ပိုင်းလောက် မကျယ်တော့။ သူတို့လည်း တစ်နေကုန်လုပ်နေရတာဆိုတော့ စိတ်ရှည်ရှည်ထားဖို့ လွယ်မည်မထင်။ ဝင်ငွေကောင်း၍သာ သည်းခံပြီး လုပ်နေကြခြင်းဖြစ်မည်။

'ရှေ့မှတ်တိုင်မှာ ဆင်းမှာပါရှင်'

ဒေါ်ခင်သက်က ချိုချိုသာသာပင် ပြန်ပြောလိုက်ရာ စပယ်ယာမှာ ဘာမျှပြန်မပြောတော့ချေ။

ဒေါ်ခင်သက်ဆင်းရမည့်မှတ်တိုင်က နီးသထက် နီးလာသည်။ ဘတ်စ်ကားကလည်း နှေးသည်ထက် နှေးသွားသည်ကို သတိထားမိသည်။ လမ်းဘေးမှာ လူတွေကလည်း ရုန်းစုရုန်းစုနှင့်ပါလား။ ဘာဖြစ်လို့ပါလိမ့်။

ဘတ်စ်ကားက ရပ်သွားသည်။ ဘတ်စ်ကားရှေ့မှာ ဒေါ့ဂျစ်ကားတစ်စီး ရပ်ထားသည်ကို လှမ်းမြင်ရသည်။ ယာဉ်တိုက်မှုဖြစ်တာလား။ ယာဉ်ယာဉ်ချင်းတိုက်တာလား။ ယာဉ်က လူကိုတိုက်တာလား။

'ဘာမှ မဖြစ်ပါစေနဲ့။ ဘာမှ မဖြစ်ပါစေနဲ့'

ဒေါ်ခင်သက်အသံ မထွက်ဘဲဆုတောင်းမိသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်သူနာပြုဆရာမလေးဖြစ်ခါစ မခင်သက်ဘဝက ဆေးရုံအုပ်ကြီးအရေးပေါ်ဌာနမှာ အမှုထမ်းဖူးသည်။ ယာဉ်တိုက်မှုကြောင့် သေကြေဒဏ်ရာရသူများစွာ တွေ့ရဖူးသည်။ သွေးတွေမှာ မြင်မကောင်း။

'ကားနဲ့ဆိုက္ကားနဲ့ တိုက်လို့'

'ဆိုက္ကားသမားတော့ ပွဲချင်းပြီးသေသွားတယ်။ ဦးနှောက်တွေတောင် ထွက်နေတယ်'

လူအုပ်ထဲမှ ပြောဆိုသံများကို ကြားရသည်။ ဒေါ်ခင်သက် ဆုတောင်းမပြည့်ပါ။ ဘတ်စ်ကားက ယာဉ်ထိန်းရဲ၏ လမ်းညွှန်မှုဖြင့် ရပ်လိုက်၊ မောင်းလိုက်၊ တစ်နေရာသို့အဖြတ်တွင် မိုးကာစဖြင့်အုပ်ထားသောအရာတစ်ခုကို မြင်ရသည်။ မိုးကာစအောက်တွင် ဆိုက္ကားသမား၏ဝိညာဉ်မဲ့အလောင်း၊ သက်မဲ့အလောင်းရှိနေပေလိမ့်မည်။

ဒေါ်ခင်သက်က မျက်နှာတူရူမို့ မြင်ရသည်။ ကြာကြာမကြည့်ဘဲ မျက်နှာကိုအောက်သို့ ငုံ့ပစ်လိုက်သည်။ လုပ်သက်နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း သွေးတွေထွက်နေသည့် အနိဋ္ဌာရုံမြင်ကွင်းတွေမှာ အနမတဂ္ဂ။ မမြင်ချင့်အဆုံး။

'ဘုရား ... ဘုရား။ ဆိုက္ကားသမား မသေပါစေနဲ့'ဟု ယောင်ယောင်မှားမှားဆုတောင်းနေမိသေးသည်။ နောက်မှ သတိရကာ

'ကောင်းရာသုဂတိလားပါစေ'ဟု ဆုတောင်းပေးနေမိပြန်သည်။ ဒေါ်ခင်သက်ရင်ထဲမှာ မကောင်း။ ထမင်းဆာတာတွေ ဘယ်ပျောက်သွားမှန်းမသိ။

'ဆိုက္ကားသမား ကားတိုက်ခံရတာ သူ့အိမ်က သိပြီမလား။ မယားနဲ့ကလေးတွေ ဘယ်နှယောက်များ ကျန်ခဲ့မလဲ'ဟု မဆီမဆိုင် တွေးနေမိသေးသည်။

ကားစပယ်ယာက

'မှတ်တိုင်ဆင်းမယ့်ခရီးသည်တွေ အပေါက်ဝနား တိုးထားပါ'ဟု သတိပေးသံကြားရာ သတိမေ့ပြီး အပေါက်ဝနား ရပ်နေပါလျက် ရှေ့တိုးနေမိသေးသည်။

မကြာမီ မှတ်တိုင်တွင် ဘတ်စ်ကားရပ်သည်။

'ခရီးသည်တွေ မြန်မြန်ဆင်းပေးကြပါ။ လက်လွှတ်ပြီး ဆင်းကြပါ'ဟူသော သတိပေးသံမကြားရမီ၊ တစ်နည်းအားဖြင့် စပယ်ယာက မအော်ငေါက်မီ ခပ်သွက်သွက်လေး ဆင်းလိုက်လေသည်။

* * *

မျက်နှာချင်းဆိုင်သို့ဖြတ်ကူးလိုက်သည်နှင့် ဒေါ်ခင်သက်တို့အိမ်ရှိရာ မြေနီလမ်းမကြီးကို ဖြူးဖြူးဖြောင့်ဖြောင့်မြင်ရသည်။ ဝါကျင်ကျင်လမ်းမီးများက မြူတွေဆိုင်းနေသလားထင်ရ၏။ လူတွေကတော့ ကျင့်သားရစွာ ဥဒဟိုသွားလာလျက်။

'မေမေလာပြီဟေ့'

လေးထပ်တိုက်ဒုတိယအလွှာမှ သမီးကြီး၏အသံကို သဲ့သဲ့မျှကြားရပြီ။ ဒေါ်ခင်သက်က လက်ပြနှုတ်ဆက်လိုက်သည်။ ဒေါ်ခင်သက်က အိမ်ရှေ့ရောက်သည်နှင့် ဝဲဘက်သို့ ချိုးကွေ့လိုက်သည်။

'ဒေါ်တင် ... ဒေါ်တင်။ လုပ်ပါဦး ... လုပ်ပါဦး'

နောက်မှကြားရသည့်အသံ။ ဘာဖြစ်တာပါလိမ့်။ ဒေါ်ခင်သက် သမင်လည်ပြန်ကြည့်ဖြစ်သည်။

'ဘာဖြစ်လို့လဲ မြင့်မြင့်'

'ကလေးထွက်နေပြီ'

အမျိုးသမီးနှစ်ယောက်စကားပြောသံကို ဒေါ်ခင်သက် ပီပီသသကြားလိုက်ရသည်။ အသံကြားရုံမျှဖြင့် ဘာဖြစ်နေတယ်ဆိုတာ ဒေါ်ခင်သက် နားလည်လိုက်သည်။ ဒေါ်ခင်သက်

mgyoe.com

mgyoe.com

က သားဖွားဆရာမမဟုတ်လား။ လုပ်သက်က နှစ်ပေါင်းနှစ်ဆယ်ကျော်။ ဒေါ်ခင်သက်သည် ဘယ်ဘက်ချိုးကွေ့ရာမှ ညာဘက်သို့ ပြန်လှည့်ပြီး အသံလာရာဘက်သို့အပြေးကလေး သွားမိသည်။

'ထိုင်ချလိုက် ထိုင်ချလိုက်'

ဒေါ်ခင်သက်က ကိုယ်ဝန်သည်ဆီပြေးသွားရင်း ထိုင်ခိုင်းလိုက်သည်။ ပြီးမှ လမ်းမဘေးမှာ လဲလျောင်းစေလိုက်သည်။ ကလေးက ခေါင်းထွက်နေပြီ။

'အမေ'

ဒေါ်ခင်သက်၏သမီးကြီး အနားရောက်လာသည်။ တက္ကသိုလ်တက်နေသည့် အသက်နှစ်ဆယ်အရွယ် သမီးကြီး။

'သမီး ... ဘရိတ်ဓားအသစ်တစ်ချောင်းသွားယူ။ ပုဆိုးဟောင်းနဲ့ ထဘီဟောင်းလည်း ယူခဲ့'

ဒေါ်ခင်သက်၏သမီးကြီးက မျက်နှာချင်းဆိုင်တိုက်ပေါ်သို့ ပြန်တက်ပြေးရှာသည်။ လူတွေက ချက်ချင်းပင် ဝိုင်းအုံလာကြသည်။

'ကလေးမွေးနေတာနော်။ ယောကျ်ားတွေ အနားကပ်မလာကြနဲ့'

ဒေါ်တင်ဆိုသူက ယောကျ်ားများကို အော်ထုတ်သည်။ ဒေါ်ခင်သက်က သမီးကြီးယူလာသောဘရိတ်ဓားအသစ်ဖြင့် ကလေးချက်ကြိုးကို ဖြတ်လိုက်သည်။ ပြီးတော့ ကလေးငယ်၏ တင်ပါးကို တစ်ချက်ရိုက်လိုက်သည်။

'အူဝဲ အူဝဲ'

ကလေးငိုသံကြားရသည်။

'ယောကျ်ားကလေးဟေ့'

ဒေါ်တင်၏အော်သံ။ ဒေါ်ခင်သက်က ပုဆိုးဖြင့် ကလေးကိုထွေးပိုက်ပြီး ဒေါ်တင့်လက်သို့ ကမ်းပေးလိုက်သည်။ အချင်းကို ထဘီဟောင်းဖြင့်ထုပ်ပိုးထားလိုက်သည်။

ကလေးငယ်သည် သားဖွားဆရာမ ဒေါ်ခင်သက် မွေးပေးခဲ့သော ထောင်နှင့်ချီရှိသည့် လူသားများထဲမှ တစ်ယောက်သာဖြစ်သည်။ သို့သော် လမ်းလယ်ကောင်မှာမွေးပေးခဲ့တာတော့ ဒီကလေးတစ်ယောက်တည်း။ ဒေါ်ခင်သက်သည် နယ်မှာနေစဉ်က သင်္ဘောပေါ်မှာ ကလေးတစ်ယောက်မွေးပေးဖူးသည်။ ရထားနှင့် လေယာဉ်ပေါ်မှာ မမွေးပေးဖူးသေး။ ဖြစ်နိုင်လျှင်တော့ ကြုံလိုက်ချင်သေးသည်။

'ဒေါ်တင်အိမ်က ဆိုက္ကားဆရာကို ရှာပါဦး'

ပူပူနွေးနွေးမီးနေသည်ထံမှ စကားက တခြားသူများအဖို့ ဘာမျှမဖြစ်နိုင်သော်လည်း ဒေါ်ခင်သက်အဖို့တော့ ရင်ခုန်မြန်စေသည်။ ကလေးမွေးပေးရတာ မမောပါ။ ဆိုက္ကားသမားဆိုသောစကားလုံးက ကြားရတာ မသက်သာ။ ကလေးငယ်နှင့် အလုပ်ရှုပ်နေသော ဒေါ်တင်မှာ မီးနေသည်၏စကားကို ကြားလိုက်ဟန်မတူ။

'ဒေါ်တင်'

'ဘာလဲ မြင့်မြင့်'

'အိမ်ကဆိုက္ကားဆရာကို ရှာပါဦး'

'အေး ... အေး၊ ဟုတ်သားပဲ'

'နေပါဦး ဘယ်ကဆိုက္ကားဆရာလဲ'

ဒေါ်ခင်သက်တ ငြိမ်ပြီးမနေနိုင်တော့သည့်အဆုံး မေးမိသည်။

'မြင့်မြင့်ယောကျ်ားက ဆိုက္ကားနင်းတယ်လေ ဆရာမရဲ့။ ဆေးရုံသွားဖို့ဆိုက္ကားဂိတ်ထွက်လာရင်း အခုလိုဖြစ်တာဆိုတော့ သူ့ယောကျ်ားမသိသေးဘူး'

ဒေါ်ခင်သက်က မကြားချင်သောစကားကို နားထောင်နေရသလို ပင်ပန်းလှသည်။ ဒေါ်ခင်သက် မျက်လုံးထဲတွင် မိုးကာစဖြင့်အုပ်ထားသော ဆိုက္ကားဆရာ၏အလောင်းကို မြင်ယောင်နေသည်။

'ဖွဲဟဲ့ ... လွဲပါစေ ဖယ်ပါစေ' ဟု ဒေါ်ခင်သက် ဆုတောင်းမည်ပြုပြီးကာမှ တစ်စုံတစ်ခုကို သတိရ၍ ဘရိတ်အုပ်လိုက်ရ၏။

'သေသူက သေသွားပြီ။ ဘယ်သူဘယ်ဝါမှန်း မသိဘူး။ သေတဲ့သူဟာ ဘယ်သူဘယ်ဝါမဖြစ်ပါစေနဲ့လို့ ဆုမတောင်းကောင်းဘူးလေ။ ချစ်မုန်းမခွဲ ဥပေက္ခာပြု လျစ်လျူရှုရမယ်။ သဗ္ဗေသတ္တာ ကမ္မသကာပဲလေ' ဟု ဒေါ်ခင်သက် နှလုံးသွင်း ဆင်ခြင်မိလေသည်။

ဒေါ်ခင်သက်သည် လမ်းဥ္ဆတွေ့သော ကိုယ်ဝန်ဆောင်တစ်ယောက်အား မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားတို့ဖြင့် ကူညီလုပ်ဆောင်ပေးနေခဲ့လေပြီ။ ဒေါ်ခင်သက် နောက်ဆုံးတတ်နိုင်သည့်အရာမှာ ဥပေက္ခာပဲ ဖြစ်ပါ၏။

●



mgyoe.com

mgyoe.com

# ဘယာနကပုစ္ဆာ

ဦးဆွေ (ဒဿနိက)

လက်ထောက်မြို့နယ်ပညာရေးမှူးဘဝဖြင့် သည်မြို့ငယ်လေးသို့ ကျွန်တော်ရောက်တာ နှစ်လခန့်တော့ ရှိပြီ။ နယ်သစ်၊ ပယ်သစ်၊ လုပ်ငန်းသစ်မို့ ဘာတစ်ခုမျှ အထာမကျသေး။ သင်ကြားရေးဝန်ထမ်းအဖြစ် အနှစ်နှစ်ဆယ်ကျော် တာဝန်ထမ်းဆောင်ခဲ့သူမို့ စာသင်ခန်းသံယောဇဉ်လည်း မပြတ်လှသေးပေ။ သင်ကြားရေးနှင့် စစ်ဆေးရေးလုပ်ငန်းက ဆက်စပ်နေသော်လည်း ပုံသဏ္ဍာန်ချင်းက ကွဲပြားလှသည်။ မပျော်ပိုက်တတ်သော အလုပ်မို့လားမသိ 'ငါ သည် အလုပ်လျှောက်မိတာ မှားများမှားပြီလား' ဟုလည်း မကြာခဏ တွေးဖြစ်သေးသည်။ သည်ကြားထဲ မိတ်ဆွေဆရာ၊ ဆရာမအချို့နှင့် တွေ့လျှင် ပိုဆိုးသည်။ 'ခင်ဗျားဗျာ သင်ကြားရေးအောင်မြင်နေရက်သားနှင့် သည်အလုပ်ကို ခင်ဗျားမို့ ...' ဆိုသည့်စကားကိုလည်း မကြာခဏဆိုသလို ကြားရတတ်သေးသည်။ အမှန်ကတော့ မြို့နှင့် အတန်ငယ်ဝေးသော ကျောင်းသို့ မနက်သွားညပြန် ကားဖြင့် သွားရသည့်ဒုက္ခကို ငြီးငွေ့လာတာလည်း ပါသည်။ စာလေးမတောက်တခေါက်ရေးသူမို့ အတွေ့အကြုံအသစ်အဆန်းရှာချင်တာလည်း ပါသည်။ လက်ထောက်မြို့နယ်ပညာရေးမှူးရာထူးလျှောက်လွှာခေါ်စဉ်အချိန်က အိမ်တွင်းရေး သိပ်မပြေလည်တာလည်း ပါသည်။ ဒါကြောင့် ကျွန်တော်လျှောက်လိုက်မိခြင်းဖြစ်သည်။ ကျွန်တော် နှစ်များစွာ ကျင်လည်ခဲ့တာက အလယ်တန်းနှင့် အထက်တန်း။ ယခုကြုံတွေ့နေရသည်က မူလတန်းကျောင်းများကို စစ်ဆေးကြီးကြပ်ရသည့် အလုပ်၊ လုပ်ငန်းအပေါ် မူတည်ပြီး အညွှန်းကိန်းများဖြင့် အမှတ်ပေးရသည့်အလုပ်၊ ကိုယ့်ကိုကိုယ် တော်တော်စိတ်ပျက်မိစေသည့် အလုပ်ဖြစ်သည်။ သို့သော်လည်း ကိုယ်ဖော်ထားသည့်ဆေး ကိုယ်မစား ဘယ်သူစားလိမ့်မလဲ။ ပြီးတော့ ဝန်ထမ်းပဲ။ သူ့ဆန်စားရဲရပေမပေါ့ဟုသာ အားတင်းပြီး လုပ်နေခဲ့ရသည်။

မနက်သွား၊ ညပြန်ကားဖြင့်သွားရသည်ကို ဒုက္ခကြီးတစ်ခုဟု ယူဆခဲ့သော ကျွန်တော် ယခုတော့ ကားဖြင့်လည်းသွား မရ။ ဆိုင်ကယ်လမ်းပင်မပေါက်။ တချို့ကျောင်းများသို့ သွားလျှင်ပင် လှည်းပင်အနိုင်နိုင်။ ခြေလျှင်လျှောက်ရသည်က ဆယ်မိုင်ဝန်းကျင်လောက်မှ ရောက်သော ဟိုး ... ရိုးမအခြေ၊ ကြိုးဝိုင်းအစပ်များဆီက မူလတန်းကျောင်းများသို့ တစ်တောဝင် တစ်တောင်တက် ခရီးဆက်နေရပြီ။

ဟိုး တစ်ချိန်တုန်းဆီကတော့ လက်ထောက်မြို့နယ်ပညာရေးမှူး (ATEO) ဆိုသည်မှာ အတော်စားသာခဲ့ဟန်ရှိ၏။ 'စားပြီးသောက်ပြီး လှည်းနှစ်စီး တစ်စီးပေါင်းမိုးနှင့်' ဟုလည်း ကြားခဲ့ဖူးသည်။ ရွာတွေကို ကျောင်းစစ်ပြီးအပြန် တစ်စီးက နေမပူအောင်ပေါင်းမိုးနှင့် လှည်းကိုလည်း ထိုင်လို့ကောင်းအောင် ကောက်ရိုးတွေ၊ ဘာတွေခင်းပြီး အဲသည်အပေါ်ကမှ သင်ဖြူးချောနှင့်ပေါ့လေ။

နေကပူ၊ ခေါင်းတွေကိုက်၊ ခါးကတောင့်၊ ကျောကအောင့်၊ ခြေသလုံးကြွက်သားတွေက တင်း၊ ခြေဖဝါးတွေလည်းပေါက်လို့ပါ။ ကျွန်တော်တို့ ATEO သုံးဦးကို နယ်မြေတစ်ခုစီ ပေးထားသည်။ ကျွန်တော့်နယ်မြေက မြို့ငယ်ကလေး၏ အရှေ့ဘက်ခြမ်း၊ ပျော်ဘွယ်နယ်စပ်၊ ရမည်းသင်းနယ်စပ်၊ မြို့သစ်နယ်စပ်များအထိ စုစုပေါင်း မူလတန်းကျောင်းပေါင်း (၅၉)ကျောင်း ပါဝင်၏။

သတ်မှတ်ကာလ သုံးလအတွင်း ထိုကျောင်းများသို့ အရောက်သွား၍ အပြီးစစ်ရသည်။ တစ်ကျောင်းကျောင်း ကျွန်နေ၍ မဖြစ်ပါ။ ယခုလည်း နောက်သုံးလဖြစ်သဖြင့် ကျန်သော ကျောင်းများကို အပြီးစစ်ရန် အုပ်စုမှူးကျောင်းအုပ်ဆရာကြီး

mgyoe.com

mgyoe.com


တစ်ဦးကို အဖော်ပြု၍ ကျောင်းစစ်ဆေးရေးခရီး ထွက်ခဲ့သည်။

* * *

သစ်လှကျင်းရွာ မူလတန်းလွန်ကျောင်းကို စစ်ဆေးပြီး ထနောင်းကုန်းမူလတန်းကျောင်းအုပ်စုကို စစ်ဆေးရန် ခရီးထွက်ခဲ့ကြသည်။ ထုံးစံအတိုင်း ခြေလျင်ခရီးပင်။ ချောက်ထဲကို တက်လိုက် ဆင်းလိုက်၊ လျှိုမြောင်လေးကို ဖြတ်လိုက်ဖြင့် နေအေးအေးမို့ တော်တော့သည်။

'ဆရာ လမ်းအတော်လျှောက်နိုင်သားပဲ'

'အင်း သည်လောက်တော့ ရပါတယ်။ ပြီးခဲ့တဲ့ နှစ်ကလည်း အတွေ့အကြုံရပြီးပြီပဲ'

'ဆရာကဝတော့ သိပ်မလျှောက်နိုင်ဘူး ထင်လို့ပါ'

အုပ်စုမှူး ဆရာကြီး ဦးကြည်တင့်က ကျွန်တော့်ထက် အသက်လည်းငယ်သည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အားကစားသမားများ ကိုယ်လုံးမျိုး။ သူ့ကို အမိလျှောက်နေသော ကျွန်တော့်ကို အံ့သြနေပုံရ၏။ အမှန်က သူက ကျွန်တော့်ကို ညှာပြီးစောင့် လျှောက်နေမှန်း ကျွန်တော်သိပါသည်။ သစ်လှကျင်းနှင့် ထနောင်းကုန်းရွာက ဆယ့်နှစ်မိုင်ခန့် ဝေးမည်ထင်သည်။ ကုန်းဆင်းကုန်းတက်က များလှသည်။ စုစုပေါင်း လျှောက်ချိန်(သုံးနာရီ)ခွဲခန့်ကြာမှ ထနောင်းကုန်းရွာအစပ်သို့ ကျွန်တော်တို့နှစ်ယောက် ရောက်သည်။

လှလိုက်သည့် ရွာကလေး။ အော်တိုကင်မရာငယ်ကလေး မယူခဲ့မိသည်ကိုပင် နောင်တရမိ၏။ ရွာကလေးက ချိုင့်ကလေးထဲမှာ နေရာယူထားသည်။ ရွာ၏အနောက်ဘက်မှာက ရိုးမတောင်တန်းကြီး။ ရွာအဝင်မှာ စေတီလေးတစ်ဆူနှင့် ရေကန်ငယ်တစ်ခုကို တွေ့ရသည်။ သူတို့ကတော့ ကိုယ်ပိုင်ဆည်လေးဟု ပြောကြသည်။ မြို့နှင့် အလှမ်းကွာသောနေရာဖြစ်ပေမယ့် စီးပွားရေးကောင်းမွန်ပုံရသည်။ သွပ်မိုးတို့က တပြောင်ပြောင်။ အချိန်ကလည်း နေဝင်ဆည်းဆာအချိန် ဖြစ်သဖြင့် ပန်းချီကားတစ်ချပ်လိုလှနေသော ရွာစွန်းလေးကို အတန်ကြာအောင် ငေးမောပြီး ကြည့်နေမိသည်။

ရွာထဲရောက်တော့ ထုံးစံအတိုင်း ကျွန်တော်က ကျောင်းမှာပဲ အိပ်ချင်သည်။ ဆရာဦးကြည်တင့်က 'ဥက္ကဋ္ဌအိမ်မှာပဲ အိပ်ဖို့စီစဉ်ထားတယ်ဆရာ' ကျွန်တော်က မျက်ခုံးပင့်ပြီး 'ဘာဖြစ်လို့လဲ' 'သည်လိုဆရာ ဥက္ကဋ္ဌကလည်း ကျောင်းကဆရာမရဲ့ အမျိုးသားပါ။ နောက်ပြီး သူတို့အိမ်က ဗီဒီယိုလည်းပြတော့ မီးစက်ကလည်း အဆင်သင့်ရှိပါတယ်။ ဆရာ ညကို လင်းလင်းကျင်းကျင်းနေရတာပေါ့' 'ကျောင်းကရွာအပြင်ဘက်မှာဆိုတော့' 'ကဲပါဗျာ ခင်ဗျားအစီအစဉ်အတိုင်းပဲပေါ့'

ရွာထဲဆက်လျှောက်လာကြရင်းက တိုက်ခံအိမ်တစ်လုံးရှေ့တွင် သူက ရပ်လိုက်သည်။ တိုက်ခံအိမ်ဘေးတွင် ထရံကာ ဗီဒီယိုရုံလေးကို တွေ့ရ၏။ အပြင်ဘက်တွင် သင်ပုန်းတစ်ချပ်ထောင်၍ ဗီဒီယိုကြော်ငြာကို မြေဖြူဖြင့် ရေးထားသည်။ 'ယနေ့ည မင်းသားဂျွန်ဂိုနှင့် ခင်လေးနွယ်တို့ပါဝင်သော 'ပစ်မှတ်' ဇာတ်ကားပြမည်။ တကယ်ကြမ်းမည်။ ဇာတ်ကားမပြမီ မင်းသားချော 'ဒွေး' ရုပ်ပနကားပြမည်။ ယနေ့ည တစ်ယောက် (၅၀)အတိအကျတောင်းမည်' ဟူ၍ ဖြစ်၏။

'ဟော ... ဒွေး ဆုံးသွားတာ ကိုယ်တောင် မသိလိုက်ဘူး' 'ဟုတ်တယ်ဆရာ၊ ဆရာက နယ်တွေလှည့်ထွက်နေရလို့ မသိလိုက်တာဖြစ်မယ်။ ကြာပြီဆရာ ဆယ့်ငါးရက်လောက်တောင် ရှိပြီ'

'ဟုတ်လား ... အင်း ... နမြောစရာပဲ။ ကျွန်တော်ကြိုက်တဲ့ မင်းသားထဲ သူပါတယ်ဗျ'

ကြို၍စောင့်နေပုံရသော ထနောင်းကုန်းကျောင်းအုပ်ဆရာမကြီးနှင့် လက်ထောက်ဆရာမကြီးနှစ်ဦးနှင့်အတူ ဥက္ကဋ္ဌတို့က ကျွန်တော်တို့နှစ်ယောက်ကို တိုက်ထဲမှာ နေရာချထားပေးပါသည်။ တိုက်ခန်းအတွင်း ပြင်ဆင်ထားသည့် ပရိဘောဂများက တကယ့်ကို မြို့နှင့်မခြား။ ခန့်ခန့်ညားညား ဝင့်ဝင့်ထည်ထည်။ စီးပွားရေးအတော် ကောင်းမွန်ပုံရပါသည်။

ဥက္ကဋ္ဌနှင့် ကျောင်းမိသားစုကို နှုတ်ဆက်စကားဆိုပြီး မနက်ကျောင်းစစ်ဆေးမည့်ကိစ္စများကို ကျွန်တော်ပြောလိုက်သည်။ ထိုရွာကိုစစ်ပြီး နေ့လယ်ပိုင်းတွင် ကျောက်ချောနှင့် ပေပင်ကုန်းရွာများသို့ ကူးမည်ဖြစ်ကြောင်းကိုပါ ပြောပြီးဖြစ်နိုင်ပါက လှည်းစီစဉ်ပေးပါရန် ဥက္ကဋ္ဌကိုလည်း မေတ္တာရပ်ခံလိုက်သည်။

ထိုနေ့ညက စားသောက်ပြီးသည်နှင့် ခပ်စောစောပင် အိပ်ရာဝင်လိုက်သည်။ ဆယ့်နှစ်မိုင်ခန့် လမ်းလျှောက်ထားသည်မို့ ရိုက်သိပ်လိုက်သလိုပင် အိပ်ပျော်သွား။ ဗီဒီယိုရုံထဲတွင်တော့ ဒွေးရုပ်ပနပြနေဆဲ။

* * *

လူစုစု စုစုနှင့် ဆူဆူညံညံအသံများကြောင့် ကျွန်တော် ရုတ်တရက် လန့်နိုးသွား၏။ ဦးကြည်တင့်လည်း နိုးနေပုံရသည်။ မီးစက်လည်း ထွန်းထား၏။ ဘာများဖြစ်ပါလိမ့်။ စကားသံတို့က တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံနေဆဲ။

ခဏအကြာတွင် ဥက္ကဋ္ဌအိမ်မှ အိမ်သားတစ်ယောက် ဝင်လာသည်။ အိမ်ရှေ့ဘက်သို့မျှော်၍ စပ်စုသလို နားစွင့်နေကြသော ကျွန်တော်တို့အားကြည့်ပြီး 'ဘာမှ မဟုတ်ပါဘူးဗျာ၊

mgyoe.com

mgyoe.com


လင်မယား ရန်ဖြစ်တာတဲ့'

'အောင်မလေးဗျာ လင်မယားရန်ဖြစ်တာကလည်း သည်အချိန်မတော်ကြီးမှ ဖြစ်ရသတဲ့လား'

ဦးကြည်တင့်၏ စူပွပွအသံကြား၍ နာရီကို မြှောက်ကြည့်တော့ ည ၁၁ နာရီရှိပြီ။ ရွာတွေမှာ သည်အချိန်ဆို လူသံသူသံ ကြားရလေ့မရှိ။

'ကောင်မလေး ခေါင်းပေါက်သွားတယ်ဗျ။ သွေးတွေနဲ့ သိပ်တော့များတယ်မထင်ပါဘူး။ ဒါပေမဲ့ ကောင်မလေးဆွေမျိုးတွေက ဘယ်ကျေနပ်လိမ့်မတုန်း'

'ဟောဗျာ ... ထိပ်ပေါက်ခေါင်းကွဲတွေတောင် ဖြစ်ကြသလား။ နေပါဦး ဘာကိစ္စကြောင့် ရန်ထဖြစ်ရတာတဲ့လဲ'

'ကျုပ်လည်း သေချာမသိပါဘူးဆရာကြီးရာ။ ဒွေးကြောင့်လို့တော့ ပြောတာပဲ' 'ဗျာ' ထို'ဗျာ'သည် ကျွန်တော်နှင့် ဦးကြည်တင့်တို့ တစ်ပြိုင်တည်း 'ဗျာ'လိုက်ခြင်းဖြစ်ပြီး တစ်ဦးကိုတစ်ဦးကြည့်မိလိုက်ကြ၏။

ထိုပုဂ္ဂိုလ်လည်း ခေါင်းတယမ်းယမ်းဖြင့် တိုက်ရှေ့ပြန်ထွက်သွားသည်။

'ကဲ ... အားလုံးပဲ သွားကြဗျာ။ ခုည အချိန်ကလည်း မဟုတ်တော့ဘူး။ ခင်ဗျားတို့ကိစ္စ မနက်ကျမှပဲ ရှင်းပေးမယ်။ ပြန်တော့ အားလုံးပဲ ပြန်တော့'

တစ်ယောက်တစ်ပေါက် ဆူညံနေကြသည့်ကြားမှ ဥက္ကဋ္ဌ၏အသံသြသြကို ကြားလိုက်ရသည်။ မောင်မင်းကြီးသားကိုပဲ ကျေးဇူးတင်ကာ ခေါင်းမြီးခြုံ၍ အိပ်လိုက်မိတော့သည်။

နံနက်လင်းတော့ နံနက်စောစာကို ဥက္ကဋ္ဌအိမ်ကပင် စီစဉ်၍ ကျွေးသည်။ စားပြီးသည်နှင့် ကျောင်းစစ်ဆေးရေးဝင်ရန် ထွက်ခဲ့၏။ ကျောင်းက ရွာ၏အပြင်ဘက်မှာ ရှိသည်။ ကျောင်းမြေကိုလည်း ဥက္ကဋ္ဌ၏မိဘများမှ လှူဒါန်းထားခြင်း ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီးက ရှင်းပြ၏။ ကျောင်း၏ ရုပ်ပိုင်းဆိုင်ရာများ၊ သင်ကြားသင်ယူမှုလုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်းများကို ခေါင်းမဖော်နိုင်အောင် စစ်ဆေးလိုက်၊ စာသင်ခန်းအတွင်းဝင်၍ ကလေးများ၏ တတ်မြောက်မှုကို စစ်ဆေးလိုက်နှင့် လုပ်ငန်းပြီးတော့ နေ့လယ်ဆယ့်နှစ်နာရီခွဲပြီ။ ကျောင်းမှာပို့ထားသည့် ခူးခပ်ထားသော ထမင်းဟင်းတို့ပင် အေးနေပြီ။ နောက် ရွာသို့ကူးဖို့အတွက် လှည်းလည်း အဆင်သင့်ရောက်နေပြီမို့ ထမင်းကို ကသုတ်ကရက်စားကာ ထွက်ခဲ့ရသည်။ သည်လမ်းက ခင်ကျောလမ်းမို့ လမ်းသိပ်မဆိုး။ လှည်းသမား၏ ကျွမ်းကျင်မှုလည်း ပါပုံရသည်။ စီးရသည်မှာ ညက်ညက်ညောညော။ ထမင်းစားစမို့ မျက်လုံးပင် မှေးလာ၏။

ရွာအဝင် မိုင်ဝက်ခန့်ရှိမှ ဦးကြည်တင့်က ဘာကိုသဘောကျသည်မသိ။ တခွီးခွီးထရယ်သည်။ လှည်းသမားကပင် လှည့်ကြည့်၏။ 'ဘာလဲဗျာ ခင်ဗျားဟာက အရင်းမရှိ၊ အဖျားမရှိနဲ့ ဘာသဘောကျစရာများ တွေ့လို့တုန်း' 'ညတုန်းက ကိစ္စပါဆရာရယ်' 'ဘာညတုန်းကကိစ္စလဲဗျ' 'ဩော် ... ဆရာကလည်း ဒွေးကိစ္စလေ ဒွေးကိစ္စ' ဦးကြည်တင့်ပြောမှ ကျွန်တော် သတိရသွားပြီး အိပ်ချင်စိတ်လည်း ပြယ်သွား၏။ 'ကိုင်း ... ရှင်းစမ်းပါဦးဗျာ' 'ဟဲ ... ဟဲ၊ သည်လိုဆရာရဲ့၊ ကောင်မလေးနာမည်က အေးတင်တဲ့၊ ကောင်လေးနာမည်က သံချောင်း။ သူတို့က အိမ်ထောင်ကျတာတော့ နှစ်နှစ်လောက်ရှိပြီ။ ခုမှ အိမ်ခွဲတာတဲ့။ အဲသည်ည ... က။

* * *

အေးတင် ဗီဒီယိုရုံပြန်ရောက်သည့်အချိန် သံချောင်းက မှုးပြီး အိပ်ပျော်နေနှင့်ပြီ။ သံချောင်းက ဗီဒီယိုတွေ ဘာတွေ ကြည့်လေ့မရှိ။ ညနေစောင်းပြီဆိုလျှင် ချက်အရက်ဖိုသွားဖို့သာ စိတ်ဝင်စားသူဖြစ်သည်။ မိုးလင်းက မိုးချုပ် မိဘအိမ်က တောင်သူအလုပ်ရော ကျူးလိုက်ရသည်မို့ ပင်ပန်းနွမ်းနယ်မှုကို သူရာရည်နှင့် အပန်းဖြေခြင်းလည်း ဖြစ်ပါ၏။

သံချောင်းက တခူးခူးတခေါခေါဖြင့် အိပ်မောကျကောင်းနေပေမင့် အေးတင်က လုံးဝအိပ်မပျော်နိုင်သေး။ ခေါင်းမြီးခြုံထဲမှာ မျက်လုံးက အပြူးသား အကြောင်သား။ သည်ကြားထဲမှာမှ ဆီးက သွားချင်လာသည်။ 'ကိုသံချောင်း၊ ကိုသံချောင်း ထပါဦးတော့'

နောက်ဆုံး မနေနိုင်လွန်းသည့်အနေရောက်လာမှ သံချောင်းကို တွန်းထိုး၍ နှိုးလိုက်သည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသူမို့ လွယ်လွယ်နှင့်မနိုး။ နှစ်ခါသုံးခါ လှုပ်နှိုးကာမှ 'အင်း ... ဘာတုန်းဟ အေးတင်ရ၊ အိပ်ကောင်းတုန်းကြီးကို' 'ကျုပ် ... အပေါ့သွားချင်လို့တော့ ထပါဦး' 'ဟ ... အပေါ့သွားချင် အိမ်အောက်ဆင်းသွားပေါ့ဟ။ နင် အရင်ကလည်း နင့်ဘာသာနင် သွားနေကျပဲဟာ။ ခွေးမီးယူသွားပေါ့' သံချောင်းက မျက်လုံးမဖွင့်ဘဲနှင့် အိပ်ချင်မူးတူးပြန်ပြောလိုက်သည်။ 'ဩော် ကိုသံချောင်းကလည်း ကျုပ်ကြောက်လို့ပါဆို' 'ဘာ ... ဘာကိုကြောက်တာလဲ'

သံချောင်းက ခုမှ အံ့အားတသင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဟုတ်လည်းဟုတ်သည်။ ငယ်ငယ်ကတည်းက အေးတင်က ယောကျ်ားလေးတွေနှင့် ဒေါင်းတည်မောင်းတည်နေလာခဲ့သူဖြစ်သည်။ ဘာမျှ ကြောက်တတ်ခဲ့သူမဟုတ်။ 'ဒွေးကိုကြောက်တာတော့' 'ဘာ ... ဒွေးကိုဟုတ်လား။ ဘယ်က

mgyoe.com

mgyee.com

ဒွေးလဲ' 'ရုပ်ရှင်မင်းသားဒွေးပေါ့တော့၊ ခု သူက သေပြီလေ။ ကျုပ်က ဒွေးကားဆို မလွတ်တမ်းကြည့်တာ၊ တော်ကြာ ကျုပ် အောက်ဆင်းတုန်း လာခြောက်မှဖြင့် အမလေး ပြောရင်တောင် ကြက်သီးထတယ်။ ထပါတော်၊ မြန်မြန် ဒီမှာ ထွက်ကျတော့ မယ်'

သံချောင်း ငေါက်ခနဲ ထထိုင်လိုက်သည်။ အေးတင် ကိုလည်း စူးစူးရဲရဲကြီး ကြည့်လိုက်၏။ တောက်တစ်ချက်လည်း ကျယ်ကျယ်ခေါက်လိုက်သေးသည်။ 'ဟင် ... နွားမ၊ ငါက ဘာများလဲလို့၊ သာက်သက်မဲ့ အိပ်ရေးပျက်အောင်လုပ်တယ်။ ဒွေးက နင့်လင်မို့လို့ နင့်လာခြောက်မှာလားဟု ထွက်ချင်လည်း သေးတင်မထွက်နဲ့ဟေ့၊ သွေးပါထွက်ဟ' ပြောပြောဆိုဆို အနီးရှိ ဓာတ်မီးနှင့် အေးတင်ခေါင်းကို ရိုက်ချလိုက်သည်။

'အမလေးတော့' ဟူသော အေးတင်၏ငိုသံနှင့်အတူ ခေါင်းက သွေးများက ဖြာခနဲထွက်လာ၏။ စိတ်မြန်စိတ်ဆတ် တတ်သူလည်းဖြစ်၊ အအိပ်မက်သူလည်းဖြစ်၍ ဆတ်ခနဲရိုက်ချ မိလိုက်ပြီးမှ သံချောင်းလည်း လန့်သွားသည်။ အေးတင်က ထွက်လာသောသွေးများကို သုတ်ရင်းမှ 'တော်ပြီ ... တော်ပြီ မပေါင်းဘူး။ တော်နဲ့ မပေါင်းဘူး။ ဥက္ကဋ္ဌအိမ်ကိုလည်း သွား တိုင်မယ်' ဟု ဆိုပြီး အိမ်လေးပေါ်မှ ပြေးဆင်းသွားတော့သည်။ 'ဓာတ်လမ်းကတော့ အဲဒီလိုပဲ ဆရာရေ့'

ညကအကြောင်းကို ပြန်ပြောင်းပြောနေရင်းမှ ဦးကြည် တင့်က တဟားဟားရယ်ပြန်သည်။ လှည်းဆရာကလည်း တပြုံးပြုံးနှင့် သဘောတွေကျနေ၏။ 'အေးဗျ။ တချို့မိန်းကလေး တွေရဲ့စိတ်က တစ်မျိုးရယ်။ တစ်ခါတစ်ခါကျ နားလည်ရခက် သားပဲ' ဟု ကျွန်တော်က ပြန်ပြောလိုက်မိသည်။ အင်း ... ခက်တော့ ခက်သား။ ရန်ကုန်မှာ သေတဲ့ဒွေးကို မိုင်လေးရာ ကျော်ဝေးသော ရွာတစ်ရွာက ကောင်မလေးက ကြောက်သတဲ့ လေ။

* * *

ကျွန်တော်တို့နှစ်ဦးသား ကျောက်ချောရွာ အ.မ.က ကို စစ်ဆေးပြီး ပေပင်ကုန်းကျောင်းသို့ သွားအိပ်ကြမည်။ ရွာချင်း ဟာ သိပ်အလှမ်းမဝေးတော့။ ကျောင်းကိုရောက်တော့ ကျောင်း အုပ်ဆရာကြီးနှင့် ဆရာမတစ်ဦးသာ တွေ့ရသည်။ ကျန်ဆရာ ဆရာမများက ယနေ့နံနက်မှ ပိုးထိပြီးဆုံးသွားသော လူတစ်ဦး ၏ အသုဘပို့သွားကြသည်ဟု ဆိုသည်။ ကျွန်တော်လာမည် ဟု သတင်းကြိုတင်ရထားသောကြောင့် ကျောင်းမှာပင် နေရာ ထိုင်ခင်း စီစဉ်ထားကြသည်။ ကျောင်းက ရွာထဲမှာပင်ဖြစ်၏။

ဦးကြည်တင့်ကတော့ ညက အဖြစ်အပျက်ကို အာ ပေါင်အာရင်းသန်သန်ဖြင့် ဖောက်သည်ချနေသည်။ ပြီးမှ ကျွန် တော့်ဘက်ကိုလှည့်၍ 'သည်ညတော့ ဥက္ကဋ္ဌအိမ်လည်း မဟုတ် ဘူး။ ကျောင်းမှာဆိုတော့ ဆရာကြီးအိပ်ရေးပျက်မှာမဟုတ်ပါ ဘူး။ ကျွန်တော်တို့ အေးအေးဆေးဆေးပဲ အိပ်ကြရမှာပါ' ဟု ပြောလိုက်သေးသည်။ ထိုညကလည်း တကယ့်ကို အေးအေး ဆေးဆေးစားရင်းသောက်ရင်းမှ ပညာရေးလုပ်ငန်းအတွေ့အ ကြုံလေးတွေပြောပြ၊ ကြားဖူးနားဝရယ်စရာလေးတွေပြောပြနှင့် စိတ်လက်ချမ်းသာစွာပင် အိပ်ရာဝင်ခဲ့ကြသည်။ မှေးခနဲပျော် မည်ကြံသေး။ ကျောင်းဝင်းဘေးက ဆူသံဆဲသံ၊ အိုးခွက်ပန်း ကန်များလွှင့်ပစ်သံတို့ကိုပါ ကြားလိုက်ရ၏။ နှစ်ယောက်သား ငေါက်ခနဲထထိုင်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ကာ ရယ်လိုက်ကြသည်။

လင်မယားရန်ဖြစ်ပုံပဲ ပေါ်ပါသည်။ ယောကျ်ားလုပ်သူ က မူးနေသံလည်းထွက်၏။ ပါးစပ်မှ အယုတ္တ အနတ္တတွေ ထွက်ကာ တွေ့ရာမြင်ရာကို ကန်ကျောက်နေပုံပေါ်သည်။ ကျောင်းနှင့် ဝင်းစည်းရိုးသာခြားသောအိမ်မို့ ကျွန်တော်တို့က သဲသဲကွဲကွဲကို ကြားနေကြရသည်။ မိန်းမလုပ်သူက ငိုသံမှလွဲ၍ အသံကျယ်ကျယ်လောင်လောင် မထွက်။ ရပ်ကွက်ထဲမှလည်း မည်သူမှသွား၍ မဖျန်ဖြေကြ။ မကြာမီ ယောကျ်ားလုပ်သူက အပြင်ထွက်သွားသံ ကြားလိုက်ရသည်။ 'ငါပြန်လာရင် ဘာမျှ မမြင်ချင်ဘူး။ တွေ့လို့ကတော့ အကုန်မီးရှို့ပစ်မယ်'ဆိုလား မသဲမကွဲကြားလိုက်ရသေးသည်။ 'ဘယ်လိုလဲကိုယ့်လူ၊သည် ညတော့ အေးအေးဆေးဆေးပဲဆို' ကျွန်တော်က ဘေးတန်း လျားပေါ်မှ ဦးကြည်တင့်ကို လှမ်းစလိုက်သည်။ 'ဩော် ... ခုပဲ အေးဆေးသွားပြီလေဆရာရဲ့။ မောင်မင်းကြီးသား ထွက် သွားပြီ။ ဟဲ ... ဟဲ ... စိတ်ချလက်ချသာ အိပ်ပေတော့'

သူများလင်မယားတွေ ရန်ဖြစ်တာ တွေ့နေကြားနေရ သည့်အချိန်မှ မဆီမဆိုင် ကျွန်တော်က အိမ်သူသက်ထားကို လှမ်းသတိရနေလိုက်သေးသည်။ ဘာလိုလိုနှင့် အိမ်ကိုပြန်မ ရောက်တာ သုံးလထဲတော့ ရှိပြီလေ။

မနက်ကျောင်းစစ်ဆေးရေးလုပ်ငန်းများနှင့် ထုံးစံအ တိုင်း နပန်းလုံးလိုက်ရသည်။ ဆောက်လုပ်ရေးလုပ်ငန်းပါရှိ သည်မို့ ပို၍ပင်ပန်းသည်။ လုပ်ငန်းပြီးသည့် အချိန်လောက်မှ ပင် ကျောင်းဆရာကြီးက ကျွန်တော့်ကို ဓာတ်ပုံများ လာပြ သည်။

'ဘာ ဓာတ်ပုံတွေလဲဗျ'

'ဟို ... ပြီးခဲ့တဲ့အခေါက်က ဆရာကြီး လာတုန်းက ပုံတွေလေ။ ပညာရည်ချွန်ဆုပေးပွဲက ပုံတွေ၊ ဆရာကြီး အမှာ

mgyee.com

စကားပြောတဲ့ပုံတွေလည်း ပါတယ်' ဓာတ်ပုံများက အတော့်ကို ကောင်းသည်။ ဒစ်ဂျစ်တယ်ကင်မရာခေတ်မို့ ပုံကောင်းအောင် ကွန်ပျူတာနှင့် လိုသလိုပြုပြင်နိုင်သကိုး။ ကျွန်တော်က ပုံများကို ယူကြည့်ပြီး ပြန်ပေးလိုက်သည်။

'သည်ပုံတွေကို ပလတ်စတစ်လောင်းပြီး ကျွန်တော့်ရုံးခန်းထဲမှာ ထားမယ်ဆရာကြီး။ ကျောင်းတွင်းလှူပ်ရှားမှု မှတ်တမ်းသဘောပေါ့' ကောင်းတာပေါ့ဗျာ။ ကျွန်တော့်ဓာတ်ပုံပါပါတော့ ခင်ဗျားရုံးခန်းကြွက်ပြေးတာပေါ့' ဟု ကျွန်တော်က ခပ်နောက်နောက်ပြန်ပြောလိုက်သည်။ ခုမှ သတိထားကြည့်မိသည်။ ဦးကြည်တင့်တစ်ယောက် ခဏဆိုပြီး ထွက်သွားတာ အတော်ကြာသွားပြီ။ ထုံးစံအတိုင်း ညကရန်ဖြစ်သည့် လင်မယားအကြောင်း ရွာထဲသွားစပ်စုနေတာပဲဖြစ်နိုင်သည်။

ကျွန်တော်ထင်တာ မမှားပါ။ ပြုံးစိစိဖြင့် ရုံးခန်းထဲဝင်လာသော ဦးကြည်တင့်ကို မြင်လိုက်ကတည်းက သူ့မှာ ပြောစရာ ဖောက်သည်ချစရာစကားစတို့ ပါမှန်းသိလိုက်ပါသည်။ ထို့ကြောင့် 'ကဲ ... ပြောစမ်းပါဦး၊ ကိုစပ်စု ဘာတဲ့လဲ' 'ပြောမယ်ဆရာရေ၊ ပြောမယ်။ ဒီတစ်ခါကမှ တကယ် ရယ်ရတာဟဲ ... ဟဲ' ဘာမျှမပြောရသေးခင် သူက အရင်ရယ်နေသေးသည်။ 'ဒီတစ်ခါလည်း ခွေးပဲဆရာရေ၊ ခွေးကြောင့်ပဲ' 'ဘယ်လိုဗျ၊ ခွေးကြောင့်ပဲ ဟုတ်လား၊ ဟုတ်မှလည်း လုပ်ပါ ဦးကြည်တင့်ရာ' ကျွန်တော်က စကားပြောရာတွင် ပိုပိုသာသာလေးပြောတတ်သော သူ့အကျင့်ကိုသိ၍ မယုံသလို စကားထောက်လိုက်သည်။

'အံမယ် ... ဆရာက မယုံဘူးပေါ့။ နေဗျာ။ ဒါဆိုလည်း မပြောတော့ဘူး' ဦးကြည်တင့်က စိတ်ဆိုးချင်ယောင် ဆောင်လိုက်သေးသည်။ ကျောင်းအုပ်ကြီးက 'ကဲပါဗျာ ... အိုက်တင်တွေ ခံမနေပါနဲ့တော့၊ ပြောပါဦး။ ဘယ်လိုကြောင့်ဖြစ်တာတဲ့လဲ' ဦးကြည်တင့်က ကလေးဆိုးကြီးတစ်ယောက်လို ကျွန်တော့်ဆီ မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပြီးမှ 'သည်လိုဗျ။ ဖြစ်တာက မနေ့က အသုဘနဲ့လည်း ပတ်သက်တယ်'

'စောစောကပြောတုန်းက ခွေးကြောင့်ဆို' 'လာမယ်လေဆရာရဲ့ လာမယ်။ မနေ့က ပိုးထိလို့ဆုံးသွားတဲ့ ကောင်လေးနဲ့ ခုရန်ဖြစ်တဲ့ ကောင်လေးက အင်မတန်ချစ်တဲ့ သူငယ်ချင်းတွေတဲ့ဗျ။ ငယ်ငယ်ကတည်းကရော၊ အခုထိရော တတွဲတွဲနေကြတာတဲ့။ ဟိုတလောကပဲ သူတို့နှစ်ယောက်တွဲပြီး ဓာတ်ပုံရိုက်ဖြစ်ကြတယ်။ အဲဒီဓာတ်ပုံကို ကောင်လေးက သူ့အိမ်ထရံမှာ ကျကျနနချိတ်ထားသတဲ့' ဦးကြည်တင့်က သူ့စကားကို ကျွန်တော် စိတ်ဝင်စား မစား အကဲခတ်ရင်းမှ ဆေးလိပ်တိုကို ကောက်ညှိကာ တစ်ဖွာနှစ်ဖွာ ရှိုက်နေလိုက်သေးသည်။

'ဟိုကောင်လေးက မနေ့က ပိုးထိပြီးဆုံးတော့ ခုရန်ဖြစ်တဲ့ကောင်လေးရဲ့မိန်းမက အဲဒီဓာတ်ပုံကိုကြည့်ပြီး ညကျကြောက်ကြောက်လာသတဲ့။ အဲဒါနဲ့ သူ့ယောကျ်ားနဲ့တွဲရိုက်ထားတဲ့ ကောင်လေးပုံကို ကတ်ကြေးနဲ့ညှပ်ပြီး မီးရှို့လိုက်သတဲ့'

'အဲသည်တော့ကော ခွေးနဲ့ ဘာဆိုင်လို့တုန်း' သူ့စကားအနားတွင် ကျွန်တော်က စောဒကတက်ဖြစ်အောင် တက်လိုက်ပါသေးသည်။ ဦးကြည်တင့်က လက်ကာပြပါသည်။

'ကောင်လေးက အသုဘအိမ်မှာ တစ်နေကုန် ကူညီလုပ်ကိုင်ပေးပြီး ပြန်ရောက်လာတော့ သူ့သူငယ်ချင်းဓာတ်ပုံကို ကတ်ကြေးနဲ့ကိုက်ညှပ်ထားတာတွေ့တော့ မိန်းမကို မေးတာပေါ့။ ကောင်မလေးကလည်း သူ ဒီပုံကို ကြည့်ရင်းကြည့်ရင်း ကြောက်လာတာနဲ့ မီးရှို့ပစ်လိုက်တဲ့အကြောင်း ပြောပြတယ်။ အဲဒီမှာ ကောင်လေးက ဒေါသူပုန်ထတော့တာပဲ'

'အေးပေါ့လေ။ သူတို့က သူငယ်ချင်းတွေကိုး။ သံယောဇဉ်နဲ့ဆိုတော့ စိတ်ဆိုးမယ်ဆိုလည်း ဆိုးလောက်တာပေါ့'

ကျောင်းအုပ်ကြီးက တွေးတွေးဆဆ ဝင်ပြောသည်။

'အဲဒါတင်မကဘူးဗျာ။ ကောင်လေးစိတ်ဆိုးတာက သေသွားတဲ့ သူ့သူငယ်ချင်းဓာတ်ပုံကိုတော့ မီးရှို့ပစ်ပြီး သူ့သူငယ်ချင်းလိုပဲ သေသွားခဲ့တဲ့ ခွေးဓာတ်ပုံတွေ၊ ပြက္ခဒိန်တွေကတော့ နံရံနဲ့အပြည့်ဆိုပဲ။ ကောင်မလေးကလည်း ခွေးဆိုရင် အသည်းစွဲတဲ့။ ခွေးပုံကိုတော့ မကြောက်ရကောင်းလားဆိုပြီး ဝုန်းဒိုင်းကြဲအောင် ရန်ဖြစ်တော့တာပဲတဲ့။ အံမယ် ... မနက်ကျထပ်ကြားလိုက်ရသေးသဗျ။ ကောင်မလေးကလည်း ကောင်လေးက သူ့ခွေးပုံတွေကို ဖြဲဆုတ်ပြီး မီးရှို့မယ်ဆိုရင် လင်မယားချင်းတောင် ကွာမယ်တဲ့။ ရာဇသံပေးနေလေရဲ့။ ကဲ ... ဇာတ်လမ်းလေးကတော့ ဒါပါပဲခင်ဗျား။ ဟူး ... မောလိုက်တာဗျာ။ ခင်ဗျားတို့က ရယ်လည်း မရယ်ကြဘူး။ ဦးကြည်တင့်က မနေ့က သူပြောခဲ့သော အကြောင်းအရာကို ရယ်မောခဲ့ကြသလို အခုဇာတ်လမ်းကို မရယ်ကြသဖြင့် မကျေမနပ်ဖြစ်နေသည်။ ကျောင်းအုပ်ကြီးကတော့ 'အင်း ... ခင်ဗျားဇာတ်လမ်းကလည်း ရယ်ရခက်၊ မရယ်ရအခက်ဗျ' ဟု ဆိုကာ ခေါင်းတယမ်းယမ်းဖြင့် ထွက်သွား၏။ ကျွန်တော်ကတော့ ကြုံတွေ့ခဲ့ရသော ရွာနှစ်ရွာမှ ခွေးဇာတ်လမ်းနှစ်ပုဒ်ကို ယှဉ်၍ စဉ်းစားကြည့်နေမိသည်။

* * *

လူတော်တော်များများက သေခြင်းတရားကို ကြောက်

mgyoe.com

mgyoe.com

ကြသည်။ ပြီးတော့ လူသေလျှင်လည်း ထားပါတော့။ သရဲ၊ တစ္ဆေ စသည်တို့ကို ကြောက်ကြသည်။ လူသေတွေကို မြှုပ်နှံထားသည့် သင်္ချိုင်းကုန်းဆိုသည်ကိုလည်း ကြောက်ကြရွံ့ကြသည်။ ဒါက အတော်များများ၏ သဘာဝကျသည့်ကိစ္စများဖြစ်ပါသည်။

ဒါပေမဲ့ ရန်ကုန်မှာသေသော ဒွေးကို ရန်ကုန်နှင့် မိုင်လေးရာကျော်ဝေးသော ထနောင်းကုန်းရွာမှ ကောင်မလေး၏ ကြောက်ပုံကရော သဘာဝကျပါရဲ့လား။ များသောအားဖြင့် မြင်တွေ့နေကြသူများကိုသာ ကြောက်တတ်ကြတာ မဟုတ်ပါလား။ ထားတော့၊ ဝေးဝေးနီးနီး၊ ကြောက်ချင်လျှင် ကြောက်ကြပါစေ။ ဒါပေမဲ့ ဘာကြောင့် ကြောက်တာလဲ။ ဝေးခြင်း၊ နီးခြင်း၊ ရင်းနှီးခြင်း၊ မရင်းနှီးခြင်း၊ ချစ်ခင်ခြင်း၊ မုန်းတီးခြင်းတို့ကလည်း ကြောက်ခြင်းနှင့် ဆက်နွယ်နေသလား။

နောက် ပေပင်ကုန်းက ကောင်မလေးကို ဆက်တွေးကြည့်သည်။ သူကလည်း သေတာချင်းအတူတူ အနီးကလူကို ကြောက်ပြီး အဝေးက ဒွေးကိုတော့ အိမ်အပြည့်ချိတ်ထားသည်။ မြတ်မြတ်နိုးနိုးကြည့်သည်။ လုံးဝမကြောက်။ ဒါဟာ အနုပညာလား၊ အနုပညာရှင်ကိုချစ်သော ပရိသတ်ရဲ့စိတ်ခံစားမှုက အကြောက်တရားကို တားဆီးပေးသလား။

တွေးရင်း တွေးရင်းမှ ကျွန်တော့်ခေါင်းတို့ နောက်ကျိရှုပ်ထွေးလာသည်။ ထိုသို့ ရှုပ်ထွေးသည့်ကြားထဲမှပင် တစ်စုံတစ်ခုကို အလန့်တကြား တွေးမိအောင် တွေးဖြစ်လိုက်ပါသည်။ ရုံးခန်း၊ ကျောင်းခန်းတွေထဲတွင်ထားသော ကျွန်တော့်ဓာတ်ပုံအပါအဝင် ချိတ်ဆွဲထားသောဓာတ်ပုံများကို ကျွန်တော်တို့သေလျှင် ဘယ်လိုများ လုပ်လိုက်ကြမှာလဲ၊ ဘယ်လိုများ ခံစားကြမှာလဲ။ တွေးရင်းတွေးရင်းနှင့် ကျွန်တော်ကတော့ ကျောစိမ့်အောင် ကြောက်ကြောက်လာပါသည်။

●

ရွှေအမြုတေ–မတ်– ၂၀၀၀

mgyoe.com

mgyoe.com

# ရွှေဘုံပေါ်မှာ

မြ။မြ။

(၁)

ကျွန်တော့်အဖို့ ယခုအချိန်မှာ ထိုငွေပမာဏသည် သေရေးရှင်ရေးတမျှ အရေးကြီးနေပါသည်။ ရလိုက်လျှင်လည်း တစ်လုံးတစ်ခဲတည်း။ အတွေးဖြင့်ပင် ရင်ခုန်စရာ၊ ပျော်ရွှင်စရာ၊ အူမြူးချင်စရာ။ ကျွန်တော့်အနေဖြင့် သည်အရွယ်အထိ လုံးခနဲခဲခနဲ ငွေမဝင်ဘူးသေးပါ။

ယခုတော့ နည်းနည်းနောနောငွေကြေးမဟုတ်ပါလား။ နှစ်ဆယ့်သုံးသိန်း။ ကျွန်တော်တို့နှစ်ယောက် ခွဲယူကြရမည်။ သို့သော် ကိစ္စမရှိ။ ကျွန်တော်ရမည့်ဝေစုက ကိုးသိန်းကြီးများတောင်။ ကျွန်တော်က အများဆုံးရသူ။ ကျွန်တော့်အိပ်မက်ထဲမှာပင် ယောင်၍ပေါင်၍ရောက်မလာခဲ့သည့် ငွေကြေးပမာဏမဟုတ်ပါလား။

မျက်ဝန်းထဲမှာ ငွေထုပ်ကြီးကို ပြတ်ပြတ်ထင်ထင် မြင်မြင်နေသဖြင့် ကျွန်တော့်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေရပြီ။

အပြင်မှာတော့ ငွေထုပ်ကြီးက ကျွန်တော်နှင့် လက်တစ်ကမ်းသာသာမှာ လက်ဖျားလေးမီလုမီခင်မှာ ရှေ့တိုးနောက်ငင်ကစားနေသည်။

ထိုအကြောင်းကို ကျွန်တော် ပြောပြချင်ပါသည်။

ကျွန်တော့်အကြောင်းကိုစ၍ ပြောပါရစေ။ ကျွန်တော်သည် အသက်လေးဆယ်ကျော်သည်အထိ လူပျိုကြီးဘဝဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ အမှန်ပြောရလျှင် လူပျိုကြီးဘဝဖြင့် အရိုးထုတ်ချင်သောစိတ်ဆန္ဒ ကျွန်တော့်မှာ စိုးစဉ်းမျှပင် မရှိပါ။ လူပျိုကြီးဂုဏ်ပုဒ်ကိုလည်း ကျွန်တော် မမက်မောပါ။

ကျွန်တော့်မှာ ချစ်သူရှိနေပြီ။ နှစ်ဦးသားမှာလည်း တစ်ဦးကိုတစ်ဦး စုံစုံမက်မက်ရှိနေကြပြီ။ နောက်ပြီး ကျွန်တော်ကလည်း အိမ်ထောင်ပြုချင်နေပြီ။ ထိုအချက်တွေနှင့်ပင် ကျွန်တော်တို့ကိစ္စ ပြီးမြောက်သင့်သည် မဟုတ်ပါလော။

သို့ပေမယ့် လောကမှာ ထိုသို့ထင်တိုင်းဖြစ်မလာပါ။ မိန်းကလေးတစ်ယောက်ကို ကောက်ယူလိုက်ရုံဖြင့် မဖြစ်သေး။ ပြီးစလွယ်ဖြစ်သွားမည်။ ကျွန်တော့်ကောင်မလေးက သဘောတူသည့်တိုင် သူ့မှာ မိဘရှိသေးသည်။ မောင်နှမသားချင်းရှိသည်။ အသိုင်းအဝန်းရှိသည်။

ထို့ကြောင့် ခမ်းခမ်းနားနား မကျင်းပနိုင်သည့်တိုင် တင့်တောင်းတင့်တယ်လေးတော့ ဖြစ်ချင်သည်။ လူရိုသေရှင်ရိုသေလေးတော့ လုပ်ချင်သည်။ ချွေးနဲ့စာငွေကြေးလေးဖြင့် လောကမှာ မိန်းမတစ်ယောက်ယူနိုင်ပါသည်ဟု မော်ကြွားလိုက်ချင်သည့် အခံဓာတ်ကလေးကလည်း ရင်ထဲကိန်းနေသေးသည်။

ကျွန်တော်ရသည့် လစာငွေလေးဖြင့် မိန်းမတစ်ယောက်ကို ယူလိုက်ဖို့ဆိုသည်မှာ ဧဝရတ်တောင်ထိပ်ကိုတက်မည့်တောင်တက်သမားနှင့် တူလှပေသည်။

ကျွန်တော့်လစာက သုံးသောင်းကျော်ရုံလေး၊ မေမေ၊ အစ်မအပျိုကြီး၊ ကျွန်တော် ဝမ်းခါးသုံးခါးအတွက် အိမ်စရိတ်ကို အစ်မနှင့်အတူ မျှခံနေရသည်။ မင်္ဂလာဆောင်ရန် ငွေကြေးသပ်သပ်ဖယ်မထားနိုင်ပါ။

နှစ်ပေါင်း နှစ်ဆယ်နီးပါး မြို့မှာရောက်နေခဲ့ပေမယ့် ကျွန်တော်တို့မှာ အိုးပိုင်၊ အိမ်ပိုင်မရှိသေး။ ထိုစဉ်က ကျွန်တော်တို့ ကံဆိုက်သည်ဟုဆိုရသည်။ မမရုံးမှ အရာရှိက မြို့ပြင်ရှိခြံတွင် ခြံစောင့်အဖြစ် နေခွင့်ပေးထားသည်။ ယခုအခါ ထိုနေရာသည် မြို့၏ကြေးရတတ်များနေသည့် ဆိတ်ငြိမ်ရပ်ကွက်တစ်ခုဖြစ်နေသည်။ နောက်ပိုင်း ထိုအရာရှိမိသားစု ခြံထဲပြောင်းလာသော်လည်း ကျွန်တော်တို့ကို နေထိုင်ခွင့်ပါမစ် ဆက်ပေးထားမြဲ။

mgyoe.com

mgyoe.com

ကျွန်တော်က စိုက်ပျိုးရေး၀ါသနာပါသည်။ လက်ဆိပ်လည်းရှိသည်။ ကျွန်တော်၏ ဗီသုကာလက်ချောင်းများဖြင့် ခြံ၀င်းကို ဒီဇိုင်းထွင် အလှဆင်ပေးလိုက်သည့်အခါ ခြံရှင်များသည် ကျွန်တော့်ကို အတော်သဘောခွေ့သွားကြသည်။ မေမေကလည်း သူတို့၏ ဗာဟီရကိစ္စလေးများကို ၀င်ရောက်လုပ်ကိုင်ပေးတတ်သည်။ ထို့ကြောင့် သူတို့ကပင် တစ်ဖက်ကျွန်တော်တို့ ပြောင်းသွားမှာကို ရွံ့နေတတ်ပြန်သည်။

အစ်မအကြီးဆုံး အိမ်ခွဲဆင်းသွားသည့်အခါမှသာ တစ်ဖက်ရပ်တဲကလေးသည် သားအမိသုံးဦးနေလောက်ရုံ။ ယခင်ကဆိုလျှင် ခေါင်းမဆန့်၊ ကိုယ်မလှည့်သာ။ ကျဉ်းကျဉ်းကျပ်ကျပ် အိမ်သားတစ်ဦးလျော့သွားသည်ကပင် ခပ်ကောင်းကောင်း။

အိမ်လခမပေးရသော်လည်း ကျွန်တော့်မှာ လောက်လောက်ငငမရှိပါ။ ထို့ကြောင့် ဘေးပန်းအလုပ်လေး ဘာလေးရှာရသည်။ စက်ရုံတစ်ရုံမှာ ညစောင့်ရသည်။ လစာက တစ်သောင်းခွဲ။ ဒါလည်း ကျွန်တော် မဖူလုံသေး။ အိမ်ကို ထပ်ဆောင်းမပေးနိုင်သေး။ အစ်မအပျိုကြီးရှိနေ၍သာ ကျွန်တော်နည်းနည်းခံသာသည်။ အစ်မက အသုံးအစွဲကျစ်သည်။ ခြိုးခြံသည်။ မေမေ့ကျန်းမာရေးအတွက် လိုအပ်လာမှသာ ကျွန်တော့်ထံ တောင်းတတ်သည်။ သို့သော် တောင်းခဲပါသည်။

ဘာပဲပြောပြော ကျွန်တော့်မှာ အကြွေးလေးဘာလေးတင်သွားတတ်သေးသည်။ မိန်းမယူဖို့ဆိုသည်မှာ ဝေလာဝေး။

သို့သော် မိမိက ပူဆာလှပြီ။

"အစ်ကိုက ညီမတို့ချစ်လာကြတာ ရှစ်နှစ်ရှစ်မိုးတောင်ရှိနေပြီ၊ အိမ်ကလည်း မေးလှပြီ၊ ဘယ်တော့ယူကြမှာလဲတဲ့"

မှန်သည်။ သူ ပြောသည်မှာ မှန်သည်။ ကျွန်တော့်လုပ်ပုံက မကောင်း။ နည်းနည်းလေးမှကို မကောင်း။

ချစ်သူနှစ်ဦးချိန်းတွေ့ပြီး ကယုကယင်ချစ်တို့တင်စကားပြောရန် အားခဲလာသော ကျွန်တော် ထိုအခါမျိုးမှာ လဒမှိုင် မှိုင်တွေချရလေပြီ။

"အစ်ကိုက ညီမကို ကျောရရုံကြံနေတာပဲ နေမှာတဲ့၊ ညီမက မယုံပါဘူး၊ အစ်ကိုက ဒီလိုလူစားမျိုးမှ မဟုတ်တာဘဲဥစ္စာ . . . နော်"

မိမို့မှတ်ချက် မှန်သည်။ ကျွန်တော်က သည်လိုလူစားမျိုးထဲမပါ။ လုံး၀မပါ။

ခေါင်းငိုက်စိုက်ကျနေသော ကျွန်တော့်မျက်နှာနား တိုးကပ်ကြည့်ရင်း သူ့ကိုယ်လုံးပြည့်ပြည့်လေးဖြင့် ကျွန်တော့်ကို ဘေးတိုက်တွန်းလိုက်ရင်း မိမိ မေးသည်။ သူ့လုပ်ပုံလေးက ကျွန်တော့်ဘ၀င်ကို မချင့်မရဲဖြစ်စရာ။

အင်း ကျွန်တော် လုပ်နေပုံကလည်း မိမိလေးခမျာ သနားစရာ။

ခေါင်းကို တွင်တွင်ငုံ့ရင်း မိန်းမတစ်ယောက်တောင် မယူနိုင်တဲ့ကောင် . . . ဟု ကိုယ့်ကိုယ်ကိုသာ ကြိတ်မနိုင်ခဲမရဖြစ်မိသည်။

"နော် . . . လို့၊ အစ်ကိုက ဒီလိုလူစားမျိုးထဲ မပါပါဘူးနော်"

ကျွန်တော့်ပခုံးစွန်းကို ကိုင်လှုပ်ရင်း အားမလိုအားမရသည့် လေသံဖြင့် ထပ်မေးလိုက်သည့်အခါမှ ကျွန်တော် သတိပြန်၀င်လာကာ ဒရောသောပါးဖြေလိုက်ရသည်။

နို့မို့ မိမိခမျာ စိတ်မကောင်း ဖြစ်နေပေတော့မည်။

"မ . . . မပါပါဘူး မိမိရယ်၊ ဘုရားစူးပါစေရဲ့၊ မပါရေးချမပါ၊ ကြည့်စမ်း . . . ရွှေယောက်ဖတွေက အစ်ကို့ကို သက်သက်မဲ့ နာမည်ဖျက်နေပြီ၊ ပြောစမ်း မိမိယုံလား၊ အစ်ကို ဒီလိုလုပ်မယ့်လူစားလားလို့ . . . မိမို့ကိုလက်ထပ်ဖို့ အစ်ကို ပိုက်ဆံစုနေလို့ပါ မိမိရယ်"

"ဟုတ်တယ် အစ်ကို ပိုက်ဆံစုနေတာလို့ ပြောတော့အားလုံးက ဝိုင်းရယ်လိုက်ကြတာဆိုတာလေ . . . ဟွန်း မုန်းဖို့ကောင်းလိုက်တာ၊ ငါ့ညီမ ဒီတစ်သက် ယောကျ်ားရတော့မှာမဟုတ်ဘူးဆိုပြီး ဝိုင်းဟားကြတယ်၊ ညီမက အစ်ကို့ထက်ဆယ်နှစ်ကျော်ကျော်တောင် ငယ်တာတဲ့ အစ်ကိုက အဘိုးကြီးဖြစ်နေပြီတဲ့၊ ဆက်စောင့်နေရင် ငါ့ညီမကပဲ ရှာကျွေးရတော့မှာတဲ့ . . . အစ်ကိုက ကြိုးရှည်ရှည်နဲ့ လှန်ထားတာလို့လည်း ပြောသေးတယ် . . . ဟင်း၊ ဘာတွေမှန်းလဲ မသိဘူး၊ ညီမစိတ်ပျက်လိုက်တာနော်"

ကျွန်တော် နာတင်းသွားသည်။ ဘယ့်နှယ့် အသက်လေးဆယ်စွန်းရုံ ကျွန်တော့်ကို အဘိုးကြီးတဲ့ . . .။ မဟုတ်ကဟုတ်က ပေါက်ကရစကား။

ကြိုးရှည်ရှည်နဲ့ လှန်ထားတာတဲ့ . . . ချစ်သူနှစ်ဦးကြား မြှောက်ထိုးပင့်ကော် သွေးခွဲစကား။

ကျွန်တော် ပိုက်ဆံစုနေတာကို ဝိုင်းဟားကြသတဲ့။ လေသာထွားနေသည့် လေအိုးသမားဟု သရော်မော်ကား စကား။

ဘာတဲ့ ဆက်စောင့်နေရင် မိမိကပဲ ကျွန်တော့်ကို ရှာကျွေးရတော့မှာတဲ့။ လူပြိန်း၊ လူအ၊ လူ့အနှမဟု လှောင်ပြောင်စကား။

မခံ။ ကျွန်တော် နည်းနည်းမှ မခံနိုင်။ ကျွန်တော့်အစွမ်းအစ ပြရတော့မည်။

mgyoe.com

လက်ထပ်ဖို့အရေး အင်းမလှုပ်၊ အဲမလှုပ် ငုတ်တုတ် ကျွန်တော့်ကို မိမိ စုံကန်သွားမှာ စိုးရိမ်လာသည်။

စိတ်ပျက်လိုက်တာတဲ့ ကျွန်တော့်ကိုလား၊ သူ့အိမ်ကိုပဲလား။ တွေးရင်းတွေးရင်း ကျွန်တော် ကြောင့်ကြစိုက်လာသည်။ မဖြစ်တော့။

"ကဲ . . . မိမိ အစ်ကို နောက်ထပ် အလုပ်တစ်ခု ထပ်ရှာမှဖြစ်တော့မယ်၊ အဲဒီပိုက်ဆံက မိမို့ကိုယူဖို့ သပ်သပ်စုထားရမယ်၊ တစ်နှစ်လောက်တော့ သည်းညည်းခံစောင့်လိုက်ပါဦး မိမိရယ်"

ကျွန်တော်၏ အာမဘာန္တေ ဂတိစကားကြောင့် မိမို့မျက်နှာ ချက်ချင်းရွှင်ပြလာသည်။

"အစ်ကို သိပ်ပင်ပန်းနေမလားဟင်"

ထိုစကားတစ်ခွန်းသည် ကျွန်တော့်ဘဝအတွက် မောင်းနှင်အားပင်။

(၂)

မကြာမီ ကျွန်တော့်ဘေးပန်း အလုပ်တစ်ခုထပ်ရသည်။ သွားဆေးခန်းကြီးတစ်ခုမှာ။ ရုံးဆင်းသည်နှင့် ဆေးခန်းတန်းပြေးရသည်။ ဆရာဝန်ကြီးရောက်မလာခင် သန့်ရှင်းရေးလုပ်ထားရသည်။ လိုအပ်သည်များ ပြင်ဆင်ထားရသည်။ ခြောက်နာရီ ဒေါင်ခနဲဆို ဆရာဝန်ကြီးရောက်လာပြီ။ ကိုးနာရီဆို ဆေးခန်းပိတ်ပြီ။ လူနာများသည့်နေ့များတွင် ကျွန်တော် ဘုရားတနေရတော့သည်။ ထိုနေ့လိုနေ့မျိုးဆိုလျှင် စက်ရုံဆီပြေးရသည်မှာ ဖတ်ဖတ်ကိုမောရလေပြီ။

ရက်အားလေးပင်မရှိ။ တနင်္ဂနွေတစ်ရက်သာ မေမေ့ဆီပြန်ရသည်။

"မင်းမလဲ တနင်္ဂနွေတစ်ရက်ပဲ တွေ့ရတော့တယ်၊ တွေ့ရုံသာတွေ့ရတာပါကွယ် . . . စကားတောင် မေမေမှာ မပြောလိုက်ရပါဘူး"

မေမေပြောမည်ဆိုလည်း ပြောစရာ။ အိမ်ရောက်သည်နှင့် ဖျာပေါ် တုံးလုံးပက်လက်လှဲချလိုက်သည်မှာ ညနေစက်ရုံသွားခါနီးမှ နိုးတော့သည်။

ခက်တာက ကျွန်တော် မိန်းမ မြန်မြန်ယူချင်နေပြီ။

ထို့ကြောင့် ဖြတ်လမ်းနည်းကို သုံးရပြန်သည်။ နှစ်လုံးသုံးလုံးကစားလိုက်ခြင်းပင်။ ပထမ စမ်းကစားခြင်း ဖြစ်သည်။ ကနဦးမှာပင် ကံတွေစွတ်ကောင်းနေသဖြင့် လောဘတက်ကာ တိုးကစားလိုက်သည်။ မြိုးမြိုးမြက်မြက်ရလိုက်၊ ငွေစုလိုက် နောက်ထပ်တိုးပြီး ကစားလိုက်၊ ခွက်ခွက်လန်ရှုံးလိုက်၊ အကြွေး ထပ်ယူလိုက် . . .။

သည်လိုနှင့် ကျွန်တော် မိန်းမယူမည့် တစ်နှစ်စီမံကိန်းသည်လည်း ပြုလဲသွားပြန်သည်။ လေအိုးသမားဟု မိမိ စိတ်ထင်သွားမှာ ကျွန်တော် စိုးရိမ်ဆုံး။

"ဒါကြောင့် ညီမ ပြောပြောနေတာ ဒီနှစ်လုံး၊ သုံးလုံးကို မကစားပါနဲ့လို့၊ ညီမကြားရသမျှ အိုးပေါင်၊ အိမ်ပေါင်၊ ကားပေါင်၊ ဖုန်းပေါင်နဲ့ ယုတ်စွအဆုံး ထဘီတောင်ပေါင်ပြီး ကစားနေကြတာ၊ နောက်ဆုံး ဒေဝါလီခံလိုက်ရတာချည်းပဲ၊ အို ညီမ မပူဆာတော့ပါဘူး အစ်ကိုရယ်၊ ဒီလောင်းကစားလုပ်တာကိုတော့ ရပ်လိုက်ပါတော့နော် . . . နော်"

မိမိ၏တောင်းပန်တိုးလျှိုးသံက ကျွန်တော့်ဟတ်ကို ထိသွားသည်။ သနားစဖွယ်ချစ်သူ မိမိလေး။

ထို့ကြောင့် ကျွန်တော့်စိတ်ကို ကျွန်တော် ပြန်ထိန်းရပါသည်။ ရုတ်ချည်းထိန်းချုပ်ဖို့ရာ မလွယ်ကူလှပါ။

"အင်း . . . အစ်ကိုကလည်း ခက်သေးတယ်၊ အိမ်ထောင်ကျပြီး ဒီလိုသာဆက်သွားနေရင် ညီမတို့ လူမွဲတောင်ပြောင်တော့မှာမဟုတ်ဘူး၊ ကဲ . . . အစ်ကို၊ ညီမအတွက်ဆိုရင်တော့ ဒီလောင်းကစားကို ရပ်လိုက်တော့"

"အင်းပါ"

"ကြည့် . . . ညီမစကားကို စိတ်မပါသလိုချည်း"

"ဟုတ်ပါဘူး . . . ကြားဖောက်အလုပ်လေး ဘာလေး ရှာလုပ်ဖို့ စဉ်းစားမိလိုက်လို့ပါကွယ်"

"ဟာ အစ်ကိုက ဘယ်အချိန်မှာ သွားလုပ်ဦးမှာလဲ"

"တနင်္ဂနွေ တစ်နေ့ခင်းလုံး အားနေတာပဲ၊ အဲဒီအချိန်မှာ လုပ်လို့ရမယ့်အလုပ်လေးပါကွာ"

"ကျန်းမာရေးလည်း ထိခိုက်နေပါဦးမယ် အစ်ကိုရယ်"

မိမိ၏ကရုဏာသံလေးသည် ကျွန်တော့်ရင်ကို ငြိသွားသည်။ ကျွန်တော် ကြိုးစားရမည်။ နှစ်ကိုယ်တူ နီးချင်လှပြီ။

အထက်တွင်ဆိုခဲ့သည့်အတိုင်း တနင်္ဂနွေရသည့် အားလပ်ချိန်တွင် ကျွန်တော့်ဆရာ၊ ဆရာမများ၏ခြံများတွင် ခြံရှင်းပေးသည်။ အပင်ခုတ်ပေးသည်။ ပန်းပင်စိုက်ပေးသည်။ ဆေးသုတ်ဖို့လိုလျှင် ဆေးသုတ်သည်။ ခြံစည်းရိုးကာဖို့ လူလွှတ်ပြောလျှင် ကျွန်တော် မဆိုင်းမတွသွားသည်။

ကျွန်တော် လုပ်နိုင်သည့်အလုပ်မှန်သမျှ အလုပ်မရွေး။ ကြုံရာကျပန်းအလုပ်မျိုးစုံ။ ကိုယ်နှင့်တန်သည် မတန်သည်မတွက်။ အောက်ကျသည် နိမ့်ကျသည် အလေးမထား။ ရိုးရိုးသားသားလုပ်အားကို အရင်းတည်၍ ကြိုးကြိုးစားစားလုပ်သည်။ ထိုအခါ တနင်္ဂနွေ ပေါ့ကက်မန်းနီးလေးများ အိတ်ထဲဝင်

mgyoe.com

mgyoe.com

လာသည်။

သို့ပေမဲ့ မိန်းမတစ်ယောက်ယူဖို့ မဖူလုံသေး။ ကျွန်တော့်မှာ လိုက်လေဝေးလေကိန်း ဆိုက်နေပြီ။

(၃)

ထိုအချိန်မှာ မြိုးမြိုးမြက်မြက်ရမည့် အလုပ်ပေါ်လာခြင်း ဖြစ်သည်။

"အင်း မင်းစပ်စမ်းကွာ၊ မင်းလည်း ပွဲခရတာပေါ့"

ထိုစကားစအဆုံးတွင် မိမိကို ပြေးမြင်တော့သည်။ ယခုတော့ ဖုတ်သွင်းရထား ဆိုက်လာချေပြီတကား။

ကျွန်တော့်ကိုခေါ်ခိုင်းသည့်အိမ်က မြေတစ်ကွက်ရောင်းချင်နေသည်။ မြေကွက်ချည်းသက်သက်မဟုတ်။ နှစ်ထပ်တိုက်တစ်လုံးကိုလည်း ထူးထူးရှယ်ပြင်ထားသည်။ ထိုအကြောင်း အစ်မနှစ်ယောက်ကို သတင်းပေးခဲ့သည်။ ကျွန်တော်နှင့် ခင်မင်သူများကိုလည်း စကားစပ်ထားခဲ့သည်။

တစ်ရက်၌ ကံကောင်းခြင်းသည် ကျွန်တော့်ထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့သည်။

"ငါ့သူငယ်ချင်းတစ်ယောက်က အိမ်ဝယ်ချင်နေတယ်၊ ခြံလေးနဲ့လိုချင်တယ်ပြောတော့ ငါ့မောင်ပြောတဲ့အိမ်ကို အပြောနဲ့တင် သဘောကျနေတယ်၊ သူ ကြည့်လို့ရမလားတဲ့"

အစ်မကြီး စကားအဆုံးတွင် ကျွန်တော် လွတ်ပျော်သွားသည်။ ပိုက်ဆံထုပ်နှင့် မိမိကို ဦးဆုံးပြေးမြင်သည်။ တူနှစ်ကိုယ်နီးဖို့အရေး . . . တစိမ့်စိမ့်တွေးလို့ ကျွန်တော့်မှာ ပျော် . . .။

သို့ဖြင့် ကျွန်တော်တို့ အိမ်ကိုသွားကြည့်ကြသည်။ အိမ်ရှင်နှင့် စကားပြောကြသည်။

"သိန်း ၁၁၅၀"

နောက်ဆုံးဈေးတည့်သွားကြသည်။ ဝယ်လက်က သူ့အခက်အခဲကို ရင်ဖွင့်သည်။

"ခြံကို ကျွန်တော် သဘောကျတယ်၊ ဒါပေမဲ့ လောလောဆယ် . . ."

စကားဆက်ရန် တုံ့ဆိုင်းနေသည်။

"ဒီလိုဗျာ ရှင်းရှင်းပဲပြောမယ်ဗျာ . . . ကျွန်တော်တို့ခြံရောင်းပြီးမှ ပေးနိုင်မှာမို့လို့ပါ၊ ခြံကလည်း ဈေးဆိုင်ပြီးပါပြီ၊ တစ်လလောက် စောင့်ပေးပါဆိုလို့ စိတ်ချ ဒီခြံကို ကျွန်တော် သေချာပေါက် ယူမှာ . . ."

ကျွန်တော့်ဆရာ တစ်ခဏတွေဝေသွားသည်။

"အင်းလေ ဒါဆိုလည်း စောင့်ရမှာပေါ့လေ၊ ဒါနဲ့ စရန်အဖြစ် . . ."

ဝယ်လက်က ကျွန်တော့်ဆရာစကားကို အတင်းဖြတ်ပြောသည်။

"အဲဒါကိုလည်း ခင်ဗျားကို တစ်လက်စတည်း တောင်းပန်ပါရစေဗျာ၊ ခြံရောင်းပြီးမှပဲ အဆင်ပြေမှာမို့ပါ . . . ကျေးဇူးပြုပြီး . . ."

ဝယ်လက်က စကားကိုမဆက်ဘဲ ရပ်နေသည်။ ကျွန်တော့်ဆရာ မျက်မှောင်အနည်းငယ်တွန့်လာသည်။ ကျွန်တော့်ဆရာ အနည်းငယ် အင်တင်တင်ဖြစ်နေသည်။

"စရန်သတ်မထားဘဲ ကျွန်တော်က စောင့်ပေးထားရမယ့်သဘောပေါ့ . . ."

"ကျွန်တော် ကျိန်းသေယူမှာပါ"

ဝယ်လက်နှင့် ရောင်းသူကြား စကားဆိုပွဲတွင် ကျွန်တော့်ရင်ခုန်သံမှာ တော်လဲသံကြီး မြည်ဟိန်းနေသည့်နှယ်။ မိမိနှင့်တွေ့ရင်တောင် ထိုမျှလောက် ရင်ခုန်သံမြန်မည်မထင်။ အပိုဆာတား ကျွန်တော် ပြောနေခြင်းမဟုတ်ပါ။ ကျွန်တော့်ခံစားချက်ကို ရင်ဖွင့်နေခြင်း ဖြစ်ပါသည်။

"ဒီလိုဆိုတော့လည်း စောင့်ပေးရမှာပေါ့လေ . . . အင်း . . . တစ်လစောင့်ရမယ် ဟုတ်ပလား"

ကျွန်တော် ခုမှသက်ပြင်းကို ဟင်းခနဲချလိုက်နိုင်တော့သည်။ တုတ်ချောင်းတစ်ချောင်းလိုမတ်နေသော ခါးသည်လည်း ပြေလျော့သွားပါတော့သည်။

"ဒီခြံလေး မြန်မြန်ထွက်သွားဖို့ ညီမလည်း ညတိုင်းဆုတောင်းပေးမယ် အစ်ကို"

ကျွန်တော့်ကို ဖြည့်ဆည်းသည့်မိန်းကလေး။

(၄)

တစ်လပြည့်သော် ဝယ်လက်က ကျွန်တော့်ကို ခေါ်ပြောသည်။

"ဝယ်လက်က ကိုယ်တို့ခြံကို နည်းနည်းအင်နေတယ်ကွာ၊ ကိုယ့်သဘောကတော့ ရတဲ့ဈေးနဲ့ရောင်းချင်တာပဲ၊ နို့မို့ဟိုခြံဝင်းလေး လွတ်သွားမှာစိုးတယ်၊ ဒါပေမဲ့ ကျန်တဲ့မောင်နှမတွေက မရောင်းနိုင်ဘူးတဲ့၊ ကိုယ်တို့မောင်နှမပြဿနာကိုသိတော့ ဈေးကိုင်နေတာပေါ့ကွာ၊ အားလုံးကတော့ ဗိုက်နာတဲ့ဈေးနဲ့ဆို မရောင်းနိုင်ဘူးတဲ့"

မျက်နှာညိုညိုဖြင့် ပြောသည်။ ကျွန်တော့်မျက်နှာလည်းညိုး . . . မိမိမျက်နှာကိုလည်း ပြေးမြင်ပြီး လွမ်း . . .။

"ကိုယ်တို့မောင်နှမတွေထဲမှာ ကိုယ်က အမွဲဆုံးကိုး။

mgyoe.com



ကျန်တာတွေက ကိုယ့်အိုးကိုယ့်အိမ်တွေနဲ့ဆိုတော့ အင်းလေ တင်းနိုင်ကြတော့မပေါ့"

သူ့စကားကြောင့် ကျွန်တော်တောင်မှ ထိုပုဂ္ဂိုလ်ကို ပြန်သနားသွားသလို . . .။

"အဲဒါ မောင်ရင့်ဆရာကို ပြောပေးစမ်းပါဦးကွာ . . . သူများကို ရောင်းလိုက်မှာစိုးလို့ . . . ခဏလေးစောင့်ပေးပါလို့"

ဆရာက သိပ်မကြည်ချင်။ ဆရာနှင့် ထိုပုဂ္ဂိုလ်ကို ကြားမှနေ၍ စကားပါးရသည်မှာ မလွယ်ရေးချမလွယ်။ ပွဲလေးမပျက်ဖို့ နှစ်ဖက်စလုံးကို သွားလေးဖြဲရ။ မျက်နှာချိုသွေးရ၊ လေပြေထိုးရ။ တနင်္ဂနွေတစ်ရက်တည်းသာ အိမ်ပြန်လေ့ရှိသော ကျွန်တော့်ကို အစ်မနှစ်ဦးမှာလည်း ဖမ်းရသည်မှာမလွယ်။ နေရာတွေကလည်း တောင်နှင့်မြောက် ဗီလာဆန့်ကျင်။ အရှေ့နှင့်အနောက် တစ်မျှော်တစ်ခေါ်။

မြိုးမြိုးမြက်မြက်ရမည်ဆိုတော့လည်း လူကိုယ်တိုင်ပြောမှ လေးမည်ထင်သဖြင့် ပြေးရလွှားရနှင့် မောဆို့ချင်ချင်။ ထိုအချိန် ဆရာဝန်နှင့်သာပြကြည့်လျှင် ကျွန်တော့်မှာ ရောဂါအမျိုးပေါင်းစုံ ရနေမှာသေချာသည်။ နှလုံး၊ သွေးတိုး၊ အစားအသောက်ပျက်၊ စိတ်ဖိစီးမှု၊ စိတ်ကျမှု၊ အို . . . အို . . . မပြောပါတော့ဗျာ . . .။

ဤသို့ဖြင့် လတွေညောင်းကာ ငါးလမြောက်ခဲ့ပြီ။ ထိုအတောအတွင်း အလီလီပြေးရ၊ လွှားရ၊ ခြေတိုအောင် လျှောက်ရ။

"ညီမ ဆုတောင်းမမှန်သေးလို့ ဖြစ်မယ်ထင်တယ်၊ ဒီနေ့ကစပြီး ညီမတို့ ဖူးစာမှန်ရင် အစ်ကို့အလုပ်တည့်ပါစေလို့ ပြောင်းပြီး ဆုတောင်းလိုက်တော့မယ်"

ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့်သာ မိမိကို ငေးနေမိသည်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ရင်း ချစ်သူနေ့ကုန်ဆုံးခဲ့သည်။ ချစ်စကားလေးတွေ တွတ်မထိုးမိ။ အနမ်းပွင့်လေးတွေ မကြွေမိ။ နှစ်ဦးသားအတွေးထဲ နစ်မျော . . .။

မိမိ၏ တိုင်တည်သစ္စာ မှန်သွားသည်မှာမူ ဇာကန်အကြောင်းတွေအားလုံး ပေါင်းဆုံသွားသည်။

ဝယ်မည့်ပုဂ္ဂိုလ်ဘက်မှ အမွေဆိုင်ခြံ ထွက်သွားသည်။ ဝမ်းသားအားရဖြင့် သူက ကျွန်တော့်ဆရာထံ ချက်ချင်းသွားခိုင်းသည်။

"အေး . . . အရင်ဈေးနဲ့တော့ မရတော့ဘူးကွ၊ အခု ငါးလအတွင်း ဈေးတွေ တအားတက်လာတယ်၊ သိန်း ၁၂၀၀၊ ငါ့ကိုလည်း စရန်မသတ်ထားဘဲနဲ့ စောင့်ခိုင်းထားတာ လွန်လှပြီ"

ကျွန်တော့်အူရွှင်မှုသည် ကိုယ်ထဲမှရုတ်ခြည်း စီးထွက်သွားပါတော့သည်။ အားအင်တွေဆုတ် . . . ခြေလှမ်းတွေညွတ်၊ ခရော်ခရွက် အိမ်အပြန်လမ်းဝယ်။

"မောင်ရင့်ဆရာက ၁၁၅၀ လို့ပြောပြီးသားပဲ၊ ကိုယ်လည်း ကျိန်းသေပေါက်ယူမယ့်ဥစ္စာ၊ သိန်း ၁၂၀၀ တော့ များလွန်းတယ်ကွာ၊ ဒီလိုလုပ် ကိုယ့်ဘက်က ချွတ်ယွင်းချက်ရှိတာဆိုတော့ နှစ်ဆယ်တိုးမယ်၊ အဲဒါ မောင်ရင်သွားပြောပေး၊ အင်းတကယ်ယူပါမယ် ပြောထားတောင်မှ လုပ်ရက်ပါ့ဆရာတို့ရေ"

ဆရာ့ထံ မဆိုင်းမတွပြေးရပြန်သည်။ ထိုကိစ္စကို ကျွန်တော်၏ကနဦးအလုပ် မလစ်ဟင်းရဘဲ ဘေးပန်းအလုပ်များ မပျက်ကွက်ရဘဲ ရသည့်အချိန်လေးလုပြီး လှုပ်ရှားရသည့် ကျွန်တော့်ပုံကို မှန်းကြည့်စေချင်သည်။

"၁၂၀၀ ပဲ"

ဆရာက ခပ်တင်းတင်း။ ခပ်ပြတ်ပြတ်။

ကျွန်တော် ခြေကုန်လက်ပန်းကျပြီ။ မျှော်လင့်ချက်လည်း မထားတော့ပြီ။ နှစ်ဦးနှစ်ဖက်လုံး တင်းနေကြပြီ။ ပွဲပျက်ရုံသာ ရှိချေတော့မည်။

(၅)

သို့သော် လောကတွင် အဆိုးအကောင်းသည် အမြဲဒွန်တွဲနေသည်ကို ကျွန်တော့်အတွေ့အကြုံဖြင့် သိလာရပါသည်။

လောကနိယာမတရားအရ အဖြူရှိလျှင် အမည်းလည်းရှိသည်။ အမှောင်ရှိလျှင် အလင်းလည်းရှိသည်။ ထို့အတူ စိတ်ပျက်ညှိုးနွမ်းမှုမှနေ၍ ပျော်ရွှင်အားတက်မှုများလည်း ရှိလာနိုင်ပါသေးသည် မဟုတ်ပါလား။

"အေးကွာ မင်းမလည်း ပွဲခလေးရဖို့ အတော်မောသွားပြီးနဲ့တူတယ်၊ ဟိုလူ့ကိုပြော နှစ်ဆယ်လျှော့မယ်လို့၊ ဒီထက်တော့ မလျှော့နိုင်တော့ဘူးကွာ၊ ဒီထက်လျှော့ခိုင်းဖို့ဆိုရင်တော့ မင်းလာမပြောနဲ့တော့၊ အိမ်ကို ဒီအတိုင်း သော့ခတ်ထားလိုက်တော့မယ်"

ဆရာထံမှ စိတ်ပျက်ဝမ်းနည်းစွာ ထွက်လာခဲ့သည်။ အလုပ်လုပ်နေရသော်လည်း စိတ်လက်မပါ။ ကျွန်တော့်အဖြစ်က ပုစွန်ထုပ်ကြီး ပါးစပ်ထဲရောက်လုရောက်ခင်မှာ ပုဇွန်ချခံလိုက်ရသည့်အလား။

နောက်ရက် သီတင်းတစ်ပတ်ကြာတွင် ဝယ်လက်က ကျွန်တော့်ကို ခေါ်သည်။

mgyoe.com

 mgyoe.com


"အေးလေ မောင်ရင့်ဆရာက ဒီထက်ထပ်မလျှော့တော့ဘူးဆိုရင် ဒီဈေးနဲ့ပဲ ကိုယ် ယူလိုက်တော့မယ်၊ ကဲ မောင်ရင့်ဆရာနဲ့ တွေ့ကြရအောင်"

အို . . . ကျွန်တော်ဆိုတာ ပျော်လိုက်တာ မပြောပါနှင့်တော့ဗျာ . . .။ ကောင်းကင်နှင့် ကျွန်တော့်ဦးခေါင်း တိုက်မိသွားသယောင် ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသည်။

အချုပ်ဆိုရလျှင် ကျွန်တော် အလုပ်ဖြစ်သွားပါသည်။ ငွေကိုးသိန်းလည်း ပိုက်မိသွားသည်။ သို့သော် . . . သို့သော် ထူးဆန်းလေစွ။ ထိုငွေကိုးသိန်းသည် လက်ထဲတွင် ပူအောင်တောင် မနေတော့ဘဲ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပါတော့သည်။

"မင်းတို့ပိုက်ဆံကိုကွယ် . . . မေမေဖြင့် မြင်တောင်မမြင်လိုက်ရပါလား"

မေမေက ညည်းညူသည်။ မောင်နှမသုံးယောက်စလုံး ကိုယ့်အပြစ်နဲ့ကိုယ်မို့ ခပ်ဆိတ်ဆိတ်တိတ်တိတ်သာ။

မမခမျာ အိမ်ကိစ္စများကို ကျွန်တော့်အား အပူမကပ်ဘဲ သူ့နည်းသူ့ဟန်ဖြင့် ပစ္စည်းပစ္စယလေးများ ဝယ်ရခြမ်းရ။ သူရသည့်ပွဲခလေး ပရုတ်လုံးလို ပါးပါး။

ကျွန်တော်ကတော့ ဘာထူးသေးသနည်း။ ထုံးစံအတိုင်း ကြွေးဆပ်ရသည်။ မင်္ဂလာပွဲအတွက် ရည်ရွယ်ထားသော ငွေလေးကို မပွန်းအောင် မပဲ့အောင် ထိန်းသိမ်းရသည်မှာလည်း မလွယ်။

မဖြစ်။ အမြန်ဆုံး မင်္ဂလာပွဲအတွက် လုံးပန်းရတော့မည်။ ဈေးစုံစမ်းရ၊ ကုန်ကျစရိတ်တွက်ချက်ရ၊ မင်္ဂလာခန်းမငှားရ။

မင်္ဂလာဆောင်ခန်းမ သုံးသောင်း၊ ဧည့်ခံကျွေးမွေးစရိတ်တစ်ယောက်ကို ကျပ်တစ်ထောင်နှုန်းဖြင့် ဧည့်ပရိသတ် သုံးရာအတွက် သုံးသိန်း။ မင်္ဂလာပန်းဆင်ယင်ခ . . . နောက် . . .။ နောက် . . .။ နောက် . . . ။ . . .။

လိုသေးသည်။ ဟုတ်ပါရဲ့ . . . မင်္ဂလာအိပ်ရာခမ်းနား။ မေ့လို့မဖြစ်။ ကျွန်တော့်ဆရာ အပြောကောင်းသည်နှင့် ဆရာထံမှ ကျွန်းခုတင်တစ်လုံး ယူလိုက်သည်။ အသပြာ တစ်သိန်း၊ ဈေးသက်သာသည်။ အပြင်မှာလည်း ကျွန်တော် ဈေးမစုံစမ်းတော့ပါ။ ဆရာ၏ ရယ်ရွှန်းပက်ရွှန်းအပြောဖြင့်ပင် တန်နေပြီ။

စပရိန်မွေ့ရာလေးပါ အဆစ်ဝယ်လိုက်ပြန်သည်။ ဆရာ့သောလုံးလေးကလည်း ကျွန်တော့်ကို မရိုးမရွ။

အာ၀ဇ္ဇန်းကောင်းသော ဆရာကြောင့် ဆက်တီတစ်စုံ၊ ဗီရိုတစ်လုံးပါ ဝယ်ဖြစ်သွားသည်။

ဆရာ ရောင်းလိုက်သောအိမ်မှ ပရိဘောဂများလည်း ထွက်သွားပြီ။ ကျွန်တော့်ပိုက်ဆံလည်း အလားတူ . . .ထွက်။

နောက်ထပ် ဆရာ့မှာ ပရိဘောဂပစ္စည်းကျန်သေးလျှင် ဆရာ့အပြောကောင်းပုံနှင့် ကျွန်တော်ကျပြီး ဝယ်လိုက်မည့်ဖြစ်ခြင်း။

ဘာပြောပြော ကုန်ရသည်မှာ တန်ပြီ။ လူနှင့်သူနှင့် တူအောင်နေရတော့မည်။ အိမ်နှင့်တူပြီ။

နို့ . . . နို့ နေပါဦး၊ နေပါဦး။

အိမ်ဆိုမှ နေစရာရှာရဦးမည်။ နှစ်ဘက်စလုံးကို အားကိုး၍မဖြစ်။ တူနှစ်ကိုယ်နေရဖို့ သီးသန့်နေရာလိုသည်။ ကိုယ့်စိတ်ကြိုက် လွတ်လွတ်လပ်လပ်နေချင်သည်။ ကိုယ့်ခြေကိုယ့်လက် ဖြစ်ချင်သည်။

နောက်ဆုံး ဆရာ့မိတ်ဆွေတစ်ယောက်၏ အိမ်နောက်ဖေးတန်းလျားလေးကို တစ်လနှစ်သောင်း ခြောက်လစာချုပ်ဖြင့် ငှားလိုက်သည်။ နေစရာရှိပြီ။

(၆)

အဆုံးမှာတော့ ကျွန်တော့်ကိစ္စ အောင်မြင်စွာပြီးဆုံးသွားခဲ့သည်။ ချစ်စ၊ ကြင်စ၊ အသစ်စက်စက် ဇနီးမောင်နှံနှစ်ယောက်မှာ ထိုကဲ့သို့ လွတ်လွတ်လပ်လပ်နေရသည်မှာ တကယ့်ကို ဖိမ်တွေ့ရပြီ။ ချစ်၍မဝနိုင်။ ပျော်လို့မဆုံးနိုင်။ ကလူကျီစယ်လို့မပြီးနိုင်။ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်ကပင် အပျောက်မခံနိုင်ကြ။

ရှစ်နှစ်တာမျှ အခက်အခဲအမျိုးမျိုးဖြင့် အောင့်အီးသည်းခံခဲ့ရသည့် တောက်ပရွှင်မြူးဖွယ် မင်္ဂလာဦးခွင့်လေးသည် တစ်ခဏချင်း ကုန်ဆုံးသွားတော့သည်။ နှမြောလိုက်ပါဘိတောင်း။

"အစ်ကို အလုပ်တွေလျှော့လိုက်တော့နော်၊ ညီမတို့လည်း မင်္ဂလာဆောင်ပြီးကြပြီပဲ၊ ညစောင့်အလုပ်ကို မလုပ်နဲ့တော့နော်"

ကျွန်တော် တစ်ခဏမျှ တွေသွားသည်။ ချစ်ဇနီးမိမိက ကျွန်တော့်မျက်နှာနား တိုးကပ်ပြီး အားမလိုအားမရဟန်ဖြင့် ဖွဖွညင်သာစွာ ပြောသည်။

"နော် . . .လို့"

"မဖြစ်သေးပါဘူးကွာ၊ ညစောင့်လခလေးက တိုးထားတော့ နှမြောသား၊ ထွက်ပြီးမှ ပြန်လုပ်ချင်နေရင် ကိုယ့်မှာ အခက်ဖြစ်နေပါဦးမယ်၊ အင်း မကြာခင် သားသား၊ မီးမီးလေးတွေကလည်း ရောက်လာတော့မှာ"

mgyoe.com

သက်ပြင်းကို မှုတ်ထုတ်ရင်း တွေးတွေးဆဆပြောလိုက်မိသည်။

"လာချင်ပြီလို့ အစ်ကို့ကို ပူဆာနေကြတယ် မီမီရဲ့"

ကျွန်တော်က ရယ်ကျဲကျဲလေးဖြင့် မီမီကို စလိုက်သည့်အခါ လက်သီးဆုပ်လေးဖြင့် ကျွန်တော့်ရင်ဘတ်ကို ခပ်ဖွဖွထုသည်။

မှုတ္တူ သူ့ဟန်ကလေးက မချင့်မရဲဖြစ်စရာ။

အသစ်စက်စက် ဇနီးမောင်နှံ၏ အပြည့်အဝကြည်နူးသာယာဖွယ် နေ့ရက်များသည် ကုန်ဆုံးခဲ့လေပြီ။ ပန်းနုရောင်နေ့ရက်များက ရင်ဖိုလှိုက်မောဖွယ်။ လွမ်းမောလို့မဆုံးနိုင်။

ရှေ့ခရီးမှာ ဘဝအမောတွေကို ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့ရဦးမည်မှာ မလွဲ။ ဘဝအမောတွေကို ကြံ့ကြံ့ခိုင်နိုင်ဖို့ မကြာမီ ကျွန်တော်သည်လည်း ချစ်သူဘဝကလိုပင် အလုပ်တွေဖြင့် လုံးချာလိုက်ရင်း ဒုံရင်းဒုံရင်းအတိုင်း ရှိတော့မည်မှာ မလွဲ။ စိတ်ပျက်ဖွယ်ကောင်းလေစွ။

"ဒီလိုဆိုလည်း အစ်ကို့သဘောပါပဲလေ၊ ညီဘက်ကတော့ စိတ်ချပါ၊ စီးတဲ့ရေ ဆယ်တဲ့ကန်သင်းပါ အစ်ကို၊ ညီမလခထဲကနေ နောက်ခြောက်လအတွက် အိမ်လခကိုလည်း ဖယ်ထားနိုင်မှ၊ အင်း . . . အိမ်လခတွေ ထပ်မတက်သေးရင် သိပ်ကောင်းမှာပဲနော်"

အသစ်စက်စက် ချစ်ဇနီးမယားလေး၏ မေးဖျားကို လက်ဖြင့် ခပ်ဖွဖွပင့်တင်ရင်း ရွှန်းရွှန်းစားစားကြီး ကျွန်တော်ကြည့်နေမိသည်။

ဘဝအမောတွေကြားမှာ ချိုမြိန်မှုလည်း ရှိပါသေးသည်။ ပါရမီဖြည့်ဘက်၏ အားပေးနားလည်မှုသည်လည်း တဒင်္ဂလေးမျှ ဘဝအမောကို ပြေစရာ။

"အခြေအနေကြည့်ကြီး ညစောင့်အလုပ်ကို ဖြုတ်တန်ဖြုတ်ပါ့မယ် မီမီရယ်"

"ဘယ်လောက် ကြာဦးမှာလဲ ဟင်"

မီမီက မျှော်လင့်တကြီး မေးသည်။ ကျွန်တော် ချက်ချင်းမဖြေနိုင်သေးပါ။ မီမီကိုသာ ငေါင်တောင်တောင် ကြည့်နေမိသည်။

"ဟင် . . . ဘယ်တော့လဲလို့၊ မေးတာဖြေဦး"

ကျွန်တော်က တုံ့ဏှိဘာဝေလုပ်နေသဖြင့် မီမီက အားမလိုအားမရ ထပ်မေးသည်။

"အင်း . . . တစ်နေ့နေ့ပေါ့ကွယ်"

"အဲဒီတစ်နေ့က ဘယ်တော့လဲ . . . ပြော"

ကျွန်တော် မဖြေနိုင်ပါ။ နောက်ထပ် ၆ လ ကျွန်တော်အိမ်ကို ဆက်မငှားနိုင်တော့လျှင်ဆိုသည့် အတွေးနောက်မှာ ...

မျက်နှာအောက်ကျို့ခံကာ မီမီကို သူ့အမေအိမ် ခဏပြန်ပို့ထားရမည်။ မျက်နှာငယ်ပေမယ့်လည်း ရွေးစရာလမ်းမရှိ၊ ကျွန်တော်က စက်ရုံမှာ အိပ်လိုက်ရုံ၊ သည်အတောအတွင်း အိမ်လခ စုဆောင်းရမည်။ ဒါမှ နောက်ခြောက်လ အိမ်ငှားနိုင်မည်။ ထိုအခါကျမှ မီမီကို ယောက္ခမအိမ်မှာ သွားပြန်ခေါ်ရမည်။ နောက်ထပ် ခြောက်လပြည့်လျှင်ကော . . . မည်သို့လာဦးမည်မသိ။

မတွေးချင်။ ကျွန်တော် ဆက်မတွေးချင်တော့။ သည်လိုအချိန်မှာ ထိုအတွေးတွေ ဘာလို့ဝင်လာရသနည်း။ နည်းနည်းမျှမကောင်း။ တွေးလိုက်လျှင် အားလုံးစိတ်ညစ်စရာ။ မတွေးဘဲနေလျှင် ပျော်စရာ။

အို . . . မတွေးတော့။ မတွေးတော့။ ခပ်ပျော်ပျော်ကြီးသာ နေတော့မည်။

"ဟိတ် . . . အဲဒီတစ်နေ့က ဘယ်တော့လဲလို့ မေးနေတယ်လေ"

အိမ်ရှေ့မှာစိုက်ထားသည့် Kiss me quick ပန်းပွင့်ဆုပ်ကြီးများပေါ် ပျားပိတုန်းတစ်ကောင် သဲကြီးမဲကြီး ဝတ်ရည်သောက်သုံးနေသည်ကို ကျွန်တော် တွေ့လိုက်သည်။ မီမီစကားသည်လည်း ကျွန်တော့်နားမှ ချော်ထွက်သွားပါတော့သည်။

မီမီ့နှုတ်ခမ်းလွှာ ပွင့်အာမလာခင် ကျွန်တော်သည်လည်း . . .

"အို . . . အင် . . . အာ . . ."

အာမေဍိတ်အသံလေးများသည် မပီမသညည်းတွားရင်း ငြိမ်သက်သွားပါတော့သည်။

ပျားပိတုန်းက ဝတ်ရည်သောက်လို့ ကောင်းနေဆဲ။

•



mgyoe.com

mgyoe.com

# ငိုရသူ

**ညိုထွန်းလူ**

အိမ်ရှေ့က မော်တော်ကားရပ်သံနှင့် မရှေးမနှောင်းမှာ လေးဘီးကားပေါ်က ဆင်းလာသည့် အရီးလေးတင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ တအံ့တအားဖြစ်သွားရလေသည်။ ရွာနှင့် အဆက်ပြတ်နေတာ ကြာပြီဖြစ်၍ အမေနှင့် သက်တူရွယ်တူတွေ ရွာမှာ တစ်ယောက်မျှမရှိတော့ဟု ထင်မှတ်ထားသည်ကော။ ပြီးတော့ အသက်ကိုးဆယ်ဝန်းကျင်အရွယ်နှင့် မန္တလေးကို အရောက်လာနိုင်သော အရီးလေးတင်၏စိတ်ကို အံ့သြချီးကျူးမိလိုက်သည်။ ယိုင်နဲ့နဲ့ ခန္ဓာကိုယ်လေးသည် နံဘေးမှ အတွဲအကူမရှိ၍မဖြစ်။ ဤသို့ဖြင့် စိတ်သာရှင်စောဘုရားဟော၏ဆိုသည့်အတိုင်း စိတ်ဆောင်ထားသော ခန္ဓာကိုယ်လေးသည် အကူအတွဲတို့ဖြင့် ကျွန်တော့်အိမ်ထဲသို့ အရောက်လာနိုင်ခဲ့လေပြီ။ သက်သောင့်သက်သာရှိဖို့အတွက် ဧည့်ခန်းထဲက ဆက်တီခုံတစ်လုံးမှာ နေရာချပေးပေမယ့် ငြင်းသည်။ ကွပ်ပျစ်ပေါ်မှာ ထိုင်တော့မယ်ဟု ပြော၍ သူ့စိတ်ကြိုက် အလိုလိုက်ရသည်။

အိမ်၏ဧည့်ခန်းက အတန်အသင့်ကျယ်ဝန်းပါသည်။ ညအ ချိန် တီဗီဇာတ်လမ်းကောင်းလျှင် နံဘေးအိမ်တွေကပါ လာရောက် အားပေးကြ၍ ဆက်တီခုံတွေနှင့် ကွပ်ပျစ်ပေါ်မှာ လူအပြည့်ရှိတတ် သည်။

ပွင့်ရိုက်သရက်ထည်လုံချည်နှင့် တရုတ်ပိတ်စအင်္ကျီဝတ် ထားသည့် အရီးလေးတင် ပုခုံးပေါ်မှာ ချည်တဘက် ကြမ်းလေး တင်ထားလျက်။ ဇရာက အနိုင်ယူသွားပြီဖြစ်၍ သူ့တစ်ကိုယ်လုံး ပါးပါး လှပ်လှပ်သာ ရှိတော့သည်။ တစ်ခေါင်းလုံး ဆံပင်တွေ ဖြူဖွေးနေပြီ။ မျက်တွင်းဟောက်ပက်၊ မျက်နှာတစ်ခုလုံး အသားအရေတွေက အိအိတွဲတွဲ။ တွန့်သည့်နေရာတွန့်၊ ကွေးသည့်နေရာ ကွေး၊ ငေးစိုက်ကြည့်နေသည့် အရောင်မှိုင်မှိုင် မျက်လုံးတွေက ကျွန်တော့်အား မြင်မှ မြင်ပါ့မလားမသိ။

'မင်းနှယ်ကွယ်၊ နေနိုင်လိုက်တာ။ ရွာကို တစ်ခေါက်မှ တောင် ပြန်လာဖော်မရဘူးနော်။ ရွာမှာလည်း တို့အရွယ်တွေ ထဲက ငါတစ်ယောက်ပဲ ကျန်ပါတော့တယ်ကွယ်။ ငါလည်း သေဖို့နီးလာပါပြီ။ ဟောဒီနေရာလေးရောက်တော့ မတင်ညွန့်ကို သတိရလိုက်တာ'

ခရီးရောက်ဆိုက် အရီးလေးတင် ငိုလေသည်။ အိမ်ထဲရောက်၍မှ အမောမဖြေနိုင်။ ကွယ်လွန်သွားရှာသည့် အမေ့ကို လွမ်းစိတ်ဖြင့် အောင့်အည်းထားရသမျှ ယခုမှ အတိုးချငိုနေသည်ကို ကြည့်ရင်း စိတ်မကောင်းဖြစ်သွားရသည်။ အရီးလေးတင်သည် အမေ့အကြောင်း ပြောလည်းပြော၊ ငိုလည်း ငို၊ ကြမ်းပြင်ပေါ်မှာ ဘယ်ဖက်လက်ဖြင့်ထောက်၍ ခပ်စောင်းစောင်းထိုင်ရင်း သူ့ညာဖက်လက်က ကြမ်းပြင်ကို ညင်ညင်သာသာတို့နေလျက်၊ ဟောဒီနေရာလေးရောက်တော့ တဲ့ ငေးနေရင်း လွန်ခဲ့သည့် ၁၀ နှစ်က ကွယ်လွန်သွားသည့် အမေ့ကို သတိရ လိုက်သည်။ ဟုတ်တာပေါ့။ တစ်ခါက အမေနှင့် အရီးလေး တင်ထိုင်၍ စကားပြောကြသည်။ ဟောဒီကွပ်ပျစ်နေရာလေးကို ကျွန်တော်မေ့လျော့နေမိပါ၏။

အမေမဆုံးခင် တစ်နှစ်က မန္တလေးသို့ အရီးလေးတင် တစ်ခေါက်လာခဲ့ဖူးသည်။

'ဟောတော် ... အရီးလေးတင် ဆိုင်းမဆင့်ဗုံမဆင့်' ဗြုန်းစားကြီးရောက်လာသည့် အရီးလေးတင်ကို တွေ့လိုက်ရ၍ အမေမှာ အံ့သြဝမ်းသာ၍မဆုံး။ ထိုအချိန်က မှတ်မှတ်ရရ မနက် ၁၀ နာရီ လောက်ပဲရှိဦးမည်။ တစ်ဦးကိုတစ်ဦး အပြုံး အရယ်တွေ ကူးစီး၍ ပျော်ရွှင်နေကြသည်။ သူတို့နှစ်ယောက် အချစ်ကို မြင်ရ၍ ကြည်နူးမိသည်။ နှစ်ယောက်သား ကွပ်ပျစ်

mgyoe.com

mgyoe.com

ပေါ်မှာ အေးအေးလူလူ မျက်နှာချင်းဆိုင်ထိုင်ကြသည်။ သူတို့နှစ်ယောက်အလယ်မှာတော့ လက်ဖက်ဆီဆမ်း၍ နံဘေးမှာ ကြက်သွန်ဖြူကြော်ခပ်နည်းနည်းပုံထားသည့် လက်ဖက်ပန်းကန်ပြားတစ်ချပ်။ ပြောလိုက်ကြသည့် ရွာအကြောင်း ရပ်အကြောင်း။ လက်ဖက်ဆီဆမ်းကို မြုံ့လိုက်၊ ကြက်သွန်ဖြူလေး ဝါးလိုက်ဖြင့် ရွာထိပ်မှာရွာဖျား၊ ရွာ၏အရှေ့ခြမ်း၊ အနောက်ခြမ်း၊ မြောက်ခြမ်း၊ တောင်ခြမ်းရှိသမျှနှင့် သတိရသမျှအားလုံး တစ်ခုမျှမကျန်အောင် ပြောကြသည်။ တစ်ခါတရံ အတိတ်နောက်ကြောင်းကို လှန်၍ စားမြုံ့ပြန်သည်။ ပြောနေရင်း တစ်ယောက်ကမေ့တော့ တစ်ယောက်က စကားအစဖော်မေးသည်။ ဤသို့ဖြင့် အတိုင်အဖောက်ညီသောစကားဝိုင်းသည် ညနေစောင်းမှ အဆုံးသတ်နိုင်ကြသည်။

'အရီးလေးတင် ... နောက်နှစ် လာခဲ့ဦးတော်'

'အေးပါကောင်မရယ်၊ လာရဦးမှာပ။ ပြောရမယ့် စကားတွေ စုထားလိုက်မယ်'

အမှာပါးနေသည့် အမေ့ကိုကြည့်ရင်း ပြုံးပြုံးကြီး ပြောလိုက် သည်။ အမေ့အပေါ်မှာရှိသည့် အရီးလေးတင်၏ သံယောဇဉ်ကား ကြီးလှသည်။ မြို့သစ်မှာတည်း၍ တကူးတကန့်လာရခြင်းဖြစ်သည်။ မော်တော်ကားခ အသွားအပြန် စရိတ်က နည်းတာမဟုတ်။ သူ့မှာ သမီးနှစ်ယောက်ရှိသည်။ မြို့သစ်မှာ လက်သမားလုပ်နေသည့် ကိုကံဝင်းက သမီးငယ် မကျင်လှိုင်ရဲ့သား။ သူ့မြေးအိမ်မှာတည်း၍ အဲဒီက တစ်ယောက်ယောက်ကို အမေ့ဆီသို့ လိုက်ပို့ခိုင်းတတ်သည်။ ယခုလည်း ကိုကံဝင်း၏ သားအငယ်ကောင်နှင့် အိမ်ကိုရောက်လာခဲ့ ပြန်ပြီ။ သို့သော် စကားပြောဖော်ပြောဖက် အမေမရှိတော့။ ပြောစရာ စကားတွေ မည်သူ့ကို ပြောရတော့မည်နည်း။ စီးအန့်လာသည့် မျက်ရည်များသည် သူပြောချင်သည့် စကားတွေသာ ဖြစ်ပါလိမ့်မည်။ ပခုံးပေါ်က တဘက်ကြမ်းလေးနှင့် မျက်ရည်များကိုတို့ကာ တရှုပ်ရှုပ်ငိုနေသော အရီးလေးတင် ငိုသံတွေထဲမှာ အမေ့အကြောင်းပါသည်။ အဖေ့အကြောင်းပါသည်။ နားထောင်ရင်း ရင်ထဲသို့ ကြေကွဲ ဝမ်းနည်းစိတ်တွေ တိုးဝင်၍လာခဲ့သည်။ ဆက်တီခုံပေါ်မှာ ထိုင်နေကြသည့် သမီးနှစ်ယောက်က နားမလည်နိုင်သလို ငေးကြည့်နေကြသည်။ တက္ကသိုလ်မှာ ဘွဲ့ရပြီး ပြင်ပသင်တန်းတွေ တက်နေကြသည့် သူတို့အဖို့ အထူးအဆန်းဖြစ်နေသည့်ဟန်။

'အရီးလေးတင်၊ လက်ဖက်လေး သုံးဆောင်ပါဦး' မီးဖိုခန်းထဲမှ ထွက်လာသည့် ဇနီးသည်က စိတ်အာရုံပြောင်းလိုပြောင်းငြား ပြောသည်။ ပန်းကန်ပြားထဲမှာတော့ သူတို့အကြိုက် လက်ဖက်ဆီဆမ်းနှင့် ကြက်သွန်ဖြူကြော်။ သို့ရာတွင် လက်ဖက်ပန်းကန်က အရီးလေးတင်၏ အလွမ်းကို မြင့်ပေးလိုက်သလိုဖြစ်သွားသည်။ အမေ့ကို တိုး၍ သတိရသွားစေသည်။ အမေနှင့် အတူနေခဲ့ကြသည့် အချိန်ကာလများ၊ တစ်ဦးနှင့်တစ်ဦး သုံးလွန်းတင်သည့် အလွမ်း၊ သံယောဇဉ်အနှောင်အဖွဲ့၊ အရီးလေးတင်၏ ငိုသံများသည် ကျွန်တော့်အား ရွာဆီသို့ ဆွဲခေါ်သွားပါလေတော့သည်။

* * *

အမေနှင့် အရီးလေးတင်ကား ငယ်သူငယ်ချင်းလည်း ဖြစ်၊ ညီအစ်မလည်းတော်သည်။ သူတို့နှစ်ယောက်က ငယ်ငယ်ကတည်းက အတူစား၊ အတူသွား၊ အတူဆော့ကစားခဲ့ကြ၊ နေဝင်မိုးချုပ်တော့မှ လမ်းခွဲ၍ ကိုယ့်အိမ်ကိုပြန်ကြသည့် နှစ်ဝမ်းကွဲညီအစ်မဖြစ်သည်။ အပျိုပေါက်အရွယ်ရောက်တော့လည်း ရေခပ်၊ ထင်းခွေ၊ ပဲနုတ်၊ ဝါးကောက် နှစ်ဦးသား တပူးတွဲတွဲ မခွဲမခွာ။ အရီးလေးတင်က ရွာဖျားမှာ နေသည်။ ရွာလယ်ရှိ အမေ့အိမ်နှင့် နည်းနည်းလှမ်းသည်။ သို့သော် မနက်လင်းလာလျှင် အမေ့ဆီသို့ အရီးလေးတင် ရောက်လာခဲ့ပြီ။ တစ်ခါတရံ အချိန်တန်၍ ရောက်မလာခဲ့လျှင် လည်ပင်းညောင်ရေအိုးဖြစ်မတတ် အမေမျှော်လေ့ရှိသည်။ ထို့နောက် လုပ်လက်စ အလုပ်တွေကို ပစ်ထားပြီး အရီးလေးတင်အိမ်သို့ လိုက်သွားတတ်သည်။ သည့်နှယ် သံယောဇဉ်ကြီးမားလှသော သူငယ်ချင်း ညီအစ်မဖြစ်သည်။ အရီးလေးတင်၏ နာမည်အပြည့်အစုံက ဒေါ်မယ်တင်။ သဘောကောင်းသည်။ အမေ့အနွံအတာကို ခံသည်။ သူ့ခင်ပွန်း ဦးပေါက်ကျော်ကလည်း လူရိုးလူအေး။ ညနေမှာတော့ ထန်းရည်လေး မော့တတ်သည်။ အမူးလွန်တာမျိုး ကြုံရခဲပေမယ့် တစ်ခါတစ်ရံ သောက်တာလိုသည်ထက် ပိုသွားလျှင် သွေးဆိုးပြီး အရီးလေးတင်အား ရိုက်တတ်သည်။ ဤကဲ့သို့ဖြစ်လာလျှင်လည်း အရီးလေးတင် ဘာမျှပြန်မပြော။ ရိုက်သမျှကို ကျောခင်း၍ ခံသည်။ သားကို သခင်၊ လင်ကို ဘုရားဟု သတ်မှတ်ထားသည့် အရီးလေးတင်။ သူ့သူငယ်ချင်းအမေ့အပေါ်မှာကော ဘာမျှမထူးပါ။ အမေဆူသမျှ ငေါက်သမျှကို ပြုံးပြုံးလေးဖြင့် ငြိမ်၍ နားထောင်နေတတ်သည်။

အမေသည် သက်တူရွယ်တူမို့ သူ့ကို မယ်တင်ဟု ခေါ်သည်။ ကောင်မဆိုသော အသုံးအနှုန်းသည် သူတို့နှစ်ဦးကြားတွင် အင်မတန်မှာ ရင်းနှီးမှုကို ပေါ်လွင်အောင်ဖော်ပြနေခြင်း၊ ဒေါ်မယ်သည် ကျွန်တော်၏ အရီးဖြစ်သည်။ အရီးလေးတင်... ကျွန်တော်ခေါ်သလို အဖေကလည်း လိုက်၍ခေါ်သဖြင့် အမေ့

mgyoe.com

mgyoe.com

မှာ မနေသာတော့ဘဲသူ့လေသံကိုပြောင်းကာ အရီးလေးတင် ဖြစ်သွားခဲ့သည်။ ကျွန်တော် ဆယ်နှစ်သားအရွယ်တွင် ကျွန်တော်တို့မိသားစု မန္တလေးသို့ပြောင်းလာကြ၍ ရွာနှင့်ဝေးသွားခဲ့သော်လည်း အရီးလေးတင်ကတော့ ကျွန်တော့်စိတ်ထဲမှာ အမြဲရှိနေခဲ့သည်။ သည်လိုဖြစ်လာအောင်လည်း အမေက ကျွန်တော့်နှလုံးသားထဲသို့ သံမှိုစွဲပေးထားခဲ့သည်။ အမေသည် စိတ်လိုလက်ရအချိန်မှာ သူတို့နှစ်ယောက်၏ ငယ်ဘဝအကြောင်းကို ပြောပြလေ့ရှိသည်။ ခဏခဏ ပြောဖန်များလာသောအခါ ပြောသည့်အကြောင်းအရာတွေက အပ်ကြောင်းထပ်ကုန်သည်။ သို့သော် မည်သို့ပင် ပြောစကားတွေ ထပ်ပါစေ၊ ဟောင်းမြည့်သွားပါစေ၊ ဖန်တစ်ရာထေ ဖြစ်နေသော်လည်း အမေသည် ပြောမြဲ၊ ရွာနှင့် အရီးလေးတင်ကို လွမ်းစမြဲ။ အမှန်တော့ သည်အကြောင်းတွေကို ပြောရင်း အရီးလေးတင် အမေ့ကို လွမ်းနေခြင်းဖြစ်သည်။ ထိုအလွမ်းသည် ကျွန်တော့်ရင်ထဲကို ကူးစက်သွားခဲ့သည်။ အမေသည် စိတ်လိုလက်ရဖြစ်တိုင်း သူတို့ငယ်ဘဝအကြောင်းကို ပြောပြလေ့ရှိသည်။ သူတို့ငယ်ငယ်တုန်းက ရွာကို လာကသည့် မင်္ဂလာဦးအောင်မောင်းနှင့် ဦးဖိုးစိန်ကြီးဇာတ်ကို ကြည့်ရသည့်အကြောင်း၊ ရွာအရှေ့က ချမ်းသာကြီးဘုရားဆွမ်းလောင်းပွဲမှာ နှစ်ယောက်သား လုံခြည်ဆင်တူဝတ်၍သွားကြတော့ အဘွားသောင်းတင်အိမ်က ခွေးလိုက်ဆွဲ၍ ထွက်ပြေးရသည့်အကြောင်း၊ ဒေါ်သန်းခင်ကြီး သားဦးမွေးတော့မှာမို့ ဗိုက်နာတာမှတ်၍ အိမ်သာသွားတက်တာ အရီးလေးတင် အသိစောပြီး အိမ်သာထဲက အမြန်ခေါ်ထုတ်ခဲ့ရကြောင်း၊ နို့မဟုတ်ရင် အခုလူပျိုကြီးဖားဖားဖြစ်နေသည့် ဖိုးကုလား လူ့လောကထဲသို့ရောက်မလာဘဲ ချေးတွင်းထဲကျ၍ သေနေမှာဖြစ်ကြောင်း၊ အမေ့စကားတွေက အဆက်အစပ်မရှိ၊ တောရောက်တောင်ရောက် စိတ်ကူးတည့်ရာပြောချင်ရာ ပြောသည်။

'အရီးလေးတင်က စာသာ မတတ်တယ်။ မှတ်ဉာဏ်အလွန်ကောင်းတာဟဲ့။ သူမို့လို့လည်း နောက်ပိုင်းဇာတ်ထုပ်တွေက ငိုချင်းတွေကို ရတယ်။ အမေတို့မှာ ရွာကို ဦးဖိုးစိန်တို့၊ ဦးအောင်မောင်းတို့လာကတော့ နောက်ပိုင်းဇာတ်ထုပ်ကြည့်ရင်း မျက်ရည်တောင်ကျမိတယ်။ အဲဒါ အရီးလေးတင်က နောက်နေ့ ဝါကောက်ရင်းဆိုပြတော့ အမေတို့လည်းထပ်ပြီး လွမ်းရပြန်ရော။ သူ ခဏခဏဆိုပြလို့ အမေတောင် အလွတ်ရတယ်။ ဟို ငိုချင်းလေ၊ ဘာတဲ့ဟယ် … အဲ … မှတ်မိပြီ 'ထောင်သောင်းရယ်ညည်းပါတယ်၊ အောင်မောင်းသံ ညည်းပါတယ်၊ အောင်မောင်းသံအတန်တန်ပ၊ အဖန်ဖန်ကြား အား …၊ မအေးပါ၊ ဆွေးဖျာပိုမယ့် အရေးတွေကြောင့် အမယ်လေး …' အရီးလေးတင်၏

လက်ကျရနေသည့် အမေသည် သူ့ငိုချင်းထဲမှာ နှစ်မြောဖို့ ဟန်ပြင်နေစဉ် အပြင်မှပြန်လာသည့် အဖေ့ကိုမြင်လိုက်ရ၍ အသံတိတ်သွားလေတော့သည်။ တစ်ဦးတည်းသော ပရိသတ်ဖြစ်သူကျွန်တော့်ခမျာလည်း အမေငိုချင်းမဆုံး၍ ကသိကအောက်ကြီးဖြစ်သွားခဲ့သည်။ မြန်မာ့ဇာတ်သဘင်၏ နောက်ပိုင်းဇာတ်ထုပ်တွေထဲက ငိုချင်းများသည် အလွမ်းကို ဖော်ကျူးနေပါသည်။ ကျွန်တော်လည်း အမေ့ဆီမှ ငိုချင်းကို နားထောင်ရင်း အရီးလေးတင်၏ အလွမ်းကို ရေးရေးရိပ်ရိပ် တွေ့မြင်လိုက်ရသည်။

တစ်ညတော့ အဖေနှင့် စကားစပ်မိစပ်ရာ ပြောကြရင်း အရီးလေးတင်နှင့် ငိုချင်းတွေအကြောင်း ရောက်သွားသည်။

'မင်းအမေပြောတာ ဟုတ်တယ်ကွ။ အရီးလေးတင်က အမှတ်အသား သိပ်ကောင်းတာကိုး။ ရွာမှာလာကကြတဲ့ ဇာတ်တွေရဲ့နောက်ပိုင်းဇာတ်ထုပ်ထဲက ငိုချင်းမှန်သမျှ အကုန်ရတယ်။ ဘယ်တော့မှလည်း မမေ့ဘူး။ တစ်ခုတော့ အံ့သြစရာကောင်းတယ်။ မင်းသား၊ မင်းသမီးတွေရဲ့ နှစ်ပါးသွားသီချင်းတွေကျတော့ မရပြန်ဘူး။ သူ့မှတ်ဉာဏ်က စွဲမိစွဲရာ စွဲတဲ့သဘောထင်ပါရဲ့ကွာ။ အဖေတို့ငယ်ငယ်တုန်းက အသံချဲ့စက်ဆိုတာလည်းဆယ်ရွာစုမှ တစ်လုံးမရှိတော့ သီချင်းနားထောင်ဖို့က ခက်တယ်ကွ။ ရွာကို ဇာတ်တွေလာကတော့မှပဲ ဇာတ်ထဲက သီချင်းတွေကို အမိအရလိုက်ကျက်ပြီး ပြန်ဆိုကြရတယ်။ အရီးလေးတင်ကလွဲလို့ သီချင်းအစအဆုံး ဘယ်သူမှ မရကြဘူး။ သူကလည်း ငိုချင်းပဲရတော့ မင်းအမေတို့လည်း သူတို့ရတဲ့သီချင်းပဲ အဆိုခိုင်းပြီး အပန်းဖြေကြရရှာတယ်။ ပြောရဦးမယ်။ အရီးလေးတင်က မင်းအမေကိုချစ်ရှာလောက် မင်းအမေကလည်း သူ့အပေါ်အတော်ဆိုးတာကွ။ တစ်ညကွာ မှတ်မှတ်ရရ လသာတဲ့အချိန် အရီးလေးတင်တို့အိမ်ရှေ့က တလင်းထဲမှာ ဝိုင်းစုပြီး မြေပဲဆွတ်နေကြတယ်။ အဲဒါကွာ မင်းအမေက ပျင်းလိုက်တာကောင်မရယ်၊ ငိုချင်းလေးတစ်ပုဒ်လောက် ဆိုပြစမ်းပါလို့ ခိုင်းတယ်။ အရီးလေးတင်ကလည်း သူ့အဖေကြားသွားရင် စိတ်ဆိုးမှာမို့ ငြင်းရှာတယ်'

အဖေက ပြောလက်စစကားကို ရှေ့သို့မဆက်သေးဘဲ တစ်ခဏ ရပ်လိုက်သည်။ နံရံဆီသို့ငေးစိုက်ကြည့်နေသော အဖေ၏မျက်လုံးတွေထဲမှာ ရွာ၏ပုံရိပ်တွေ ထင်ဟပ်နေပါလိမ့်မည်။ ကျွန်တော်တို့ရွာတွင် မြေပဲဖော်ချိန်ရောက်ပါက အခင်းထဲမှ မြေပဲအပင်တွေကို နုတ်ပြီး အိမ်သို့ လှည်းနှင့်တိုက်လာလေ့ရှိသည်။ ပြီးမှအိမ်ရှေ့တလင်းထဲမှာစုပုံ၍ နေပူလှမ်း အခြောက်ခံသည်။ သုံးလေးရက်နေပြပြီးပါက မြေပဲအပင်တွေလည်း ခြောက်သွားပြီ။ သည်လိုအချိန် ညအခါ လသာသာတွင် ဝိုင်း

mgyoe.com

ဖွဲ့၍ အမြစ်မှာသီးနေကြသည့် မြေပဲတွေကို ဆွတ်ယူရသည်။ ကျွန်တော်လည်း ငယ်ငယ်က အမေနှင့်အတူ မြေပဲဆွတ်ခဲ့ဖူးသေးသည်။ မြေပဲတစ်ပြည်ဆွတ်ခ ငါးပြားရသည်။

'အရီးလေးတင်ရဲ့အဖေနာမည်က ဦးမင်းစိန်တဲ့။ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း။ ပြောင်းဖူးဖက်လိပ်ကြီးဖွာပြီးခပ်အေးအေးနေတတ်တယ်။ ဘယ်သူနဲ့မှ အချိန်ကြာကြာစကားပြောတာမဟုတ်ဘူး။ စိတ်တော့ဆတ်တယ်ဟေ့။ သူ့သားသမီးတွေကို စိတ်တိုင်းမကျရင် ထရိုက်တာ။ ရိုက်မိရင်လည်း အရိုက်ခံရတဲ့သူက မြှော့နေအောင် ခံရတာဟ။ အဲဒါကိုသိရက်နဲ့ မင်းအမေကလည်း တပူပူ၊ တကျည်ကျည်လုပ်ပြီး ငိုချင်းဆိုခိုင်းတယ်လေ။ အရီးလေးတင်ခမျာ ငြင်းမရတော့လည်း ဆိုရတာပေါ့ကွာ။ ဖြစ်ချင်တော့ ဆိုမယ့်ဆိုတော့လည်း ဘုန်းကြီးပျံဗေယင်ကျူးတဲ့ ငိုချင်းကွ။ အဲဒီတုန်းက ရွာအနောက်ကျောင်းဆရာတော် ဦးဝိမလ တော်တော် မကျန်းမာနေရှာတာ။ ဒါကိုဘယ်သူမှ သတိမထားမိကြဘူး။ အရီးလေးတင်က အစတော့တိုးတိုးလေးဆိုတာ။ နောက်ပိုင်းစျာန်ဝင်သွားပြီး အသံက တဖြည်းဖြည်းကျယ်လာတယ်။ ဟာ ... အဖြစ်က ဆိုးလိုက်တာကွာ။ ဘကြီးမင်းစိန် ထန်းပလပ်ပြားကြီးကိုင်ပြီး အိမ်ထဲကပြေးထွက်လာတာဟေ့။ အရီးလေးတင်က မသိဘူး။ လူတို့ဘုံမနေချင်လို့၊ ထေရ်အရှင်မြန်းကာ ကြွလေရှာ့ ...လို့ လုပ်နေတုန်း ဘကြီးမင်းစိန်က သေချင်းဆိုးမ၊ နိမိတ်မရှိ နမာမရှိ။ ငိုချင်းချနေတယ်။ ဒီလောက်တောင် ရှိလှတာ ကဲဟာ ဆိုပြီး ထန်းပလပ်ပြားကြီးနဲ့ လိုမ့်တွယ်တာ။ မင်းအမေတို့အားလုံး ကြောက်အားလန့်အားနဲ့ အကုန်ထွက်ပြေးကြရောကွာ'

မှတ်မိသမျှ နောက်ကြောင်းတွေကို ပြန်ပြောနေသည့် အဖေ့မျက်နှာပေါ်တွင် အပြုံးရိပ်လေးတွေ ပေါ်လာခဲ့သည်။ ကျွန်တော်လည်း အဖေနှင့်အတူ ပြုံးဖော်ရယ်ဖော်ရှိခဲ့ပေမယ့် အရိုက်ခံရသည့် အရီးလေးတင်၏ ပုံရိပ်ကိုမှန်းဆကြည့်ရင်း စိတ်မကောင်းဖြစ်သွားမိသည်။ အိမ်ထောင်မကျခင်က ဖခင်၏ အရိုက်အနှက်ကို ခံရသည်။ အိမ်ထောင်ကျပြန်တော့လည်း လင်ယောကျာ်း၏ အရိုက်အနှက်မှာ မလွတ်နိုင်။ အရီးလေးတင်၏ ကံဇာတာသည် အရိုက်အနှက်ခံရစေသည့် ဂြိုဟ်နက္ခတ်များနှင့် ဂဟေဆက်ပေးခဲ့သည်လား မပြောတတ်ပါ။

* * *

အစကနဦးတော့ ကလေးလို တရှုပ်ရှုပ်ငိုနေရှာသည့် အရီးလေးတင်ကို အငိုရပ်သွားအောင် မည်သို့ချော့ရမည်နည်းဟု စဉ်းစားခဲ့သည်။ သို့သော်လည်း သူ့အငိုနှင့်အလွမ်းသည် ကျွန်တော့်နှလုံးသားအား ထိုးဆွနေလေ၍ ချော့ရမည့်ကိစ္စကို မေ့ကာ ရင်ထဲတွင် တင်းကျပ်သွားခဲ့ရသည်။ ကိုယ့်ကိုယ်ကိုယ် သတိမပြုမိခင် စိတ်အာရုံတွေက လျှပ်တစ်ပြက်ပြေးထွက်သွားတတ်သည်။ 'မင်းအဖေက ရွာကို ပြန်ရောက်ရင် အရီးလေးတင်ရေ ... ကျွန်တော့်ကို ပဲရေပွကြော်နဲ့ ချဉ်ပေါင်ဟင်းငရုတ်သီးစပ်စပ်လေး ချက်ကျွေးစပ်ပါတဲ့။ ဟဲ့ မောင်ထွန်းရွှေရယ် မင်းတို့မြို့သားပါးစပ်နဲ့ ဒီဟင်းတွေ အဝင်ချောပါ့မလားမေးတော့ရယ်လိုက်တာ။ ကျွန်တော်က အရီးလေးတင်ချက်ကျွေးတာကိုစားချင်တာလို့ပြောတယ်။ သူခိုင်းတော့ ချက်ပေးရတာပေါ့လေ။ စားလိုက်တာကွယ် အားရပါးရပဲ။ အခုတော့ မောင်ထွန်းရွှေလည်း မရှိရှာဘူးနော်။ ရှိများရှိသေးရင် သူကြိုက်တာလေးတွေချက်ကျွေးချင်လိုက်တာကွယ်' ပြောရင်းဖြင့် အသံတိုးတိတ်သွားကာ အဖေ့အား သတိတရနှင့် ငိုရှာသည်။ အဖေနှင့်အမေကို တမ်းတရင်း လွမ်းမျက်ရည်နှင့် ငိုပွဲဆင်နေသည့် အရီးလေးတင်အား ကျွန်တော် ငေးကြည့်နေမိသည်။ သန့်စင်ကြည်လင်သော မျက်ရည်ပွင့်များသည် အနားမှာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေသည့် ဇနီးသည်ကိုလည်း မျက်ရည်တွေ ဝိုင်းလာစေခဲ့ပြီ။

အမှန်တော့ အရီးလေးတင်သည် ပင်ကိုစိတ်ရင်း ဖြူစင်မှုနှင့် သွားလေသူတို့အား အလွမ်းစိတ်နှင့်ပြောပြနေခြင်းဖြစ်သည်။ မည်သူ့ကိုမဆို မေတ္တာစိတ်ဖြင့်သာ ကြည့်တတ်၊ ခံစားတတ်သည်။ အိမ်ထောင်ကျပြီးနောက် ငိုချင်းတွေ မဆိုတော့ပေမယ့် အသုဘအိမ်ကိုသွား၍ သွားလေသူအကြောင်း တစ်ဖွဲ့တစ်ခွဲ့ပြော၍ ငိုတတ်သည်။ ပြောလိုက် ငိုလိုက်မို့ အနီးအပါးရှိသူတွေပါ မျက်ရည်မဆည်နိုင်တော့။ အဲသည်လိုငိုခဲ့တာ ကိုနက်တူးအသုဘမှာ ကြုံခဲ့ရသည်။ ကိုနက်တူးက ခပ်ဆိုးဆိုး။ အမြဲတမ်း ထန်းရည်မူးပြီး ရွာထဲမှာ ရမ်းကားနေသူ။ ရွာဟုဆိုသော်လည်း တစ်ရွာလုံးလိုလို ဆွေမျိုးစပ်လျှင် တော်စပ်ကြသူတွေချည်းဖြစ်၍ သူ့ဆွေကိုယ့်အမျိုးစိတ်ဖြင့် အမှားအမှန်မခွဲခြားဘဲ ခွင့်လွှတ်သည်းခံကြလေ့ရှိသည်။ ကိုနက်တူး၏ ဒုက္ခကို တစ်ရွာလုံးခံခဲ့ကြရ၍ သူသေဆုံးသွားသည့်အချိန်တွင် ဝဋ်ကျွတ်သွားပြီအတွေးနှင့် အားလုံးပေါ့ပါးသွားကြသည်။ နာရေးအိမ်ကိုလာသူတိုင်း မည်သူမျှ မျက်ရည်မကျ။ သို့သော် အရီးလေးတင်ကိုတော့ ခြွင်းချက်ထားရတော့သည်။

အသုဘအလောင်းပြင်ပြီး မကြာခင် တဘက်ကလေးခေါင်းပေါ်တင်၍ အရီးလေးတင်ရောက်လာခဲ့သည်။ ဖျာကြမ်းတွေပေါ်မှာ မျက်နှာအိုအိုနှင့် စု၍ထိုင်နေကြသည့် မိန်းမတွေက နေရဖယ်ပေးပေမယ့် မထိုင်ပါ။ အလောင်းပြင်ထားသည့် နေရာဆီသို့ တန်းတန်းမတ်မတ်သွားသည်။ ထို့နောက် ခုတင်ကိုတင်ပါးလွဲထိုင်ပြီး စန့်စန့်ကြီးလှဲနေသည့် ကိုနက်တူးမျက်နှာ

mgyoe.com

ကို ငေးစိုက်ကြည့်နေသည်။ ကြည့်ရင်းဖြင့် သူ့ပါးပြင်မှာ မျက်ရည်တွေ စီးကျလာခဲ့သည်ကော။ 'နက်တူး ... ဟဲ့ နက်တူး၊ ငါ့တူလေး၊ အရီးလာပြီလေ၊ ထကြည့်ပါဦး၊ ငါ့တူလေးရယ်။ အရီး ပိုက်ဆံပေးဦးတော့၊ အခုတော့ တောင်းပါဦးလားနက်တူးရဲ့။ အရီးမှာ ပိုက်ဆံပါလာတယ်နော်။ ထန်းရည်မမူးရင် ငါ့တူလေးက အကောင်း။ ရွာထိပ်က တံတားကြီးကျိုးတော့ ငါ့တူက သွားလို့လာလို့ရအောင် ပြင်ပေးလိုက်တာလေ။ အရီးတို့ တံတားပေါ် စိတ်ချလက်ချသွား၊ ဘာမှမဖြစ်ဘူး။ ကျွန်တော် အာမခံတယ်လို့ မင်းပြောတာကို အရီးမှတ်မိနေတယ်ဟဲ့။ အဘွားစိန်ကြီးနေမကောင်းတော့လည်း မင်းပဲအစအဆုံးပြုစုပြီး အလောင်းမြေချတဲ့အထိ ဦးဆောင်လုပ်သွားတာလေ။ နက်တူး ငါ့တူလေးရယ်၊ အခုတော့ အရီးတို့ကို ခွဲသွားပြီလား။ အရီးကို ပြောဦးလေ နက်တူးရဲ့'

အရီးလေးတင်၏ အပြောနှင့်အငိုက အသုဘတစ်ခုလုံးကို လွှမ်းခြုံသွားသည်။ လူတိုင်းလူတိုင်းမှာ အကောင်းအဆိုးနှင့် ဒွန်တွဲလျက်ရှိ၏။ အဆိုးသည် မုန်တိုင်းခြင်းနှင့် စက်ဆုပ်ရွံရှာမှုကို ပေါက်ဖွားစေသည်။ အဆိုးက အားသာခဲ့လျှင် အကောင်းသည် တိမ်မြုပ်ပျောက်ကွယ်၍နေတတ်သည်။ သို့ရာတွင် အဆိုးထဲကအကောင်းကို မေတ္တာစိတ်ဖြင့် ကြည့်လျှင် မြင်ရတတ်သည်။ ဤသို့ဖြင့် အရီးလေးတင်၏ နက်တူးအပေါ်မှာထားခဲ့သော မေတ္တာစိတ်သည် အသုဘရှုလာကြသူအားလုံးကို ရိုက်ခတ်သွားခဲ့သည်။ ကျွန်တော်တို့အားလုံး မျက်တောင်မြန်မြန်ခတ်ရင်း အရီးလေးတင်အား ငေးမောနေမိကြသည်။

'နက်တူးရေ ... ငါ့တူလေး အေးသန်းကိုတွေ့ရင်ပြောလိုက်ဦးနော်။ ဒီနှစ် သူ့ယာခင်းက ကောင်းလိုက်တာလို့။ ရှင်အုန်းမယ်ကိုလည်း အရီးက မှာလိုက်တယ်။ သူ့သားကျော်ဇံလည်း ကျန်းမာရေးမှူးဖြစ်သွားပြီလို့နော်'

သံသရာခရီးကို သာမန်ခရီးဟု အရီးလေးတင် တွေး နေသလားမပြောတတ်။ ကိုနက်တူးကို ရှေ့ကအရင်သေသွားနှင့်သူတွေနှင့် တွေ့လျှင်ပြောပြဖို့ တဖွဖွမှာကြားနေရှာသည်ကိုး။ အရီးလေးတင်၏အမှာစကားတွေက မဆုံးနိုင်။ ဒွေးတော်မြ၊ ကိုကြီးပေါ်ဌေး၊ ရွာတောင်ပိုင်းက ကလေးမီးမဖွားနိုင်ဘဲ ဆုံးသွားသည့် မအေးချို၊ ဦးပြားမောင် စသည်ဖြင့် သေသူကိုနက်တူးကို အကြောင်းပြု၍ အခြားကွယ်လွန်အနိစ္စရောက်သွားသူတို့ပါ တစ်နှယ်ငင်တစ်စင်ပါပြီး တစ်ဖွဲ့တစ်နွဲ့ပြောငိုနေသည့် အရီးလေးတင်ကိုကြည့်ရင်း အသုဘလာကြသူတွေအားလုံး လွှမ်းကြရလေပြီ။ ဘဝတစ်ပါးသို့ ခရီးထွက်ခွာသွားကြသော သူ့ဆွေမျိုး၊ ကိုယ့်ဆွေမျိုးတွေကို လွမ်းစိတ်ဖြင့် သတိရကာ မျက်ရည်မဆည်နိုင်အောင် ဖြစ်သွားခဲ့သည်။ အမေလည်း အနှစ်နှစ်ဆယ်ကျော်က ကွယ်လွန်အနိစ္စရောက်သွားခဲ့သည့် သူ့အဖေနှင့် အမေ(ကျွန်တော့်အဘိုးနှင့်အဘွား)ကို သတိရရင်း ငိုရှာသည်။ အမေငိုတော့ ဘာမှန်းမသိဘဲ ကျွန်တော်လည်း ငိုရပါသည်။ အသုဘတစ်အိမ်လုံး ငိုသံရှိုက်သံတို့ဖြင့် ပွက်လောညံလျက်ရှိသည်။ ယခုတော့လည်း ကျွန်တော်သည် အရီးလေးတင်အား ငေးကြည့်ရင်း အဖေနှင့်အမေကို ပြန်လည်သတိရကာ ရင်ဆို့၍ လွမ်းမျက်ရည်စိုလာရပါတော့သည်။ သတိနှင့်ယှဉ်တွဲမရှိတော့သည့် အသိမှတ်ဉာဏ်တွေထဲမှာ အဖေနှင့် အမေကို တွေ့လိုက်ရသည်။ မိဘနှစ်ပါး၏ရင်ငွေ့အောက်မှာ လူလားမြောက်ကြီးပြင်းလာခဲ့သည့် ဘဝမြင်ကွင်းတွေကို ဖျိုးဖျိုးဖျတ်ဖျတ်တွေ့မြင်လိုက်ရသည်။ လွင့်မျောနေသော စိတ်အာရုံထဲမှာ အရီးလေးတင်၏ အသံတွေက ကြားတစ်ချက်၊ မကြားတစ်ချက်။ 'ဟဲ့ ... ဒီကလေးတွေက ဘယ်သူတွေတုန်း။ မင့်သမီးတွေလား' သူ့အငိုကို လက်စသိမ်းပြီးနောက် အနားမှာရှိနေကြသည့် သမီးနှစ်ယောက်ကို မေးငေါ့ပြရင်း အရီးလေးတင်က မေးသည်။ ရုတ်တရက်မို့ မကြားလိုက်မိ။ ဇနီးသည်က လက်တို့လိုက်တော့မှ အိပ်မက်ထဲမှ လန့်နိုးသွားပြီး ဟုတ်တယ် အရီးလေးတင်ဟု ပြောလိုက်ရသည်။ ကလေးနှစ်ယောက်ဆီသို့ စိတ်အာရုံပြောင်းသွားခြင်းကြောင့် ကျွန်တော်ဝမ်းသာသွားသည်။ ဘဝနေဝင်ချိန် အမယ်အိုရဲ၏ နှလုံးသားမှာ ပူဆွေးမျက်ရည်စတွေ ကင်းစင်သွား၍ ကြည်ကြည်လင်လင်ရှိသွားခဲ့ပြီဟု ယူဆခဲ့သည်။ သို့ရာတွင် ကျွန်တော့်မှန်းဆချက် လွဲမှားသွားခဲ့ရပြန်ပြီ။

'သြော် ... မတင်ညွန့်၊ မတင်ညွန့်၊ သူ့မြေးတွေကို သိပ်ချစ်ရှာတာ။ ဒီကလေးနှစ်ယောက် ငယ်ငယ်တုန်းက ရွာကို လာခဲ့ဖူးတာပေါ့တော်။ ပန်းနုရောင် ဂါဝန်လေးတွေဝတ်ထားတဲ့ ကလေးနှစ်ယောက်ကို လက်ဆွဲပြီး ငါ့အိမ်ကို ရောက်လာခဲ့တာလေ။ အရီးလေးတင် ကျုပ်မြေးတွေက မလှဘူးလားလို့ မေးလိုက်လို့လှပါတော် ... လှပ့၊ လှပ့လို့ ငါက ပြန်ပြောလိုက်ရော မင်းအမေမျက်နှာက ဝင်းထိန်သွားလိုက်တာလေ။ အင်း အခုတော့လည်း သူ့မြေးတွေအနားမရှိရှာတော့ဘူးပေါ့လေ'

ငိုသံဖြင့် ရောထွေးရင်း ပြောနေသည့် စကားသံတွေကို နားထောင်ရင်း သက်ပြင်းရှိုက်ထုတ်လိုက်မိသည်။ အရီးလေးတင်မို့သာ သည်လောက်မှတ်မိသည်။ ကျွန်တော့်မှာတော့ သူ့လို မတွေးမိ၊ မမှတ်မိ။ ထိုအတွေးများဖြင့် လွမ်းရကောင်းမှန်းလည်း မသိပါ။

* * *

mgyoe.com

'ဖေဖေတို့က ဘာတွေမှန်းလည်း မသိဘူး။ ငိုလိုက်ကြတာ' အရီးလေးတင် ပြန်သွားပြီးနောက် သမီးကြီးက မျက်နှာရှုံ့မဲ့ပြရင်း ပြောလိုက်သည်။ ဧည့်ခန်းထဲမှာ သီချင်းစီဒီပြားဖွင့်၍ နားထောင်ဖို့ စိတ်ကူးလေးပျက်သွား၍ မကျေမနပ်လည်း ဖြစ်နေပုံရသည်။ ခံစားချက်မတူညီသော သူတို့နှလုံးသား လက်ခံနိုင်အောင် ကျွန်တော် မည်သို့ရှင်းပြရမည်နည်း။ သူတို့လို အရွယ်တုန်းက ကျွန်တော်လည်း သူတို့လို တွေးခဲ့ဖူးသည်။ သို့သော် ယခုကလေးတွေနှင့် ကျွန်တော်တို့သည် ခေတ်ကာလနှင့် ဘဝဖြတ်သန်းမှုတွေ ကွာခြားသွားခဲ့သလို ခံစားမှုတွေလည်း မတူညီတော့ပြီဖြစ်သည်။ မန္တလေးမှ ပြန်ရောက်ပြီး တစ်လအကြာမှာ အရီးလေးတင် ဆုံးပါးသွားခဲ့သည်။ မဟာမြတ်မုနိဘုရားကြီးကိုလည်း ဖူးပြီးပြီ။ မောင်ထွန်းရွှေနဲ့ မတင်ညွန့်တို့၏အိမ်ကိုလည်း သွားပြီးငိုခဲ့ပြီးပြီ။ သေပျော်ပါပြီအေဟု ပြောခဲ့သေးသည်တဲ့။ သူ့စိတ်ထဲမှာ အဖေနှင့်အံမေအတွက် မငိုရသေး၍ ထိခိုက်ခံစားနေရဟန်ရှိသည်။ မွေးဖွားခြင်း၊ နေခြင်း၊ သေခြင်းဟူသည် ဘဝ၏သဘာဝဖြစ်စဉ်တစ်ခု၊ အချိန်တန်တော့ သေခြင်းတရားဖြင့် ရင်ဆိုင်၍ ရှင်သန်ခြင်းကဏ္ဍ အဆုံးသတ်လိုက်ခြင်းသာ။ သို့သော် ရှင်သန်နေခိုက်မှာ လူသားတို့၏နှလုံးသားသည် ဖြူစင်သောမေတ္တာတရားတွေ ဝန်းဖွဲ့ထားဖို့ လိုပါသည်။

'အဖေ အရီးလေးတင်က ငိုချင်းတွေလည်း ရတယ်။ အသုဘအိမ်တွေကိုလည်း သွားပြီးငိုတယ်။ ငိုစရာမရှိ ကြံဖန်လွမ်းပြီး ငိုနေတာလား' ဟု တစ်ခါက အဖေကို မိုက်မိုက်မဲမဲ မေးခဲ့ဖူးသည်။

'မဟုတ်ဘူးကွ။ အရီးလေးတင်ဟာ လွမ်းချင် ငိုချင်ရင် သူ့ဘဝမပြေလည်မှုတွေပဲတွေးပြီး ငိုမှာပေါ့။ သူ့အဖေကရော သူ့ယောကျ်ားကရော သေလုမျောပါးရိုက်တာတောင် မျက်ရည်တစ်စက်မကျခဲ့ဘူး။ ဒါပေမဲ့ သူများအပူကိုတော့ မျှဝေခံစားပြီး မျက်ရည်ကျတာဟာ မေတ္တာစိတ်ကြောင့်ကွ။ မင်းလည်း အသိသားပဲ။ ဘယ်သူမဆို မေတ္တာထားပြီး ကောင်းတဲ့အမြင်နဲ့ကြည့်တယ်၊ ကောင်းတာတွေပဲ တွေးတယ်။ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ တောသူအရိုးအအကြီးရဲ့ ရင်ထဲမှာ ခွင့်လွှတ်တဲ့စိတ်တွေ အမြဲရှိနေတယ်။ ဒီလိုမျိုး အဖေတို့ မင်းတို့ရင်ထဲမှာ အမြဲရှိနိုင်ပါ့မလား'

အဖေ၏စကားအဆုံးတွင် ကျွန်တော် ငေးငိုင်သွားခဲ့ရသည်။ အမုန်း၊ ဒေါသ၊ အာဃာတ၊ အငြိုးအတေးများဖြင့် ဖုံးလွှမ်းခြင်းခံနေရသောလူသားတို့၏ နှလုံးသားသည် အမြဲလိုလို ပူလောင်နေလျက်ရှိသည်။ ထို့အတူ လူ့အဖွဲ့အစည်း အသိုက်အဝန်းသည်လည်း အေးချမ်းမှုမရနိုင်တော့ပါ။ သည်တော့မှ မေတ္တာနှင့်ယှဉ်သော နှလုံးသားခံစားမှုကို နားလည်သဘောပေါက်သွားရသည်။ တကယ်တော့ အရီးလေးတင်သည် ကျွန်တော့်အား နေရခိုက်လူ့ဘဝမှာ အေးမြငြိမ်းချမ်းသည့် အတွေးအသိတွေဖြင့် ခံစား၍ နေတတ်အောင် လက်ဆင့်ကမ်းသွားခဲ့မှန်း မတွေးမိခဲ့။ ယခုတော့ အရီးလေးတင်ကို လွမ်းရပါလေပြီ။ ထိုအလွမ်းစိတ်ထဲမှာ ကျွန်တော် မိဘနှစ်ပါးရှိသည်။ ဘဝတစ်ပါးသို့ ဆောလျင်စွာ ကူးပြောင်းသွားခဲ့ကြသည့် ကျွန်တော့်မိတ်ဆွေအချို့ရှိသည်။ အမုန်း၊ ဒေါသတို့ကင်းစင်သော နှလုံးသားထဲက မျက်ရည်များကို မြင်တွေ့နေရလေပြီ။

●



mgyoe.com

mgyoe.com

# ထွက်ပေါက်

မနှင်းဖွေး

အမှန်တော့ ကိုမင်းမောင်ဆိုတဲ့ လူဆီကို မရည်ရွယ်ဘဲနဲ့ ရောက်သွားတာပါ။

သွားတုန်းက အသုဘပို့သက်သက်။ ဆရာကြီး ဦးဘဂျမ်းအသုဘကို သူငယ်ချင်း တင်မောင်ဦးကားနဲ့ လိုက်သွားခဲ့တာ။ ထိန်ပင်မှာ အသုဘကိစ္စပြီးတော့ တင်မောင်ဦးက လှိုင်သာယာဘက် ရောက်တုန်းရောက်ခိုက် သူ့နှမဝမ်းကွဲနဲ့ ယောက်ဖတော်ကို မတွေ့တာကြာလို့ ခဏသွားတွေ့ချင်တယ် ဆိုတာနဲ့ သူ့နောက်လိုက်သွားရင်း ဆုံခဲ့ကြတာ။

သူတို့အိမ်က ထိန်ပင်သုသာန်ကနေ တော်တော်လေး သွားရသေးတယ်။ ၁၅ မိနစ်လောက်ကို ထပ်မောင်းရသေးတယ် ထင်တယ်။ ဒီတော့မှ ရောက်တယ်။ ရောက်တော့ အိမ်လေးက မဆိုးပါဘူး။ အုတ်ညှပ်အိမ်အသစ်လေး။ ခြံကတော့ ကျယ်တယ်။ ဒါပေမဲ့ တစ်ခြံလုံးကတော့ ပစ္စည်းပစ္စယတွေနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။

တောင်းတွေရော၊ ပလုံးတွေရော၊ သံစည်ပိုင်းပြတ်တွေရော၊ ဂုန်နီအိတ်အထုပ်တွေရော၊ မီးသွေးမီးဖိုကြီးတွေရော၊ ဆီပွက်ပွက်ထနေတဲ့ ဒယ်အိုးကြီးတွေရော၊ ဖြူ ဖြူ ဖြူဖြူ အဖတ်တွေကို ဇန်းထဲထည့် နေလှန်း၊ အခြောက်ခံထားတဲ့ စင်တွေရော၊ အလုပ်လုပ်ကိုင်နေကြတဲ့ လူတွေရော။

ကားရပ်ပြီး ကျွန်တော်တို့နှစ်ယောက် ခြံထဲဝင်လာတာကို လှမ်းမြင်လို့ အိမ်ထဲကပြေးထွက်လာပြီး ကြိုဆိုတာက တင်မောင်ဦးနှမ။ ပြီးတော့မှ သူက သူ့ယောကျ်ားကို လှမ်းခေါ်တယ်။ ဒယ်အိုးတွေကြားက တင်မောင်ဦးယောက်ဖက သံယောက်မကို လက်ကချပြီး လက်သုတ်ပိုင်းနဲ့ လက်သုတ်ရင်း ကမန်းကတန်းထွက်လာတယ်။ မျက်နှာမှာ ချွေးတွေသံတွေ၊ အိုးမည်းတွေနဲ့။ ဝတ်ထားတဲ့ ပုဆိုးနဲ့ စွပ်ကျယ်ချိုင်းပြတ်မှာလည်း ဆီတွေပေလို့။

တင်မောင်ဦးက မိတ်ဆက်ပေးတယ်။ သူ့နှမ နာမည်က သင်းသင်းတဲ့။ ယောက်ဖနာမည်က ကိုမင်းမောင်တဲ့။ အာလူးကြော်လုပ်ငန်းလုပ်တယ်တဲ့။ ကျွန်တော့်ကိုကျတော့ ဂျပန်ပြန် အလုပ်လက်မဲ့ ဝတ္ထုလွင်တဲ့။ ဂျပန်ပြန် အလုပ်လက်မဲ့ဆိုတဲ့ ဂုဏ်ပုဒ်ကို တကူးတက ဖြည့်ထည့်ပြောတယ်။

အလုပ်လက်မဲ့ဆိုတဲ့ အသုံးအနှုန်းကြောင့် ကိုမင်းမောင်က ကျွန်တော့်ကို အားနာသလို တစ်ချက်လှမ်းကြည့်တယ်။ ကျွန်တော်က ကိစ္စမရှိပါဘူး၊ ရပါတယ်ဆိုတဲ့သဘောနဲ့ ရယ်ပြလိုက်တယ်။

အမှန်တော့ ကျွန်တော်ကလည်း ဂျပန်က ပြန်လာပြီးကတည်းက ဘာအလုပ်မှ မရှိလို့ တင်မောင်ဦးရှေ့မှာ မကြာခဏတည
ည်းညည်း တညူညူလုပ်နေခဲ့မိတာကိုး။ စိတ်ညစ်ညစ်နဲ့ အရက်သောက်ပြီး သူ့ပဲ ဂျီကျနေခဲ့မိတာကိုး။ သူပြောလည်း ပြောစရာပေါ့။

ကျွန်တော်တို့လေးယောက်သား သူတို့အိမ်ဧည့်ခန်းမှာ ကော်ဖီသောက်ရင်း၊ အာလူးကြော်ဝါးရင်း စကားထိုင်ပြောဖြစ်ကြတယ်။ စကားပြောရင်းနဲ့ သိလာတာက ကိုမင်းမောင်ရော၊ သင်းသင်းရော နှစ်ယောက်စလုံးက ဘွဲ့ရတွေပဲ။ ကိုမင်းမောင်ဆိုရင် မဟာသိပ္ပံကျမ်းပြုတဲ့။ အိမ်ထောင်ကျပြီးကတည်းက ဒီအာလူးကြော်လုပ်ငန်းကို လုပ်လာတာ အခုဆို သုံးနှစ်လောက်ရှိပြီတဲ့။ အဆင်ပြေတယ်တဲ့။

အဆင်ပြေတယ်ဆိုတဲ့စကားကြားတော့ ကျွန်တော် နည်းနည်း အံ့သြသွားတယ်။ ကျွန်တော် ဂျပန်က ပြန်ရောက်ကတည်းက လူတော်တော်များများနဲ့ တွေ့ခဲ့ပါတယ်။ တွေ့ခဲ့သမျှတော့ 'အလုပ်အကိုင်လား၊ မကောင်းပါဘူးဗျာ'ဆိုတဲ့

mgyoe.com

mgyoe.com

လူနဲ့၊ 'အလုပ်မဖြစ်တာ ကြာပြီကော' ဆိုတဲ့လူနဲ့၊ 'ခုချိန်က ဘာမှကို လုပ်ကိုင်စားသောက်လို့ မရတာဗျ' ဆိုတဲ့ လူတွေ ချည်း ကြုံခဲ့ရတယ်။ အဆင်ပြေတယ်ဆိုတဲ့ စကား ဘယ်သူ့ ဆီကမှ မကြားခဲ့ရဘူး။ ကိုယ့်အသိုက်အဝန်း က မကျယ်ဝန်း တာလည်း ပါမှာပေါ့။ အခု ကိုမင်းမောင်နဲ့ တွေ့တော့မှပဲ ...။

ဒါပေမဲ့ဗျာ ...

အဆင်ပြေတယ်ဆိုတဲ့ လူရဲ့မျက်နှာမှာ ချွေးတွေနဲ့ အိုး မည်းတွေနဲ့။ အဝတ်အစားမှာလည်း ဆီချေးတွေနဲ့။

'ကျွန်တော်လည်း အိမ်ထောင်မကျခင်ကတော့ နိုင်ငံ ခြားထွက်ဖို့ ကြိုးစားခဲ့သေးတယ်ဗျ'တဲ့။ ကိုမင်းမောင်က ထုတ် ပြောတယ်။

အင်းလေ ... ဟုတ်မှာပေါ့။ လူငယ်လူရွယ်တိုင်းကတော့ အပြင်ထွက်အလုပ်လုပ်ချင်တဲ့ လူတွေချည်းပါပဲ။ မထွက်ချင်တဲ့ သူရယ်လို့ မရှိပါဘူး။

'တစ်ခေါက်၊ နှစ်ခေါက် ကြိုးစားတာ အဆင်မပြေတာ နဲ့ပဲ လက်လျှော့ပြီး ဒီအလုပ်ကို ဇောက်ချလုပ်လိုက်တာ'

သူကတော့ သူ့ဆုံးဖြတ်ချက် မှန်လေဟန်နဲ့ ပြောလိုက် တာပါပဲ။

ပြီးတော့ ကိုမင်းမောင်က ဒီအာလူးကြော်အလုပ်ကို သူ ဘယ်လိုအပင်ပန်းခံပြီး စတင်လုပ်ကိုင်ခဲ့ရပုံတွေကို ပြောပြ စာယ်။ ဘယ်လိုကြော်တယ်၊ ဘယ်လိုလှော်တယ်ကအစ ဘယ် လိုရောင်းတယ်၊ ဘယ်လိုဖြန့်တယ်အဆုံးပေါ့။ လင်မယားနှစ် ယောက် တနိုင်တပိုင်လုပ်ခဲ့ရာက အခုလိုအလုပ်သမား ကိုး ယောက်၊ ဆယ်ယောက်ငှားပြီး လုပ်လာရတဲ့အထိပေါ့။ သူက တော့ စိတ်အားထက်ထက်သန်သန်နဲ့ ပြောပြနေတာပဲ။

'ကုန်ပစ္စည်းထုတ်လုပ်ရောင်းချတော့မယ်ဆိုရင် ဝယ်လို အားကို အဓိကထားစဉ်းစားရတယ်ဗျ။ ဘယ်လိုပစ္စည်းမျိုးကို စားသုံးသူကြိုက်သလဲ။ ဘယ်လိုပစ္စည်းမျိုးက စားသုံးသူ အများစု ဝယ်ယူစားသုံးနိုင်သလဲပေါ့။ အခု ကျွန်တော်လုပ်တဲ့ အာလူးကြော်ဆိုတာ အလွှာပေါင်းစုံကလူတွေ စားကြတယ်။ သူဌေးလည်း စားတယ်။ ဆင်းရဲသားလည်း စားတယ်။ လူကြီး တွေလည်း စားတယ်။ ကလေးတွေလည်း စားတယ်။ သက် သတ်လွတ်စားတဲ့ ပုဂ္ဂိုလ်လည်း အားပေးတယ်။ အရက်သမား လည်း ကြိုက်တယ်။ လူကုံထံအရက်ဝိုင်းမှာ အာလူးကြော်က မပါမဖြစ်သလိုပဲ။ အရက်ပုန်းဆိုင်တွေမှာလည်း အာလူးကြော် တို့ ပဲကြီးလှော်တို့က အရမ်းရောင်းရတယ်ဗျ။ လူတွေက အာ လူးကြော်ကို သရေစာလို၊ အမြည်းလို၊ ဟင်းလျာလို စားကြ တာကိုး။ ကျောင်းတိုင်း၊ ကျောင်းတိုင်းက မုန့်စားတန်းတွေကို ကြည့်၊ အာလူးကြော်ထုပ်လေးတွေရှိတယ်။ ကွမ်းယာဆိုင်တိုင်း ကို ကြည့်၊ အာလူးကြော်ထုပ်ရှိတယ်။ တိုလီမိုလီ တွဲလောင်း တွဲလောင်းချိတ်ရောင်းတဲ့ အိမ်ဆိုင်တွေကိုကြည့်၊ အာလူးကြော် ထုပ်ရှိတယ်။ နောက်ဆုံး စူပါမားကတ်ကုန်တိုက်ကြီးတွေအထိ ကြည့်ဦး။ အစားအသောက်တန်းမှာ အာလူးကြော် တင်မ ရောင်းတဲ့ ကုန်တိုက်ဆိုတာ မရှိဘူး။ အဲဒီတော့ မရောင်းရမှာ မပူရတော့ဘူးပေါ့ဗျာ။ ပြီးတော့ သူက အထားခံတဲ့ပစ္စည်း။ ပုပ်ကုန်မဟုတ်ဘူး။ ဒီတော့ အလေအလွင့်လည်း နည်းတာ ပေါ့။ အဓိကကတော့ဗျာ။ အရင်းအနှီးသိပ်မများဘူး။ ခေါင်း သိပ်မစားဘူး။ အပင်ပန်းခံနိုင်ရင် ခံနိုင်သလောက် အကျိုးရှိ တယ်။ ဒါနဲ့ ကျွန်တော် လုပ်ဖြစ်သွားတာပါ'

တင်မောင်ဦးက ကျွန်တော့်မျက်နှာကို မသိမသာ လှမ်း ကြည့်ရင်း အကဲခတ်တယ်။ ကျွန်တော်များ စိတ်ဝင်စားမလား လို့ပေါ့။

ကျွန်တော် အသာပြုံးနေလိုက်ပါတယ်။ ကျွန်တော် ရင်ခံနေတယ်။ ကျွန်တော့်မှာ ပိုက်ဆံသာ သိပ်မရှိတာ ဂျပန်ပြန် ဆိုတဲ့ ဂုဏ်လိုလို၊ မာနလိုလို၊ ဘဝင်လိုလို ရင်ထဲမှာ တစ်ခုခု ခံနေတယ်ဗျ။

***

ကျွန်တော် စိတ်ညစ်ရင် အခုလိုပဲ အဘိုးလေး ဦးအောင် ဘတို့ အိမ်လေးမှာ နားအေးပါးအေး လာနေလေ့ရှိတယ်။

ကျွန်တော်က အရင်ကတည်းက အိမ်နဲ့ သိပ်အဆင် မပြေဘူး။ အိမ်နဲ့စိတ်ဆိုးရင်လည်း အဘိုးလေးတို့ဆီပဲ ပြေးခဲ့ တာပဲ။ အဘိုးလေးက ကျွန်တော့်ကို သိပ်ချစ်တာကိုး။ ကျွန် တော် ဆယ်တန်းအောင်ပြီးတော့ အဘိုးလေးတို့အိမ်ကနေ တက္ကသိုလ်တက်ခဲ့တယ်။ ဘွဲ့ရပြီး သင်္ဘောလိုက်ဖို့လုပ်ရင်း ယောင်ချာချာဖြစ်နေတဲ့အချိန်မှာလည်း အဘိုးလေးကပဲ မငြို မငြင် ကျွေးမွေးစောင့်ရှောက်ခဲ့တာ။ ကျွန်တော်သင်္ဘောတက်ခွင့် ရတော့မှ အဘိုးလေးဝဋ်ကျွတ်တော့တယ်ဆိုပါတော့။

ကျွန်တော်လိုက်တဲ့သင်္ဘော ကမ္ဘာတစ်ပတ် ပတ်ပြီး ယိုကိုဟားမားဆိပ်ကမ်းကပ်တော့ အဖော်ကောင်းတာနဲ့ ကျွန် တော် ဆင်းနေခဲ့တယ်။ ဂျပန်မှာ ငါးနှစ်ကြာသွားတယ်။ ဟိုမှာ ရှိနေတုန်းက အဘိုးလေးတို့ဆီ ကျွန်တော် ငွေလေးမဖြစ်စ လောက် သုံးခါလား၊ လေးခါလား ပို့ဖူးပါတယ်။ အဖေတို့၊ အမေတို့ဆီလည်း ပို့တစ်လှည့်၊ မပို့တစ်လှည့်ပါပဲ။ ဟိုမှာ ကျွန် တော် သိပ်မခြိုးခြံ မချွေတာခဲ့ဘူး။ ကောင်းကောင်းနေတယ်၊ ကောင်းကောင်းစားတယ်၊ ကောင်းကောင်းသုံးတယ်။ ဂျပန်တွေ အထင်သေးတာ မခံချင်လို့။

mgyoe.com

အခုမှ ကျွန်တော် နောင်တရမိတယ်။ ကျွန်တော် တရားမဝင်နေထိုင်မှုနဲ့ အဖမ်းခံရပြီး မြန်မာပြည်ပြန်ရောက်တော့ ကျွန်တော့်လက်ထဲ ငွေသိပ်များများစားစားပါမလာတော့ဘူး။ အဖေတို့၊ အမေတို့ဘဝဟာလည်း ထူးပြီး တိုးတက်လာတာ မတွေ့ရဘူး။ သားတစ်ယောက် ဂျပန်ရောက်တယ်သာ ဆိုတယ်။ အခြေအနေက ဒုံရင်း ဒုံရင်းပဲ။ အဘိုးလေးတို့အိမ်ကိုရောက်တော့ ကျွန်တော် ပိုပြီးတောင် စိတ်မကောင်းဖြစ်ရတယ်။

အဘိုးလေးတို့ အဘွားလေးတို့ဆိုတာ အရမ်းကို အိုသွားကြပြီ။ အဘိုးလေးတို့လိုပဲ အဘိုးလေးရဲ့အိမ်လေးဟာလည်း အတော့်ကို အိုသွားပြီ။ ကျွန်တော် မသွားခင်က ပျဉ်ထောင်အိမ် မလတ်တလတ်လေးဟာ ခုတော့ ဟိုနေရာက ပေါက်၊ ဒီနေရာက ကွာနဲ့ တော်တော်ဟောင်းနွမ်းနေပြီကော။

ကျွန်တော်သာ ဟိုမှာရှိစဉ်က အသုံးအဖြုန်းမကြီးဘဲ စုဖြစ် ဆောင်းဖြစ်ခဲ့ရင် အဘိုးလေးတို့အိမ်ကို ကောင်းကောင်း ပြန်ပြင်ဆောက်ပေးနိုင်တာပေါ့။ ကျွန်တော်လည်း အပြန်ငွေထုပ်ကြီးကြီး ပိုက်ပြီး ကြီးကြီးမားမားလုပ်ငန်းတစ်ခုခုကို လုပ်ဖို့ စဉ်းစားနိုင်တာပေါ့။ မှားလိုက်တာဗျာ။

'သားရေ ... ထမင်းစားတော့မလား။ ဘွားလေး ပြင်လိုက်ရတော့မလား'

ဩော် ... အဘွားလေးကတော့ ကျွန်တော့်အပေါ် ဝတ္တရားမပျက်၊ မေတ္တာမပျက် ဂရုစိုက်တုန်းပါပဲလား။ 'မဆာသေးဘူး ဘွားလေး' လို့ ပြောပြီး ကျွန်တော် အိမ်ပြင်ကို ငေးမြင်ငေးနေမိပါတယ်။

ကျွန်တော်လေ ... ငွေကို လွယ်လွယ်ရှာနိုင်တုန်းက သိပ်တန်ဖိုးမထားခဲ့ဘူး။ အခုရှာဖို့ဖွေဖို့ ခက်ပြီဆိုမှ ငွေကို အသည်းအသန် လိုချင်နေတယ်။

တကယ်တော့ ကျွန်တော်ပြန်ရောက်ကတည်းက အလကားတော့ မနေခဲ့ပါဘူး။ ဘာအလုပ်လုပ်ရမလဲလို့ အမြဲကြံဆနေခဲ့တာပါ။

ပထမဆုံး ဂျပန်ပြန်အများစု ကျက်စားရာဖြစ်တဲ့ ကားဝယ်ရောင်းလောကကို ဝင်တိုးကြည့်သေးတယ်။ ခွက်ခွက်လန်ရှုံးတဲ့လူနဲ့၊ ပိုက်ဆံောကြီးမိလို့ ဒုက္ခရောက်နေတယ်ဆိုတဲ့ လူနဲ့၊ ဂျပန်မှာ သုံးနှစ်လုံးလုံး အပင်ပန်းခံရှာထားသမျှ ဒီကားတစ်စီးနဲ့ ဘဝပျက်ပါပြီပြောတဲ့လူနဲ့ချည်း ဆုံခဲ့ရတယ်။ ကားတွေက အထက်ကားရော၊ အောက်ကားရော ဈေးတွေအကုန်ပြုတ်ကျနေတာကိုး။ 'ကားလောက ပျက်နေပြီ၊ ဝင်လာဖို့ စိတ်မကူးနဲ့' လို့ အကြံပေးတဲ့ သူငယ်ချင်းတွေရဲ့စကားအတိုင်း ကျွန်တော် အသာနောက်ဆုတ်ခဲ့ရပါတယ်။

စားသောက်ဆိုင်ဖွင့်ထားတဲ့ ကိုခင်မောင်ဝင်းနဲ့လည်း သွားတွေ့ခဲ့ပါသေးတယ်။ ဂျပန်မှာတုန်းကတော့ သူက ဗိုခေါင်း။ အချက်အပြုတ်ကောင်းလို့ သူ့ဌေးက လက်မလွှတ်နိုင်ဘဲ လခကောင်းကောင်းပေးထားတဲ့သူ။ ခုတော့ သူကိုယ်တိုင် သူဌေးလုပ်ပြီး ဆိုင်ကို စီမံကွပ်ကဲနေတာ။ သူနဲ့တွေ့ပြန်တော့ 'ထင်သလောက် မကိုက်ပါဘူး သူငယ်ချင်းရာ။ မင်းစဉ်းစားကြည့်။ အခန်းငှားခချည်း တစ်လလေးသိန်းခွဲ၊ အလုပ်သမားခ၊ အခွန်အခ၊ အထွေထွေစရိတ်တွေ နုတ်လိုက်ရင် ဘာမှ မကျန်တော့တာပါ။ အခန်းငှားခကို တစ်လတစ်ကြိမ်ပေးရရင် တော်သေးတယ်။ ခုဟာက တစ်နှစ်စာ ၅၄ သိန်း လုံးခနဲကြိုပေးရတာမောင်။ အဲဒါ တော်တော်ဆိုးတာပဲ။ နောက်ပြီး ဆိုင်ကလူလည်း သိပ်မဝင်ပါဘူးကွာ။ အခန်းစာချုပ်ပြည့်ရင်တောင် ဆက်လုပ်သင့်၊ မလုပ်သင့် စဉ်းစားရဦးမယ်'တဲ့။

ဂျပန်စာ၊ ဂျပန်စကားပြောသင်တန်းဖွင့်ထားတဲ့ မြင့်မြင့်ခိုင်တို့ ညီအစ်မသတင်းတော့ ကြားပါတယ်။ သူတို့ကျတော့ မဆိုးဘူး၊ အောင်မြင်တယ်တဲ့။ အေးလေ ... သူတို့ကတော့ ဂျပန်စာကို ဟိုမှာ စနစ်တကျသင်ခဲ့ကြတဲ့ သူတွေကိုး။ ကျောင်းဗီဇာနဲ့ ဂျပန်ဝင်၊ ကျောင်းတစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ ဂျပန်မှာ လေးနှစ်လောက် သောင်တင်ခဲ့သူတွေဆိုတော့ ဒီမှာ စာကောင်းကောင်းပြန်သင်နိုင်တာပေါ့။ ကျွန်တော်ကတော့ ဘယ်ကျောင်းမှလည်း မနေဖူးဘူး။ ဘယ်သင်တန်းမှလည်း မတက်ဖူးဘူး။ အလုပ်ခွင်မှာ နားအကြားနဲ့ ဂျပန်စကားကို ချောက်ချီးချောက်ချက် တတ်ခဲ့တာမို့ ဘယ်လိုလုပ် ကျောင်းဖွင့်စားလို့ ရမှာလဲ။ ကိုယ်တတ်ထားတဲ့ ဂျပန်စကား အကျိုးအပဲ့တွေကို ဘယ်သူ့ကိုမှ လက်ဆင့်မကမ်းချင်ပါဘူး။

မော်ဘီဘက်မှာ ဝက်မွေးနေတဲ့ ကိုအောင်လင်းကြီးဆီလည်း ရောက်ခဲ့သေးတယ်။ သူကတော့ စမ်းသပ်လုပ်ကိုင်ဆဲကာလမို့ ဘာမှမပြောနိုင်သေးဘူးတဲ့။ ဝက်တုပ်ကွေးမဖြစ်ရင်တော့ အဆင်ပြေတန်ကောင်းပါရဲ့လို့ ရယ်ရင်း ပြောတယ်။ ဒါပေမဲ့ဗျာ ကျွန်တော်နဲ့တော့ ဖြစ်မယ်မထင်ပါဘူး။ ဘာသာတရားကို ထဲထဲဝင်ဝင် မလိုက်စားဖူးပေမယ့် အကုသိုလ်တော့ ကြောက်တယ်ဗျ။ ဝက်ကလေးတွေကြည့်တော့ ချစ်စရာ၊ ဝက်မကြီးကြည့်ပြန်တော့ သနားစရာ။ အို ... ကျွန်တော်လုပ်လို့ မဖြစ်ပါဘူး။

ဒီကြားထဲ ချဲဒိုင်ကိုင်ဖို့ အကြံပေးတဲ့လူက ရှိသေးတယ်။ သန်းဇော်လေ... သန်းဇော်။ ဂျပန်မှာတုန်းက မြင်းအရမ်းလောင်းတဲ့ကောင်ပေါ့။ သူ့ကိုတော့ 'တော်ပါကွာ၊ ထောင်ထမင်းဟင်း မစားပါရစေနဲ့' လို့ ပြောလွှတ်ရတယ်။

 mgyoe.com 

အဆွယ်ကောင်းလို့ ကျောက်ပန်းတောင်းနားက ငါးရှန်တောင် ရေနံတူးတဲ့လုပ်ငန်းထဲတော့ ရှယ်ယာပါလိုက်သေးတယ်။ ညီမရဲ့ယောက်ျား ကိုရွှေယောက်ဖက အပြောကောင်း၊ တာကိုး။ အခု ငါးရှန်တောင် ရေနံမှော်မှာ ရေနံစိမ်းတွေ အရမ်းထွက်နေတယ်တဲ့။ တစ်နေ့ကို ပီပါ ၆၀၀၊ ၇၀၀ လောက်ကို ရတာတဲ့။ ရေနံမှော်လုပ်ခွင့်ရထားတဲ့ ကုမ္ပဏီကြီးက သူကိုယ်တိုင်လည်း ရေနံတူးသလို တခြားလုပ်ချင်တဲ့သူတွေကိုလည်း ၁၅ ပေပတ်လည်ကျင်းနေရာတွေ ရောင်းပေးနေသတဲ့။ အဝီစိတွင်းတူသလို အင်ဂျင်စက်ကလေးတွေနဲ့ တူးရတာတဲ့။ အဲဒီတွင်းလေးတွေက ကံကောင်းရင် တစ်နေ့ကို ရေနံတစ်ပီပါ၊ နှစ်ပီပါလောက်တောင် ထွက်သတဲ့။ ရသမျှ ရေနံကို ဝေးဝေးလံလံလည်း သွားရောင်းစရာ မလိုဘူးတဲ့။ ကုမ္ပဏီက အကုန်ပြန်ဝယ်လို့ အဆင်ပြေတယ်တဲ့။ အခုဆိုရင် ကုမ္ပဏီက ကျင်းပေါင်း ၄၀၀၀ ကျော်လောက်တောင် ရောင်းပြီးနေပြီတဲ့။ မြန်မာတစ်ပြည်လုံးက လူတွေဆင်းချလာလို့ ငါးရှန်တောင်မှာ ပွဲတော်ကြီးကို ဖြစ်နေပြီတဲ့။ မှော်ထဲလည်း ယောက်ဖကိုယ်တိုင် ဆင်းလုပ်မှာပါတဲ့။ တစ်ဦးတည်းငွေမနိုင်လို့ အကူအညီတောင်းတာပါတဲ့။ ငွေထည့်ရုံထည့်ပြီး အကျိုးအမြတ်တစ်ဝက်ပေးမှာပါတဲ့။ ပြောတာတော့ မစားရဝခမန်းပဲ။ ကျွန်တော်လည်း ရှေးက တွင်းရိုးတွင်းစား သူဌေးဆိုတာ ကြားဖူးထားတာကိုး။ သူဌေးဖြစ်၊ ခွေးဖြစ် ရှယ်ယာဝင်ပါလိုက်တာ။ အို ... ဘာပြောကောင်းမလဲ သုံးလအတွင်း ငွေသိန်း ၃၀ လောက် မြောက်သွားပါလေရော ဗျာ။ ဖြစ်တာက ကျွန်တော်တို့ရတဲ့ ပထမတစ်ကျင်းက လုံးဝမအောင်ဘူး။ ဒါနဲ့ထွက်နေတယ်ဆိုတဲ့ တူးလက်စနောက်တစ်ကျင်းကို ဈေးပိုပေးပြီး ဝယ်လိုက်တာမှာ ကိုယ့်လက်ထဲလည်း ရောက်ရော လုံးလုံးကို မထွက်တော့ဘူး။ ဘယ်ထွက်ပါ့မလဲ။ နောက်မှသိရတာက ကျင်းပိုင်ရှင်က သူ့ကျင်းထဲ ရေနံတွေ တိတ်တိတ်ဝယ်လောင်းထည့်ပြီး သူ့ကျင်းအောင်ပါတယ်ဆိုပြီး လိမ်ရောင်းသွားတာကိုး။ သင်ခန်းစာတွေ တစ်လှေကြီး ရလိုက်ပါတယ်။

အရင်းအနှီးစိုက်ထုတ်လုပ်ကိုင်ရတဲ့ အလုပ်တော့ ကျွန်တော်လန့်သွားပြီ။ ဒါကြောင့် ဝန်ထမ်းပဲလုပ်ရင် ကောင်းမလားဆိုပြီး သတင်းစာကခေါ်တဲ့ ကုမ္ပဏီအလုပ်တစ်ခု ဝင်စုံစမ်းကြည့်တယ်။ ကျွန်တော်ရထားတာက ရိုးရိုးသိပ္ပံဘွဲ့ဆိုတော့ ဝင်ဝင်ချင်း တစ်လသုံးသောင်းခွဲရမယ်တဲ့။ အလုပ်ချိန်က မနက် ၈ နာရီကနေ ညနေ ၅ နာရီအထိတဲ့။ တစ်လမှာ နှစ်ရက် နားခွင့်ရမယ်တဲ့။

ဖြစ်နိုင်ရင်တော့ နိုင်ငံခြားပဲ တစ်ခေါက်လောက် ပြန်ထွက်ချင်တယ်။ ဒီတစ်ခါဆိုရင်တော့ လိမ္မာပါပြီ။ အသုံးမကြမ်းတော့ဘူး။ လက်မဖွာတော့ဘူး။ စနစ်တကျစုဆောင်းတော့မယ်။ အင်း ... ပြောမယ့်သာပြောတာ။ ဂျပန်ဗီဇာရဖို့ဆိုတာက ကလည်း လူ့ဘဝရခဲသလို ခဲယဉ်းပါဘိခြင်း။ သဘော်တက်ပြီး ဂျပန်ဆိပ်ကမ်းခုန်ဆင်းဖို့ကလည်း အရင်လို မလွယ်တော့ဘူး။ တအားကျပ်နေပြီတဲ့။ ပိုဆိုးတာက ဂျပန်မှာ အိုဗာစတေးကို ပိုက်စိပ်တိုက်ဖမ်းနေတဲ့ကိစ္စပဲ။ မလေးရှားလောက်ထွက်ရင်တော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ မလေးရှားမှာက ပိုက်ဆံမှ သိပ်မရတာ။ ကိုယ်က ဂျပန်မှာ မြိုးမြိုးမြက်မြက်ရခဲ့ဖူးတော့ တော်ရုံတန်ရုံလုပ်အားခကို မမက်တော့ဘူး။ ဟာ ... စိတ်ညစ်ပါတယ်။ စဉ်းစားရတာ ခေါင်းတွေပူနေပြီ။ ဘာအကြံဉာဏ်မှလည်း မထွက်ဘူး။ ဘာကိုင်ရမှန်းလည်း မသိဘူး။ ဘာအလုပ်မှလည်း မရှိဘူး။ ဟူး ...။

'သားရေ ... မိုးမပက်ဘူးလား။ မင်းရှေ့က ပြတင်းပေါက်ကို ပိတ်လိုက်လေ'

အဘွားလေးက လှမ်းအော်ပြီးသတိပေးမှ ကျွန်တော် အတွေးတွေလွန်ရာက သတိပြန်ရလာတယ်။ သြော် ... မိုးတွေလေတွေ ကျစပြုနေပြီကော။ ကျွန်တော့်ရှေ့က ပြတင်းပေါက်ရော၊ ကျန်တဲ့တံခါးပေါက်တွေကိုရော အကုန်လိုက်ပိတ်လိုက်ပါတယ်။

အဘိုးလေးတို့၊ အဘွားလေးတို့က အသက်ကြီးပြီဆိုတော့ အအေးကြောက်ကြတယ်လေ။

* * *

တစ်အိမ်လုံးရှိရှိသမျှ ပြတင်းပေါက်တွေ၊ တံခါးပေါက်တွေအကုန်ပိတ်လိုက်တဲ့အတွက် အိမ်က နည်းနည်းမှောင်သွားတယ်။ အဘိုးလေးတို့အိမ်က မှန်ပြတင်းပေါက်တွေက ဖုန်တက်နေလို့ မကြည်လင်လှတော့တာလည်း ပါတာပေါ့။

တစ်ခါလောက်တော့ ဒီမှန်ပြတင်းတွေကို ရေစိုအဝတ်နဲ့သုတ်ပေးဦးမယ်လို့ စဉ်းစားနေတုန်း ခေါင်းပေါ်မှာ ဖလပ်... ဖလပ်ဆိုတဲ့ အသံကြားလို့ မော့ကြည့်လိုက်တော့ စာကလေးတစ်ကောင်။

ဘယ်အချိန်တုန်းကတည်းက အိမ်ထဲဝင်နေလဲမသိ။ တံခါးတွေ၊ ပြတင်းပေါက်တွေ ပိတ်လိုက်တဲ့အတွက် အိမ်ထဲပိတ်မိနေတဲ့ သတ္တဝါလေး။

သူ့ခမျာ မျက်နှာကြက်နားကပ်ပျံပြီး ကြောက်အားလန့်အားနဲ့ ထွက်ပေါက်ကို ရှာနေတယ်။

ဟိုမှန်ပြတင်းဝင်တိုးလိုက်၊ ထွက်မရလို့ မျက်နှာကြက်ဆီ ပျံတက်လိုက်၊ နောက် မှန်ပြတင်းတစ်ပေါက်ဆီ ဝင်တိုး

mgyoe.com

mgyoe.com

လိုက်၊ ထွက်မရလို့ မျက်နှာကြက်ဆီ ပျံတက်လိုက်။

ကျွန်တော့ခေါင်းပေါ်မှာ ဟိုဘက်ပျံလိုက်၊ ဒီဘက်ပျံလိုက်နဲ့ ယောက်ယက်ခတ်နေတာ အကြာကြီး။

ကျွန်တော်လည်း သူ့ဘာလုပ်မလဲလို့ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်တယ်။

ဆယ်မိနစ်လောက် အိမ်မျက်နှာကြက်နား ကပ်ပျံပြီး ထွက်ပေါက်ကို မရပ်မနားရှာနေတဲ့ စာကလေးဟာ ထွက်ပေါက်မတွေ့တော့ ဘာလုပ်မယ်ထင်သလဲ။

အောက်ဘက်ကို နိမ့်ဆင်းလာတယ်။ ပြီးတော့ ကြမ်းပြင်နားတစ်လျှောက် လှည့်ပတ်ပျံတယ်။ နှစ်ပတ်၊ သုံးပတ်လောက် ပတ်မိပြီး မကြာပါဘူး။ ကြမ်းပြင်နဲ့ တစ်မိုင်အကွာလောက် နံရံမှာ သစ်သားဆွေးပြီး ပဲ့ထွက်လို့ အပေါက်လေးဖြစ်နေတဲ့နေရာကို တွေ့သွားပြီး အဲဒီအပေါက်ကနေ လျှောခနဲ ထွက်သွားပါလေရောဗျာ။

ဟာ ... ကျွန်တော် သိပ်အံ့သြသွားတယ်။

အရမ်းလည်း သဘောကျသွားတယ်။

ပျံ့လွင့်နေတဲ့ အတွေးစတွေကို တစ်နေရာတည်း စုစည်းလိုက်တယ်။

ခေါင်းထဲမှာ လင်းခနဲဖြစ်သွားတယ်ဗျာ။

ဟုတ်တယ်၊ ဟုတ်တယ်။ ထွက်ပေါက်ဆိုတာ အပေါ်မှာချည်း ရှိတာမဟုတ်ဘူး။ အောက်ကနေ လျှိုထွက်လို့ရရင်လည်း အဲဒါ ထွက်ပေါက်ပဲ။ လိုရင်းက ထွက်လို့ရဖို့ပဲ မဟုတ်လား။

အင်း ... ကျွန်တော် ကိုမင်းမောင်နဲ့ တစ်ခါလောက် ထပ်သွားတွေ့ကြည့်ဦးမှပါပဲ။

●

ရွှေအမြုတေ–မေ– ၂၀၀၀

mgyoe.com

mgyoe.com

# အိုဇာတာ

**သက်ထွန်း (ဆေးသိပ္ပံ)**

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့လေးတစ်မြို့တွင် မကြည်၊ မခင်၊ မသန်းဆိုသော သူငယ်ချင်းသုံးယောက်ရှိခဲ့ဖူးပါသည်။ သူတို့သုံးယောက်စလုံး၏ မိဘများသည် မြို့မျက်နှာဖုံး အချမ်းသာဆုံးများလည်း ဖြစ်ကြ၏။

သူတို့သုံးဦးထဲတွင် မကြည်က အလှဆုံး၊ ဒုတိယက မခင်ဖြစ်ပြီး မသန်းကတော့ သာမန်ရုပ်ကြမ်းရေကျိုမျှသာ။ ထိုအခါ ထုံးစံဖြစ်လေ့ရှိသည့်အတိုင်း ဘရဏီရှုံးသည့် မကြည်သည် အနီးအပါးရှိမြို့မှ နတ်သားလေး(တောနတ်)ဘိုးမောင်နှင့် ဦးဆုံး အိမ်ထောင်ကျသွား၏။ မြင်းဖြူကြီးကိုစီး၊ ကြက်ပြာကြီးကိုပိုက်ကာ ရွှေစွန်ညိုလာဝဲသော အနီရွှေသျှောင်ငိုက်နှင့် 'ပဝါပါး'ကို ကြက်သားထုပ်မိသော်လည်း 'မစွန်း'ခဲ့ရပါ။ တစ်ဦးနှင့်တစ်ဦး 'စက္ခုရူပေနသံဝါသ'အဆင့်မှ နှစ်ဖက်မိဘသဘောတူသဖြင့် တကယ့်သံဝါသအဆင့်သို့ တိုးမြှင့်သွားသည်မှာ အများသူငါ အားကျစရာပင်။

မကြည်ပြီးတော့ မခင်နှင့် မသန်းသည် အောင်သွယ်တော်အလျော်ကောင်း၍ ညီအစ်ကိုနှစ်ယောက်နှင့် ပေါင်းဖက်ကြရ၏။ စစ်ကြီးဖြစ်လာကာ ဂျပန်တွေရောက်လာသောအခါ 'ဘိရမာမိန်းမလှတကား'ဆိုတာကို ကြောက်ရသဖြင့် တစ်နှစ်ထဲမှာ နှစ်မင်္ဂလာမလုပ်ကောင်းဆိုသည့် အယူအား အရေးတယူဂရုမမူနိုင်တော့။ မသန်းကို အစ်ကိုကြီးနှင့် မခင်ကို ညီလေးနှင့် မင်္ဂလာဆောင်ပေးလိုက်ကြသည်။ သူငယ်ချင်းကောင်းယောက်မဘဝမှ သူငယ်ချင်းကောင်း လင်ညီအစ်မဖြစ်သွားကြသည်။

ယောက်ျားလေးများဘက်က ပြောပလောက်အောင်မချမ်းသာသော်လည်း သူတို့က အစဉ်အဆက် အနွယ်တော်မျိုး မင်းမှုထမ်းမျိုး ပညာတတ်မျိုးဖြစ်သည်။ မကြည်နှင့် မခင်တို့သည် တစ်ဦးတည်းသော သမီးများဖြစ်ကြသော်လည်း မသန်းမှာတော့ ရိုးရိုးအအ အစ်မကြီးတစ်ယောက်နှင့် လမ်းမလျှောက်နိုင်ရှာသော ဒုက္ခိတအစ်ကိုတစ်ယောက် ရှိ၏။ မသန်းက နှမမယ်ထွေး ငယ်ပါသေးဟု နွဲ့မနေနိုင်ရှာ။ တစ်အိမ်လုံးမှာ သူ့လက်သူ့ခြေ တာဝန်ယူနေရသည်။

တာအထွက်တွင် မကြည်သည် ထိပ်ဆုံးကဟု ပြောနိုင်၏။ နဂိုကတည်းကမှ ကျိုကျိုတက်နေသည့်အထဲတွင် သူ့လိုပဲ ကျိုကျိုတက်နေသည့် တစ်ဦးတည်းသော အမွေခံလေးနှင့် ပေါင်းဖက်မိပြီး နှစ်ကျိုကျိုတက်ဖြစ်သွားသောအခါ အကယ်၍သာ စစ်ကြီးဖြစ်မလာပါက ယခုဘဝသာမက ကမ္ဘာမပျက်မချင်း ဘဝဘဝပေါင်းများစွာ ထိုင်စားနိုင်လောက်ပေ၏။ ထိုအခါ လသာသာအောက်တွင် ချစ်သူနှစ်ဦး ကြည်နူးနေရလျှင်၊ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းပြီး ခွေးတံဆိပ်ဓာတ်ပြား တစ်ပြားပြီးတစ်ပြား နားထောင်နေရလျှင်၊ ထန်းရည်လေးတမြမြနှင့် ကြက်တိုက် ကက်ဆွဲနေရလျှင် နှစ်ဦးစလုံးအတွက် ကျေနပ်စရာပျော်စရာအတိပြီးပြည့်စုံနေ၏။

* * *

ဒုတိယကမ္ဘာစစ်ကြီးဝယ် စကြာမင်းအစား 'ရောရောရှိ' တို့ ရောက်လာသည်။ 'နိပ္ပွန် ဘိရမာ ဘန်ဇိုင်း' ဆိုပေမယ့် ဘိရမာတို့သာ တဘိုင်းဘိုင်း ပါးရိုက်နားရိုက်ခံနေကြရပြီး 'ခူရကား' 'ဘတ်ကဲရိုး'သံ တညံညံ မြန်မာပြည်လုံးအဝှန်းလည်း ဖြစ်ခဲ့ရသည်။ သူတို့ကတိ ရွှေမိုးငွေမိုးအစား 'ကျွဲညီနောင်' နတ်မင်းကြီးက ကြဲချလိုက်သည့် ဖုံးမိုး ကျည်ဆန်မိုးတို့သာ အုံ့ကာလေတဖွဲဖွဲ။ မစဲနိုင်အောင် ရှိနေပေတော့သည်။

ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်၊ သစ်ငုတ်မြင့်တုံ့ မြက်မြင့်တုံ့ဆိုသည့်အတိုင်း နေမဝင်အင်ပါယာရှင်တို့သည် နေမျိုး

mgyoe.com

mgyoe.com

နွယ်တို့ကြောင့် နေဝင်ရာအရပ်သို့ အောင်မြင်စွာ ဆုတ်ခွာခဲ့ကြရသလို နေမျိုးနွယ်တို့ခမျာမှာလည်း နေဝန်းထဲမှ ဒေါင်းခွပ်ခံရသောအခါ သူတို့ဇာတိချက်မြှုပ် နေထွက်ရာသို့ ပြန်ပြေးရပြန်သည်။

အရေးတော်ပုံအောင်ပြီ၊ လွတ်လပ်ပြီ လွတ်လပ်ပြီဆိုကာမှ တိုင်းပြည်နုနုပေါ်ဝယ် ပန်းချီဆရာ၏ ဆေးခွက်မှောက်ကျသလို ရောင်စုံကာလာတွေ လွှမ်းသွား၏။ ဖြူ၊ ပြာ၊ နီ၊ ဝါ၊ စိမ်း ... အရောင်မျိုးစုံအောင်ပင်။ ပြေးရလွှားရ ဘုရားတပါကယ်ပါယူပါ အော်ရသည့်ဇာတ်လမ်းက ဆုံးပဲမဆုံးနိုင်တော့။

အဖြူက လယ်တွေသိမ်းသည်။ အနီက လယ်တွေ ဝေပစ်သည်။ စစ်တွင်းကာလ ပြေးကြလွှားကြစဉ်ကလည်း လယ်ပိုင်ဖြစ်ကြောင်း စာရွက်တွေ စာချုပ်တွေ ပျောက်ဆုံးခဲ့ရ၏။ မီးလောင်ဖိုးကျသည့်အထဲ ပါသွား၏။ ကိုယ်နှင့်မကွာထားသော စိန်ရွှေငွေတို့သည်လည်း ခိုးဝှက်လုယက်ခံရ၏။ မြေကြီးထဲမှာ မြှုပ်ပစ်ခဲ့သော အတွင်းပစ္စည်းတို့သည် ဖုံးကျ၊ မော်တာကျည်ဆန်ကျနှင့် ဖွာလန်ကျဲကာ အပြင်ပစ္စည်းဖြစ်သွားသောအခါ၌လည်းကောင်း၊ အတွင်းသိ အတွင်းလူယုံများက တူးဖော်ယူသွားသောအခါ၌လည်းကောင်း၊ ရရှိသွားသူတို့က နည်းသေးတယ်ဟု ပြောကြ၏။

လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့ 'မမည်'သေးသော်လည်း သူဌေးတွေက ဤသို့လျှင် ခေတ်နှင့်အညီ မွဲသွားကြချိန်တွင် မကြည်တို့ကတော့ ဆင်ပိန်ကျွဲ၊ ကျွဲပိန်ဆိတ် တိတ်တိတ်ကလေးဝှက်ထားခဲ့သော ပစ္စည်းနည်းနည်းကျန်ခဲ့သေးလေ၍ ယခင်လို ကျိကျိတက်မဟုတ်တော့ပေမယ့် သိပ်တော့ အခြေမပျက်ခဲ့။

မခင်နှင့် မသန်းတို့သည်လည်း ထို့အတူပင်။ ထို့ပြင် သုံးမရတော့သော ဘုရားနီပိုက်ဆံအပုံလိုက်ကို (အထပ်လိုက်တောင်မဟုတ်) ကြည့်ကာ မှိုင်တွေချနေချိန်၌ သူတို့လင်တွေက မင်းမှုထမ်းတွေမို့ အတွင်းပစ္စည်းအချို့သာမက စစ်ပြေးလစာအဖြစ် အဖိုးတန်အင်္ဂလိပ်ပိုက်ဆံများကိုလည်း ရလိုက်သေး၏။

အင်္ဂလိပ်တို့ မပြေးရမီက မသန်း၏လင်က မြို့အုပ်ပေါက်စဖြစ်သလို မခင်၏ခင်ပွန်းကလည်း အင်ဂျင်နီယာဖြစ်၏။

လွတ်လပ်ရေးရပြီးသောအခါ မသန်းက လင့်တစ်မျက်နှာ တစ်ကမ္ဘာထင်ကာ ခင်ပွန်းသည်တာဝန်ကျရာမြို့များသို့ လျှောက်လိုက်နေရသည်။ မခင်ကလည်း ထို့အတူပင်။ မတူသည်က မသန်းသည် မခင်လို တစ်ဦးတည်းသော သမီးမဟုတ်၊ တစ်ဦးတည်းသော အမွေခံမဟုတ်။ သူ့မှာ အမွေခွဲဝေယူရမည့် အစ်ကိုနှင့် အစ်မကြီးရှိသေးသည်။

ဒါပေမဲ့ သူက ပြတ်သည်။ သူ့မှာ အားကိုးစရာ လင်တော်လင်ကောင်းတစ်ယောက်ရှိပြီးဖြစ်၍ သူ ရသင့်ရထိုက်သည့် အမွေမှန်သမျှကို မိဘနှစ်ပါးရှေ့မှောက်၌ ရိုးရိုးအအ အစ်မကြီးနှင့် မစွမ်းမသန် အစ်ကိုကြီးကို ခွဲပေးလိုက်သည်။

* * *

မခင်၏ယောကျ်ား မသန်း၏မတ်ကလေး မောင်မောင်လှသည် အင်ဂျင်နီယာတစ်ဦးဖြစ်ပေမယ့် ကြုံကြိုက်လာသော ဖက်ဆစ်တော်လှန်ရေးကြီး၌ 'တီစကွဲယား'ကိုဘေးဖယ် ရိုင်ဖယ်နှင့်စတင်းကိုလွယ်ပြီး 'အသက်လောင်းပွဲ'ဝင်နွှဲခဲ့သေး၏။ မီနာမီရှစ်ခန် ဂျပန်ဗိုလ်လေးတဖြစ်လဲ တော်လှန်ရေးခေါင်းဆောင်တစ်ဦးဘဝနှင့် ဖြစ်၏။

စစ်ကြီးပြီးသောအခါ မောင်မောင်လှသည် စစ်ဘက်မှာလည်း ဝင်မလုပ်၊ အုပ်ချုပ်ရေးဘက်မှာလည်း ဝင်မလုပ်ဘဲ ကိုယ်ကျွမ်းကျင်ရာအလုပ်ကိုသာလုပ်ချင်သည်ဆိုပြီး ချောင်ထိုးထားသော 'တီစကွဲယားကို ဆွဲထုတ် ဖုံသုတ်ကာ အင်ဂျင်နီယာအလုပ် ဆက်လုပ်သည်။ လူကလည်း တော်သည့် ထက်သည့်အပြင် တော်လှန်ရေးကာလက မိတ်ဆွေကောင်းတို့၏ စောင်မမှုကြောင့် ရာထူးတွေလည်း တရိပ်ရိပ်တက်ကာ နောက်ဆုံးတော့ အင်ဂျင်နီယာချုပ်ပြီး ဦးမောင်မောင်လှရယ်လို့ ဖြစ်သွားတော့သည်။ ရေမြင့်တော့လည်း ကြာတင့်လာရကာ ဒေါ်ခင်သည်လည်း မင်းကြီးကတော် ဒေါ်ခင်ဟူ၍ ဖြစ်သွားပါသည်။

ဦးမောင်မောင်လှတို့မျိုးရိုးနှင့် ပတ်သက်လာလျှင် ဟိုးယခင် မြန်မာဘုရင်များလက်ထက်ကတည်းက မျိုးရိုးစဉ်ဆက်သစ္စာရှိသော အမှုထမ်းကောင်းသော ဦးဆွေးဆံမြည့်တာဝန်ကျေပွန်သော တံစိုးလက်ဆောင်နှင့် လာဘ်စားခြင်းကင်းသော မျိုးရိုးဟု ပြောစမှတ်ပြုကြရသည်။ အစဉ်အဆက် ထိန်းသိမ်းလာခဲ့သော ထိုမျိုးရိုးဂုဏ်ကို ဦးမောင်မောင်လှကော သူ့အစ်ကို ဦးမောင်မောင်စိန်တို့ကပါ တို့ခေတ်ကျမှ ညှံ့ရတော့မှာလားဟု သဘောထားပြီး သိက္ခာကိုဘာနဲ့မှ မလဲနိုင်ပါဟူ၍ အာမခံထားကြသည်။

လာဘ်စားခြင်းကင်းသည်ဟု သူတို့က လုံးဝ အာမခံထားကြသော်လည်း မြန်မာ့ရိုးရာအစဉ်အလာ 'ပူဇာစ ပူဇနေယံ' မြောက်မြားလှစွာသော တပည့်တပန်းများက ဂါရဝတရားဖြင့် ဝါလလွတ်ကင်း သီတင်းကျွတ်လို အချိန်မျိုးများတွင် ကန်တော့ပစ္စည်း ဆန်၊ ဆီ (ဆား မပါ) ပုဆိုး အထည်စ မုန့်ပုံးတို့သည် မြင်းမိုရ်ထက်မြင့်သော ဖြစ်ပါသည်။

ဤသို့အားဖြင့် မင်းကြီးကတော် ဒေါ်ခင်သည် စစ်တွင်း

mgyoe.com

 mgyoe.com 

ကာလတုန်းကသာ တစ်ခဏတာမျှ ဆင်းရဲဒုက္ခကို ခံစားခဲ့ရသော်လည်း သူ့တစ်သက်တာဝယ် မိဘအမွေအနှစ်နှင့် ခင်ပွန်းသည်၏ ဂုဏ်ရှိန်တို့ကြောင့် အိုမင်းချိန်အထိ စိတ်ချမ်းသာကိုယ်ချမ်းသာရှိခဲ့ပါသည်။ ထို့ပြင် ဒေါ်ခင်သည် လင်ရကံကောင်းရုံသာမက သားသမီးကံလည်း ကောင်းခဲ့၏။ သူ့ သားသမီးတွေအားလုံးနှင့် သားမက်တွေ ချွေးမတွေအားလုံးသည် (ခေတ်စားသော) ဆရာဝန်တွေ အင်ဂျင်နီယာတွေ သူဌေးသားသမီးတွေဖြစ်ကြ၏။

ဦးမောင်မောင်လှသည် အလုပ်မှ အငြိမ်းစားယူပြီးနောက် နှစ်များစွာမကြာမီ ချမ်းသာသော ပညာတတ်သော သားသမီး သားမက် ချွေးမတို့လက်ပေါ်ဝယ် လောကကို ငြိမ်းငြိမ်းချမ်းချမ်း နှုတ်ဆက်ထွက်ခွာသွားပါတော့သည်။ ဒေါ်ခင်ကတော့ ခင်ပွန်းသည်ကွယ်လွန်သွားခဲ့သော်လည်း 'ယသ' အခြွေအရံများစွာ 'လာဘ'ပူဇော်ထိုက်သော ဥစ္စာတို့ကြားဝယ် 'သုခ'ချမ်းသာပြည့်စုံစွာ ကျန်နေခဲ့၏။

သို့သော် ယင်းတို့နှင့်အတူ သူ့မှာ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ စသည့် ရောဂါမျိုးစုံတို့ပါ တွဲဘက်အဖြစ် ရှိနေသည်ကတော့ ဆိုးလှသည်။ ဒါပေမဲ့ ပိုက်ဆံရှိသည်။ ကားရှိသည်။ သားသမီး သားမက် ချွေးမ ဆရာဝန်တွေရှိသည်။ သူ ဘာပူရမည်နည်း။

* * *

မသန်းသည် အရေးပိုင်ကတော်ဟု ဆိုရသော်လည်း ကျန်သူငယ်ချင်းနှစ်ယောက်နှင့် ယှဉ်လိုက်ပါက အနိမ့်ပါးဆုံးဖြစ်သည်။ 'သတိုးမင်းထင်ကျော်ခေါင်'ဘွဲ့ရ 'ရှမ်းပြည်နယ်မင်းကြီး'ဟုလည်းကောင်း 'မိုးနဲဗိုလ်မှူး'ဟုလည်းကောင်း နာမည်ကျော်လှသူတစ်ဦး၏ မြစ်တော်စစ်စစ် ခင်ပွန်းသည် အရေးပိုင်ဦးမောင်မောင်စိန်သွားရာနောက်ကို ကလေးပုစုရလေးယောက်နှင့်အတူ တဖားဖား ဖဝါးခြေထပ် လိုက်ရပါသည်။

ဥပဒေပညာနှင့် ဘွဲ့ရထားပြီး မြို့ပြအုပ်ချုပ်ရေးအလုပ်လုပ်ကာ 'လာဘ်'ဆိုတာ လခကို ခေါ်တာဟု မှတ်ယူထားသူ ဦးမောင်မောင်စိန်သည် အကန်တော့လည်းမခံ၊ လက်ဆောင်လာပေးလျှင်လည်း လက်မခံ၊ ကန်တော့ချင်လက်ချည်းသက်သက် ထိုင်ကန်တော့ဆိုသော ဒေါသကုမ္ပာရ မာနမင်းသားသိက္ခာမင်းကြီးဖြစ်လေ၏။ တာဝန်အရ ဥပဒေအရ ထောင်ချကြိုးစင်တင်လိုက်ရသော်လည်း ရင်ထဲမှာတော့ မိသားစုအသိုက်အမြုံတစ်မြုံကို ဖြိုခွဲလိုက်ရတာ စိတ်မချမ်းသာ။

ပိုအာဏာပိုင်သော တိုင်းမင်းကြီးရာထူးသို့ တက်အံ့ဆဲဆဲတွင် သူသည် တောမိယမင်းသားကဲ့သို့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရမှာကို တော်တော်စိတ်ကုန်နေသည်။ ထို့ကြောင့် တက်လမ်းတွေမြင်နေပေမယ့် ဆက်မလှမ်းချင်တော့ဘဲ အုပ်ချုပ်ခြင်း တရားစီရင်ရခြင်းတို့နှင့် လွတ်ကင်းသော အခြားအရပ်ဘက်ဌာနတစ်ခုသို့ ပြောင်းရွှေ့လိုက်သည်။ ရာထူးဆိုတာ သာမည စိတ်ချမ်းသာဖို့က အဓိကဖြစ်၏။

သူ့ကျွမ်းကျင်ကျေပွန်မှုကြောင့် အရပ်အခေါ် အရေးပိုင် သူတို့ဌာနအခေါ် တိုင်းအဆင့် အရာရှိကြီးအဖြစ်နှင့် သူ ရန်ကုန်ရုံးချုပ်သို့ ရောက်လာသည်။ မသန်းသည် လင့်အလုပ်မှာ ဘာတစ်ခုမျှ ဝင်မစွက်ဖက်၊ လင်ပြောသမျှ အဟောဝတ၊ လင် လုပ်သမျှ မဟုတ်သုခဟု ထင်နေသော 'တော်လေးဝ'ပမာ နေခဲ့သည်။

သူတို့ရန်ကုန်ရောက်ပြီးမကြာမီ ရန်ကုန်ရှိ သားကြီးသမီးကြီးတို့နှင့် အခြေချနေထိုင်နေသော မသန်း၏မိခင်နှင့် ဖခင်နှစ်ဦးစလုံး သုံးလသာခြား၍ လေဖြတ်သွားသည်။ မသန်း၏ အစ်မကြီးတို့လင်မယားက ရုပ်ရှင်ကုမ္ပဏီတစ်ခုထောင်ထားပြီး မသန်း၏အစ်ကိုကြီးက ထိုကုမ္ပဏီမှာ ဖြန့်ချိရေးနှင့် အထွေထွေမန်နေဂျာဖြစ်သည်။

ထိုအခါ လူမမာအိုကြီးအိုမနှစ်ယောက်လုံးက စီးပွားရေးသမား ရုပ်ရှင်သမား သမီးကြီး၏အိမ်တွင် မနေချင်ကြတော့။ ရုပ်ရှင်ကုမ္ပဏီအိမ်ဖြစ်၍ လူဝင်လူထွက်ညှော်သည်များသည်ကို သူတို့ မျက်စိနောက်သည်၊ နားပူသည်ဆိုပြီး သမီးငယ်၏ ဌာနဆိုင်ရာ ခြံဝန်းကျယ်နှင့် အိမ်ကြီးသို့ ပြောင်းရွှေ့လာကြသည်။ အစ်မကြီးနှင့် အစ်ကိုက လိုအပ်သော ဆေးဝါးစာတ်စာနှင့် ငွေကြေးထောက်ပံ့သည်။

ပြုစုဖို့က မသန်းတာဝန်ဖြစ်သည်။ မသန်းမှာက ဥမမယ် စာမမြောက် ကလေး ၄ ယောက်အပြင် သူငယ်ပြန်စ မိဘနှစ်ပါးကိုပါ ပေါင်းလိုက်လျှင် ရှိုးရှိုးကလေး ၆ ယောက်ကို မွေးမြူသည်ထက်ပင် ပိုပင်ပန်းပါသည်။ သည်ကြားထဲ မယားဝတ္တရားကိုလည်း ကျေပွန်ရသေး၏။

ဦးမောင်မောင်စိန်သည် သူ၏မိဘနှစ်ပါးနှင့်မခြား ယောက္ခမများအား ရိုသေလေးစား ဘယ်လိုပင်သဘောထားကြီးသည်ဆိုသော်ငြား သူ့စိတ်သူ့စရိုက်က နားအေးပါးအေးနေတတ်သူဖြစ်၏။ သူ့မှာ ရုံးမှာလည်း တာဝန်ကျေအောင်လုပ်ရ၊ ရုံးဆင်း အိမ်ပြန်ရောက်တော့လည်း ကလေးများကဆူ၊ ဂီလာနယောက္ခမနှစ်ယောက်က ညည်းညူနေကြသောအခါ အိမ်ထဲဝင်ရမှာ ပူလှသဖြင့် ရုံးဆင်းသည်နှင့် အရာရှိပီပီ ကလပ်တက် အရက်ကလေးနည်းနည်း 'ပက်'ဘီလီယက်ပါနှက်ပြီး အားလုံးအိပ်ချိန်ကျမှ ပြန်လာတော့သည်။ သန်းခေါင်

mgyoe.com

mgyoe.com

ဗိုလ်လုပ်နေသော အိမ်ဦးနတ်ကြီးကို မျက်ရည်လေးစမ်းစမ်း တသမ်းသမ်းတဝေဝေနှင့် စောင့်နေရသူမှာ မသန်းသာတည့်။

မသန်းအတွက် ဆရာကတော် မင်းကတော်ဟု အခေါ်ခံရတာတစ်ခုပဲ နားစည်းစိမ်ရှိသည်။ လူနာစရိတ်၊ ကလေးများကျောင်းစရိတ်၊ အိမ်စရိတ်(လခအကုန်အပ်သော်လည်း) အပ်ပြီးမှ ဂဒီး ဂဒီးပြန်တောင်းသော လင်စရိတ် လခထုတ်လျှင် ဆပ်ပေးရသော ကလပ်စရိတ်တို့ကြောင့် ရွှေဆို၍ တစ်ကွင်းတည်းသာ ကျန်တော့သော သူ့လက်ထပ်လက်စွပ်ကလေးသည် လကုန်ခါနီးတိုင်း တရုတ်ကြီးထံ ရောက်ရောက်သွားရသည်။ သည်တော့ မသန်းဘာလုပ်မလဲ၊ မသန်း ဘယ်လဲ ဘာလဲ။ တိုက်ပွဲနှင့်တွေ့တော့မှပဲ မသန်း၏ အရည်အချင်းများ ပေါ်လာတော့သည်။

သည်စရိတ်တွေကို ကာမိစေရန် လင့်လုပ်စာတစ်ခုတည်းနှင့် မလုံလောက်။ သူပါ ထွက်အလုပ်လုပ်မှ ဖြစ်ပေတော့မည်။ သို့သော် မသန်းဘွဲ့မရသေး၊ သူ ဝိဇ္ဇာတန်း အပိုင်း(က) အောင်ပြီးချိန်မှာ စစ်ကြီးဖြစ်လာသောကြောင့် ဘီအေမရယ်လို့ မဖြစ်ခဲ့ရ။

ထိုခဏာရပ်ဆိုင်းခဲ့ရသည့် မပြီးသေးသော ပန်းချီကားမှုန်ဝါးဝါးကို ကလေးတစ်ဖက် လူမမာတစ်ဖက်နှင့် သက်ကြီးတက္ကသိုလ်ဆိုတာ တက်၍ အပြီးသတ် ရေးဆွဲဘောင်ခတ်ရမည်။ မသန်းမှာ ပြင်းထန်သော ဖွဲ့ရှိသည်၊ ထက်သန်သော စိတ်ဓာတ်ရှိသည်။

မိန်းမမို့ ဘုရားမဖြစ်နိုင်သော်လည်း တကယ်တမ်း နင်လား ငါလား ကြိုးစားလျှင် ဘီအေဘွဲ့လောက်တော့ ရအောင်လုပ်နိုင်ပါသည်။ ဘီအေသာမက တကယ်လုပ်ကိုင်စားသောက်နိုင်သော အလုပ်ရလွယ်သော ဆရာဖြစ်သင် ဒီပလိုမာတစ်ခုပါ ရအောင်ယူလိုက်သည်။ သည်လိုပဲ မတစ်ထောင်တစ်ကောင်ဘွား ဖွဲ့နဲ့မာန်နဲ့ ကြိုးစားလိုက်သည်မှာ နောက်ဆုံးတော့ အထက်တန်းပြဆရာမကြီး ဒေါ်သန်းရယ်လို့ ပန်း ပန်နိုင်ခဲ့၏။ သို့သော် ...

ဇာတ်လမ်းအဆုံးမှာ မသန်းမပြုံးရဘဲ ချုံးပွဲချငိုရသည့် အဖြစ်က ဆရာမကြီးဖြစ်ပြီး လပိုင်းအတွင်းမှာ မိဘနှစ်ပါးစလုံး တစ်လသာခြား၍ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားသည်။ ထိုအချိန်ဝယ် သားကြီးနှင့် သမီးကြီးက ရှစ်တန်း၊ သားငယ်က ငါးတန်း၊ သမီးအထွေးဆုံးက နှစ်တန်းရောက်နေပြီး ယောကျ်ားကတော့ သူတို့ဌာန၏ ဌာနခွဲပေါင်းများစွာအနက် ဌာနတစ်ခုမှာ အကြီးဆုံးချုပ်ကြီး ဖြစ်နေပေပြီ။

ဒါပေမဲ့ သိပ်တော့ ထူးခြားမလာပါ။ ယောကျ်ားက ရာထူးတိုးလစာတိုးပြီး မိန်းမကလည်း တစ်ဘက်တစ်လမ်းက အလုပ် လုပ်နေသည့်တိုင် တိုးလားသည့် ကလေးကျောင်းစရိတ်၊ လူနေမှုစရိတ်တို့ကြောင့် လကုန်ခါနီးလျှင် ချေးငှားပေါင်နှံရမြဲပင်။ အစ်မထံတစ်လှည့်၊ အစ်ကို့ထံတစ်လှည့် လက်ဖြန့်ရသည်။

မသန်း၏ အစ်ကိုသည် လမ်းမလျှောက်နိုင်၍ ခုနစ်တန်းပဲ အောင်လို့သာ တော်တော့သည်။ ထိုအချိန်က သူ့မှာ ကိုယ်ပိုင်ရပ်ရှင်ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်နေပေပြီ။ အစ်မ၏ ကုမ္ပဏီမှာလည်း မန်နေဂျာလုပ်ပေးသေးသည်။ လမ်းသာလျှောက်နိုင်ပါက တစ်ချိန်တည်းနှင့် ကမ္ဘာကို ခုနစ်ပတ် ပတ်ပြမည်လားမသိ။ မသန်းရဲ့အစ်ကိုပဲ မဟုတ်လား။

* * *

ဘယ်လောက်ပဲ ကျိုကျိုတက်ချမ်းသာပါစေ။ ကုဋေရှစ်ဆယ်သူဌေးသားပင်လျှင် စာပေမကျ ပညာမတတ်ပါက ခွက်လက်စွဲ၍ တောင်းစားရသေးသည်မဟုတ်ပါလား။ ဘိုးမောင်က ဘာမို့လို့နည်း။ သူတတ်သောပညာက အရက်သောက်၊ ဖဲရိုက်၊ မြင်းလောင်း(ခေတ်မီလွတ်လပ်တဲ့ နိုင်ငံကြီးဖြစ်သွားပြီမို့ ကြက်မတိုက်တော့)လို့သာ ဖြစ်သည်။ သူ့မိန်းမ မကြည်ကလည်း သရဲ့သာမတတ်သည် 'ပိုကာ'တော့ ကောင်းကောင်း 'ဒေါင်း'တတ်သည်။ မြင်းတစ် တွက်တတ်သည်။

ထိုအခါ ကျိုကျိုတက်ဥစ္စာတို့သည် တတိတိပျက်ကာ လျော့ပါးလာသည်။ ကံရှိနေချိန်တုန်းကတော့ ဉာဏ်မရှိလည်း ကိစ္စမရှိ၊ ကံမှိန်လာချိန်မှာတော့ ကိစ္စရှိလာသည်။ မြှောက်ပေးသူတို့ကလည်း မြှောက်ပေးသဖြင့် ဖိုးမောင် အချိုကြီးကြဲတော့၏။ နိုင်ငံရေးပါတီစုံခေတ်မှာ အိတ်စ်ပို့ အင်ပို့တ်ကုမ္ပဏီထောင်လိုက်သည်။ သင်ပုန်းကြီးလောက်သာ စာတတ်သူက အချိုကြီးထလုပ်တော့ အချိုကြီး အလိမ်ခံလိုက်ရသည်။

'ဖဆပလ'ခေတ်ကုန်ပြီးခေတ်မှာ သူ့ကုမ္ပဏီ ပြည်သူပိုင် အသိမ်းခံရသည်။ ရာတန်တွေ တရားမဝင် သိမ်းပြန်သောအခါ ဘာမှ မကျန်သလောက်ပင်။ ကျန်သလောက်လေးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်ထားမည်အကြံမပေါက်။ ကံထမ်းလာသူတစ်ယောက် တံခါးလာခေါက်မလားဟူ၍ ဖဲရိုက်အရက်သောက်ရင်း စောင့်သည်။ သည်လိုနှင့်ပဲ တဖြည်းဖြည်း တိုက်ကြီးကိုရောင်း၊ ပျဉ်ထောင်အိမ်သို့ပြောင်း၊ ပျဉ်ထောင်အိမ်ကိုပေါင်၊ မရွေးနိုင်တော့ သူခိုးဈေးသာသာနှင့် အပြတ်ရောင်းလိုက်ကာ တဲထိုးနေရလေတော့၏။

စာရင်းချုပ်လိုက်တော့ ဘိုးမောင်နှင့် မကြည် ချမ်းသာ

mgyoe.com

သမျှ သားသမီးခုနစ်ယောက်နှင့် ထမင်းဆိုင်တဲလေးတစ်လုံးသာ ကျန်ပေတော့၏။

* * *

မသန်းကိုတော့ သားသမီးကံ အကောင်းဆုံးဟု ဆိုရပေမည်။ ကလေးတွေက သူတို့အဖေ ဦးမောင်မောင်စိန်သွေးပါသောကြောင့် ထက်သည်၊ တော်သည်။ မသန်း အကွပ်အညှပ်ကောင်း၍ ဗိုင်းကောင်းကျောက်ဖိလိမ္မာကြသည်။ သားနို့ညှာကောင်တစ်ယောက်ကျ ကျောက်ကောင်းတစ်စေ့ သားကောင်းတစ်ယောက်တော့ ဖြစ်ပါသည်။ သို့သော် သူက ကျောက်ကောင်းပီပီ အနာလေး နည်းနည်းပါသည်။ ကျောင်းစာသာမက ပြင်ပစာတွေပါ ချွန်သည်၊ စာတော်သည်၊ လူမှုရေးကောင်းသည်၊ ဗဟုသုတစုံသည် ... သို့ပေသည့် ဖအေတူသားမို့ တေချင် ပွေချင် သောက်ချင်သည်(သောက်ကို သောက်တာပါ။)

သားအကြီးဆုံးနှင့် သမီးကြီးက နှစ်ယောက်စလုံး တစ်နှစ်တည်းမှာ ဆေးကျောင်းရောက်သည်။ သားငယ် လူရည်ချွန်အရွေးခံရသည်။ သားကြီးက စာတော်သလောက် ရိုးအသည်။ လူပျိုလေးပေမယ့် အလှအပအဝတ်အစားကို ကြိုက်ရကောင်းမှန်း မက်ရကောင်းမှန်း မသိ။ သမီးကြီးကလည်း ထို့အတူပင်။ အပျိုကြီးဖြစ်မည့်သူမို့လားတော့ မသိ။ တက္ကသိုလ်ကျောင်းသူတစ်ယောက်၏မျက်နှာမှာ သနပ်ခါးမရှိ၊ မိတ်ကပ်မရှိ၊ နှုတ်ခမ်းနီလေးတစ်ရုံတောင် ဆင်ပေးလို့မရ။

နောက်သုံးနှစ်ရှိပြန်သောအခါ သားလတ်သည်လည်း မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒဘာသာတို့တွင် ဂုဏ်ထူးနှင့် ဆေးကျောင်းရောက်ပြန်သည်။ ထိုကာလသည် မသန်းမျက်ဖြူအဆိုက်ရဆုံးကာလများဖြစ်ပါသည်။ အရာရှိချုပ်ကြီးကတော်၊ အထက်တန်းပြဆရာမကြီးဆိုပေမယ့် ကျားကြီးတော့ ခြေရာကြီးသည်။ အိမ်ကြီးတော့လည်း အိမ်စရိတ်က လိုက်ကြီးနေပါသည်။ ဆေးကျောင်းသားသုံးယောက်ကို တစ်ပြိုင်နက်တည်း ကျောင်းထားရသည့်စရိတ်မှာ နည်းသည့်စရိတ်ပေလော။

တော်ပေသေးသည်။ သားကြီးက စကောလားရှစ်ပညာသင်ဆု တစ်လလျှင် ၇၅ ကျပ်ရ၍ သူ့စရိတ်နှင့်သူ ကျောင်းတက်သည်။ သမီးကလည်း သနပ်ခါးတောင်မလိမ်းဘဲ မျက်နှာပြောင်နှင့် ကျောင်းတက်သည်။ ရှိုးစမိုးကောင် သားငယ်က စာတိုပေစလေးများ [illegible] ရေးကာ သူ့မုန့်ဖိုး သူ့အဝတ်အစားဖိုး သူရှာသည်။ အတန်းတူသားနှင့် သမီးအတွက် ဖတ်စာအုပ်တစ်အုပ်ပဲ ဝယ်ရသည်။ ထိုစာအုပ်ကို သားငယ်က ဆက်ဖတ်ရသည်။ အထွေးဆုံးသမီးလေး ဆယ်တန်းဖြေနေချိန်တွင်တော့ အကြီးနှစ်ယောက်က ကျောင်းပြီး၍ အလုပ်သင်ဆရာဝန်တွေ ဖြစ်နေပေပြီ။

သမီးငယ် တက္ကသိုလ်ရောက်တော့ သူတို့တွေက အစိုးရအလုပ်ကိုယ်စီနှင့် သမီးကြီးက ညီမလေး၏ ကျောင်းစရိတ်ကို တာဝန်ယူပြီး သားကြီးက ညီလေးကို တာဝန်ယူလိုက်သောကြောင့် မသန်းတော်တော် ခေါင်းပေါ့သွားသည်။ (ရည်းစားစရိတ်ကိုတော့ ကိုယ့်ဘာသာကိုယ်ရှာရသည်။) သို့သော် မသန်း ထဘီခါးတောင်းကျိုက်တော့ ဖြုတ်လို့မရသေး။ နောက်လေးငါးနှစ်ဆိုလျှင် ခင်ပွန်းသည်က ပင်စင်ယူတော့မည်။ သူတို့မှာ နေစရာ အိမ်မရှိသေး။

'တစ်သက် တစ်ခါ ကောင်းကြမ္မာ တံခါးလာ၍ ခေါက်စမြဲ' ဆိုသည့်အတိုင်း ဦးမောင်မောင်စိန်၏ဘဝတွင် တစ်ခါလေးပဲ ကံကောင်းခဲ့သည်။ အရာရှိကြီးများကို မဲဖောက်ရောင်းသော မာဇဒါဘီ ၆၀၀ ဆိုသည့် ကားလေးတစ်စီး သူ မဲပေါက်သည်။ အစိုးရဈေးနှုန်းသက်သက်သာသာနှင့် သူရလိုက်သည်။ အပြင်ဈေးက တစ်သိန်းခွဲလောက် ပေါက်နေသည်။ ကားက စက်ရုံထုတ် အသစ်စက်စက်၊ လုပ်ကိုင်စားလို့လည်း ကောင်းသော ကားမို့ လိုချင်သူတွေက အိမ်တိုင်ယာရောက် တောင်းတောင်းပန်ပန်နှင့် လာဝယ်ကြသည်။ သို့သော် စည်းကမ်းအရ သုံးနှစ်ပြည့်မှ လက်လွှဲရောင်းချခွင့်ရှိသဖြင့် မရောင်းပါဟု သိက္ခာမင်းကြီးက ပြောလွှတ်သည်။ သည်ကြားထဲမှာ အဖေတစ်လှည့် သားတစ်လှည့် စီးကြတာပေါ့။

တကယ်ရောင်းတော့ နှစ်သောင်းလောက် ဈေးလျော့သွားသည်။ ငွေကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး မသန်းအိမ်ရှာနေစဉ် ဦးမောင်မောင်စိန်က မပြောမဆို တိုက်တစ်လုံး ဝယ်ချလာသည်။ သူများ တစ်သိန်းတောင်မပေးသည့်တိုက်အား 'ကိုယ့်ဆရာရင်မို့ တစ်သိန်းနှစ်သောင်းနဲ့ ပေးတာပါ'ဆိုသောစကားကို အဟုတ်ကြီးမှတ်ကာ ဦးတတ်ပကြီးက ဈေးလေးတောင် မဆစ်ခဲ့။

တကယ်တော့ ထိုတိုက်ကလေးမှာ နေရာကောင်း၊ အိမ်ကောင်းမို့ တစ်သိန်းခွဲမကာ တန်ပါသည်။ သို့သော် ဂရန်အမည်ပေါက်သူ မူလပိုင်ရှင်က နိုင်ငံခြားရောက်နေသည်။ သည်တော့ ကိုယ့်နာမည်ပြောင်းလို့မရသောအိမ်ကို ဘယ်သူမှမဝယ်လိုတာဘာမှမဆန်း။ သူကတော့ အေးအေးဆေးဆေး 'မောင့်တာဝန်ထားလိုက်စမ်းပါ၊ အခုနေလို့ရတယ်မဟုတ်လား' တဲ့။

ဤမျှအထိ ဇာတ်လမ်းကို ပြန်ကြည့်လျှင် အက်ရှင်ဇာတ်ကြမ်းမှာ ပင်ပန်းခဲ့သမျှသည် မသန်းဖြစ်သော်လည်း

mgyoe.com

အကယ်ဒမီဆုရတော့ ဦးမောင်မောင်စိန်ဖြစ်နေသည်။ မသန်းချက်ပြုတ် ခူးခပ်ပြင်ဆင်ထားသမျှကို သူက အသာလေး လက်ဆေးနှိုက်စားသွားသည်။ အငြိမ်းစားအပေါင်းအသင်းများအလယ်တွင် 'ဆရာဝန်များအဖေကွ'ဟု လက်မထောင်လိုထောင်၊ 'ကိုစိန့်သားသမီးတွေက တော်လှချည်လား'ဟု မေးလာလျှင် ပြုံးပြုံးကြီးလုပ်၊ အသားညိုစိမ့်စိမ့် မျက်လုံးမျက်ခုံးကောင်းသော သမီးငယ်နှင့် ပတ်သက်ပြီးလည်း 'ရိုးရိုးသမီးရှင်မဟုတ်ဘူး၊ ကျုပ်က သမီးချောရှင်' ဟု ကြွားလိုကြွား၊ 'ကျုပ်သားအငယ်ကောင်က ဆမ်းမားဆက်မော်မ်လို အေဂျေခရိုနင်လို ဆရာဝန်စာရေးဆရာ' ဟု ပြောလိုပြော။ (အသက်ကြီးမှ ဘယ်လိုဖြစ်မှန်းမသိ) ကိုယ့်ကိုယ်ကိုယ် လူပေါကြီးဖြစ်အောင် လုပ်နေချိန်ဝယ် မသန်း အမောမပြေသေး ချွေးသုတ်ပြီးစပဲ ရှိသေးသည်။

ဦးမောင်မောင်စိန်လည်း ပင်စင်ယူပြီး ဘာမှမကြာလိုက်။ တစ်သက်လုံး ပန်ကာအောက်မှာ ဇိမ်ရှိရှိနေလာပြီး ပန်ကာအောက်မှာ ဇိမ်ရှိရှိသေသွားသည်။ မသန်းကတော့ ရောင်းချလို့မရသည့် အိမ်တစ်လုံးနှင့် ကျန်ခဲ့သည်။ ရှိစုမဲ့စု သည်တိုက်ကလေးတစ်လုံး ကိုယ့်အမည်ပေါက်ပါမည့်အရေး သွားလိုက်ရသည့်ရုံးတွေ၊ ခယလိုက်ရသည့် အရာရှိမင်းတွေ၊ သတင်းစာထဲမှာ ထည့်လိုက်ရသည့် ကြော်ငြာတွေအကြောင်း ဝိတ္ထာရ မချဲ့တော့ပါ။

နောက်ဆုံး မသန်းအမည်ပေါက်သွားသော တိုက်ကြီးအား (နေရာကောင်းမို့) အလွန်ကောင်းသောဈေးနှင့် ရောင်းပြီး မြို့ဆင်ခြေဖုံးမှာ မြေကွက်ဝယ်၍ သုံးထပ်တိုက်တစ်လုံး ဆောက်လိုက်သည်။ သူကတော့ ထိုသုံးထပ်တိုက်မှာ သမီးနှစ်ယောက်နှင့် နေသည်။ သားနှစ်ယောက်ကို တိုက်ခန်းတစ်ခန်းစီ ဝယ်ပေးလိုက်သည်။ သည်တော့မှပဲ (ထိုအချိန်မှာ) အဘွားသန်းတစ်ယောက် ဟင်းချနိုင်တော့သည်။

* * *

ဘွားခင်၏ ခြံဝင်းကျယ်ကြီးထဲရှိ နှစ်ထပ်တိုက်ကြီးသည် ခမ်းနားလှသည်။ အိမ်ထောင်ပရိဘောဂများကလည်း သစ်သစ်လွင်လွင် ပြည့်ပြည့်စုံစုံ အခြွေအရံအစေခံတွေကလည်း သူ့နေရာနှင့်သူ ကွက်တိရုံမက ပိုလျှံ၍ပင် နေသေး၏။ သို့သော် သူ့မှာ တိုးတိုးဖော် အရင်းအချာကတော့ ဗလာနတ္ထိ။ သားသမီးများသည်လည်း ဆံထုံးနောက် သျှောင်ပါသူပါ။ သျှောင်နောက် ဆံထုံးလိုက်သူလိုက်၊ တစ်မြို့တစ်နယ်ရောက်သူရောက်၊ တစ်နိုင်ငံ မြိုင်ယံခြား ခြေဆန့်သူဆန့်မို့ ဘွားခင်အနားမှာ တစ်ယောက်မျှမရှိ။

အမေ၊ အဘွား၊ မင်းကြီးကတော်၊ စီအီးကတော်ဟူသော ခေါ်သံ ခယသံတွေကိုလည်း မကြားရတာ ကြာလှချေပြီ။ သားသမီးတွေက အတူလာနေဖို့ ခေါ်ကြသော်လည်း ဘွားခင်ကတော့ သူ့လင်ခေါင်းချရာအိမ်ကြီးကို မခွာနိုင်ဟု ခေါင်းမာစွာ ငြင်းသည်။ သည်တော့လည်း ချမ်းသာသော သားသမီးများက အချိန်မှန်လာကြည့်ပေးမည့် ဆရာဝန်၊ ပြုစုဖို့ ဆရာမ၊ ဝေယျာဝစ္စတွေလုပ်ပေးဖို့ အစေခံများကိုသာ စီစဉ်ပေးနိုင်တော့သည်။ သူတို့မပေးလည်း ဘွားခင်မှာ ပိုက်ဆံရှိပါသည်။ ပိုက်ဆံမလိုပါ။

သူလိုတာက အကြင်နာ၊ မေတ္တာ၊ ကရုဏာ၊ စိတ်အစာနှင့် အဘွား၊ အမေဟု ခေါ်သံများသာ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးဆုံး (ဒါတောင် မိုင်သုံးရာ)မြို့မှ တစ်လတစ်ခါလောက် ရောက်လာတတ်သော သားငယ်ကလည်း တစ်လနှစ်လအတွင်း နိုင်ငံခြားမှာ အလုပ်သွားလုပ်တော့မည်ဟု ပြောလာပြန်သောအခါ ဘွားခင် စိတ်လျှော့လိုက်တော့သည်။

* * *

ဘွားကြည်နှင့် ဘိုးမောင်သည် လက်ပံတန်းဘူတာမှာ ထမင်းရောင်းသည်။ အတူနေသော သမီးနှင့် သားမက်နှစ်ယောက်က သာရဝေါနှင့် အင်းစိန်ကို ကုန်စိမ်း ကုန်ကူးသည်။ ကျန်သားသမီးတွေကတော့ ပညာလည်း မစုံ၊ ကြင်ယာတွေသာ စုံကုန်ကြပြီး မုန်တိုင်းမိသော အသိုက်ထဲမှ ငှက်ငယ်များလို တကွဲတပြားစီနှင့် ဘယ်ရောက်လို့ ဘယ်ဒုပါက် ဘာတွေလုပ်ကိုင်စားသောက်နေကြမှန်းပင် မသိတတ်တော့။

အားအားယားယား ထိုင်တွေးမနေနိုင်၊ လွမ်းမနေနိုင်၊ ကိုယ့်ဝမ်းစာမှ ကိုယ်အနိုင်နိုင်။ အဘိုးကြီး အဘွားကြီး လင်မယားမှာ အသက်သာ ၇၀ ကျော်နေသည်။ သားသမီးတစ်ယောက်မျှ အားမကိုးရသောကြောင့် သူတို့နှစ်ဝမ်းနှစ်ခါးကို လျှာအလျားသားထွက်အောင် ကြက်ယက်သလို ရှာဖွေစားသောက်နေရ၏။

တစ်နေ့ သာရဝေါမှလာသော အမှတ် ၇၀ အစုန်သာရဝေါ အမြန်ရထားသည် လက်ပံတန်းဘူတာမှာ စက်ခေါင်းပျက်ပြီး ဆက်မထွက်နိုင်တော့။ ညနေအမီ အင်းစိန်ဈေးသို့ ပို့ရမည့် ဟင်းသီးဟင်းရွက် ကုန်စိမ်းတွေကို ဘယ်လိုလုပ်ရပါ့။ သည်အတိုင်းချည်းတော့ ငုတ်တုတ်ထိုင် အပုပ်အနွမ်းမခံနိုင်၊ အရင်းပြုတ်မခံနိုင်။

သမီးကလည်း အတော်ဖျားနေသည်။ ကုန်တွေက မနက်ဖြန်မနက် အင်းစိန်ဈေးသို့ မရောက်၍မဖြစ်။ အင်းစိန်ကို ရောက်သော အစောဆုံးရထားဆို၍ နောက်တစ်နေ့ မနက် (၈)

mgyoe.com

mgyoe.com

နာရီမှထွက်မည့် အမှတ် ၇၆ အစုန် ပြည်–ရန်ကုန် လူစီးပါဆယ် ရထားတစ်စီးသာ ကျန်တော့သည်။ သည်ရထားပဲ အားကိုး စရာရှိသည်။ ဒါတောင် ရထားက အစောဆုံးနေ့လယ် ၁ နာရီ လောက်မှ အင်းစိန်သို့ ရောက်ပေမည်။ ထို့ပြင် မနက်ဖြန် မနက် မှာ လက်ပံတန်းဘူတာ၌ ရောင်းချမည့် ဟင်းလျာများကိုလည်း အကုန်ချက်ပြီးသလောက် ရှိနေပြန်၏။ ဘယ်လိုလုပ်ရပါ့ အကြံ ရခက်လှသည်။

တစ်နည်းတော့ရှိသည်။ မနက် ၂ နာရီမှာ လက်ပံ တန်းကို ဝင်ဆိုက်ပြီး မနက် ၆ နာရီခွဲ ရန်ကုန်ရောက်သော အမှတ် ၇၂ အစုန် ပြည်–ရန်ကုန် လူစီးအမြန်တော့ ကျန်သေး သည်။ ဒါပေမဲ့ ... ဒါပေမဲ့ ဘယ်သူ့ကို ခိုင်းရမည်နည်း။

ရန်ကုန်မှ ပြန်ဝယ်လာရမည့် ကုန်ဖိုးငွေ၊ အင်းစိန်မှာ ရောင်းချပြီးလျှင် ရမည့် ကုန်ဖိုးငွေတွေနှင့်လည်း အမြီးကျက် အမြီးစား အရက်သမား ဖဲသမားမို့ သားမက်ကို လုံးဝစိတ် မချ။ မယုံရေးချ မယုံ။ သင်းကိုသာ လွှတ်လိုက်လို့ကတော့ စူဠရေချ အကြိုက်ကျသွားပြီး တစ်ပြားမှ ပြန်ရမည့်ကိန်း မမြင်။ မြင်ယောင်နေသည်က သုံးလေးရက်ကြာမှ မူးရူးပြီး ပြန်လာ မည့် သားမက် လူမိုက်ကြီး၏ ယိုင်ထိုးယိုင်ထိုး ပုံသဏ္ဌာန် ကိုသာ။

သည်တော့ ဘွားကြည်က သည်လိုစီစဉ်လိုက်သည်။ သူတို့ သူ့အိုလင်မယားက ကုန်စိမ်းတွေကို ၇၂ အစုန်ရထား ဖြင့် ရန်ကုန်ဆင်းပို့မည်။ သမီးနှင့် သားမက်က ထမင်းရောင်း၊ သို့သော် သားမက်က ငွေမသိမ်းရ၊ ထိပင် ထိခွင့်မရှိ။ ခက် သည်က ၇၂ အစုန်အမြန်ရထားသည် သာယာဝတီဘူတာမှာ တစ်ချက်သာရပ်ပြီး ရန်ကုန်ဘူတာကြီးအထိ ဒုတ် ဒုတ်ထိ ခုတ် တော့သည်မှာ တခြားဘယ်ဘူတာတွင်မှ မရပ်တော့။ ထိုအခါ ကုန်များကို အင်းစိန်သို့ ပြန်သယ်ရမည့်ဒုက္ခနှင့် စရိတ်စကတို့ အတွက်မူ လုံးဝ အဆုံးခံရတာထက်တော့ တော်သေးသည်ဟု မှတ်ရ၏။

ကံဆိုးသည်လား၊ ကံကောင်းသည်လား မပြောနိုင်၊ အင်းစိန်ဘူတာအဝင်ဝယ် အလံမချိုးသေးသဖြင့် ရထားက ရပ် စောင့်ရသည်။ သူတို့လင်မယား ပျာယာခတ်သွားသည်။ ဆင်း ဆင်း မြန်မြန်ဆင်း ... ကုန်တွေဆွဲချ ... ဘုရားသိကြားမလို့ တော်ပါသေးရဲ့ ... ရထားရပ်သွားပေလို့ ... အခုတော့ အင်းစိန် ဈေးတန်းရောက်သွားပြီ ... လမ်းနည်းနည်းလောက် လျှောက် ရတာက ကိစ္စမရှိ ... တို့ အဘိုးကြီးအဘွားကြီးလင်မယား ဖြည်းဖြည်းလျှောက်သွားကြတာပေါ့။

နံနက် ဝေလီဝေလင်း နေမထွက်တထွက်ဝယ် သူ့အို ကြီးလင်မယားနှစ်ယောက်သည် ဟင်းရွက်တောင်းကိုယ်စီရွက် လျက် တောင်းတစ်ဘက်တစ်ချက်ဆွဲကာ ရထားလမ်းအတိုင်း ဇလီဖားတုံးများကို သတိဖြင့်နင်းပြီး အင်းစိန်ဘူတာသို့ ရှေးရှု လျှောက်လာကြသည်။

အင်းစိန်ဘူတာတွင်းသို့ မရောက်မီ တံတားတစ်ခုကို ဖြတ်ရ၏။ အို ဖြတ်စရာရှိလျှင်လည်း ဖြတ်လိုက်ရုံသာပ။ ကိုယ် မှ မတတ်နိုင်တာ။ သတိတော့ထား ဇလီဖားတုံးတွေကြားက အောက်သို့ ပြုတ်ကျသွားနိုင်သည်။

တံတားက ပေ ၃၀ ခန့်သာ ရှည်ပါသည်။ သိပ်လည်း မမြင့်လှ မြင်လျှင် ၁၅ ပေ၊ ၁၆ ပေ။ အာဏာကုန် ပေ ၂၀ ဖြစ် သည်။ သူတို့နှစ်ယောက် တံတားအလယ်အရောက်တွင် မျက်နှာချင်းဆိုင်မှာ မြို့ပတ်ရထားတစ်စင်း ဘွားခနဲ ပေါ်လာ သည်။ ဘယ်လိုလုပ်ကြမလဲ။ ရှေ့တိုးလို့မမီ၊ နောက်ဆုတ်လို့ လည်း မရ။ ဘေးက ချောက်ထဲသို့ ခုန်ချမှသာ အသက်ရှင် နိုင်မည်။ သို့သော် ထိုချောက်က လူအိုကြီးများအတွက်တော့ မြင့်လွန်းနေသည်။

ဤသို့ ကဘောက်တိကဘောက်ချာ ယောင်လည် လည်အတွေးများနှင့် ဗျာများနေစဉ် ရထားက ရပ်သွားသည်။ သို့သော် လူနှစ်ယောက်ကို ကျိုတ်ပြီးမှ ဖြစ်သည်။

* * *

အရှယ်ရောက် အလုပ်ကိုယ်စီနှင့်သားသမီးများက ဦး မောင်မောင်စိန် (ကွယ်ရာမှာ ဦးမောင်မောင်ဇိမ်ဟု ခေါ်သော) သူတို့အဖေကို ဘေးမဲ့ပေးထားကြသော်လည်း သူတို့ငယ်စဉ် ကတည်းက စိတ်ညစ်လျှင် (ကျောင်းဆရာမလည်း ဖြစ်သော ကြောင့်) ထစ်ခနဲရှိ တုတ်ဆွဲ၊ တံမျက်စည်းဆွဲ၊ ကြိမ်လုံးဆွဲ တတ်သော အမေဖြစ်သူ အဘွားသန်းကိုတော့ ခုချိန်ထိ သေး ဖြန်းဖြန်းပါမတတ် ကြောက်ရတုန်းပင်။

အဘွားသန်းကလည်း အသက် ၅၀ ကျော် သားကြီး ကိုပင် မထင်လျှင် မထင်သလို ရိုက်တုန်းဖြစ်သည်။ ရိုက်ပဲ ရိုက်လို့ မဝသေးထင့်။ အသားမနာချင်ပါက သူက 'ဟိတ်' ဆိုလျှင် တိတ်လိုက်တော့။ သူက 'တော်' ဆိုလျှင် မကျော်နှင့် တော့၊ သူက 'လာ' ဆိုလျှင် စက္ကန့်သုံးဆယ်အတွင်း သုံးပေ အကွာမှာ လက်ပိုက်လျက် ရပ်ပြီးသား ရှိပါစေ။ သည်လောက် ဩဇာညောင်းသည့် အာဂအဘွားကြီးဖြစ်သည်။

ထို့ကြောင့်လည်း ဖအေ့ခြေရာနင်းသည့် သားအလတ် ကောင်က အဖေလုပ်ခဲ့သော ဌာနမှာပင် ဌာနဆိုင်ရာ ဆရာဝန် အဖြစ် နယ်မြို့တစ်မြို့မှာ အေးအေးဆေးဆေး ဆေးကုစားပြီး ဝေးဝေးနေနေသည်လား မသိ။ ငယ်ငယ်တုန်းက သူ့သာ အတီး

mgyoe.com

mgyoe.com

အခံရဆုံးမို့ အဘွားသန်း၏ တုတ်ကို ဝသွားပြီထင့်။ သို့သော် ရန်ကုန်ရှိ သူ့ရုံးချုပ်သို့လာတိုင်း မကြာခဏ အမေ့ဆီ ရောက်ပါသည်။ လွန်ခဲ့သော လေးလက အဘွားသန်း အသက် ၇၈ နှစ်ပြည့်သည်။ အိမ်မှာ ဘုန်းကြီးဆွမ်းကပ်တော့ သားသမီးတွေ မြေးတွေ တရုန်းရုန်းနှင့် ဆူညံပွက်နေသည်မှာ ပျော်စရာ အတိသာတည့်။

အဘွားသန်းက တစ်နှစ်တစ်ခေါက်တော့ ဘုရားဖူး ထွက်တတ်သည်။ မနှစ်ကဆိုလျှင် ဗုဒ္ဓဂယာအထိ ခြေဆန့်ခဲ့သည်။ ပုဂံမှာ ဘုရားတစ်ဆူလည်း တည်ပြီးချေပြီ။ စိတ်ကူးပေါက်လျှင်လည်း မိုင်တစ်ရာအကွာမှ သားငယ်ထံသို့ အဝေးပြေးကားစီးပြီး ပေါက်ချလာတတ်သည်။ ထို့ကြောင့် အဘွားသန်းကို မြေးများက ဟိုင်းဝေးစတားဟုလည်းကောင်း၊ မသန်းအိတ်စ်ပရက်စ်ဟုလည်းကောင်း၊ ဘွားသန်းအချိန်မှန် အမြန်ယာဉ်ဟု လည်းကောင်း ခေါ်ကြ၏။ အာဂအဘွားကြီးပင်။ သွားလျှင်လည်း ဘယ်သူ့မှ အဖော်မခေါ်ဘဲ တစ်ယောက်တည်း သွားသည်။ အခုလည်း သုံးထပ်တိုက်ပေါ်မှ လက်ဆွဲအိတ်တစ်လုံးဆွဲကာ စောစောစီးစီး ဆင်းချလာ၏။ သမီးကြီး ပါမောက္ခကမြင်တော့ ...

'ဘယ်လဲ အမေ၊ အထုပ်တွေ အပိုးတွေနဲ့'

'ဟိုကောင် အငယ်ကောင်ဆီ'

'အမေရယ် သူ ရုံးချုပ်ကိုလာလို့ ပြန်သွားတာဖြင့် တစ်ပတ်ရှိသေး'

'တိတ် ... မရှည်နဲ့၊ ငါ့မြေးငယ်နဲ့မတွေ့ရတာကြာလို့။ ဟိုမှာ နှစ်ရက် သုံးရက် ကြာချင်ကြာမယ်။ ငါ မရှိတုန်း ညည်းတို့ဟာညည်းတို့ ဖြစ်သလိုစားကြ။ ဟော့ ဆိုက္ကားတစ်စီးလာစမ်း အမြန်ယာဉ်ဂိတ်ကိုသွားမယ်'

●

တလျှာ- မေ- ၂၀၀၈

mgyoe.com

mgyoe.com

# ကြွက်

နိုင်ဝင်းသိ

သူအိပ်ပျော်နေရာက ဖျတ်ခနဲလန့်နိုးလာတော့ ပူနွေးနေသော ညသည် အမှောင်များဖြင့် စေးထန်းပျစ်ခဲနေပြီဖြစ်သည်။

လရောင်ပျောက်ဆုံးသော ညတစ်ညဖြစ်သော်လည်း ညထဲမှာ အုံ့ခဲသီးထနေသော ကြယ်ပွင့်များကိုတော့ သူ့တိုက်ခန်းမှနေ၍ လှမ်းမြင်နေရသည်။

တစ်ချက်တစ်ချက် ညထဲကို ပွတ်ရှပ်တိုးဝင်လာသော လေတိုးသံသဲ့သဲ့နှင့် ကတ္တရာလမ်းမပေါ်မှာ ဖြတ်မောင်းသွားသော ကားသံများကိုလည်း သူ ကြားနေရပါသည်။

ဘယ်နနာရီရှိနေပြီလဲ။

သူ့လက်ကောက်ဝတ် အရေပြားပေါ်ကနာရီကို ကြည့်လိုက်တော့ မီးစုန်းပါသော လက်တံနှစ်ခုက ညနှစ်နာရီခွဲတော့မည်ဖြစ်ကြောင်း ညွှန်ပြနေလေသည်။

ခုနစ်လွှာအမြင့်ရှိသော သူ့တိုက်ခန်းမှ ဆီးမြင်ရလို့နှင့် တူသည်၊ အရွယ်အစား အမျိုးမျိုးသောတိုက်တွေ အမှောင်ထဲမှာ ထိုးထိုးထောင်ထောင်ဖြစ်နေပုံမှာ လူသေခေါင်းများကို ထောင်ထားသည်နှင့်ပင် တူနေသေးတော့သည်။

ညထဲကို ဖြဖောက်ကျွံဝင်နေသော မြို့ပြညခင်းကို သူ ကြည့်ပြီး မိန်းမောနေသည့်အချိန်မှာပင် တိုးတိတ်ပါးလျသော အသံလေးကို သူ စတင်ကြားလိုက်ရခြင်းဖြစ်သည်။

'ဟာ ... ဒီနေ့လည်း ဘာမှမကျန်ပါလား ... မနေ့က အတိုင်းပါပဲလား'

အသံက တိုးတိတ်သော်လည်း သူ့ခုတင်ဘေးရှိ စာရေးစားပွဲပေါ်မှ လွင့်ကျလာသော ထိုအသံကို သူ အသေအချာ ကြားလိုက်ရသည်။

အမှောင်ထဲမှာ ကျင့်သားရနေသော မျက်လုံးများဖြင့် စာရေးစားပွဲကို သူကြည့်လိုက်သော်လည်း လှုပ်ရှားလှုပ်ခြည် တစ်စုံတစ်ရာမှ သူမတွေ့ရပါ။

'ကျွတ် ... တော်တော်အသုံးမကျတဲ့လူပဲ ... ခွက်ကပ်လေးဘာလေးတောင် ချန်မထားဘူး'

စားပွဲဝန်းကျင်မှာ လူသူအရိပ်အယောင်မတွေ့ရသော်လည်း အမှောင်ထဲမှာ ထိုအသံလေးက ထွက်လာပြန်သည်။ တစ်ယောက်တည်းနေတဲ့ အခန်းလေးထဲမှာ ဘယ်သူ့အသံကို သူကြားနေရတာလဲ။ သည်တစ်ကြိမ်မှာတော့ ခုတင်ပေါ်မှ ဝုန်းခနဲ သူခုန်ထလိုက်ပြီး ခေါင်းရင်းဘက်မှ မီးခလုတ်ကို ဖွင့်လိုက်သည်။

ဖြောက်ခနဲမြည်သံနှင့်အတူ ဆွတ်ဖြူဖွေးနေသော အလင်းစများ အိပ်ခန်းထဲသို့ ပြန့်ကျဲသွားသော်လည်း အခန်းထဲမှာ သက်ရှိနှင့်တူတာဆိုလို့ ဘာကိုမှ သူမမြင်ရပါ။

သူ့ခုတင်ဘေးရှိ စားပွဲပေါ်မှာလည်း တစ်ဝက်ခန့် ကျန်သေးသော ရေသန့်ဘူး၊ ပင်လယ်ဘီအီး ပုလင်းခွံနှစ်လုံး၊ အပြာနရောင် ဆေးလိပ်ပြာခံခွက်၊ ဂက်(စ်)မီးခြစ်တစ်လုံး၊ ဖန်ခွက်နှစ်လုံး၊ အမြည်းထည့်စားခဲ့သော ကြွေပန်းကန်ပြားတစ်ချပ်၊ ရွှေဒူးယားဘူးတစ်ဘူး ...။

အားလုံးဟာ ညနေကအတိုင်းဖြစ်သည်။ သူနှင့်အတူ သောက်ခဲ့သော ကဗျာဆရာပင် ယခုအချိန် လောက်ဆို ညဦးလယ်အိပ်မက်ထဲမှာ ခေတ်ပေါ်ကဗျာတစ်ပုဒ်ကို တွေ့ရှိနေလောက်ပြီဖြစ်သည်။ သူတစ်ယောက်လည်း ဒီမှာ ဘာတွေလာဖြစ်နေရတာလဲ။

သည်အချိန်မှာပင် လဲနေသော ဖန်ခွက်ထဲမှ ကြွက်တစ်ကောင် လှစ်ခနဲထွက်လာပြီး ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် သူ့ကို စူးစူးရဲရဲစိုက်ကြည့်နေသည်ကို မြင်လိုက်ရလေသည်။

mgyoe.com

mgyoe.com

'ဘယ်လိုများလုပ်သောက်လည်း ကိုယ့်လူရာ ... နည်းနည်းပါးပါးလေးတောင် မကျန်ခဲ့ပါလား'

စောစောက သူကြားခဲ့သောအသံမျိုးပင်ဖြစ်သည်။ ကြည့်စမ်း ... ဒီအသံကို တစ်ယောက်ယောက်က ပြောနေတယ်လို့ အောက်မေ့နေတာ။ လတ်စသတ်တော့ ကြွက်တစ်ကောင်က ပြောနေတာကိုး။

'ကိုယ့်လူ ... ကျုပ်ပြောတာ ကြားရဲ့လား ... ခင်ဗျား 'နား'တော့ကောင်းပါတယ်နော်'

သူ့ဘ၀သက်တမ်းတစ်လျှောက် တစ်ကြိမ်တစ်ခါမှ မကြုံဖူး၊ မကြားဖူးသော အဖြစ်အပျက်မျိုးဖြစ်သောကြောင့် ထိုကြွက်ကို သူ ကြောင်စီစီနှင့် ငေးကြည့်နေမိသည်။

'ဟေ့လူ ... ဘယ်လိုလဲဗျ ... ကျုပ်ပြောတာကို ကြားရဲ့လားလို့'

သူ ကုလားထိုင်တစ်လုံးကို ဆွဲယူ၍ ထိုကြွက်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ရင်း ...

'ကြားပါတယ်ကွာ ... ကြားပါတယ်'

'ကြားရင်လည်း စကားလေးဘာလေး ပြန်ပြောစမ်းပါဗျာ ... ခင်ဗျားကြည့်ရတာ အူကြောင်ကြောင်နဲ့ ... ဘာလဲ ... ကြွက်တစ်ကောင်နဲ့ စကားပြောရမှာကို သိက္ခာကျတယ်လို့ ခင်ဗျားစိတ်ထဲမှာ ထင်နေလို့လား'

သူ တွေးတွေးဆဆနှင့် ...

'အဲဒီလိုတော့ မဟုတ်ပါဘူးကွာ ... ငါ့စိတ်ထဲမှာ နည်းနည်းအံ့သြသွားလို့ပါ'

ကြွက်က သူ့ကိုယ်လုံးလေးကို ဆတ်ခနဲတစ်ချက် တွန့်လိုက်ပြီး ...

'နည်းနည်းအံ့သြတာမဟုတ်ပါဘူးဗျာ ... များများ အံ့သြသွားတာပါ ... စေ့စေ့ပေါက်ပေါက်တွေးကြည့်ရင် မြို့ပြထဲမှာ ခင်ဗျားတို့လူသားတွေနဲ့ အုတ်ရောရောကျောက်ရောရော နေလာခဲ့လိုက်တာ နည်းတဲ့နှစ်တွေမှ မဟုတ်တာဗျာ။ ကျုပ်တို့ကြွက်တွေ လူစကားပြောတတ်တာ ဘာထူးဆန်းလို့လဲ'

'မင်းအတွက် မထူးဆန်းပေမယ့် ငါ့အတွက်တော့ ထူးဆန်းနေတယ်ကွ ... ဒီကိစ္စကို တော်ရုံလူသွားပြောရင် ယုံမယ်လို့များ မင်းထင်နေလို့လား'

'ယုံမယ် မယုံမယ်တော့ မသိဘူး။ ဒါပေမဲ့ သေချာတာ တစ်ခုတော့ ရှိတယ်။ ခင်ဗျား ရွာသာကြီးကိုတော့ တန်းနေတာပဲ'

သူ အသံထွက်အောင်ပင် ရယ်မောလိုက်သည်ဟု ထင်ပါသည်။ ကြည့်စမ်း...ဒီကောင်တော်တော်လာတဲ့ကြွက်ပါလား။

'ရွာသာကြီးကိုတော့ မသွားပါရစေနဲ့ သူငယ်ချင်းရာ... ပြေပြေလည်လည် ပြောရင် အားလုံးအဆင်ပြေသွားမှာပါ... ကဲ အခု မင်း ဘာလုပ်ချင်လဲ ပြော။ ငါ ဘာအကူအညီပေးရမလဲ ပွင့်ပွင့်လင်းလင်းသာပြော'

ကြွက်က ဘ၀င်ကျသွားဟန်နှင့် သူ့အမြီး မည်းမည်း ရှည်ရှည်လေးကို နှစ်ချက်သုံးချက်ဝှေ့ယမ်းလိုက်ပြီး

'လုပ်စမ်းပါဗျာ ... ဒီလိုမှပေါ့။ ဘာရယ်ညာရယ်တော့ မဟုတ်ပါဘူး။ အရက်ကလေး နည်းနည်းလောက် သောက်ချင်လို့ ခင်ဗျားအခန်းကို တက်လာခဲ့တာပါ။ ဟိုတစ်ရက်နှစ်ရက်က မိုးတွေမိထားလို့နဲ့တူတယ်။ အဆစ်အမြစ်တွေ နည်းနည်း ကိုက်ခဲချင်နေတယ်ဗျ'

'အေး ... အဆစ်အမြစ်တွေ ကိုက်ချင်နေတယ်ဆိုလို့ ပြောလိုက်ရဦးမယ်။ အယ်လ်ကိုဟောကို နေ့စဉ်အသင့်အတင့်မှီဝဲခြင်းအားဖြင့် အဆစ်အမြစ်ရောင်ရောဂါကို ကာကွယ်နိုင်တယ်လို့ သုတေသနပညာရှင်တွေပြောခဲ့တာကို ဘယ်ဂျာနယ်ထဲမှာလည်း မသိဘူး ငါဖတ်လိုက်ရသေးတယ်ကွ'

ကြွက်က ခိခနဲတစ်ချက်ရယ်လိုက်ပြီး ...

'ဒီကိစ္စကို ကျွန်တော်တောင် ဖတ်လိုက်ရသေးတယ်။ ဒါပေမဲ့ ဒီတွေ့ရှိချက်က ကျွန်တော်တို့ကြွက်တွေနဲ့ စမ်းသပ်ထားတာဗျ။ ခင်ဗျားတို့လူသားတွေအတွက်တော့ သိပ်မသေချာသေးပါဘူးတဲ့။

သူ ပါးစပ်အဟောင်းသားဖြစ်သွားပြီး ...

'မင်းဟာက ဟုတ်ရဲ့လားကွာ'

'ဟုတ်ပါတယ်ဗျာ ... ကျွန်တော် သေသေချာချာဖတ်ထားတာပါ။ သုတေသနလုပ်တဲ့ ပညာရှင်တွေကိုတောင် ကျွန်တော် မှတ်မိနေသေးတယ်။ ရိုသန်ဘာ့(သ်)တက္ကသိုလ်က ပညာရှင်တွေဗျ'

သည်တစ်ကြိမ်မှာတော့ သူ့ခေါင်းကလေး ပုပြိုးငြိမ်ဆင်းသွားပါသည်။ ကြည့်စမ်း ... သည်ကြွက်ဟာ သူမြင်တွေ့နေကျကြွက်တွေလို ပေါ့ပေါ့နေ ပေါ့ပေါ့စား လစ်လျှင်လစ်သလို ဖြတ်ဖြတ်ဆွဲသွားတဲ့ ကြွက်ငတုံးတွေထဲက မဟုတ်ပါလား။

သူတို့စာပေလောကထဲမှာဆို ကမ္ဘာကြီးကိုပင် လုံးသလား၊ ပြားသလားမှန်း မသိသည့် အယ်ဒီတာတွေ အများကြီးရှိပါသည်။ ဆရာဒဂုန်တာရာတို့၊ ဆရာဇ၀နတို့၊ ဆရာဇော်ဂျီတို့၊ ဆရာမင်းသု၀ဏ်တို့၏စာများကို ဖတ်ဖူးဖို့နေနေသာသာ နာမည်ကိုပင် မကြားဖူးသော အယ်ဒီတာပေါက်စလေးတွေလည်း အများကြီးရှိပါသေးသည်။ မင်းသား၊ မင်းသမီးများ၏ နှာစေးချောင်းဆိုးကိစ္စရပ်များကို ရေးကြီးခွင့်ကျယ်သတင်းလုပ်

ရေးနေပြီး သူတို့မရှိလျှင်ပင် စာပေလောက ပျက်စီးသွားတော့မည့်အပေါက်မျိုး ချီးနေသော ကျေးဇူးရှင်များကိုလည်း နိစ္စဓူဝ သူကြုံတွေ့နေရပါသည်။

သူတို့တစ်တွေနှင့်စာလျှင် ဗဟုသုတအတော်အသင့် ကြွယ်ဝပုံရသော သူ့ဘော်ဒါကြွက်မှ ဟုတ်တုတ်တုတ်ရှိနေသေးသည်။

'ဟေ့လူ ... ဘာတွေစဉ်းစားနေတာလဲဗျ။ စကားလေး ဘာလေးများ ပြောစမ်းပါဦး'

သူ ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး ...

'ဘာမှ မစဉ်းစားပါဘူးကွာ ... အလုပ်အကြောင်းကို သွားတွေ့မိလို့ပါ'

'ည နှစ်ချက်ခွဲ သုံးနာရီ အလုပ်အကြောင်း စဉ်းစားရအောင် အဲဒီအလုပ်က ဘယ်လောက်အရေးကြီးနေလို့လည်းဗျ'

'သိပ်ပြီးတော့လည်း အရေးကြီးလှတာ မဟုတ်ပါဘူးကွာ။ ဂျာနယ်တိုက်တစ်တိုက်က မှာထားတာကို သတိရလိုက်လို့ပါ။ သူငယ်ချင်းကြွက် ... မင်း အယ်ဒီတာလုပ်မလား။ ဂျာနယ်တိုက်တစ်တိုက်က သင့်တော်မယ့်လူတစ်ယောက်တွေ့ရင် လိုချင်တယ်လို့ ငါ့ကို မှာထားတာ ဆယ်ရက်လောက်ရှိသွားပြီကွ။ အဲဒီအယ်ဒီတာနေရာက မင်းနဲ့ဆို အံကိုက်ပဲသူငယ်ချင်း'

ကြွက်က ခေါင်းတယမ်းယမ်းနှင့် ...

'ဟာ ... ခင်ဗျားတော်တော်နောက်တဲ့လူပဲဗျာ။ ကြွက်က အယ်ဒီတာလုပ်လို့ ရမလားဗျ။ ကဲပါဗျာ ... ခင်ဗျားနောက်တီးနောက်တောက်တွေ လုပ်မနေပါနဲ့။ အရက်ပုလင်းသာ ထုတ်စမ်းပါ။ ခင်ဗျားနဲ့ကျွန်တော် မိတ်ဖြစ်ဆွေဖြစ် အရက်သောက်ရအောင်ပါ'

ကြွက်ပြောမှ အရက်ကိစ္စကို သူ သတိရသွားသည်။ သူ့မှာ အရက်လက်ကျန်နည်းနည်းလေးမှ မရှိပါ။ ကြွက်ကို အားနာပါးနာနှင့် သူကြည့်ပြီး ...

'အရက်လက်ကျန် လုံးဝမရှိဘူးကွ သူငယ်ချင်းရ။ ဒီတော့ ဒီလိုလုပ်ပါလား။ ငါ မနက်ဖြန် စာမူခရစရာရှိတယ်။ ပင်လယ်တစ်လုံး ဝယ်ထားလိုက်မယ်လေ။ မင်း ညဘက်ကျရင် ခုလိုပဲ တက်လာခဲ့ပေါ့ ဖြစ်တယ်မို့လား'

'ဟာ ဘယ်လိုလုပ်ဖြစ်မှာလည်းဗျာ။ မနက်ဖြန် သီတင်းကျွတ်လကွယ်နေ့ဗျ'

'သူ့ဟာသူ လကွယ်တာနဲ့ တို့အရက်သောက်တာနဲ့ ဘာဆိုင်လို့လဲကွာ'

'ခင်ဗျားအတွက် မဆိုင်ပေမယ့် ကျွန်တော့်အတွက်တော့ ဆိုင်တယ်ဗျ။ ကျွန်တော်က လပြည့်၊ လကွယ်ရက်တွေဆို လုံးဝသောက်တာမဟုတ်ဘူး'

သူ ခေါင်းပုသွားပြန်သည်။ ဘုရား ဘုရား။ ဒီကြွက်ဟာ တော်တော့်ကိုကြီးကျယ်တဲ့ကြွက်ပါလား။

ကြွက်က ဆက်ပြောပြန်သည်။

'ဒီတော့ ဒီလိုလုပ်ဗျာ။ မနက်ဖြန်ကို ခင်ဗျားအရက်ဝယ်မလာခဲ့နဲ့။ နောက်တစ်နေ့မှ ဝယ်လာခဲ့။ အဲ ... အဲ ... ဝယ်လာရင်လည်း ပင်လယ်တော့လုပ်မလာခဲ့နဲ့ဗျာ။ ဂရင်းရွှိုင်ရယ်ဝီစကီ တစ်ပြားလောက်သာ ဝယ်လာခဲ့။ ဖြစ်တယ်မို့လား'

မောင်မင်းကြီးသားကြွက်က တော်တော်အကောင်းကြိုက်ပုံရသည်။ အရက်ထဲမှာတောင် ဂရင်းရွှိုင်ရယ်ဝီစကီကိုမှ သန့်သန့်လေးသုံးဆောင်ချင်ပုံရသည်။

'ဘယ့်နှယ်လဲ ဖြစ်တယ်မို့လား'

'ဖြစ်အောင်လုပ်ပေးရမှာပေါ့ကွာ။ ဒါပေမဲ့ မင်းကို ငါမေးလိုက်ဦးမယ်။ ဂရင်းရွှိုင်ရယ်ဝီစကီတစ်ပြား ဘယ်လောက်ဖြစ်နေပြီလဲဆိုတာ မင်းသိလား'

ကြွက်က စုတ်တစ်ချက်သပ်လိုက်ရင်း ...

'ခင်ဗျားကလည်း သောက်မယ့်လူ ... အဲ အဲ ... သောက်မယ့်ကြွက် မျိုမကျအောင် လာလုပ်နေပြန်ပြီ။ ဘာလဲ မတိုက်ချင်ဘူးလား'

'မတိုက်ချင်လို့ မဟုတ်ပါဘူးကွာ။ တိုက်မှာပါ။ ဈေးတွေတက်နေတာကို မင်းသိစေချင်လို့ပါ'

'ဝယ်မှာသာ ဝယ်ခဲ့စမ်းပါဗျာ။ ခင်ဗျား ကျွန်တော့်ကို တိုက်လို့ အချည်းနှီးမဖြစ်ပါဘူး။ ကြွက်တစ်ကောင်နဲ့ အရက်အတူတူသောက်တဲ့သတင်း ဂျာနယ်တစ်စောင်စောင်မှာ ပါသွားလည်း ခင်ဗျားသိက္ခာကျမသွားပါဘူး။ ကျွန်တော်ဆန္ဒရှိနေတုန်း ခင်ဗျားတိုက်ထားတဲ့အတွက် ခင်ဗျားအကူအညီလိုတဲ့အခါကျရင်လည်း ကူညီရတာပေါ့၊ ဟုတ်ဖူးလား'

သည်တစ်ကြိမ်မှာတော့ သူပြုံးမိသွားပါသည်။ ကိုယ်တောင် နေစရာမရှိလို့ မြေကြီးထဲမှာ တွင်းတူးနေရတဲ့ကြွက်က သူ့ကို ဘာကူညီနိုင်မှာမို့လို့လဲ။

'ကိုယ့်လူ ... ဘာပြုံးတာလဲ၊ ကျုပ်ပြောတဲ့စကားထဲမှာ ဘာပြုံးစရာပါလို့လဲ'

'ဘာမှမဟုတ်ပါဘူးကွာ ... ဟို ... ဟို'

'ဟိုတွေဒီတွေ လုပ်မနေစမ်းပါနဲ့ဗျာ။ ဒါ ခင်ဗျား ကျွန်တော့်ကို အထင်သေးလိုက်တာပဲ။ ဒီမှာကိုယ့်လူ ... ခင်ဗျား ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်စမ်း ... ဘာတွေ့လဲလို့'

m.gyoe.com

mgyee.com

သူ အားနာပါးနာနှင့် စုတ်ချွန်းချွန်းနိုင်လှသော ကြွက်ငတိ၏မျက်နှာကိုကြည့်သော်လည်း ထူးခြားတာဆိုလို့ ဘာကိုမှ မမြင်ရပါ။

'ဘာတွေ့လဲ'

'ဘာမှမတွေ့ဘူးကွ'

'ဟာ ... ခင်ဗျားတလည်း ပါးမလိုလိုနဲ့ တော်တော်ထူတဲ့လူပဲ။ ဒါနဲ့များ ဂျာနယ်အယ်ဒီတာ ဝင်လုပ်နေသေးတယ်။ သေသေချာချာကြည့်ပါဗျ။ ကျုပ်ပါးစပ်ထဲမှာ ရှေ့သွား လေးချောင်းပါတယ်ဗျ'

သူ ဟက်ခနဲ တစ်ချက်ရယ်ပြလိုက်ပြီး

'ရှေ့သွား လေးချောင်းလောက်ပါတာများ ဘာလုပ်လို့ရမှာလဲ သူငယ်ချင်းရာ။ သွားသုံးဆယ့်နှစ်ချောင်းပါတဲ့ ငါတို့လူတွေတောင် ဘာမှလုပ်လို့မရလို့ ငုတ်တုတ်မေ့နေကြတာကွ မောင်မောင်ကြွက်ရ ... ဟား ... ဟား ... ဟား ...'

'ရှေ့သွား လေးချောင်းတည်းပါတယ်ဆိုပြီး အထင်မသေးစမ်းပါနဲ့ကိုယ့်လူရာ။ အဲဒီလေးချောင်းနဲ့ပဲ ခင်ဗျားတို့ရဲ့ အဝတ်အစားတွေကိုလည်း ကိုက်ပစ်နိုင်တာပဲ။ စားပွဲတွေ၊ ဗီရိုတွေ၊ ထမင်းအုပ်ဆောင်းတွေကိုလည်း ကိုက်ပစ်နိုင်တာပဲ။ ဝါယာကြိုးနဲ့ ဆပ်ပြာခွက်တွေကိုလည်း ကိုက်ပစ်နိုင်တာပဲ။ ပြောမယ်ဆိုရင် ကျုပ်တို့ကြွက်တွေဟာ မကိုက်သေးလို့သာ နေရမယ်၊ မကိုက်နိုင်တဲ့ပစ္စည်းဆိုတာ ကျုပ်တို့ရဲ့ ကြွက်အဘိဓာန်မှာ ဘယ်တုန်းကမှ ရှိခဲ့တာမဟုတ်ဘူး'

သူ ပါးစပ်အဟောင်းသားနှင့် ...

'အေးကွ ... ဟုတ်တယ်နော်'

'ဟုတ်ပြီ ... ခင်ဗျားသဘောပေါက်သွားပြီ။ ဒုံးမဝေးတော့ဘူး။ အဲဒီတော့ ခင်ဗျားကြည့်လို့မရတဲ့လူတွေထဲမှာ ဘယ်သူ့ကို ကိုက်စေချင်သလဲ ... ပြော ... ကျကျနနကိုက်ဖြတ်ပေးမယ်။ နှာခေါင်းဆိုနှာခေါင်း၊ လက်ဆိုလက်၊ ခြေထောက်ဆိုခြေထောက်။ နေရာမလွဲစေရဘူး။ ခင်ဗျားပြောလိုက်တဲ့အတိုင်း ကွက်တိဖြစ်နေရမယ်။ ပထမဆုံးအနေနဲ့ ခင်ဗျားကို လာလာရစ်နေတဲ့ အဲဟို နဖူးပြောင်ပြောင်၊ နောက်စေ့ပြောင်ပြောင်နဲ့လူရဲ့ နဖူးကိုကိုက်ပြီး 'ဖွင့်' ပေးလိုက်ရမလား။ ပြောမယ်ဆိုရင်တော့ ဒီလူက နဖူးတင်မဟုတ်ဘူး။ တစ်ကိုယ်လုံး ကိုက်ပစ်လို့ကောင်းတဲ့လူဗျ'

သူ ကြွက်ကို ကြည်နူးစွာ လှမ်းကြည့်လိုက်သည်။ ကြည့်စမ်း။ ညအချိန်မတော်ကြီး ကောက်ခါငင်ခါ မိတ်ဆွေဖြစ်သွားတဲ့ကြွက်ဟာ ချစ်စရာတော်တော်ကောင်းနေပါလား။ ထိုကြွက်မျိုးနှင့်သာ မဟာမိတ်ဖွဲ့ထားလျှင် သူ့မျက်လုံးထဲမှာ ထော်လော်ကန့်လန့်ဖြစ်နေသူအားလုံးကို ကိုက်ဖြတ်ချေမှုန်းပစ်နိုင်သည်မဟုတ်ပါလား။

နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံသော ထိုကြွက်လိုကြွက်မျိုးသာ ဘယ်ဘက်တစ်ကောင်၊ ညာဘက်တစ်ကောင် ရှိလို့ကတော့ သူတို့လောကမှာ ဘယ်သူ့ကိုမှ သူ ဂရုစိုက်စရာမလိုတော့ပါ။

'စိတ်ချသူငယ်ချင်း ... မင်းကိုက်ရမယ်။ ကျကျနနကိုကိုက်ရမယ်။ အခု လောလောဆယ်တော့ မင်း အားမွေးထားလိုက်ဦး။ ငါတို့လောကထဲမှာ ကိုက်ရမယ့်လူတွေ အများကြီးရှိတယ်ကွ။ မျိုးဆက်သစ်လေးတွေရော၊ အရိုးရင့်အမွေးရှည်မျိုးဆက်ဟောင်းကြီးတွေရော မင်းကိုက်ဖြတ်ရမယ့်လူတွေ ဗုံးပေါလအောရှိနေတယ် သူငယ်ချင်းရ။ အဟေး ... ဟေး ... ဟေး။ အေး ... သူတို့ကို ကိုက်ဖြတ်ဖို့ ပြောနေလို့လားမသိဘူး။ ငါ့သွားတွေတောင် ယားကျိကျိဖြစ်လာသလိုပဲ'

ကြွက်က သူ့မျက်နှာကို စူးစမ်းသလို တစ်ချက်မော့ကြည့်လိုက်ပြီး ...

'ဒါဖြင့် ခင်ဗျားပါ ဝင်ကိုက်ပေးပါလားဗျ။ ကျုပ်တစ်ယောက်တည်းကိုက်ရမှာထက်စာရင် ခင်ဗျားပါ ဝင်ကိုက်ပေးတော့ ပိုမြိုင်သွားတာပေါ့။ ဟုတ်ဘူးလား'

သူ ဆတ်ခနဲတွန့်သွားလေသည်။

'ဟ ဖြစ်ပါ့မလားကွ။ ငါက ကြွက်မှမဟုတ်တာ'

ကြွက်က သူ့ကိုကြည့်၍ အားပါးတရ ရယ်မောရင်း...

'ဖြစ်တာပေါ့ဗျာ။ သိပ်ဖြစ်တာပေါ့။ ဒီမှာကိုယ့်လူ... ခင်ဗျားကို ကျုပ်ရှင်းအောင်ပြောလိုက်မယ်။ ကြွက်တစ်ကောင်အနေနဲ့ လူတစ်ယောက်ဖြစ်ဖို့ အခွင့်အလမ်းသိပ်မရှိပေမယ့် လူတစ်ယောက်အနေနဲ့ ကြွက်တစ်ကောင်ဖြစ်ဖို့ အခွင့်အလမ်းတွေ အများကြီး ရှိတယ်ဗျ။ ကျုပ်တို့ရဲ့ကြွက်ဒေသကို ခင်ဗျားတစ်ခေါက်လောက် လိုက်လေ့လာကြည့်ပါလား။ အဲဒီမှာ နယ်ပယ်အသီးသီးက ကြွက်ဖြစ်နေတဲ့လူတွေကို ခင်ဗျားအများကြီး မြင်ရလိမ့်မယ်''

သူ တစ်စုံတစ်ရာကို သတိရဟန်နှင့် ...

'အဲဒီလူတွေထဲမှာ ငါတို့အနုပညာလောကထဲကလူတွေရော မပါဘူးလားကွ'

'ကိုယ့်လူကလည်း နယ်စုံပယ်စုံကလူတွေ ပါတယ်လို့ပြောထားတာပဲဗျာ။ ခင်ဗျားတို့လောကထဲကလူတွေလည်း ပါတာပေါ့။ ပြောမယ့်သာ ပြောနေရတာပါဗျာ။ အဲဒီလူတွေကလည်း ကြွက်ဘဝမှာ ပျော်ရွှင်နေကြပါပြီ။ အခုနေ့သူတို့ကို လူ့ဘဝပြန်သွားမလားဆိုရင်တောင် ပြန်ချင်ကြမှာမဟုတ်တော့ဘူး'

mgyoe.com


သူ ပခုံးတစ်ချက်တွန့်လိုက်သော်လည်း ကြွက်က ဆက်ပြောပါသည်။

'ခင်ဗျားစဉ်းစားကြည့်လေ။ ကျုပ်တို့မှာ ဆူနာမီမရှိဘူး။ ငလျင်မရှိဘူး။ အပူလှိုင်းမရှိဘူး။ အအေးလှိုင်းမရှိဘူး။ နှင်းမုန်တိုင်းမရှိဘူး။ တောမီးလောင်မှုမရှိဘူး။ ကြက်ငှက်တုပ်ကွေးမရှိဘူးဗျာ။ ပြီးတော့ ကျုပ်တို့ကြွက်တွေက အလကားနေရင်း တစ်ခုမဟုတ်တစ်ခု ကိုက်ဖြတ်နေရမှ နေသာထိုင်သာရှိတဲ့ သတ္တဝါအမျိုးအစားဗျ။ အဲ ... ကိုက်စရာမရှိရင်တော့ ကျုပ်တို့အချင်းချင်း တစ်ကောင်နဲ့တစ်ကောင် ပတ်လည်စနစ်နဲ့ ပြန်ကိုက်နေကြတာပဲ။ ကဲ ... ဘယ်လောက်ပျော်ဖို့ကောင်းလဲ'

'ဒါနဲ့ မင်းတို့နေတော့ရော'

'မြေကြီးအောက်မှာ တွင်းနက်နက်တူးပြီး နေရတာပေါ့ဗျာ။ ဂေဟာစနစ်မပျက်အောင်တော့ သတိထားပြီး တူးရတာပေါ့။ ကဲပါဗျာ။ ကျုပ်တို့ကြွက်တွေအကြောင်းကို ခင်ဗျားအသေးစိတ်သိချင်ရင် ကျုပ်နဲ့သာလိုက်ပြီး လေ့လာပေတော့။ ဟုတ်ပြီလား။ ဟိုရောက်ရင် ခင်ဗျားမေးချင်တာ မေးလို့ရတယ်။ ပြောချင်တာ ပြောလို့ရတယ်။ အဲဒီကြားထဲက ခင်ဗျားကိုယ်တိုင် စိတ်ဝင်စားသွားလို့ ကြွက်တစ်ကောင်ဖြစ်ချင်သပဆိုလည်း ခင်ဗျားသဘောပဲ။ ဟုတ်ပြီနော်'

ဟုဆိုကာ သူ့ရှေ့မှ လှစ်ခနဲပြေးထွက်သွားလေသည်။

* * *

'ဒီလူ ဂျာနယ်တိုက်ကို မလာတာလည်း ဆယ်ရက်လောက်ရှိပြီ။ နယ်က သူ့မိဘအိမ်ကိုလည်း မရောက်ဘူးဆိုတော့ ဘယ်ရောက်နေမှန်း စဉ်းစားလို့ကို မရဘူးဗျာ'

'သူပျောက်မသွားခင် နောက်ဆုံးညကတော့ သူနဲ့တွဲနေတဲ့ ကဗျာဆရာလေးက ပြောတယ်ဗျ။ ဒီတိုက်ခန်းမှာ သူနဲ့ အတူတူ အရက်သောက်ခဲ့သေးတယ်တဲ့'

'ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ကျုပ်တို့ကတော့ လာရှာကြတာပဲ။ မတွေ့တာတော့ ဘယ်တတ်နိုင်မလဲဗျာ'

လွယ်အိတ်ကိုယ်စီလွယ်ထားသော လူရွယ်နှစ်ယောက်သည် တိုက်ခန်းတစ်ခန်းလုံးကို အတွင်းရော အပြင်ပါ နံ့နံ့စပ်စပ်ရှာဖွေကြသော်လည်း လူသူအရိပ်အယောင်တစ်စုံတစ်ရာမှ မတွေ့ရသောအခါ စိတ်ပျက်လက်ပျက်နှင့် ပြန်သွားကြလေသည်။

သူတို့နှစ်ယောက် တိုက်ခန်းထဲသို့ ရောက်လာချိန်မှစ၍ ပြန်ထွက်သွားချိန်အထိ သူတို့ကို တစ်ချိန်လုံးစိုက်ကြည့်နေသော ခုတင်ခြေရင်းမှ ကြွက်တစ်ကောင်ကိုတော့ ထိုနေ့က သူတို့သတိမပြုမိကြပါ။

●

မဟေသီ – ဖေဖော်ဝါရီ– ၂၀၀၈

mgyoe.com

mgyoe.com

# မုဆိုးလေလား သားကောင်လား

ကျောင်းကုန်းညော်မျိုး

ကျောက်ခွေးတို့၏ ကိုင်းတာရွာသည် ကျောင်းကုန်းမြို့နှင့် ဆက်သွယ်ရေးလမ်းကြောင်းမဖြောင့်သည့်တစ်ချက်မှတစ်ပါး ကျန်အချက်များမှာမူကား ပရိရူပဒေသဝါသောစ မင်္ဂလာနှင့် ပြည့်စုံပါပေ၏။ ကိုင်းတာရွာကား လယ်မြေကျယ်ဝန်းသည်။ စီးပွားရေး သင့်တင့်သည်။ ရွာသားရွာသူ ကြည်ဖြူညီညွတ်သည်။ ကျောင်းကန်ဘုရားတင့်တယ်သည်။ ဘာသာသာသနာထွန်းကားသည်။ ပညာရေးလက်လှမ်းမီသည်။ နိုင်ငံရေး အသိမနိပ့်ကျ။ ရွာခြေရင်းမှာ အိုင်မကြီးရိုးချောင်းရှိသည်။ ရွာခေါင်းရင်းတွင် ကိုင်းတာတော၊ ဆင်ခေါင်းရိုးတော၊ နောင်ဝါလီ၊ ရွှေပန်းတော စသော တောများဆက်နေ၍ ထိုတောများအလယ်၌ ဆင်ခေါင်းရိုး၊ မရမ်းရိုး၊ ရိုးကြီးစသော ရိုးချောင်းတွေကလည်း လက်ယှက်ထိုးသွယ်တန်းနေကြသည်။ သို့ဖြစ်၍ ထိုတော၊ ထိုရိုးချောင်းတို့သည် ကိုင်းတာရွာအပါအဝင်တောပတ်လည်ဝန်းရံသော ရွာများအဖို့ ထင်းတောကြီးလည်းဖြစ်သည်။ ဟင်းသီးဟင်းရွက် စိုက်ခင်းကြီးလည်း ဖြစ်သည်။ ငါးဖားကန်လည်း ဖြစ်သည်။ အသားအမျိုးမျိုး အဆင်သင့်ရနိုင်သော တိရစ္ဆာန်မွေးမြူရေးခြံလည်း ဖြစ်ချေသည်။

ထိုပဒေသာပင်ကြီးများကြောင့် ရွာသူရွာသားတို့သည် မျှစ်စားချင် တောဝင်၊ ငါးစားချင် ရိုးဆင်း၊ အသားချိုချိုလိုလျှင် တောလိုက်သွားရုံနှင့် စားနပ်ရိက္ခာဖူလုံကြွယ်ဝလေပြီ။

ထိုပဒေသာပင်ကြီးများ ရှင်သန်ရာ ထိုတော၊ ထိုရိုးချောင်းတို့ ယုန်တစ်တိုး၊ ခွေးတစ်ဝင်မရှိအောင် ပိတ်ဆီးစည်ကားရခြင်းမှာလည်း ရှေးလူကြီးတို့၏ အမြော်အမြင်ကြီးမားမှုကြောင့် ဖြစ်ပါ၏။

တွေ့လေရာရာ သစ်ပင်ကိုခုတ်ဖို့မဆိုထားနှင့်။ သက်ကယ်တစ်ရိုးကိုမျှ သွားကြားထိုး၊ နားပန်မခူး၊ မချိုးကြရဟူသော တောဥပဒေသကြီးကို အလေးအနက် လိုက်နာသောကြောင့်ပါတည်း။

သို့ဖြစ်၍ ရွာနှင့်တော၊ တောနှင့် ရွာ၊ ရွာနှင့် ရွာသားသဟဇာတစပ်၍ သူ့ကျေးဇူး၊ ကိုယ့်ကျေးဇူး အပြန်အလှန် ကူးလူးတုံ့လှယ်လျက် အညမညဖြစ်နေကြလေ၏။

သို့ဖြစ်၍ ထိုတော၊ ထိုမြိုင်၊ ထိုရိုး၊ ထိုချောင်းတို့နှင့်ဆက်နွယ်ခဲ့သော ဇာတ်လမ်းတို့သည်လည်း များမြောင်လှစွာ၏။ ချစ်စရာ၊ လွမ်းစရာလည်းပါ၊ ပျော်စရာ၊ အောက်မေ့စရာလည်းရှိ၏။ ငိုရှိုက်ရင်နင့်စရာလည်း စိမ့်ဝင်၏။ တက်ခေါက်မာန်တင်းစရာတွေလည်း ရက်ရှယ်၏။

အမှန်စင်စစ် ထိုအဖြစ်သနစ်တို့သည် သူ့ကံ၊ သူ့ပယောဂအတိုင်းဖြစ်ကြခြင်းမို့ ထိုတော၊ ထိုမြိုင်၊ ထိုရိုးထိုချောင်းတို့၏ အပြစ်မဟုတ်ပါချေတကား။

* * *

ရာသီကား တောင်သူလယ်သမားကြီးတို့ ကောက်ဦးတည်စ နတ်တော်လဖြစ်သည်။ လဆုတ်ရက်မို့ ကြယ်ရိပ်ကြယ်ရောင် မှိန်ပျပျသာဖြန့်ကြက်နိုင်သည်။ နှံဝါချောင်း၍ ကောက်ရိတ်ရန် အသင့်ဖြစ်အောင် စပါးလှဲဝါးဖြင့် ငန်းတိုက်ဖိထားသော လယ်ကွက်များမှာ ဆောင်းအအေးဓာတ်ကြောင့် ပျော့ပျောင်းအိညက်လျက် ကော့စမစ်တစ်နှင့် ခြင်ချော်လဲဖြီးထားသော ကာလသား၏ ဘိုကေကဲ့သို့ လှိုင်းထပြောင်လက်နေ၏။

အချို့ကောက်လျှင်ရိတ်ပြီးသား လယ်ကွင်းများကတော့ ရိုးပြတ်ငုတ်တွေထိုးထိုးထောင်ထောင်။ မြေပဲစိုက်ရန်ထွန်ယက်ထားသည့် လယ်ကွက်တချို့မှာမူ ပြန့်ပြူးညီညာသော မြေသားဖွေးဖွေးပြောင်ပြောင်။

တောနှင့်လယ်ကြား၌ ရိုးချောင်းဆီဆင်းသော ကန်

mgyoe.com

mgyoe.com

သင်းလမ်းတွင် လက်နှိပ်မီးရောင် တလက်လက်၊ စကား တဖောင်ဖောင်နှင့် လူတစ်စု လျှောက်လာသည်။ ရှေ့ဆုံးဓာတ်မီးသမားက စိန်ကြိုင်။ သူ့နောက်မှာက လှငြိမ်းနှင့် ဖိုးတော။ နောက် ဓာတ်မီးနှစ်လက်က သိန်းရွှေနှင့် အုန်းမြင့်တို့ညီအစ်ကို။ အားလုံး ငါးယောက်။

စိန်ကြိုင်က သစ်ပင်တက်နှင့် ငှက်ရိုက်ကျွမ်းသည်။ လှငြိမ်းက လောက်စာခွပစ် လက်ဖြောင့်သည်။ အုန်းမြင့်က ငှက်တို့၏ဓလေ့သဘာဝကို နားလည်သည်။ သိန်းရွှေက အသက်ကြီးသူမို့ အဖော်အလျော်လိုက်လာခြင်းဖြစ်၍ ကျောက်ခွေးသား ဖိုးတောမှာမူ လှငြိမ်းဆီ အိုးစည်လာငှားရင်း ဆွမ်းခံရင်း ငှက်သင့်ဆိုသလို ငှက်ပစ်ရာကို မယောင်မလည်နှင့် အဆစ်ပါလာခြင်းဖြစ်သည်။

'ငါ မနေ့ညက စနည်းနာထားတဲ့အတိုင်း တွေ့လို့ကတော့ ထမ်းပိုးကျိုးအောင် ထမ်းပြန်ရပြီကွ'

'ဘယ်ကလာ ... ငါ့ညီရယ်။ ငါ့လက်လည်း မင်းသိသားပဲ'

စိန်ကြိုင်က ပခုံးထက်မှာ ထမ်းထားသော ကြခတ်ဝါးတုတ်ရှည်ကို အိပက်အိပက်လှုပ်သွားအောင်ဆရင်း အုန်းမြင့်စကားကို ဝမ်းခေါင်းသံကြီးနှင့် ထောက်ခံသည်။ သူတို့လက်မှ ထွက်ကျသော ဆေးလိပ်မီးကား ကန်သင်းထက်မှာ တဖွားဖွား။

ဆင်ခေါင်းရိုးထိပ်ကူးတို့ဆိပ်ရောက်သောအခါ ဒိုက်သရောတွေ့အုံဖွဲ့၍ ကော်ဇောခင်းထားသလို တပ်ဖြန့်နေသော ရိုးချောင်းကို မြင်ရပြီ။ ဒိုက်ခင်းကြီးနှစ်ခုကြားမှာတော့ ကင်းဖြူတစ်ကောင်လို အကွေ့ကွေ့အကောက်ကောက် တည်နေသော ရေပြင်ဖွေးဖွေးကို ကြယ်ရိပ်ဖြင့် တွေ့ရသည်။ ဤသည်ကား တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း ကူးသန်းရသော ကျွဲလမ်း၊ နွားလမ်း၊ လူသွားလမ်းပေတည်း။

စိန်ကြိုင်က စိတ်မြန်သူပီပီ ရိုးကို ရှေ့ကကူးနှင့်ပြီ။ သူ့နောက်မှာ လှငြိမ်း၊ အုန်းမြင့်နှင့် သိန်းရွှေတို့ အစဉ်လိုက် ပါလာသည်။ သိန်းရွှေက ရှေ့လူမမီမှာစိုး၍ ဖိုးတောလေးကို ပခုံးထက်မှာ ထမ်းထားသည်။ ရိုးဆုံး၍ ကမ်းကိုတက်သည်နှင့် ငှက်မျိုးစုံအိပ်တန်းတက်သော ဇော်စိန်ရွှေ၏ ကြခတ်ရုံတန်းကို တန်းရောက်မည်။

အရေးကြီးလာပြီမို့ တစ်ဦးနှင့်တစ်ဦး စကားကျယ်ကျယ်မပြောတော့။ လေသံဖြင့် ဆက်သွယ်ချင် ဆက်သွယ်။ လက်တို့ခြေတို့လုပ်ချင်လုပ်။ အထူးသဖြင့် ရေလှုပ်သံသဲ့သဲ့မျှ မကြားစေရ။ ခြေသံလုံကြပြီ။ ဖွဲနှင့်ဆုပ်ပက်သလို ပြေးဝင်လာသော ခြင်တွေ၊ ဖြုတ်တွေကိုပင် ရဲရဲမခံတ်ရဲ။ လက်ဖြင့် သပ်ချနေကြရသည်။

ကမ်းရောက်လုလုတစ်လံသာသာပဲ ကျာတော့မည်။ ထိုနေရာ၌ ဒိုက်ချုံတစ်ချုံက ရေပြင်ဘက်ကို ချွန်ငေါထွက်နေသည်။ ရှေ့လူစိန်ကြိုင်က ထိုဒိုက်ချုံကို တိုက်၍ တက်သွားသည်။ နောက်လူ လှငြိမ်းကလည်းထိုဒိုက်ချုံကို ထပ်၍တိုက်ပြန်သည်။ သည်မှာတွင် သူ့ခြေဖမိုးဆီမှာ မျက်ခနဲဝေဒနာတစ်ခု ခံစားလိုက်ရသည်။ ပြီး ရေသို့လျှောဆင်းသွားသော လှုပ်ရှားမှု။

သို့သော် ငှက်ဆီကို အာရုံစောနေသောကြောင့် လှငြိမ်း ဝေဒနာကို သတိမထားမိ။ ဒိုက်ချုံပုတ်၍ ရသလား၊ သစ်ငုတ်ပဲ တိုးမိသလား၊ သည်လောက်တော့ စဉ်းစားမိလိုက်သေးသည်။

ကမ်းပေါ်အားလုံးရောက်တော့ အုန်းမြင့်က သူအမှတ်အသားလုပ်ထားသည့်နေရာကို လက်တို့ပြသည်။ ကြယ်အလင်းရောင်မျှနှင့် ဘာကိုမျှ မသဲကွ။ သစ်ပင်တန်းမည်းမည်းမည်းမည်းကိုသာ တွေ့ရသည်။ အမှောင်မှာ မျက်စိကျင့်သားရ၍ အသေအချာဂရုထားကြည့်မှ သစ်ကိုင်းဖျား၌ လှုပ်ရှားနေသောအရာများကို သတိထားမိကြသည်။

ကုက္ကိုပင်နှင့် စစ်ပင်တွေမှာ ငှက်တွေ အိပ်တန်းတက်လျှင် တက်ရိုက်ချဖို့က စိန်ကြိုင်အလုပ်။ ယခုလို အတက်ခက်သော ကြခတ်ခြုံပေါ်က ငှက်တို့ကို တစ်ကောင်ချင်း ပစ်ချဖို့က လှငြိမ်းအလုပ်မဟုတ်ပါလား။ အုန်းမြင့်ဆီက လက်နှိပ်ဓာတ်မီးတစ်ချက်ဝင်းတိုင်း တစ်ကောင်မှန်အောင်ပစ်ဖို့လိုသည်။ လောက်စာလုံးမှန်သောငှက်လည်း ကြခတ်ရုံမတင်ဘဲ အောက်ပြုတ်ကျမှ မဆုံးရှုံးပဲ ကိုယ်ရမည်။ လှငြိမ်း သူ့လက်သူ ယုံသည်။ နှစ်ပင်လိမ်တပ်ထားသော သူ့ကွဲချိုသားရေခွကိုလည်း ယုံသည်။

အုန်းမြင့်က အသင့်ဟူသောသဘောဖြင့် သူ့ပုခုံးကို ပုတ်လေလျှင် လောက်စအိမ်နှင့် လောက်စာခွကို ကိုင်ထားသော လက်နှစ်ဖက်ကသည် တင်းခနဲဖြစ်သွားသည်။ လက်နှိပ်မီးရောင် ဖျတ်ခနဲအဝင်းမှာ ဖောင်းခနဲအသံတစ်ချက်မြည်သွားသည်။ မီးရောင်က ချက်ချင်းပြန်မှိတ်ပစ်သည်။ သို့သော် သူကျင့်သားရသော အသိက ကြခတ်ကိုင်းထက်မှာ စီတန်းနေသော စစ်စလီငှက်တို့၏ ရင်အုံဖွေးဖွေး၊ အော်ရေငှက်တို့၏ ရင်ဘတ်မောက်မောက်တို့ကို မှတ်သားပြီးသားဖြစ်လေပြီ။

မီးငါးကြိမ်ဝင်း၊ ငှက်ငါးကောင်ကျပြီးချိန်လောက်မှာတော့ သူ့ခြေဖမိုးက ကိုက်ကျင်လာသည်။ ခေါင်းက မူးနောက်နောက် ရီဝေဝေ။ အာခေါင့်တွေခြောက်သည်။ ရေသောက်ချင်

mgyoe.com

mgyoe.com

သည်။ ခြေလက်တွေလည်း မလှုပ်ချင်။

အုန်းမြင့်ဆီက နောက်တစ်ကြိမ်မီးအလက်မှာ သူ ထိုးပစ်သည်။ သို့သော် ဟန်ချက်လွဲသွားသလိုလိုရှိသောကြောင့် သိပ်မသေချာလှ။ ထိတော့ထိသည်။ သို့သော် ချက်ကောင်း မမှန်ကြောင်း နားနှင့်လက်က သိနေသည်။ နောက်တစ်ကြိမ် လွဲပြန်ပြီ။ နောက်တစ်ချက်လည်း ထိုနည်းလည်းကောင်း။

'လှငြိမ်း ... မင်း ဘာဖြစ်နေလဲ'

စိန်ကြိုင်က စိုးရိမ်တကြီးမေးသည်။ သူသစ်ကိုင်းဖျား တွေဆီသာ မော့ကြည့်နေသည်။ အန္တရာယ်၏အခြေအနေကို ရိပ်စားမိဟန်ဖြင့် ငှက်တွေကလည်း မငြိမ်တော့။ ဟိုခုန်သည် ကူး၊ အတော်တဖျပ်ဖျပ်။ အချို့ငှက်တွေက ကော့ကော့ဟုပင် အော်ဟစ်နေလိုက်ပြန်သေးသည်။ သည်လိုပုံနှင့် ဆက်ပစ်နေ လည်း အကျိုးမထူးကြောင်း အတွေ့အကြုံရှိသူတွေမို့ မှန်းဆ နိုင်ပေပြီ။

'စိန်ကြိုင် ... အစ်ကိုကြီး၊ ငါ အိမ်ပြန်ချင်တယ်ကွာ'

'ဟေ ... ပြန်လေ။ မင်း ဘာဖြစ်လို့လဲ'

'ဘာ ... ဘာမှမဖြစ်ဘူး။ အိမ်ပဲ ပြန်ချင်တယ်'

'ပြန်လေ၊ ပြန်ကြစို့'

အုန်းမြင့်ငှက်ကောက်ပြီးသည်နှင့် အလာတုန်းကအ တိုင်း သူတို့လူစု ရိုးကို ဖြတ်ကူးသည်။ အပြန်ခရီးမို့ လက်နိုပ် မီး ရဲရဲထိုးသည်။

ကူးတို့ဆိပ်ကမ်းပေါ်ရောက်သည်နှင့် လှငြိမ်းဖွဲဖောက် လာသည်။ သူ့မျက်စိထဲမှာ ဒိုက်ဖုတ်ပေါ်က လျှောဆင်းသွား သော ရှည်မျောမျောသတ္တဝါတစ်ကောင်ကို မြင်ယောင်လာ သည်။ ဒိုက်ရှုတာ ဟုတ်ရဲ့လား။ သစ်ငုတ်စူးတာ ဟုတ်ရဲ့လား။ သို့ဆိုလျှင် ...

'အစ်ကိုကြီး ... မင်းတို့ ပြန်တော့။ ငါ့ကိုချန်ထားခဲ့'

'မဟုတ်တာ၊ မင်းဘာဖြစ်လဲ ပြော'

'ဘာမှမဖြစ် ... မဖြစ်ဘူး'

လှငြိမ်းမှာ ခြေဖမိုးကို လက်နှင့်ဆုပ်နယ်နေသောကြောင့် စိန်ကြိုင်တို့ လက်ကိုအတင်းလုဖယ်၍ လက်နိုပ်မီးနှင့် ဝိုင်းထိုး ကြည့်ကြသည်။ ခြေဖမိုးပေါ်က အပေါက်နှစ်ပေါက်။ ဇက်ကျိုး ကျ၍ ကတုန်ကယင်ဖြစ်နေသော လှငြိမ်းသွင်ပြင်။

'ညီလေး ... မင်းဆီက ငါးသိုတ်ကြိုး ပေးစမ်း'

သိန်းရွှေက လှငြိမ်းခြေကျင်းဝပ်ကို သိတ်ကြိုးဖြင့် တင်း တင်းစည်းသည်။ စိန်မြိုင်က မြေမှာထိုးလှဲ၍ အိပ်ဖိုကြီးစားနေ သော လှငြိမ်းကို မပွေ့ထားသည်။ လှငြိမ်းကား ပြူးတူးပြဲတဲနှင့် ချွေးစီးများ ရွှဲနေ၏။ ဖိုးတောကား လှငြိမ်း၏အမူအရာကိုကြည့် ၍ ကလေးပီပီ တရှုတ်ရှုတ်ငိုနေ၏။

'အုန်းမြင့် ... မင်း ရွာပြန်နိုင်ရဲလား'

'ပြန်ရဲတယ်။ မင်းဘာလုပ်မှာလဲ'

'မင်းရွာကို ကပျာပြန်၊ ဖိုးတောပါ ခေါ်သွား။ ပြီးတော့ ရွာကလူတွေကိုခေါ်ပြီး မင်းပြန်လာခဲ့ပေါ့'

'ကောင်းတယ်'

စိန်ကြိုင်နှင့် သိန်းရွှေ အစီအစဉ်အတိုင်း အုန်းမြင့်နှင့် ဖိုးတောတို့ ရွာဆီပြန်နှင့်သည်နှင့် လှငြိမ်းကို သူတို့ပွေ့ထူကြ သည်။

'ထ ... ညီလေး၊ ရွာပြန်ကြမယ်'

'ငါ မလျှောက်နိုင်ဘူး။ ထားခဲ့တော့'

'စိတ်တင်းထား၊ မင်းကို တို့ထမ်းခေါ်မယ်။ ကြားလား'

'ရေ ... ရေသောက်ချင်တယ်'

စိန်ကြိုင်က လှငြိမ်းကို ပခုံးမှာ ထမ်းသည်။ သိန်းရွှေ က နံဘေးမှ ဖေး၍လိုက်သည်။ တစ်ယောက်ညောင်းလျှင် တစ် ယောက်ပြောင်းထမ်းရင်း လာကြရာ လမ်းခုလတ်၌ ရွာမှလိုက် လာကြသူများနှင့်ဆုံ၍ လှငြိမ်းကို အိမ်အရောက် ပြန်ထမ်းကြ လေ၏။

* * *

လှမမာခမျာ အိပ်ရာထက်မှာ ငါးဖယ်ပျံသလို တလူး လူး တလိမ့်လိမ့်။ ရေကိုလည်း တတောင်းတည်း တောင်းလို့ နေသည်။

နံဘေးမှာ သတင်းမေးရောက်နေသူတို့ကား ဆေးဆရာ အလာကို လည်ဆန့်မျှော်ရင်း ပီလာမ ပိုးကိုက်တာဖြစ်မည်။ ငန်းတော်ကျားပေါက်တာဖြစ်မည်။ ငန်းသံကွင်းစွပ်ခဲတာဖြစ် မည်။ နားပင်းခေါင်းတို(မြွေပွေး)ထိတာဖြစ်မည်နှင့် အမျိုးမျိုး ထင်ကြေးပေးနေ၏။

လှငြိမ်းမိန်းမ မသိုက်က သူ့ယောက်ျားကို ပုဆိုးဟောင်း တစ်ထည်ဖြင့် ချွေးသုတ်ပေးနေသည်။ အမေဒေါ်ထားမယ်က ယပ်ခတ်ပေးရင်း ဘုရားစာရွတ်နေ၏။ ဖခင် ဦးထွန်းရှိန်ကတော့ အိမ်ရှေ့တာလမ်းဆီ နားစွင့်နေလိုက်၊ အော်ဟစ်ညည်းညူနေ သော သားဆီ ပြန်လာလိုက်နှင့် ယောက်ယက်ခတ်နေသည်။

စွန်ပါရွာမှာ ဆေးဆရာသွားပင့်သော စိန်ကြိုင်နှင့် သိန်း ရွှေတို့ ထမင်းအိုးတစ်လုံးချက်ခန့်မှာ ပြန်ရောက်လာသည်။ ဆေးဆရာလည်း ပါလာသည်။

ဆေးဆရာ ဦးနွတ်ခမ်းမွေးက ရောက်မဆိုက် လှမမာ ကို ခြေဆုံးခေါင်းဆုံးအကဲခတ်ပြီးနောက် ...

'ကိုယ့်ဘက်ပါတယ်ဟေ့။ စိတ်မပူကြနဲ့'ဟု ကြွေးကြော်

mgyoe.com

တော့ လူမမာရှင်တွေ မျက်နှာဝင်းထိန်သွားသည်။ စိန်ကြိုင်က လက်ဝါးပေါ် လက်သီးဆုပ်နှင့် ဖြန်းခနဲထု၍ 'တွေ့တယ်မို့လား' ဟု ကြုံးဝါးသည်။

ဆေးဆရာက ၄က်ပျောတစ်ပွဲပြင်သည်။ ကွင်းပိုင် ကိုးမြို့စသော ဆိုင်ရာဆိုင်ရာတို့ကို ကိုးခိုင်းသည်။ လူမမာငယ် ထိပ်နှင့် နဖူးက သူ့လွယ်အိတ်တွင်းက လက်ကိုင်ပဝါထုပ်က လေးဖြင့် ရိုက်ချည်တို့ချည်လုပ်တယ်။ ပြီး ပါးစပ်က ပွစိ ပွစိ ရွတ်ရင်း ဒဏ်ရာကို လက်ဝါးနှင့် သပ်သည်။ ထို့နောက် ရေမန်း တစ်ခွက်ပေးသည်။

လူမမာက ရေမြင်သော် အူယားဖားယားကြုံးထသည်။ ရေမြင်တော့ စိန်ကြိုင်က မျက်လုံးပြူးသွားသည်။

'ဆရာ ... ဒီရောဂါနဲ့ ရေနဲ့ တည့်ပါ့မလား'

'ဟေ့ ... သူငယ်၊ နားမလည်ရင် မင်းပါးစပ်ပိတ်ထား စမ်း။ ဒါ ရေမဟုတ်ဘူး။ ရေမန်းသိလား၊ ရေမန်း'

မီးတိုင်အလင်းရောင်မှိန်မှိန်အောက်မှာ သူ့ကို ရန်လိုဟန် ဖြင့် ဝိုင်းကြည့်ကြသော လူမမာမေးသူတို့၏အကြည့်ကြောင့် စိန်ကြိုင် အမှောင်ရိပ်တစ်နေရာမှာ သွားထိုင်သည်။ လှငြိမ်းက ရေခွက်ကို တစ်ကျိုက်တည်း မော့ပစ်လိုက်သည်။

ဆေးဆရာက ကုထုံးတစ်ခု ပြောင်းပြန်သည်။ လူမမာ မြွေခဲသော ခြေထောက်ကို ဆေးစုတ်ဖြင့် တဒုတ်ဒုတ်ပေါက် တော့သည်။ လူမမာက 'အောင်မယ်လေး ... နာတယ် ... နာ တယ်' ဟု ရုန်းကန်အော်ဟစ်သည်။

'ဆရာ ... ဒဏ်ရာကိုခွဲပြီး အဆိပ်ညှစ်ရင် မကောင်းဘူး လား'

သည်လိုပြောသော သိန်းရွှေကို ဆရာနွတ်ခမ်းမွေးက မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်ရင်း လူမမာရှင်များဘက် လှည့် ပြောသည်။

'ကဲ ... ခင်ဗျားတို့ ကျုပ်လုပ်တာ နာခံမလား။ သူတို့ ပြောတာ လုပ်မလား။ ဒါပဲပြော။ အနှောင့်အယှက်တွေ ဝင်နေ တယ်နော်။ သတိထားကြ'

လှငြိမ်းဖခင်က ပျာပျာသလဲဝင်ဖြေသည်။

'ဆရာ့ကိုအပ်ပါတယ် ဆရာရယ်။ ဆရာ့သဘောပါ'

'ဒါဆို ဘယ်သူမှ ပါးစပ်မလှုပ်နဲ့'

သိန်းရွှေက ဆေးဆရာကို စောင်းစောင်းမဲမဲကြည့်၍ စိန်ကြိုင့်အနီးမှာ သွားထိုင်ကာ နှစ်ယောက်သား တီးတိုးတီး တိုးလုပ်နေ၏။ ဒဏ်ရာအထက်မှာ စည်းထားသောကြိုးကို ဆေးဆရာက ဖြည်သောအခါ၌မူကား ...

'ဗျို့ ဆရာ၊ အဲဒီကြိုးမဖြုတ်နဲ့ဗျ။ ကျုပ်သဘောမတူဘူး'

'ဟုတ်တယ်။ ကျွန်တော်လည်း သဘောမတူဘူး'

သည်တစ်ခါတွင်မူ ဆေးဆရာက လက်သီးနှစ်ဖက် တင်းတင်းဆုပ်၍ နေရာမှ ထရပ်သည်။

'ဟေ့ ... အမိုက်အမဲနှစ်ကောင်။ မင်းတို့ဒုက္ခလုလု တွေ့ ချင်လို့လား။ ပိုင်ရာဆိုင်ရာနဲ့ ကိုင်လိုက်မှ ငါ့အဆိုးမဆိုနဲ့နော်။ လူမမာရှင်ဘယ်သူလဲ။ ဒီနှစ်ကောင်ကို ဒီနေရာက မောင်းချ မလား။ မချဘူးလား။ ဒါပဲပြော။

လှငြိမ်းမယားက မျက်နှာငယ်နှင့်။ အမေကား တရွတ် ရွတ်။ ဖခင်ဖြစ်သူကမူ စိန်ကြိုင်တို့နှစ်ယောက်ကို တောင်းပန် သောအကြည့်နှင့်။ လူမမာ၏ ရုန်းရင်းဆန်ခတ် လူးလိမ့်အော် ဟစ်နေပုံက ကရုဏာသက်စရာ။ စိန်ကြိုင်နှင့် သိန်းရွှေ တစ် ယောက်မျက်နှာတစ်ယောက် ကြည့်၍ ပြိုင်တူထသည်။ အိမ် ပေါ်က ခြေသံပြင်းပြင်းနင်း၍ ဆင်းသွားသည်။ သူတို့အောက် ရောက်သည်နှင့် အိမ်တံခါးပေါက် ဂျိမ်းခနဲ ပိတ်သွားလေ၏။

* * *

ထိုသည့်ညက ကောင်စီဥက္ကဋ္ဌ(ယခင်သူကြီးဟောင်း) ကိုအေးမောင်အိမ်မှာ လူစုံနေသည်။ ပဲခင်းနေရာ လယ်ထွန်စက် ခွဲဖို့ လယ်သမားများထံက စာရင်းကောက်သည်။ ကွယ်လွန်သူ မောင်အုန်းရွှေ လှူသောအိမ်ကို နက်ဖြန်မနက်ဖျက်၍ ဘုန်းကြီး ကျောင်းသယ်ဖို့ တိုင်ပင်နေကြသည်။ ထိုမှာ လူကြီးလူငယ် စုံသည်။

ထိုနေရာကို လှငြိမ်းယောက္ခမ ဒေါ်အေးကြည်လာ သည်။ ပရုတ်ဆီလေးဘာလေးမရှိဘူးလားဟု မေးသည်။ မရှိ ကြောင်း ဖြေသူက ဖြေသည်။ အကောင်ကိုက်တယ်ဆိုပေမယ့် အကောင်တိုင်းနဲ့ ပရုတ်ဆီနဲ့ မတည့်ဘူးနော်ဟု သတိပေးသူ လည်းရှိသည်။ ဒေါ်အေးကြည်၏ မီလမပိုးကိုက်သည်ဟု ဖုံးဖုံး ဖိဖိစကားအပေါ် မည်သူမျှ မစိုးရိမ်မိကြ။

ထိုလူဝိုင်းထဲမှာ ကျောက်ခွေးလည်း ရှိနေသည်။ ကိစ္စ ပြီး၍ လူကြီးအိမ်ကပြန်တော့ ကိုးနာရီ ရေဒီယိုသိမ်း 'ဗြောင် နှောင် ... ဗြောင် ... နှောင်' တီးလုံးသံ ထွက်ပေါ်လာပေပြီ။

ကျောက်ခွေးက အိမ်တံခါးကို တွန်းဖွင့်ချိန်တွင် ခင် ကြည်မလည်း မီးတိုင်ထွန်းပြီး၍ ပြောင်းဖူးဖက်ဆေးလိပ်ကြီး တဖွားဖွားလုပ်နေလေပြီ။

'ဖိုးတောတို့၊ ဖိုးစောတို့ မအိပ်သေးဘူးလား'

အိမ်ရှေ့ခန်း ဘုရားစင်ရှေ့ ခြင်ထောင်ထဲက လှုပ်ရှုရှု အသံနှင့် လှုပ်ရှားမှုကြောင့် ကျောက်ခွေး လှမ်းအသံပြုသည်။ ခြင်ထောင်ထဲက တုံ့ပြန်သံ မထွက်။

ခင်ကြည်မက ခြင်ထောင်ဘက်ကို မျက်စောင်းထိုးသည်။

mgyoe.com

mgyoe.com

'တော့်သား တစ်တောင်လောက်က အိမ်လည်တတ်နေပြီ။ အကြီးကောင်လေ။ ခု မိုးချုပ် အချိန်မတော်မို့ မပြောသေးဘဲ အောင့်ထားတာ။ မိုးလင်းမှ ဆော်ပစ်ဦးမယ်။

ရိုက်တာကို မဆိုထားနှင့်။ ခင်ကြည်မ အပြောနှင့်ပင်ကြောက်စရာကောင်းလှသည်။ ခင်ကြည်မကို တစ်ခုခုပြောမည်ပြင်လိုက်ပြီးမှ ကျောက်ခွေးစိတ်ထဲ လေးတေးတေးရှိသောကြောင့် ရေငုံနှုတ်ပိတ်၍အိပ်ရာထဲဝင်လေ၏။

'လှငြိမ်း ပိုးထိလို့တဲ့။ အခြေအနေ သိပ်မဟန်ဘူးတဲ့'

နောက်တစ်နေ့ မောင်အုန်းရွှေရက်လည်ဆွမ်းသွပ်ပြီးသည်နှင့် ကျောင်းကို လှူသောအိမ်ဖျက်ကြ၊ သယ်ပိုးကြစဉ် သတင်းဆိုးကြီးက တောမီးပမာ လွင့်လာသည်။ တစ်ညလုံးကျိတ်၍ ဖုံးဖိထားသော ပြဿနာကြီးက မနက်ခင်းမှ ပွင့်ထွက်လာ၏။ ဒါ ဖုံးစရာကိစ္စမဟုတ်။ လူသိမခံရဲစရာမဟုတ်။ အပမှိမှာ၊ တော်မှီမှာစိုး၍ မြွေကိုက်သည်ကို ကင်းကိုက်သလိုလို၊ မြက်ရှသလိုလို၊ ဗီလမပိုးညှပ်သလိုလိုပြောတော့ရော မည်သို့အကျိုးထူးမည်နည်း။ လူမမာအပေါ် ခပ်ပေါ့ပေါ့သဘောထားသောကြောင့် ပိုးစိုးပက်စက်ဖြစ်မသွားနိုင်ပေဘူးလား။ ကျောက်ခွေးတို့အိမ်ဖျက်သည့်နေရာမှာ အလုပ်လုပ်ရင်း ထင်ကြေးအမျိုးမျိုး၊ ဝေဖန်ချက်အမျိုးမျိုး ပေးကြသည်။

ထိုမှာကိစ္စပြီးသည်နှင့် ကျောက်ခွေးတို့လူသိုက် လူမမာဆီ သတင်းမေးဖို့အပြေးအလွှားသွားကြသည်။ ရွာကျောင်းက ဆရာ ကိုဘချောလည်း သတင်းကြား၍ ရောက်ချလာသည်။

လှငြိမ်းအဖြစ်ကား မမြင်ရက်စရာ။ ဒဏ်ရာရသော ခြေတစ်ဖက်မှာ ဝါးဘိုးဝါးအရင်းပိုင်းတမျှ ရောင်ကိုင်းနေသည်။ လည်ပင်းကြီးမှာလည်း နားအုံထိတက်ရောင်နေသောကြောင့် မြွေတစ်ကောင် ပါးပျဉ်းထောင်သကဲ့သို့ ကြောက်စရာကောင်းလှသည်။ မျက်လုံးကြီးများမှာလည်း ပြူတ်ကျမတတ် ပြူးထွက်နေ၏။

'အမှောင့်ပယောဂရှိတယ်။ ရွာသူနှောင့်ယှက်တယ်။ ဒီမှာ အသက်လုနေရတဲ့အချိန်မှာ ငှက်ပျောဖီးမှာ လက်ညှိုးထိုးပါရတာနဲ့။ အိမ်နောက်ပြန်ထိုင်တဲ့လူနဲ့။ ကျုပ်အလုပ်ကို ဆန့်ကျင်တဲ့လူနဲ့။ ကဲ ... ခုတော့ အဲဒါတွေက လာကယ်မှာလား'

ဆရာကိုဘချောနှင့် လူငယ်တချို့ ခဏမျှ တီးတိုးတီးတိုး တိုင်ပင်ကြပြီးနောက် ပုခက်ပြင်သူပြင်၊ ထမ်းပိုးဆွဲသူဆွဲ၊ အထုပ်အပိုး ပြင်သူပြင်ကြပြီး မြို့ဆေးရုံကို သွားကြမည်။

'ပြောတော့ မိုးလားကဲလား။ လုပ်တော့ သောက်တလွဲ။ ခင်ဗျားမကယ်နိုင်ရင် ကယ်နိုင်တဲ့လူဆီသွားမှာပေါ့ဗျာ။ ဖွဟဲ့ ... ငါ့ညီတစ်ခုခုဖြစ်လို့ကတော့ ဆရာရယ်၊ ခင်ဗျားအသက် ဖက်နဲ့ထုပ်ထားပေတော့'

စိန်ကြိုင်နှင့် သိန်းရွှေကား သူတို့ဘက်မှာ အားကိုးရနေပြီဖြစ်၍ ဆေးဆရာနှုတ်ခမ်းမွေးကို ရန်ပြန်ထောင်နေတော့ရာ ဆေးဆရာလည်း သူ့ပစ္စည်းပစ္စယများ မြန်မြန်သုတ်သုတ်သိမ်း၍ အိမ်ပေါ်မှ စိတ်ဆိုးမာန်ဆိုး ဆင်းသွားလေ၏။

လှငြိမ်းကို ဆေးရုံပို့ရာတွင် ကျောက်ခွေးတစ်ယောက် လိုက်ပါသွားချိန်၌ လှငြိမ်းယခုလိုဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ်ကို ဖင်တစ်ပြန်ခေါင်းတစ်ပြန် စစ်ဆေးမေးမြန်းပြီးသော ခင်ကြည်မလည်း သားကြီးဩရသ ဖိုးတော၏ စွန့်စားခန်းအတွက် တံမြက်စည်းတစ်ချောင်းကုန်အောင် ထိုက်ထိုက်တန်တန် ချီးမြှင့်လေသတည်း။

* * *

သူတို့လာတုန်းကတော့ လူမမာကို ဆေးရုံပို့ဖို့ဖြစ်သည်။ သို့သော် ဆေးရုံကို တန်းတန်းမတ်မတ်မရောက်။

'ရွှေကြာမျှင်ဘုန်းကြီးက ပယောဂရော၊ မြွေရော နိုင်တယ်။ အဲဒီအရင်သွားမယ်'

အယူသည်းသူတချို့၏စကားကို လူမမာရှင်တွေကလည်း နားယောင်ပြန်သောကြောင့် ဆေးရုံရောက်လုရောက်ခင်မှ မြို့မြောက်ဖျားရှိ ရွှေကြာမျှင်ဘုန်းကြီးကျောင်းသို့ လူမမာအား တစ်နာရီခန့်ကြာအောင် ထမ်းကြရပြန်လေ၏။ လူမမာအနီးကပ်ပါလာသော ဆရာကိုဘချောကား ခေါင်းတကုတ်ကုတ်၊ သက်ပြင်းတချချ။

'ခင်ဗျားတို့ မိုက်လုံးကြီးလို့ ဒီကလေး ဒုက္ခရောက်တာ။ လူမမာမျက်နှာများ ကြည့်ပါဦး။ သွား ... ကျုပ်လက်မခံဘူး။ ခုချက်ချင်း ကျုပ်ကျောင်းခြံထဲက ထွက်သွား'

ဆရာတော်က အလာနှောင်းသော လူမမာအတွက် စိတ်ဆိုးမာန်ဆိုး မာန်လွှတ်တော့မှ မူလလာရင်းဌာနဖြစ်သော ဆေးရုံကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လေ၏။

လှငြိမ်းကား မနှစ်ကမှ ကျောင်းကထွက်ခြင်းဖြစ်၍ ကျောင်းကုန်းအထက၊မှာ နေစဉ် ထင်ရှားသော ဘောလုံးသမား၊ ဘောလီဘောသမားလည်းဖြစ်ပြန်၊ ကျောင်းကောင်စီအသင်းခေါင်းဆောင်လည်းဖြစ်ပြန်ဆိုတော့ လူသိများသူ၊ လူချစ်လူခင်များသူလည်း ဖြစ်သည်။ ထို့ကြောင့် သတင်းကြားသည်နှင့် ဆေးရုံမှာ လူမမာသတင်းမေးသူတွေ ပြည့်နေသည်။ သွေးလှူမည့်သူ၊ ဆေးရှာပေးမည့်သူတွေ တစ်ပုံတစ်ပင်။

'ညကတည်းကဖြစ်တဲ့ကိစ္စ။ ခု နေမွန်းလွဲမှ ဆေးရုံရောက်ရသလား။ ကျောင်းမှာ ကြက်ခြေနီသင်တန်းတွေဘာတွေ တက်ထားပြီးတော့ မင်းတို့ ဒီလောက်မှ နားမလည်

ဘူးလား'

သူငယ်ချင်းများက လုငြိမ်းယောက်ဖတော် သိန်းတင်နှင့် သူတို့နှင့် ကျောင်းနေဖက် ကိုင်းတာသားအောင်ဘုကို အပြစ်တင်ကြသည်။ စိတ်ဆိုးကြသည်။ သူတို့လည်း မိုးလင်းမှ သိကြသူတွေဖြစ်၍ အပြစ်တင်လည်း ငုံ့ခံရုံပင်။

ပိုးထိပြီဆိုသည်နှင့် လူမသိအောင် ကွယ်ဝှက်ပြောဆို၊ ဖုံးဖိကုသခြင်းကား အဘယ်သို့သော ကောင်းကျိုးတရားကို ရနိုင်ပါသနည်း။

'ကိုင်းတာဆိုတာ မြို့နဲ့ ဘယ်လောက်ဝေးလဲ'

မြို့နယ်ဆရာဝန်ကြီးက လူမမာရင်ဘတ်ဆီ နားကြပ်ဖြင့်ထောက်ရင်း မေးသည်ကို 'သုံးလေးမိုင်လောက်ပဲ ဝေးမှာပါ ဆရာကြီး'ဟု တစ်ဦးက ဝင်ဖြေသည်။ ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်သည်။

'တစ်နာရီခရီးပဲဗျာ။ နစ်နာလိုက်တာ'

'ရေ ... ရေ ... ရေပေးပါ'

လုငြိမ်းကား ရေကို တစာစာတောင်းနေသည်။ လုငြိမ်းသည် အသိဉာဏ်ကင်းမဲ့နေသလို ရုန်းကန်လိုက်၊ ဆေးပိုက်တွေဆွဲချွတ်လိုက်၊ ခုတင်ပေါ်မှ လိမ့်ချမည်လုပ်လိုက်နှင့် ရုန်းရင်းဆန်ခတ်ဖြစ်နေသည်။ အနီးရှိသူတို့ မကြည့်ရက်၍ မျက်နှာလွှဲနေကြရပြီ။

ဆရာဝန်ကြီးသည် ခေါင်းကို လေးပင်စွာခါ၍ အခန်းတွင်းမှ ထွက်ခွာသွားသည်။ လုငြိမ်းလည်း ပဋ္ဌာမြေလူး ဝရုန်းသုန်းကား လွန့်လူးနေရာက တဖြည်းဖြည်း ငြိမ်သက်သွားတော့သည်။

ထိုအချိန်၌ ဆေးရုံခန်းအတွင်းမှ အပ်ကျသံကြားနိုင်လောက်အောင် ခဏမျှ ဆိတ်ငြိမ်သွားသော်လည်း နောက်မကြာမီ ဆေးရုံပွင့်မတတ် ငိုသံတွေ ပွက်လောရိုက်လေ၏။

ကြေကွဲစရာအကောင်းဆုံးအချိန်ကား ဆေးရုံမှပြန်ထမ်းလာသော လုငြိမ်းအလောင်း ရွာရောက်ချိန်ပင်တည်း။

'လူလေးရေ ... နောက်ကို ငှက်ပစ်သွားချင်ဦးလေ'

ဖအေအိုကြီးက ယူကျုံးမရဖြစ်ကာ အိမ်တိုင်ခေါင်းနှင့်ထတိုက်သည်။ အမေအိုကြီးကား ခံစားချက်ကင်းမဲ့သူလို မငိုမရယ်နှင့် ကြောင်နေသည်။ လသားအရွယ်ကလေးငယ်နှင့် သွေးနုသားနုမိန်းမသားဖြစ်သူ လုငြိမ်းမယား မသိက်လည်း ကလေးရင်ခွင်ပိုက်လျက် တက်ချေပြီ။ သည်မြင်ကွင်းကို မြင်တွေ့သူအားလုံးလည်း စိတ်နှလုံး ညှိုးချုံးရပြီ။

လုငြိမ်းကား လူချောလူဖြောင့်တစ်ယောက်ဖြစ်၍ အားကစားမှာလည်း ထူးချွန်သည်။ အသက်ကလည်း ဆယ့်ကိုးနှစ်ဆိုတော့ အတော်ငယ်လှသေးသည်။ ဆယ်တန်းထိ ပညာတတ်သည်။ ဆက်ဆံရေးကောင်းသည်။ သူ့မိသားစု၏ အနာဂတ်ဖြစ်စေ၊ သူ့ရွာ၏ အနာဂတ်ဖြစ်စေ သူ့မှာ မျှော်လင့်အားထားစရာ အရည်အချင်းတွေ အပြည့်အဝရှိခဲ့သည်။ ယခုမူ...။

ပျိုမျစ်သော သူတို့၏နာရေးကို မည်သူမျှ မျက်မှောက်မပြုနိုင်ကြပါပေ။ သွားလေသူအတွက်၊ နှမြောကျန်ရစ်သူတွေအတွက် ကရုဏာသက် ရင်မောဖွယ်။

'ငါ့ညီလေးကို ငါမတားလို့ အခုလိုဖြစ်တာ။ ငါ မှိုက်လို့ဖြစ်တာ'

'ဟော့ ... ဟော့ မလုပ်နဲ့'

လုငြိမ်းနှင့် ငှက်ပစ်အတူ ပါသွားသူ စိန်ကြိုင်ကား အိမ်ရှေ့က ကုက္ကိုပင်ကို လက်သီးနှင့်ထိုးလိုက်၊ ပခုံးနှင့် ပြေးတိုက်လိုက်နှင့် သူ့ကိုယ်သူ ဒဏ်ခတ်နေသောကြောင့် သိန်းရွှေတို့၊ အုန်းမြင့်တို့ ဝိုင်းဆွဲနေရသည်။

'မင်းညီ အသက်တစ်ချောင်းနဲ့လဲထားတဲ့နောင်တ မင်းတစ်သက်လုံး တန်ဖိုးထားနိုင်ပါစေ သားရေ'

စိန်ကြိုင့်အဖေ ဦးမောင်တင်က သွားလေသူ သူ့တူအကြောင်းပြောရင်း၊ သူ့သားကိုလည်း သတိပေးရင်း ဝမ်းနည်းလာဟန်ဖြင့် ပခုံးပေါ်က ပုဆိုးနှင့် မျက်ရည်သုတ်သည်။

'အခုတော့ ကောင်းကြသေးရဲ့လားဗျာ'

ရွာကျောင်းက ကျောင်းအုပ်ဆရာ ကိုဘချော၏ 'အခုတော့ ကောင်းကြသေးရဲ့လားဗျာ'ဟူသော အသံကြောင့် သူနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်၍ နီးသင်နေသော ကျောက်ခွေးခေါင်းငေါက်ခနဲထောင်ထသည်။ အသုဘကိစ္စကူညီဆောင်ရွက်သူတွေကလည်း ဆရာကိုဘချောဘက် လှည့်ကြည့်ကြသည်။

'နောက် ဒါမျိုးလုံးဝမကြုံစေရဘူး။ ကျုပ်ကျောင်းကကျုပ်တပည့်တွေကတစ်ဆင့် မြွေရဲ့သားကောင်၊ ရေရဲ့သားကောင်၊ မြေရဲ့သားကောင်၊ အန္တရာယ်ရဲ့သားကောင်၊ အိုဗျာ... အသိပညာမဲ့ခြင်းရဲ့သားကောင်မဖြစ်အောင် ကျုပ်ကြိုးစားမယ်ဗျာ။ ကြိုးစားမယ်'

ဆရာကိုဘချော၏ မျက်လုံးများက အရောင်တောက်နေ၍ မေးရိုးကြီးများက တောင့်တင်းနေသည်။ လူတွေက ကိုဘချောကို နားမလည်ဟန် မျက်နှာထားဖြင့် ငေးကြည့်နေကြသည်။

ကျောက်ခွေးသည် ဆရာကိုဘချောပြောသည့်စကားအပြည့်အစုံကို နားမလည်ပါချေ။ သို့သော် နားလည်သလောက်နှင့်ပင် ကျောက်ခွေး ကျေနပ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျောက်ခွေးနှင့် ခင်မကြည်

mgyoe.com

တို့၏ ကျောင်းထားသောအရွယ် သားသမီးအားလုံးမှာ ဆရာကိုဘချော၏ တပည့်များဖြစ်နေသောကြောင့်ပါတည်း။

* * *

'ကဲ ... ကြွပါဦး၊ ကျေးဇူးရှင်ဖခင်ကြီး'

ကျောက်ခွေး အိမ်ပေါက်ဝပြန်ရောက်သည်နှင့် ခင်ကြည်မ၏ ယဉ်ကျေးပျူငှာသော နှုတ်ခွန်းဆက်သံကြောင့် ခြေလှမ်းတုံ့သွားသည်။

တုတ်ကိုင်ထားသော ခင်ကြည်မ၏ရှေ့မှာ ဆောင့်ကြောင့်လေးထိုင်နေသူကား အကြီးကောင် ဖိုးတော။ ကျန်ကလေးတွေကတော့ သူတို့နှင့်မဆိုင်သလို မလှမ်းမကမ်းမှာ။

'တော့်သားကို တော်ဆုံးမမလား။ ကျုပ် ဆုံးမရမလား'

အသုဘအိမ်က ငိုသံယိုသံတွေကြောင့် စိတ်ရှုပ်ထွေးနောက်ကျိ၍ ပြန်လာခါမှ အိမ်မှာ စိတ်ထပ်ညစ်ရမှာလား။ သည်မိန်းမကိုပဲ အလိုက်ကန်းဆိုးမသိ၊ ဆူလွန်း ပူလွန်းလှသည်။

'ဘာဖြစ်လို့ ဆုံးမရမှာလဲကွ'

ကျောက်ခွေး၏ ခပ်ငေါက်ငေါက်အသံကြောင့် ခင်ကြည်မ ဖျတ်ခနဲ မျက်လုံးလှန်ကြည့်သည်။ ပြီးတော့ မထိတရိ ပြုံးသည်။

'တော် ဆေးရုံသွားလိုက်၊ အသုဘအိမ်သွားကူလိုက် လုပ်နေတာတောင် သူများပြောသံ၊ ဆိုသံ မကြားမိဘူးလား'

ခင်ကြည်မ စကားရယ်၊ လက်ထဲက တုတ်ရယ်၊ ရှေ့က ဆောင့်ကြောင့်ကောင်ရယ် ဘယ်လိုက ဘယ်လိုပတ်သက်မှန်းမသိသောကြောင့် ကျောက်ခွေးခေါင်းခါသည်။ သည်တော့မှ ခင်ကြည်မက အောင်မြင်ဝံ့ကြွားစွာ ခါးထောက်လျက် ...

'တော့်သား လက်တောက်လောက်က ငှက်ပစ်သွားတဲ့ ဆိပါသွားတယ်လေ။ အဲဒီမှာ ဖြစ်ပျက်ပြီးမှ သူများလာပို့လို့ အိမ်ပြန်ရောက်တာ။ မအေ့တော့ စာမသိလို့ သွားမေးမလေး၊ ဘာလေးနဲ့။ ဒီအရွယ်နဲ့ ပလီပလာတတ်တဲ့ကောင်။ မတော်ရေနစ်သေတော့ ဘယ့်နှယ်လုပ်မလဲဟင်'

'ဖြန်း'

'ကြောက်လှပါပြီ အစ်မရဲ့'

'ခု လှငြိမ်းဖြစ်သလိုဖြစ်တော့ မိဘရင်မကျိုးပါလား'

'ဖြန်း'

'အောင်မယ်လေး ... နောင်မသွားတော့ပါဘူး အစ်မရဲ့'

'ဖြန်း'

'မှတ်ပါပြီ အစ်မရဲ့၊ ဟီး ... ဟီး'

ခင်ကြည်မ၏ ရေရွတ်သံ၊ ဖိုးတော ကျောပေါ်တုတ်ကျသံ၊ ဖိုးတော၏ ငိုယိုအော်ဟစ်သံတို့ကို နားထောင်ရင်း ယခုမှ သနစ်စုံကို တစ်စတစ်စ ဇာတ်ရည်လည်လာသော အိမ်ဦးနတ်ကြီးကိုကျောက်ခွေးလည်း ဆရာကိုဘချော၏ ကြုံးဝါးသံကို ပြေး၍ ကြားယောင်လေရာ ဖိုးတောကျောပေါ် ဖြန်းခနဲတုတ်ကျလေတိုင်း 'ကဲ ... မှတ်ပလား၊ နောင် သားကောင်မဖြစ်နဲ့၊ သားကောင်မဖြစ်စေနဲ့'ဟု စိတ်က ရေရွတ်လျက် ဖိုးတောအား သဲသဲမဲမဲရိုက်နေသော ခင်ကြည်မကို သည်တစ်ခါတော့ တမင်မဆွဲဘဲ ထားလေသတည်း။

●


mgyoe.com

mgyoe.com

# ဈေးကွက်မြှင့်တင်ရေးမြို့

**နိုင်စွမ်း**

တောမြို့ကလေးဆိုတော့ လူဦးရေနည်းတယ်။ ဈေးဆိုင်၊ ကုန်စုံဆိုင်ဆိုတာ လက်ချိုးရေကြည့်ရင် လက်တစ်ဖက်တောင် မပြည့်။ ပူပြင်းခြောက်သွေ့တဲ့ အညာဒေသရဲ့ မြို့ကလေးမို့ စည်စည်ကားကားသိပ်မရှိလှ။ ငါးရက်တစ်ဈေး ဈေးနေ့တွေမှာတော့ အတော်အတန်စည်ကားတယ်လို့ ပြောနိုင်တယ်။ ဒေသထွက်ကုန်သီးနှံတွေက ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ နှမ်းတွေပဲပေါ့။ စီးပွားရေးဖွံ့ဖြိုးတဲ့ဒေသလို့ မခေါ်နိုင်ဘူးပေါ့။ သစ်ကြီး၊ ဝါးကြီး၊ အပင်ကြီး ရှားပါးတဲ့မြို့ကလေးမို့ အခုလို နွေရာသီနေ့ရက်တွေမှာ အပြင်ထွက်သူမရှိသလောက်ပဲ။

အဲဒီလူဦးရေနည်းနည်း ဖွံ့ဖြိုးမှုနည်းနည်းတောမြို့ကလေးမှာ ကိုစံငွေမောင်က ဆံပင်ညှပ်ဆရာ၊ 'စံ'ဆံသဆိုင်က ဈေးနဲ့လည်း မဝေးဘူး။ ကားဂိတ်နဲ့လည်း နီးတယ်။ သူ့ဆံသဆိုင်လေးမှာတော့ စည်စည်နေတော့တာပဲ။ တောမြို့ကလေးရဲ့ ထုံးစံအတိုင်း ဆိုင်ခန်းကကျယ်တယ်။ ဆိုင်ခန်းနောက်ထဲမှာလည်း မြက်သက်ငယ်မိုးထားတဲ့ အဖီလေးလည်းရှိသေးတယ်။ အေးအေးဆေးဆေးနားနိုင်အောင် လုပ်ပေးထားတာ။ ပြီးတော့ စာအုပ်အဟောင်းတွေလည်း အများကြီးပဲ။ ရှုမဝ၊ ရွှေသွေး၊ မိုးဝေစတဲ့ အရင်ခေတ်ကစာအုပ်အတော်များများရှိတယ်။ တေဇ၊ ရွှေသွေးတွေလည်း သေချာချုပ်ပြီး ထားပေးထားတယ်။ ဆံပင်ညှပ်ဖို့စောင့်ရင်း အပျင်းပြေဖတ်ရအောင်လို့ပေါ့။

ကိုစံငွေမောင် ဆံသဆိုင်ကို တစ်မြို့လုံးသိကြတယ်။ သိဆို သီတင်းကျွတ်၊ တန်ဆောင်တိုင်လို ပျော်ဖြေပွဲတွေမှ ကိုစံငွေမောင်ပါနေကျကိုး။ တစ်ခါတလေ တယောထိုးတတ်ပြီး တစ်ခါတလေတော့ အဆိုကောင်းပေါ့။ ဗဟုသုတကလည်း အတော်စုံတဲ့သူ။ သူ့ဆိုင်မှာ လူငယ်၊ လူရွယ်၊ လူကြီး အရွယ်စုံလာညှပ်ကြလေ့ရှိတယ်။ ကိုစံငွေမောင်မှာ လက်ထောက် (၂) ယောက်ရှိပေမယ့် သိပ်မညှပ်ကြရပါဘူး။ သူကိုယ်တိုင်ပဲ ညှပ်ပေးတာများတယ်။ ဆံပင်လာညှပ်တဲ့သူတွေအားလုံးလိုလိုက သူပြောတဲ့ဗဟုသုတတွေ၊ ပုံပြင်တွေနားထောင်ချင်လို့ လာကြတာ။ လူငယ်လူရွယ်တွေနဲ့ ရွှန်းရွှန်းဝေ၊ သောသောညံ ရယ်မောပြောဆိုနေတတ်သလို လူကြီးဝိုင်းနဲ့ကြပြန်တော့လည်း ခန့်ခန့်ညားညား လေးလေးနက်နက် ပြောနေတတ်ပြန်ပါတယ်။

စီးပွားရေးသမားလာရင်လည်း စီးပွားရေးနဲ့ ဆက်စပ်တဲ့ ပုံပြင်ဇာတ်လမ်းတွေပြောပြ၊ ဘုရားတရားသမားဆိုရင်လည်း ဘုရားတရားအကြောင်း ပြောပြ။ ကဗျာရေး၊ စာရေးပုဂ္ဂိုလ်များကျတော့လည်း ဒီလိုပဲ ဆက်စပ်နေတဲ့အကြောင်းတွေ ပြောပြတတ်ပါတယ်။ သူ့ပုံပြင်ဇာတ်လမ်းတွေကို နားထောင်ရင်း ဆံပင်အညှပ်ခံရတာ အတော်ဖိမ်ရှိတယ်။ သူ့ဇာတ်လမ်းတွေရဲ့ ထူးခြားချက်က ပြီးသွားတယ်လို့ တစ်ခါမှမရှိသေးတာပဲ။ တစ်ထောင့်တစ်ညပုံပြင်လည်းမဟုတ်။ သူများမကောင်းကြောင်း၊ ကိုယ်ကောင်းကြောင်းလည်းမဟုတ်။ ရယ်စရာကောင်းတာတွေလည်း ပါတယ်။ သူ့ကိုယ်တွေ့တွေလည်း ပါတယ်။ အင်မတန် နားထောင်လို့ ကောင်းတယ်။

ဆံပင်ညှပ်ထိုင်ခုံပေါ် တက်လိုက်တာနဲ့ ပိတ်ဖြူပါးကို တစ်ချက်နှစ်ချက် ခါလိုက်ပြီး သေသေချာချာရုံပေးပြီးမှ ညှပ်ပေးလေ့ရှိတော့ ဘာရယ်မဟုတ်ဘူး ဆံပင်အညှပ်ခံရတာ ပိုသန့်ရှင်းသွားတယ်လို့ ထင်မိတယ်။ ဘာပုံညှပ်မယ်၊ ဘယ်လိုညှပ်မယ်။ အတို၊ အရှည်ပြောမနေနဲ့။ သူသိပြီးသား။ ထိုင်ခုံပေါ်ထိုင်ပြီးလို့ ပိတ်ဖြူစ စရုံပေးတဲ့အချိန်ကစပြီး သူ့ပုံပြင်အစပျိုးတော့တာပဲ။

'ဆရာကျောင်းကိုကြည့်ရတာတစ်ခုခု မကြည်လင်တဲ့ပုံပါလားဗျ။ တစ်ယောက်ယောက်ကို အစာမကြေတဲ့ပုံပဲ'

mgyoe.com

mgyoe.com

'ဟုတ်တယ်ဗျာ။ ကျုပ်မိန်းမကိုပါ။ ခင်ဗျားတော့ ဆံပင်ညှပ်မနေနဲ့တော့ ဗေဒင်ဆရာလုပ်ဖို့ကောင်းနေပြီ။ မှန်းချက်က ကွက်တိပဲ'

'ဗေဒင်လည်း မတောက်တစ်ခေါက်တတ်ပါတယ်။ မဟာဘုတ်၊ စကြာသုံးထပ်ကိန်း၊ ဇနက္ကကိန်း၊ သက်ရောက်၊ ဂြိုဟ်အိမ်အပြင် ဆန်းဗေဒင်၊ နဝင်းစီးပညာတွေအထိ အတော်များများ လေ့လာဖူးတယ် ဆရာကျောင်းရဲ့'

'ဟုတ်လား ... ဗေဒင်ပညာတော့ ရှိမှာပေါ့။ ဗေဒင်ဟောပြီး ယတြာကိစ္စတော့ ကျုပ်မယုံဘူးဗျ။ ဘယ့်နှယ်ဗျာ ကိုယ်လုပ်ခဲ့တဲ့ မကောင်းမှုအတွက် အစားထိုးချေနုတ်ပေးတယ်ဆိုတာ မဖြစ်နိုင်ဘူးလေ။ ဘုရားဟောတရားတော်နဲ့လည်း ဆန့်ကျင်မနေဘူးလားဗျ'

'အဲဒါတော့ သေသေချာချာ မလေ့လာမိဘူးဗျ။ ကျုပ်ဗေဒင်လေ့လာတုန်းက ဗေဒင်ဆရာတစ်ယောက်နဲ့တွေ့ပြီးကတည်းက ကျုပ် ဆက်မလေ့လာတော့တာပဲဗျို့။ ကျုပ်မိန်းမနဲ့လည်း ထာဝရငြိမ်းချမ်းရေးရသွားတော့တာပဲဗျို့'

'ဘာဖြစ်လို့လဲဗျ၊ လုပ်စမ်းပါဦး။ ဗေဒင်ဆရာက ဘာအဆောင်တွေ၊ ညာအဆောင်တွေ လုပ်ပေးလိုက်လို့လဲ'

'ဗေဒင်ဆရာက ဘာမှလုပ်မပေးပါဘူး။ ကျုပ်ဘာသာကျုပ် ပြောင်းသွားတာဗျ။ ဒီလို ဒီလို ဆရာကျောင်းရေ၊ ဘေးက ပါးထားတာ ဒီလောက်ဆိုရပြီနော်။ နောက်ကတော့ အရင်လို တိုတိုပြောင်ပြောင်ပဲနော်'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

'ကျုပ်မိန်းမအတင့်က အမြဲတမ်းပွစိပွစိ တဖျစ်တောက်တောက် ပြောတတ်တယ်ဗျ။ ကျုပ်က နားအေးပါးအေးသမား။ ကျုပ်စိတ်ပျက်လာတယ်ဗျာ။ ဒါနဲ့ဆရာကျောင်းရေ ကျုပ်အိမ်ပေါ်ကဆင်းခဲ့တယ်။ ခင်းတော့ ငါမရှိမှ ငါ့တန်ဖိုးနားလည်မယ်။ နောင်ကြဉ်အောင်ဆိုပြီး ဆင်းခဲ့တာဗျ။ ဒီလိုနဲ့ ကျုပ်လည်း မနက်အစောကြီးကတည်းက မြို့ထဲလျှောက်သွားနေတာပေါ့။ ပန်းခြံရောက်၊ ရုပ်ရှင်ရုံရောက်ပေါ့ဗျာ။ ဒါပေမယ့် စိတ်ထဲမှာ မအေးနိုင်ပဲဖြစ်နေတယ်ဗျ။ ဒါနဲ့ ဘုရားမှာ ပုတီးစိပ်ရင် စိတ်အေးလာလိမ့်မယ်လို့ ထင်မိတယ်ဗျ။ ဘုရားရောက်ရင် ကျုပ်တတ်ထားတဲ့ ဗေဒင်ပညာနဲ့ ယတြာချေဦးမယ်လို့လည်း စဉ်းစားမိတာကိုး။ နေဦး နေဦး ကျုပ်မိန်းမနဲ့ အိမ်ထောင်မကျခင်ကတည်းက ဗေဒင်တွက်တတ်နေပြီ။ သူနဲ့ယူပြီးနောက် ဗေဒင်ကိုထပ်လေ့လာတယ်။ ယတြာချေတာတွေ ဘာညာပေါ့ဗျာ'

'ကျုပ်မိန်းမ ဒီလိုပွစိပွစိလုပ်တာကို ရပ်သွားအောင် ယတြာတွေအမျိုးမျိုး ကိန်းအမျိုးမျိုးနဲ့ ချေကြည့်သေးတယ်ဗျ။ ငွေကလည်း သောက်သောက်လဲ ကုန်ပဲဗျို့။ ကျုပ်မိန်းမ ဆူပူတာကတော့ လျော့မသွားဘူး။ ပိုပိုတောင်တိုးလာသဗျို့။ အဲ အဲ ... ဘုရားကုန်းပေါ်ရောက်တော့ ဆရာကျောင်းသိတဲ့အတိုင်းပဲ လူအတော်ရှင်းတယ်။ ဆိတ်ငြိမ်တယ်ပေါ့ဗျာ။ အဲဒီမှာ ဆိုင်းဘုတ်တစ်ခုတွေ့လိုက်ရတယ်'

'သင်နဲ့ သင့်မိသားစု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အိမ်ထောင်ရေးအခြေအနေနှင့်ပတ်သက်၍ ကူညီရန်အသင့်ရှိပါသည်' တဲ့။ ကျုပ်လည်း အတော်စိတ်ဝင်စားသွားမိတာပေါ့။ ကြည့်လိုက်တော့ ဂန္ဓာရီဆရာချိန်တဲ့။ ကန့်လန့်ကာလေးတွေကာပြီး စောင်းတန်းမှာ အခန်းဖွဲ့ထားတဲ့ ဗေဒင်ဆွေးနွေးခန်းလေးကိုဗျ။ ကျုပ်က အသက်ခပ်ငယ်ငယ်ရှိသေးတာ။ ပညာသင်ထားတာရော၊ လေ့လာမှုရော အတော်တတ်နေပြီလို့ ကိုယ့်ကိုယ်ကိုယ် ယူဆထားတာ။ ကျုပ်ကိုယ်တိုင်တောင် ယတြာချေ။ နိုးစပ်ရာတွေ ဟောဟောပေးနေတာ။ ကျုပ်လည်း ပညာရှင်ပဲလေဗျာ။ မှန်တယ် မှန်တယ်လို့တောင် ပြောကြသေးတာ။ ဒါပေမဲ့ သူက ဂန္ဓာရီဆရာချိန်ဆိုတော့ တခြားပညာရပ်တွေပါဦးမှာပဲ၊ ထူးခြားမှာပဲလို့တွေးမိတယ်ဗျ။ ကိုယ့်ထက်ပညာတတ်ရင် နည်းယူမယ်။ ပညာတူရင် ဖလှယ်ကြမယ်။ ပညာနည်းရင် မျှဝေပေးမယ်ဆိုပြီးတော့ ကျုပ်ဗေဒင်ဆွေးနွေးခန်းလေးထဲ ဝင်လိုက်တယ်'

'ဝင်ပါမိတ်ဆွေ၊ ထိုင်ပါတဲ့။ ကျုပ်အတော်အံ့သြသွားတယ်ဗျ။ အခန်းသေးသေးလေးထဲမှာ စာအုပ်ထူထူကြီးတွေပြည့်လို့၊ လူပုံကလည်း အတော်လူရည်သန့်ပဲ။ မျက်မှန်နဲ့လေသံကလည်း ဆွဲဆောင်မှုရှိတဲ့ ကြည်လင်မှုမျိုးဗျ။ ကျုပ်ဖြုံသွားတယ်ပေါ့ဗျာ။ ဟုတ်ကဲ့မိတ်ဆွေ ဘာနဲ့ပတ်သက်ပြီး အကူအညီပေးရမလဲ။ ၄င်ပွင့်လင်းလင်းပြောပါ။ မိတ်ဆွေကြည့်ရတာ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ... ကျုပ်အံ့သြသွားရပြန်ပြီဗျ။ ဘာဖြစ်လို့ ဒက်ခနဲမှန်မအောင် ပြောနိုင်ပါလိမ့်ပေါ့။ ဂန္ဓာရီလှည့်နေသူဆိုတော့ ကြိုတင်မြင်မှာပေါ့လို့ ကျုပ်စဉ်းစားမိတယ်။ ဟုတ်ကဲ့ဗျ၊ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး အခက်အခဲရှိနေလို့ပါလို့ ပြောလိုက်တော့ သူက ရယ်ပါတယ်၊ ရပါတယ် ဘာမှမပူနဲ့ မိတ်ဆွေရဲ့ရှေ့မှာ ကျုပ်တစ်ယောက်လုံးရှိပါတယ်။ မပူနဲ့လို့ အားပေးစကားပြောတယ်ဗျ။ သူ အားပေးစကားပြောမှ ကျုပ်လည်း ပြောအားရှိသွားတယ်ဗျို့။ ဒါနဲ့ ကျုပ်အကြောင်း၊ ကျုပ်မိန်းမအကြောင်းတွေ စုံတကာစေ့နေအောင် ပြောပြလိုက်တော့တာပဲဗျာ။ ကျုပ်ပြောတာကို သေသေချာချာနားထောင်ပြီး မပူနဲ့။ ခင်ဗျားရှေ့မှာ ကျုပ်ရှိတယ်။ မပူနဲ့လို့ ခဏခဏပြောတယ်ဗျ'

 mgyoe.com 

'ဒီလိုနဲ့ ကျုပ်ရင်ဖွင့်ချင်တာတွေလည်း ပြီးပြီ။ ရင်ထဲမှာလည်း အတော့်ကို နေသာထိုင်သာရှိသွားပြီပေါ့။ သူဟောရမယ့်အလှည့်ရောက်ရော ဆရာကျောင်းရေ ဘယ်ပြောကောင်းမလဲ၊ ဟောချက်တွေက သွေးထွက်အောင် မှန်ဆိုသလို အတိအကျ ကွက်တိချည်းပဲဗျို့။ ရှင်းရှင်းပြောရရင် သူ့ပညာက အတော့်ကို အဆင့်မြင့်တယ်။ အံ့သြလေးစားဖို့ကောင်းနေပြီပေါ့ဗျာ။ နောက်ဆုံး ယတြာချေဖို့ပြောမယ်လို့ထင်ထားတာ။ သူက ယတြာချေဖို့မပြောဘူးဗျ။ သူပေးမယ့် ယတြာချေနည်းက ဘယ်လိုလဲဆိုတာ ကျုပ်သိချင်လာပြီ။ ဘယ်လိုတွက်သလဲ၊ ဘာနဲ့ဘာနဲ့ တွဲစပ်ပေးသလဲပေါ့ဗျာ။ ကျုပ်ချေတဲ့ပုံဆိုရင် ဒါ သမ္ဘာကွာတာ၊ ပညာအခြေခံက သိပ်မကွာဘူးလို့လည်း စဉ်းစားမိနေသေးတယ်ဗျ။ ဒါနဲ့ ပါလာတဲ့ငွေတစ်ထောင်ကို စားပွဲပေါ်တင်ပြီး ဆရာရယ်၊ အကောင်းဆုံးယတြာလေးလုပ်ပေးပါ။ ကျုပ်မိန်းမနဲ့ အဆင်ပြေရင် တော်ပါပြီ။ နေ့တိုင်း ပွစိပွစိ ဆူညံပူညံလုပ်တာတွေ ရပ်သွားရင် တော်ပါပြီလို့ ပြောတာပေါ့'

'ဒါပေမဲ့လည်း မပူပါနဲ့ ခင်ဗျားရှေ့မှာ ကျုပ်ရှိတယ် မပူပါနဲ့လို့ပဲ ပြောသဗျ။ ထပ်ပြီး ဟောချက်တွေကလည်း ဒက်ထိဆိုသလိုပဲ။ ဂန္ဓာရီဆရာချိန်ဆိုတော့ မှန်မှာပေါ့လို့ လေးစားအားကိုးမိပေါ့ဗျာ။ ငွေနည်းနေလို့လားဆိုပြီး ငွေငါးရာ ထပ်တင်ပြီး ယတြာလုပ်ပေးပါလို့ပြောတော့ စောစောကလိုပဲ မပူပါနဲ့ ခင်ဗျားရှေ့မှာ ကျုပ်တစ်ယောက်လုံးရှိသေးတယ် မပူပါနဲ့လို့ပဲ ပြန်ပြောတယ်ဗျ။ ကျုပ်လည်း ဗေဒင်ဆွေးနွေးတာ (၂)နာရီကျော်သွားပြီ။ ကဲ ... ဆရာ ကျုပ်နဲ့ကျုပ်မိန်းမ အဆင်ပြေအောင် ယတြာလေးအဆောင်လေးပေးပါတော့လို့ တည့်တည့်ပြောတော့လည်း မပူပါနဲ့ ခင်ဗျားရှေ့မှာ ကျုပ်တစ်ယောက်လုံးရှိသေးတယ် မပူပါနဲ့လို့ ပြန်ပြောတယ်'

'ကျုပ်ကလည်း ဟုတ်ပါပြီ။ ကျုပ်ရှေ့မှာ ဆရာရှိနေလို့ ဆရာ့ကို အကူအညီတောင်းနေတာ လုပ်ပေးပါတော့ဗျာ။ ဘာလဲ ငွေနည်းနေသေးလို့လားလို့မေးတော့ သူက–

'မဟုတ်ဘူးဗျ၊ မဟုတ်ဘူး'

'ဒါဆိုရင် ဘာဖြစ်လို့လဲ'

'ကိုယ့်လူရေ မိန်းမတွေ တဖျစ်တောက်တောက် ပွစိပွစိမလုပ်အောင် ယတြာမရှိဘူးဗျ။ မိန်းမတွေ ယောကျ်ားကိုမနိုင်ချင်အောင် ယတြာချေပေးလို့ မရဘူးဗျ'

'ဒါဖြင့် ကျုပ်ရှေ့မှာ ခင်ဗျားရှိတယ်လို့ ဘာဖြစ်လို့ ပြောပြောနေတာလဲ'

'သြော် ... ဒါလား။ ဒါက ကျုပ်လည်း မိန်းမက ဆူညံပူညံလုပ်ပြီး အိမ်ပေါ်ကနှင်ချလိုက်လို့ အခုလိုနေနေရတာ။ ခင်ဗျားလည်း ကျုပ်လိုပဲ။ ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘူး။ အဖော်ရှိသေးတယ်။ ခင်ဗျားရှေ့မှာ ကျုပ်ရှိသေးတယ်လို့ ပြောတာဗျတဲ့။ ဟား ဟား ဟား'

'ဟား ဟား ဟား'

'ကဲ ကဲ ... ဆရာကျောင်း ဆံပင်ပုံက အရင်လိုပဲ ညှပ်ထားတာ၊ ရပြီလား၊ ဘာလိုသေးလဲ၊ မှန်ထဲကြည့်ပါဦး'

'ရပါပြီဗျာ၊ ကျေးဇူးပဲဗျို့'

ကိုစံငွေမောင်က ထိုသို့ပြောပြတတ်သောသူဖြစ်တယ်။ ဆံပင်ညှပ်ခပေးပြီးချိန်မှာလည်း သူက–

'ဆရာကျောင်းရေ အခုလိုလာအားပေးတာ ကျေးဇူးတင်ပါတယ်။ နောက်တစ်ခါလာညှပ်မှ စီးပွားရေးသမားဇာတ်လမ်းတွေ ပြောပြဦးမယ်ဗျ'

ကိုစံငွေမောင်ဟာ ဇာတ်လမ်းတွဲအပိုင်းပိုင်းနဲ့ Customer ကို ဆွဲခေါ်ခြင်းလား၊ အညှပ်မြင့်တင်ရေးလုပ်တာလားလို့ မစဉ်းစားတတ်အောင်ပါပဲ။ သေချာတာကတော့ ကိုစံငွေမောင် ဆံပင်ညှပ်ဆိုင်မှာတော့ စည်စည်ကားကားပါပဲ။

●

ရွှတ်နဝေ-မတ်- ၂၀၀၀

mgyoe.com

mgyoe.com

# ဘီလ်ဂိတ်ကျောင်းပြေးတဲ့နေ့

မဝင့်(မြစ်ငယ်)

လူတို့သည် ညအချိန်တွင် အိပ်စက်ကြခြင်းသည် မလွဲမသွေလုပ်ဆောင်ရမည့် အလုပ်တစ်ခုကိုဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ဒါသည်ပင် ည၏ဝိသေသလည်း ဖြစ်ပါသည်။ အိပ်စက်ခြင်းဖြင့် တစ်နေကုန် ရုန်းကန်လှုပ်ရှားခဲ့သော ခန္ဓာကိုယ်နှင့် စိတ်ခံစားမှုအားလုံးကို ဖြတ်တောက်ပစ်လိုက်ခြင်းဖြစ်ပြီး နောက်တစ်နေ့တွင် တစ်ဖန်ပြန်၍ ရင်ဆိုင်လှုပ်ရှားနိုင်အောင် အင်အားတစ်ရပ်ကို စုဆောင်းလိုက်ခြင်းလည်း ဖြစ်ပါသည်။ ကိုမောင်မောင်ထူးသည် ည၏အဓိပ္ပာယ်ကို လိုက်နာရင်း အိပ်ရာထက်တွင် ဖွတ်အတင်း အိပ်စက်လျက်ရှိပါသည်။ သို့ငြား ... ကိုယ်ခန္ဓာကိုသာ လဲလျောင်းရင်း ငြိမ်ငြိမ်ကလေးနေလို့ရ၏။ စိတ်ပိုင်းဆိုင်ရာတုန်လှုပ်နေခြင်းကိုတော့ ဘယ်နည်းနှင့်မျှ ခါထုတ်ဖယ်ရှားနိုင်ပါမည်နည်း။ သူ၏ရင်ထဲ တနုံ့နုံ့ နာကျင်လျက်ရှိသည်ကော။ ထို့ကြောင့် ကြားဖူးနားဝရှိတဲ့အတိုင်း နှာခေါင်းဝမှာ တိုးဝင်နေသည့်လေကလေးကို သတိနှင့်မှတ်၏။ ထိုမှတ်စိတ်ကလေးသည် တစ်မိနစ်မှ ကြာလိုက်ရဲ့လားမသိ။ ရင်ထဲရိုက်ခတ်နေတဲ့ သောကစိတ်ဝင်လာပြန်သည်။ တစ်ဖန် သချာနည်းဟုခေါ်သော တစ်နှစ်သုံးလေး ရေတွက်ခြင်း စိတ်အလုပ်ကူကြည့်သည်။

ရေတွက်ရင်းနှင့် အတွေးများက နယ်ချဲ့လာပြန်သည်။ 'ငါ့သားလေး ... သနားပါတယ်။ ဘာကြောင့်များ သူ့အတွက် နားလည်မပေးမိခဲ့လေခြင်းနော်' ကိုမောင်မောင်ထူး၏ နှုတ်မှလွှတ်ခနဲထွက်သွားသော စကားလုံးများဖြစ်ပါသည်။ စိတ်မထိန်းနိုင်စွာ တိုးတိုးရေရွတ်မိလိုက်သော်လည်း သူ့ဘေးမှာ အိပ်စက်နေတဲ့ ဇနီးဖြစ်သူ မစိန်ထွေးက မျက်လုံးဖွင့်ကြည့်သည်။ သြော် ... သူလည်း ငါ့လို အိပ်မပျော်နိုင်ရှာသူပေပဲ ဟု တွေးမိသွား၏။

'သိပ်လည်း စိတ်ပူမနေပါနဲ့ ကိုထူးရယ်။ ဖော်လေးက ကိုယ့်ဘဝကိုယ် နားလည်တဲ့ကလေးပါ'

'ဟုတ်တယ်၊ ငါတို့သားလေးက သိတတ်တဲ့လူလေးပဲ။ ဒါကြောင့် ငါ့ရင်ထဲ ပိုပြီးခံစားနေရတာကွ၊ ဆိုးသွမ်းနေတဲ့သားမို့၊ ဆုံးမစကား နားမထောင်တဲ့သားမို့ဆိုရင်တောင်မှ ဖြေသာဦးမယ်ကွာ ...တောက်'

'ကဲပါ ကိုထူးရယ်။ ရှင်လည်း နက်ဖြန့်ရုံးတက်ရဦးမယ်။ အိပ်တော့နော်'

'မိန်းမ ... မိန်းမ၊ ဟဲ့ ... မစိန်ထွေး'

'အင်း ... ပြောလေ'

'ငါ ဒီကောင်ကို ဓာတ်ဘူးနဲ့ပစ်ပေါက်လိုက်တော့ လက်ကိုများ ထိသွားသေးလား။ မင်း ကြည့်လိုက်ကဲ့လား'

'ရှင့်သားလား။ လုံးဝမထိပေါင်တော်။ လက်ဖဝါးနဲ့ ပက်သလိုခံလိုက်တာ။ ဓာတ်ဘူးအောက်ကျပြီး ကွဲရော'

'ဒီနေ့ ကျောင်းမတက်ဘူးတဲ့လား။ ဒီည သူ့အခေါ်တွေ အိမ်မှာ အိပ်မတဲ့လား။ နက်ဖြန်တော့ ဒီကောင် အိမ်ပြန်လာမှာပါနော်ကွာ'

'လာမှာပါဆိုတော်။ ဒီမှာကိုထူး၊ ရှင့်မှာ ဖော်လေးတစ်ယောက်တည်း သားသမီးရှိတာမဟုတ်ဘူး။ ဖော်ကြီးရော၊ အငယ်ဆုံးမလေး မိမိုးရော ရှိသေးတယ်။ အလုပ်ပျက်အောင်၊ ကျန်းမာရေးထိခိုက်အောင်ထိ ပူပန်ရမယ့်ကိစ္စမဟုတ်ဘူး။ မွေးထားတဲ့အမေတောင် ဒီလောက်မပူဘူး။ အိပ်တော့'

မစိန်ထွေး၏ ဒေါသသံနှောလာသောစကားကြောင့် ကိုမောင်မောင်ထူးသည် တစ်ဖက်သို့လှည့်ရင်း အိပ်ဖို့အသင့်အနေအထားပြင်လိုက်သော်လည်း ...

'ဒီကောင် သိပ်အားကျတဲ့ ဘီလ်ဂိတ်ဆိုတဲ့လူ ကျောင်း

mgyoe.com

mgyoe.com



ပြေးတဲ့အကြောင်းက ပြောလိုက်သေးရဲ့။ အင်း … ငါ့သားလည်း ဘီလ်ဂိတ်လို ကျောင်းပြေးဖူးတာပေါ့လေ'

ဟု ပြောဖြစ်အောင် ပြောလိုက်သေးသည်။ မစိန်ထွေးက မကြားဟန်ဆောင်ရင်း မျက်စိစုံမှိတ်နေလိုက်တော့သည်။

* * *

စင်စစ် ကိုမောင်မောင်ထူးသည် မိဘအပေါ် သိတတ်သော သားကောင်းတစ်ယောက်ဖြစ်ခဲ့သူပါ။

'သားသမီးက မိဘထက်သာအောင် မွေးမြူနိုင်မှ တကယ့်လူကွ'ဆိုတဲ့ အဖေ့စကားကို နာခံကြိုးစားခဲ့ကြသဖြင့် ကိုမောင်မောင်ထူးတို့မောင်နှမ ငါးယောက်စလုံး ဘွဲ့ရပညာတတ်တွေ ဖြစ်ခဲ့ကြ၏။ ကိုမောင်မောင်ထူးက အငယ်ဆုံးသား။

ကံအကျိုးပေးပုံချင်းတူချင်တော့ အဖေက ဆယ်တန်းအောင် ရုံးစာရေးကြီးဖြစ်ခဲ့ပြီး ကိုမောင်မောင်ထူးကျတော့ သိပ္ပံဘွဲ့ရ ရုံးစာရေးကြီး၏ဌာနမှ အခွင့်အရေးရခဲ့ခြင်းဖြစ်သည်။

အဖေတုန်းက ယခု သူနေထိုင်တဲ့အိပ်ခန်းကလေးမှာပဲ အငြိမ်းစားယူသည်ထိ နေထိုင်ခွင့်ရခဲ့ပြီး သူသည်လည်း သည်အခန်းကလေးမှာပဲ အစိုးရဝန်ထမ်းမို့ ဆက်လက်နေခွင့်ရခဲ့သည်။

အဖေသည် သည်အခန်းလေးထဲမှာပဲ ရိုးသားတိတ်ဆိတ်စွာ ဘဝကို ဖြတ်သန်းသွားခဲ့သူပါ။

တစ်ခုကွာခြားသည်က အဖေသည် သူ၏လစာတစ်ခုတည်းနှင့် သားသမီးများကို လိမ်ဖယ်လိမ်ဖယ်နှင့် ပညာသင်ကြားပေးခဲ့နိုင်သော်လည်း သူ့ကျတော့ ထိုသို့မဟုတ်တော့။ မစိန်ထွေးက ဓာတ်ပုံလုပ်ငန်းလေး နှင့်ကူ… အပိုငွေရှာသည်။ … [illegible]

ဒါတောင် အကြီးကောင် ဇော်ကြီးကို နေ့တက္ကသိုလ် မပို့နိုင်ခဲ့။ 'မင်းအမှတ်ကလည်း သိပ်မကောင်းဘဲနဲ့'ဆိုသော အကြောင်းပြချက်နှင့် စာပေးစာယူပဲ တက်ခိုင်းခဲ့သည်။ ပြီးတော့ သူ့အဖေတုန်းကလို နေရေးထိုင်ရေး မပူပန်ရအောင် သူတို့ရုံးမှာပဲ စာရေးလေးအဖြစ် အမှုထမ်းစေသည်။

သည်တော့လည်း သူတို့အိမ်မှာ သုံးယောက်ဝင်ငွေ ရှိလေပြီပေါ့။

သားငယ် ဇော်လေးကတော့ ငယ်ကတည်းက စာတော်တဲ့ကလေး။ ထက်မြက်ပြီး သတ္တိကလည်း ကောင်းသည်။ ကျောင်းမှာဆိုလျှင် ကျပန်းစကားပြိုင်ပွဲ၊ စကားရည်လုပွဲတွေမှာလည်း ဆုရသည်ချည်း။ ပညာရည်ချွန်ဆု ဆိုတာတွေကတော့ ဂုဏ်ပြုလက်မှတ်တွေ တစ်ပုံကြီးဖြစ်နေသည်သာကြည့်တော့။

သည်လိုကလေးမျိုး ဆယ်တန်းအောင်တော့ အမှတ်ကောင်းသည်ပေါ့။ နယ်တက္ကသိုလ်သို့ ပို့လျှင် နယ်ဆေးတက္ကသိုလ်အမှတ်ပင် မီသည်တဲ့။

အဲသည်တုန်းက 'သားကို ရေကြောင်းတက္ကသိုလ် မပို့ချင်ဘူးလားဟင်' လို့ သည်ကောင် မဝံ့မရဲ အခွင့်အရေးတောင်းဖူးသည်။ သူက 'ရေထဲ မိုးထဲ မလုပ်ပါနဲ့။ အဖေ စိတ်မချဘူး' ဟု ခပ်တည်တည်နှင့် ငြင်းဆန်ခဲ့သည်။

အမှန်တော့ သားကို အဝေးတက္ကသိုလ် ဘော်ဒါဆောင် ထားနိုင်တဲ့အထိ သူ့တွင်ဝင်ငွေမရှိမှန်း သူကိုယ်တိုင်လည်း သိသည်။ သားကလည်း နားလည်သည်။ သားအဖနှစ်ယောက် လက်တွေ့ဘဝကို မသိကျိုးကျွံပြုပြီး စိတ်ဖြေပြော ပြောမိကြခြင်းမျှသာ။

ယခု ဇော်လေးတက်ခွင့်ရတဲ့ တက္ကသိုလ်ကလည်း သူဝါသနာပါသော ပညာရပ်ပါပဲ။ မန္တလေး အိုးဘိုရပ်မှာရှိတဲ့ နည်းပညာတက္ကသိုလ်ဖြစ်သည်။ ဇော်လေးက စက်မှုအင်ဂျင်နီယာဘာသာတွဲယူသည်။

ဇော်လေး ကျောင်းတက်တော့ မြို့ကထွက်တဲ့ တက္ကသိုလ်ဖယ်ရီကား စီးသွားရုံပင်။ ခရီးစရိတ်တော့ တစ်ရက်သုံးရာ ထည့်ပေးရသည်။ သူ့အမေက မုန့်ဖိုး(လက်ဖက်ရည်ဖိုး)ဆိုပြီး နှစ်ရာတိုးကာ တစ်ရက်ငါးရာပေးသည်။

နေ့လယ်စာအတွက် ထမင်းချိုင့်ကလေး ထည့်ပေးရသည်။

သည်တော့ အိုးမကွာ အိမ်ကွာ စရိတ်စက မများဘဲ ဇော်လေး ကျောင်းတက်လို့ရသည်။ သူ့အတွက် အဝတ်အစားကလည်း အဖေနှင့် အစ်ကို၏ အဝတ်အစားကလည်း အဖေနှင့် အစ်ကို၏ အဝတ်မှန်သမျှ ယူဝတ်လို့ရသည်။

ယခုဆိုလျှင် ဇော်လေးသည် စက်မှုအင်ဂျင်နီယာတန်းခေးတဲ့ ဘီအီး ပထမနှစ်တန်းသို့ပင် ရောက်ပြီ။ ဇော်လေးအတွက် ယခုလို သက်သောင့်သက်သာ ဖြတ်သန်းစေခြင်း၏ အဓိကအကြောင်းတစ်ချက် ရှိသေးသည်။

ကိုမောင်မောင်ထူး၏အလုပ်က အရာရှိကြီးတစ်ယောက်ထံမှ ထောက်ပံ့မှုကြောင့်ပါ။ သူတို့မိသားစုက ဆရာကြီးဟုခေါ်ကြသော အရာရှိကြီး ဦးရွှေဦးက ဇော်လေး တက္ကသိုလ်ပထမနှစ်ကတည်းက ထောက်ပံ့ခဲ့သည်။ ယခု အင်ဂျင်နီယာတန်းမို့ဆိုကာ တစ်လသုံးသောင်းတောင် ပို့ပေးသည်။

'မောင်ထူးရာ … ငါလည်း ဝန်ထမ်းမိဘနှစ်ပါးက ထားပေးခဲ့တဲ့ပညာနဲ့ လူဖြစ်ခဲ့တာပါ။ ဒါက ငါ့အတွက် ပညာနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုပဲ။ ဘာမှ အားမနာနဲ့။ ကလေး

mgyoe.com

ကိုသာ လိမ္မာအောင်၊ တော်အောင် မြေတောင်မြှောက်ပေးကြ' ဆိုတဲ့စကားက ကိုမောင်မောင်ထူးတို့မိသားစုတစ်ခုလုံး၏ ဘဝ မျှော်လင့်ချက်များကို လင်းလက်စေခဲ့သည်ပဲ။

ဆရာကြီးဦးရွှေဦးက ဖော်လေး၏ပညာရည်ပြည့်ဝဖို့ အင်ဂျင်နီယာတွေ အထူးတတ်မြောက်ကြရမည့် အော်တိုကဒ် ဆိုတဲ့ ကွန်ပျူတာဘာသာရပ်ထိ သင်ကြားစေပြန်သည်။ ကိုမောင်မောင်ထူးတစ်ယောက် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

နည်းပညာခေတ်မှာ ကွန်ပျူတာဆိုသောအရာကြီးက အဘယ်မျှအရေးပါကြောင်းလောက်တော့ ကိုမောင်မောင်ထူး သိသည်ပဲ။ အဲသည့်နည်းပညာတွေသင်ကြားဖို့ ငွေကြေးဆိုတဲ့ တံတိုင်းကြီးကြောင့်သာ လူငယ်လေးတွေ ငေးကြည့်နေကြရသည်မဟုတ်လား။

ဖော်လေးကတော့ ကံကောင်းပြန်ပြီ။ ဆရာကြီး၏ တပည့်အရာရှိလေး ဦးမျိုးကျော်ထွန်းဆိုသော ပုဂ္ဂိုလ်တစ်ယောက် သူတို့မြို့၊ သူ့ဌာနသို့ ပြောင်းလာပြန်တော့ (ဆရာကြီး၏ နှုတ်၏စောင်မမှုကြောင့်လည်းပါရဲ့) ဖော်လေးကို ကွန်ပျူတာပညာသင်ပေးပြန်သည်။

ဆရာမျိုးက လူပျိုလူလွတ်တစ်ယောက်ဖြစ်ပြီး နည်းပညာစာပေနှင့် မျက်နှာ မခွာစတမ်းလေ့လာချက်ရှိတဲ့ ပညာရှင် တစ်ယောက်ဖြစ်သည်။ သူပညာတော်သင်သွားစဉ်က နည်းပညာအဆင့်မြင့် ပီဖိုက်ကွန်ပျူတာတစ်လုံး ဝယ်လာခဲ့သည်။

'ခင်ဗျားသားလေး ကွန်ပျူတာကျင့်ချင်ရင် ကျွန်တော့်ဆီ ညနေဘက်အားတဲ့နေ့တိုင်း လွှတ်လိုက်။ ကျွန်တော် သင်ပေးမယ်'ဆိုတော့ ကိုမောင်မောင်ထူး ထခုန်မတတ် ဝမ်းသာသွားပြန်သည်။ ဖော်လေးတို့များ ကံကောင်းပြီးရင်း ကောင်းရင်း ဟု ကျေနပ်ပီတိဖြစ်ရသည်။

သားငယ်အတွက် ကျေနပ်မိတိုင်း မိဘနှင့်အတူ မိသားစုဝန်ကို ဒိုးတူပေါင်ဖက်ထမ်းနေရှာသော သားကြီးအတွက် စိတ်မကောင်းဖြစ်မိသည်။

ပညာကို လွတ်လပ်ပေါ့ပါးစွာသင်ကြားရတဲ့ကလေးနှင့် အလုပ်ဝတ္တရားပါထမ်းဆောင်ရင်း ပညာသင်ရသော ကလေး နှစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေးက တစ်နေ့တခြား သိသိသာသာကွာလာသည်။

ထို့ကြောင့် ကိုမောင်မောင်ထူးရင်ထဲတွင် သားကြီးကို သနားပိုလာပြီး သားငယ်ကို(မိသားစုအတွက် မငဲ့ကွက်ဘဲ) တစ်ကိုယ်ကောင်းဆန်မှာ တွေးပူမိလာသည်။ သည်ကြားထဲ ဖော်လေးထံမှ 'ဂလိုဘယ်ခေတ်မှာ ဘာကိုမှ ထည့်မတွက်ဘဲ ကိုယ့်ကိုယ်ကိုယ် အင်အားရှိအောင် ကြိုးစားဖို့အဓိက'ဆိုတဲ့ စကားက ပူပန်ရုံမျှမက ရင်ကို ဖိုစေသည်။ ထို့ကြောင့် ဖော်လေးအား ...

'မင်း အခုလို ပညာသင်နိုင်တာ ဖော်ကြီးကျေးဇူးလည်း ပါတယ်။ မင်း ကြီးပွားတဲ့အခါ ငါ့သားကြီးကိုလည်း မမေ့နဲ့' ဆိုတာမျိုး။

'အိမ်မှာ ခွင့်ထူးခံပညာသင်ရတယ်ဆိုပြီး ဘဝမမြင့်နဲ့။ အောက်ခြေမလွတ်နဲ့'ဆိုတာက တစ်ဖုံ။

'ရည်းစားမထားနဲ့။ အိမ်ထောင်ရေးဆိုတာ ဝေလာဝေး' ဆိုတာက တစ်လှည့်။ အမြဲတမ်း ဆုံးမသလိုနှင့် စကားနာထိုးမိနေတော့သည်။

ဖော်လေးဆိုတဲ့ကောင်က အမြဲတမ်း တော်ပြီးအကင်းပါးတဲ့ကလေးပဲ။ သူ့၏သောကကို သိနှင့်ပြီးဖြစ်မှာပါ။ သို့ပေမယ့် သူသည်လိုပြောတိုင်း မျက်နှာကလေး တင်းခနဲဖြစ်သွားရုံကလွဲ၍ ဘာမျှပြင့်မပြောပေ။ သြော် ... သူ့ရင်ထဲမှာလည်း ပြောစရာစကားတွေရှိနေသည်လား ကိုမောင်မောင်ထူးတွေးမိခဲ့ဖို့ ကောင်းသည်။

* * *

တစ်ညနေ ဆရာမျိုးအိမ်ကအပြန် ဖော်လေးတစ်ယောက် စကားဆန်းတစ်ခုပြောလာသည်။

'အဖေ မိုက္ကရိုဆော့ဖ်ဘိုးအေကြီး ဘီလ်ဂိတ်အကြောင်း ကောင်းကောင်းသိလား'

'အောင်မာ ... မင်းက ငါ့ကို နိုင်ငံတကာသတင်း မဖတ်တဲ့ကောင်ကျနေတာပဲ။ ဟားဗတ်တက္ကသိုလ်ရဲ့ ဂုဏ်ထူးဆောင် ပါမောက္ခဘီလ်ဂိတ်လေကွာ။ ကမ္ဘာ့လူချမ်းသာကြီးဗျား။ အခုသူက ပရဟိတသမားအဖြစ်ခံယူပြီး သူ့ချမ်းသာတဲ့အထဲက ဆင်းရဲသားတွေကို ကူညီနေတာလေကွာ'

'အဖေက သိသားပဲ။ ဘီလ်ဂိတ်ကို ဟားဗတ်တက္ကသိုလ်က ဘာဖြစ်လို့ ဂုဏ်ထူးဆောင်ပါမောက္ခပေးရသလဲဆိုတာရော အဖေသိလား'

'သူတို့တက္ကသိုလ်ကပညာနဲ့ဘွဲ့ရပြီး အောင်မြင်သွားလို့နေမှာပေါ့ကွာ။ မင်းကလည်း'

'ဟာ ... ဒါတော့ အဖေလွဲသွားပြီ။ ဘီလ်ဂိတ်က ဟားဗတ်မှာ ဘွဲ့မရလိုက်ဘူး အဖေရ။ ဒီလူကြီး တက္ကသိုလ်ကျောင်းသားဘဝတုန်းက ကျောင်းပြေးလုပ်ခဲ့တာ။ ကျောင်းမှာ စိတ်မပါလို့ ကျောင်းဆက်မတက်ဖြစ်ဘူး'

'ဒီလောက်စာတော်တဲ့ကျောင်းသားက ဒီလိုကျောင်းပြေးလူဆိုးမဖြစ်နိုင်တာပဲကွာ'

'အဖေကလည်း ကျောင်းပြေးတိုင်း လူဆိုးဖြစ်မလား။

mgyoe.com